www.burmeseclassic.com

PUBLISHED BY VIEW

# ပျိုးကလောင်ခွဲ
# ဝသျှိုး

ပဉ္စလက်သရုပ်မှန်



www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# သျှိုး

## ပဍ္ဍလက်သရုပ်မှန်

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** - ၅၀၀၄၁၉၀၄၁၀

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၅၀၀၅၄၆၀၅၁၀

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (ယ-၁၃၅၈) (ဖျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၂၂၅)၊ (၃၂) လမ်း (အထက်)၊

ပန်းဘဲတန်း၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

Idea Kyaw

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊

၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

**ဖြန့်ချိရေး**

မိုးမိုးစာပေ

ဖုန်း - ၀၁- ၂၉၀၉၉၅

| |
|---|
| ၈၉၅ ◆ ၈၃ |
| သို၊ |
| ပဥ္စလက်သရုပ်မှန် / သို၊ ။ - ရန်ကုန်။ |
| ဖျူးစာပေ ၊ ၂၀၁၀ ။ |
| ၂၈၀ - စာ ၊ ၁၃ X ၂၁ စင်တီ။ |
| (၁) ပဥ္စလက်သရုပ်မှန် |

# အခန်း (၁)

"မိုးပြာ နောက်မှာလာနေပြီ"

တန်ဖိုးရဲ့အသံက ထိတ်လန့်တကြား၊ မိုးပြာလည်း ကမန်းကတန်းပင် နောက်သို့လှည့်ကာ စနိုက်ဘာနှင့် အနီးကပ် ပစ်လိုက်၏။

တော်ပါသေးရဲ့၊ သားကောင် ဖြစ်လုဆဲဆဲမှာပင် မုဆိုးဘ၀ ပြန်ရောက်သွားလို့ တစ်ဖက်လူမှာတော့ တစ်ချက်တည်းနဲ့တင် ခွေကျသွားပြီ။

ဟိုတက်နားဆီက စိတ်ပျက်လက်ပျက် အော်ဟစ် ညည်းတွားလိုက်သော အသံတချို့ ပျံ့လွင့်လာသည်။ မိုးပြာက ခပ်ထေ့ထေ့ ပြုံးလိုက်၏။

"တန်ဖိုး အတင့်သိပ်မရဲနဲ့၊ ဒီကောင် ကျင်းထဲမှာ ရှိနေတယ်"

မိုးပြာ ပြောသော အသံမဆုံးခင်မှာပင် တန်ဖိုး ရိုင်ဘတ်ဆီ



www.burmeseclassic.com

www.burmeseclassic.com



မှ သွေးတွေ ဖွားခနဲ လွင့်စင်ကုန်ကာ ကြမ်းပေါ်သို့ မှောက်ခုံကြီး လဲကျငြိမ်သက်သွားတော့သည်။

တက်တစ်ချက် ပြင်းပြင်းခေါက်ရင်း မိုးပြာက ကုလားထိုင်နောက်မှီကို စိတ်ဓာတ်ကျစွာ ခပ်လျှောလျှော မှီထိုင်ပစ်လိုက်၏။ တန်ဖိုးကို သတ်သွားသည့် ကောင်ကိုလည်း ရိုင်ဖယ်နှင့် သုံးလေးချက် ဆင့်ခွဲပစ်လိုက်သည်။

ပြီးပြီ။ တစ်ဖက်ကကောင် လဲကျသွားပြီ။ လဲကျတာမှ ပိုးလိုးပက်လက်ကို မှောက်ခုံကြီး လဲကျသွားခြင်း ဖြစ်၏။ မိုးပြာက လေလေးတစ်ချက်ပင် ချွန်လိုက်မိသေး၏။ ပွဲသိမ်းသွားပြီ။

ဆီချက်အဝ စားကြေး ကောင်တာဂိမ်း ဆော့ကြတာ မိုးပြာနဲ့ တန်ဖိုးတို့ဘက်က နိုင်သွားပြီ။

မျက်နှာခပ်မှိုင်မှိုင် ဖြစ်နေသော နောင်နောင်တို့ဘက်သို့ လှမ်းကြည့်ကာ မိုးပြာကတော့ ဆရာမကြီး အထာနှင့် မျက်နှာကို ခပ်မိန့်မိန့် လုပ်ထားသည်။ တန်ဖိုးကတော့ မိုးပြာကို လက်မထောင်ပြ၏။

ဒီနေ့တော့ သူတို့နှစ်ယောက်အတွက် တန်သွားပြီ။

ပိုက်ဆံတစ်ပြားမှ ကုန်စရာမလိုတဲ့ ဗိုက်ဖောင်းအောင် စားရမှာနဲ့ ဝမ်းသာလုံးဆို့နေရသည်။ ရှစ်ပွဲ–နှစ်ပွဲနှင့် အပြတ်အသတ် နိုင်လိုက်ဘာမို့ တစ်ဖက်က နောင်နောင်နှင့် ကောင်းမြတ်တို့မှာ တော်တော်ဖြူ





သွားပုံလည်းရ၏။

ဂိမ်းဖိုးရှင်းတော့လည်း ရှုံးသူရှင်းကြေးမို့ အိမ်က ဒီနေ့ပေးလိုက်သော မုန့်ဖိုးတွေက သူတို့နှစ်ယောက်ဆီမှာ အသားတင် ကျန်ခဲ့၏။

"တန်ဖိုး နင် တော်တော် မရှက်တာဘဲနော်"

အိမ်အပြန်လမ်းမှာ မိုးပြာက တန်ဖိုးမျက်နှာကို ခပ်စွေစွေ ကြည့်ပြော၏။

"နင်က ဘာကိုပြောတာလဲ"

တန်ဖိုးက ခပ်မာမာ ပြန်မေးသည်။

"ဘာကိုပြောရမှာလဲ၊ ကောင်းမြတ်က နင် ကြွေနေတဲ့ နှင်းဆီနက်ရဲ့အစ်ကိုမှန်း သိလျက်နဲ့တောင် အရှက်က မရှိဘဲ သုံးပွဲတောင် အုပ်ခဲ့တာကို ပြောတာ"

"ဘာဖြစ်လဲ ငါ နိုင်လို့ ငါစားတာ"

"တော်ကြာ ဒီသတင်းက နှင်းဆီနက်ဆီ ရောက်သွားရင် နင့်ကို ဟိုက ချဉ်သွားတော့မှာပေါ့ဟဲ့၊ အဲဒီအခါကျ နင် နားကားပြီပဲ"

"တော်တော့ဟာ၊ နင် ပြောမှပဲ ငါတောင် နည်းနည်းရှုးချင်သွားတယ်"

တန်ဖိုးမျက်နှာက အနည်းငယ် ပျက်ယွင်းသွားသော်လည်း အိမ်ရှေ့တည့်တည့်သို့ ရောက်ကာ မိုးပြာကလည်း တံခါးဘဲလ်ကို နှိပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီမှ ချက်ချင်းပဲ မျက်နှာကို ပြင်လိုက်ရသည်။

တံခါးလာဖွင့်ပေးသည့် တန်ဖိုးရဲ့ မေမေကို မိုးပြာက ပြေးဖက်လိုက်ပြီး

''အန်တီငယ်က ဒီနေ့ ရွှေတောင်ခေါက်ဆွဲ လုပ်ထားမယ်ဆိုလို့ မိုးပြာက ကျူရှင်မှာတည်းက စိတ်စောနေတာ''

''အေးပါအေ ညည်းတို့အတွက် အဆင်သင့် ပြင်ထားပြီးသား။ တစ်ခါတည်း ဝင်စားရုံပဲ''

''ဟား ရှယ်ပဲဟေ့''

တန်ဖိုးက အငမ်းမရဖြစ်နေသော မိုးပြာကို လှမ်းကြည့်ကာ မဲ့ရွဲ့ပြလိုက်သည်။ အန်တီငယ် ပြင်ဆင်ပေးထားသော ခေါက်ဆွဲပွဲတွင် နှစ်ယောက်သား ဝင်ထိုင်မိတော့ တန်ဖိုးက သူ့ခန္ဓာကိုယ်ကို မိုးပြာဘက် ကိုင်းလိုက်ကာ အန်တီငယ် မကြားနိုင်လောက်သော လေသံနှင့်

''သူများရဲ့ မသထာရေစာတွေကို တနင့်တပိုး စားခဲ့တာတောင် နင် ဝတ်ကြီးကျနေတုန်းပဲလား''

''အောင်မာ နင်က ပိုဝတ်ကြီးကျပြီးတော့များ''

''အာ''

တန်ဖိုး မရှောင်နိုင်ခင်မှာပင် သူ့မျက်နှာနားကပ်ကာ ခေါက်ဆွဲတွေ ပလုတ်ပလောင်းနှင့် ပြောလိုက်သော မိုးပြာကြောင့် တန်ဖိုးရဲ့





မျက်နှာပေါ်သို့ ခေါက်ဆွဲရည်များနှင့် ခေါက်ဆွဲတစ်ဖက်က ချက်ချင်းပင် လာရောက် ငြိတွယ်လေသည်။

''နင် တော်တော် ညစ်ပတ်ပါလား မိုးပြာ''

''နင် ဘာဖြစ်လို့ ငါ့ကိုပြောလဲဟဲ့''

ဂူးဂူးဝါးဝါးသံကြီးနှင့် မိုးပြာက ထပ်အော်သောအခါ တန်ဖိုးမှာ ခေါက်ဆွဲစက်များ ထပ်မစင်အောင် ဂုန်းခနဲ မတ်တပ်ထရပ်လိုက်ပြီး

''မိုးပြာ နင် စကားပြောမယ်ဆိုရင် နင့်ပါးစပ်ထဲကဟာတွေကို မြို့ချပြီးမှ ပြောလို့မရဘူးလား၊ အညစ်အပတ်စုတ်မ''

မိုးပြာမှာလည်း တန်ဖိုးစကားကြောင့် ဒေါသများ ထွက်လာကာ ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်မိသည်။

ထိုအချိန်မှာပင် အန်တီငယ်က မီးဖိုထဲမှ ထွက်လာကာ တန်ဖိုးနှင့် မိုးပြာကြား ဝင်ရပ်လိုက်ပြီး

''ဟဲ့ ဒီနှစ်ယောက် ဖြစ်ပြန်ပြီလား၊ ကလေးတွေလည်း မဟုတ်ကြတော့ဘူး တော်ကြတော့''

''ဒီကောင် တန်ဖိုးလေ မိုးပြာကို အညစ်အပတ်စုတ်မလို့ ပြောတယ် အန်တီငယ်''

မိုးပြာက အရင်ဦးအောင် တိုင်ပစ်လိုက်၏။

''ဟုတ်လား တန်ဖိုး''



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ မျက်လုံးအကြည့်များက တန်ဖိုးထံသို့ ရှုခနဲ ကျရောက်လာတာမို့ တန်ဖိုးမှာ မိုးပြာဘက် လက်ညှိုးငေါက်ငေါက်ထိုးရင်း

"သူလုပ်ထားတာ သားမျက်နှာမှာ ခေါက်ဆွဲရည်တွေရော အဖတ်တွေရော စင်ကုန်တယ် မေမေ၊ အဲဒါ သူ ညစ်ပတ်တာပေါ့"

"နင်က ငါ့ကို ဘာလို့ ဝေါ်ကြီးကျတယ်လို့ ပြောတာလဲ"

"နင် ဝေါ်လို့ ဝေါ်တယ်ပြောတာ ဘာဖြစ်လဲ"

တစ်ယောက်တစ်ခွန်း ဆုတ်ဆုတ်ထိမခံ ပြန်လှန်ပြောနေကြသော သားနှင့်တူမကြား ဒေါ်သဇင်ယယ်မှာ မည်သို့မျှ မတားဆီးနိုင်ဘဲ ဒီအတိုင်းသာ ဆက်နားထောင်နေရ၏။

"အေး ငါ ဝေါ်တာက ငါ့အိမ်မှာ ငါ ဝေါ်တာ၊ နင်ကမှ သူများတွေရှေ့မှာ အရှက်မရှိ ဝေါ်ခဲ့တာ"

မိုးပြာကလည်း ဒေါ်သက ထွက်လာပြီမို့ အော်ကြီးဟစ်ကျယ် ပြန်အော်လိုက်မိသည်။ အဲဒီအခါမှာပဲ ဒေါ်သဇင်ယယ်က တန်ဖိုးကို ရှုရဲနေသော မျက်လုံးများနှင့် ကြည့်လိုက်ရင်း

"တန်ဖိုးတို့က် နင် ဘယ်သူ့ဆီကများ အငမ်းမရ စားလာပြန်ပြီလဲ ပြောစမ်း"

ကိုယ့်သားအကြောင်းကို သိနေသော ဒေါ်သဇင်ယယ်က တန်ဖိုးကို ခပ်မာမာ လေသံနှင့် မေးလိုက်သည်။





"မ မဟုတ်ပါဘူး မေမေ"

"ဘာ မဟုတ်ရမှာလဲ၊ နင် နောင်နောင်တို့ဆီကနေ ဆီချက်တွေ သုံးပွဲလောက် ပလုတ်ပလောင်း စားလာခဲ့တယ် မဟုတ်လား"

"ဘာတွေလုပ်လာတာလဲ ပြောစမ်း တန်ဖိုး"

ပြောမိပြီးကာမှ မိုးပြာမှာလည်း စကားလွန်သွားသည်ဆိုတာ သတိရ၏။ သို့သော် ပြန်လည်ပြင်ဆင်ခွင့် မရှိနိုင်တော့။

"သား ဘာမှမလုပ်ပါဘူး မေမေ"

"မင်း ငါ့ကို ကြောင်လိမ်နေတာလား တန်ဖိုး၊ မင်းကို ငါ ဒီ နောင်နောင်ဆိုတဲ့ ကောင်လေးနဲ့ မပေါင်းရပါဘူးလို့ ပြောထားတယ် မဟုတ်လား"

ဟုတ်ပါသည်။ ဒေါ်သဇင်ယယ်ရော မိုးပြာဖေဖေ ဦးမိုးရင့်ရော နှစ်ဦးစလုံးကပါ ကျူရှင်တွေ အမြဲတမ်းလိုလို ပျက်တတ်သော အပေါင်းအသင်းများနှင့်သာ အချိန်ဖြုန်းနေလေ့ရှိသော မင်းနောင်ထွန်းနှင့် သူငယ်ချင်း၊ အဖြစ် ပေါင်းသင်းမည်ကို မလိုလားကြပေ။

မင်းနောင်ထွန်းနှင့်တူတူ ကျူရှင်မတက်ဘဲ လောင်းကြေးနှင့် ဂိမ်းပြိုင်ဆော့ခဲ့မှန်းသာ သိပါက တန်ဖိုးရော မိုးပြာပါ ရစရာမရှိအောင် အဆူအပြော ခံရတော့မည်မှာ အသေအချာပင် ဖြစ်ပါသည်။

တန်ဖိုးက မိုးပြာကို မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



အံကြိတ်ပြီ၏။ မေးကြောကြီးများ တင်းမာစွာ ပြန့်ကားနေခြင်းကတော့ မိုးပြာကို သတ်ပစ်ချင်လောက်အောင် ဒေါသဖြစ်နေသည့်မှန်း သိသာစေပါသည်။

"မင်းက သူများကျွေးတာကို လိုက်စားရလောက်အောင် မင်းကို ငါက အလုံအလောက် မပေးလိုက်လို့လား"

"မဟုတ်ပါဘူး မေမေ၊ သားကို သူက ကျွေးစရာ တစ်ခုရှိလို့ပါ"

"ဟေ မင်းကို ဒီကောင်လေးနဲ့ မပေါင်းရပါဘူးလို့ တားထားတာတောင်မှ မင်းနဲ့သူကြားမှာ ကျွေးစရာဆိုတာ ရှိသေးလို့လား"

တန်ဖိုးရဲ့ ဦးခေါင်းက အောက်သို့ ငုံ့ဆင်းကျသွား၏။ မိုးပြာလည်း ခုကျမှ ဘာဝင်ပြောလို့ ပြောရမည် မသိတော့ပါ။

သို့သော် အန်တီငယ်ကတော့ သူ့သားကို မေးလို့ရမှာ မဟုတ်တော့မှန်း သိသည်နှင့် မိုးပြာဘက် လှည့်လာပါတော့သည်။

"ကဲ မိုးပြာ သမီးပဲပြောတော့ ဒီကောင်ဘာလို့ နောင်နောင်ကျွေးတာကို လိုက်စားရတယ်ဆိုတာ"

အဲဒါမှ တကယ့်ကို ချောက်ထဲကျခြင်း ဖြစ်သည်။ မိုးပြာကိုယ်တိုင်လည်း ပါးစပ်လေး အဟောင်းသားဟကာ ရုတ်တရက်မို့ အကောင်းဆုံးအဖြေကို စဉ်းစား၍ မရခဲ့။





ဒါကိုပင် အန်တီငယ်က တန်ဖိုးကို တစ်ခုခု ထိခိုက်မည်စိုး၍ မိုးပြာက ရေငုံနှုတ်ပိတ်လုပ်နေခြင်းဟု အထင်ရောက်သွားပုံရသည်။

"သမီး ဘာမှဒီကောင့်ကို ကြောက်မနေနဲ့၊ ကာလည်း မကာပေးနဲ့၊ ဒီကောင်က ပျက်စီးချင်နေတာ နောက်ဆုံးနှစ် စာမေးပွဲဆိုတာ ဘယ်လောက် အရေးကြီးသလဲ၊ ပြီးတော့ သူကိုယ်တိုင်ပဲ ဒီတစ်နှစ်တော့ သိမ်လိမ်မာမာနဲ့ တက်ချင်တယ်လို့ ပြောခဲ့တာ မဟုတ်လား၊ ဒါကိုတောင် တစိုက်မတ်မတ် မကြိုးစားဘဲနဲ့ မိဘမကြိုက်တာကို သိပ်လုပ်ချင်တယ်"

တန်ဖိုးမှာ တက္ကသိုလ်တက်နေသည့် ရှေ့နှစ်နှစ်လုံး မင်းနောင်ထွန်းတို့နှင့် တတွဲတွဲနေကာ ကျူရှင်ပြေးလိုက် ကျောင်းပြေးလိုက်နှင့် လက်တွေ့ချိန်တွေလည်း မှန်မှန်မတက်ခဲ့ပေ။ ထို့ကြောင့် စာမေးပွဲရက်တွေဆိုလျှင် တန်ဖိုးတစ်ယောက် တော်တော် ဒုက္ခရောက်ရ၏။

ဒီနှစ်တော့ အန်တီငယ်နှင့် မိုးပြာဖေဖေက သူမတို့ နှစ်ယောက်လုံး မိုးပြာ ဖေဖေ၏ မိတ်ဆွေဆရာထံတွင် ကျူရှင်တက်စေခဲ့၏။ ဒီနေ့တော့ သူမတို့နှစ်ယောက်လုံး ကျူရှင်လစ်ခဲ့မိတာ ပေါ်တော့မည် ထင်သည်။

မိုးပြာက တန်ဖိုးမျက်နှာကို လှမ်းကြည့်လိုက်မိ၏။ တန်ဖိုးကလည်း မိုးပြာကို ပြန်ကြည့်နေပါသည်။ မိုးပြာရဲ့ အကြည့်များကသူ့ကို အကူအညီတောင်းသော အကြည့်မျိုး ဖြစ်ပေမယ့် တန်ဖိုးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြည့်များကတော့ မိုးပြာသာ တစ်ခုခုများပြောမိပါက အသေသတ်ပစ်မည်ဟု ခြိမ်းခြောက်နေသော အကြည့်များဖြစ်သည်။

"မိုးပြာ မသိဘူး အန်တီငယ်"

ဘူးတစ်လုံးခေါင် အိုတောင် မဆင်းရဲဆိုသည့် စကားအတိုင်း မိုးပြာက ဘူးခံငြင်းပစ်လိုက်၏။ ဒီလိုဆိုတော့ ကိုယ်လည်း အမှားမရှိတော့ဘူးပေါ့။

အန်တီငယ်ကတော့ မိုးပြာသည် တန်ဖိုးကို ဆက်ပြီး မဆူစေချင်၍ ဘူးခံငြင်းလိုက်သည်ဟု အထင်ရောက်သွားပုံရသည်။ တန်ဖိုးကိုယ်တိုင်ကတော့ အလွန်ခေါင်းကြောမာတတ်သော ကောင်လေး တစ်ယောက်ဖြစ်မှန်း ကိုယ့်သားအကြောင်း ကိုယ်သိနေသဖြင့် တန်ဖိုးဘက်ကို နည်းနည်းမှ လှည့်ကြည့်မနေတော့ပေ။

မိုးပြာကိုလည်း ဘာမှ ထပ်မံမေးမြန်းခြင်း မပြုတော့ဘဲ သက်ပြင်းကြီးတစ်ခုကို ချလိုက်ပြီး တန်ဖိုးဘက်သို့ ပြန်လှည့်လိုက်ကာ

"တန်ဖိုးထိုက် မင်းကိုငါ နောက်ဆုံးအနေနဲ့ သတိပေးလိုက်မယ်၊ နောက်တစ်ခါ နောင်နောင်ဆိုတဲ့ ကောင်လေးနဲ့ တွဲနေတယ် ဆိုတဲ့ သတင်းမျိုး ကြားလို့ကတော့ ငါ့အဆိုး မဆိုနဲ့ ကြားလား"

တန်ဖိုးက သူ့မေမေကို တည့်တည့်မကြည့်ဘဲ မိုးပြာကို ကျော်ကြည့်ကာ 'ဟုတ်ကဲ့' ဟု ဖြေသည်။





"ခေါက်ဆွဲတွေ ပွကုန်တော့မယ်၊ မြန်မြန်စားလိုက်ကြတော့"

အန်တီငယ်က ခေါက်ဆွဲပန်းကန်များကို လှမ်းကြည့်ကာ ပြောလိုက်သည်။

မိုးပြာက ထိုင်ခုံတွင် ပြန်ဝင်ထိုင်လိုက်သော်လည်း တန်ဖိုးကတော့ သူ့လွယ်အိတ်ကို ကောက်ဆွဲကာ သူ့အခန်းဘက် လှည့်ထွက်လိုက်၏။

"တန်ဖိုး ဒါက ဘယ်လဲ"

အန်တီငယ့်အသံက ဟိန်းထွက်လာသည်။

တန်ဖိုးကတော့ ခြေလှမ်းများကို ရပ်ပစ်လိုက်ပေမယ့် နည်းနည်းမှ လှည့်မကြည့်ဘဲ

"ဆီချက်တွေ စားလာတာ ဗိုက်တင်းနေလို့ ကျွန်တော် မစားနိုင်တော့ဘူး မေမေ"

အခန်းထဲသို့ ဝင်သွားသော တန်ဖိုးကိုကြည့်ကာ မိုးပြာမှာလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေမိသည်။ ဒေါ်သဇင်ငယ်မှာတော့ သားဖြစ်သူရဲ့ အမူအကျင့်များကို သိနေပြီးသားမို့ ဘာမှ ထွေထွေထူးထူး ဖြစ်မနေတော့ပါ။

အလွန်အရွဲ့တိုက်တတ်သော အလွန် ခေါင်းကြောမာသော သား ဖြစ်သူကိုသာ သက်ပြင်းလေး အသာချရင်း ကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးပြာလည်း ခေါက်ဆွဲကို ခပ်မြန်မြန် စားပစ်လိုက်ကာ တန်ဖိုး အခန်းရှေ့ သွားရပ်ပြီး တံခါးကို တဒုန်းဒုန်း ထုပစ်လိုက်သည်။

"တန်ဖိုး တံခါးဖွင့်ဦး၊ ငါ နင့်ကို ပြောစရာရှိတယ်"

ဒီလောက် ခေါ်ရုံလောက်နဲ့တော့ တန်ဖိုးတို့က မတုံ့ပြန်တတ်ပါ။ တံခါးကို ထပ်ခါထပ်ခါနှင့် နားမခံနိုင်လောက်အောင် မရပ်မနား ထုရိုက်ပစ်လိုက်တော့မှ ဂုန်းခနဲ တံခါးဖွင့်သံနှင့်အတူ တံခါးဝတွင် တောင့်တောင့်ကြီး ရပ်နေသော တန်ဖိုးကို တွေ့လိုက်ရသည်။

"ဘာလဲ ဘာပြောချင်တာလဲ၊ နင့်ဆီမှာ ငါ့ကိုဒုက္ခပေးစရာ ဘာတွေရှိနေသေးလဲ"

တန်ဖိုးအသံက မာသည်။

မိုးပြာတို့ကလည်း ချော့ပြီဆိုလျှင် ဘယ်လိုပဲဖြစ်ဖြစ် ရအောင် ချော့တတ်သည်မို့ စိတ်ကိုလျှော့ချလိုက်ပြီး တန်ဖိုး မျက်နှာကို မျက်နှာငယ်လေးနှင့် ကြည့်လိုက်ကာ

"နင်ကလည်းဟာ မောင်နှမအချင်းချင်း ဒီလောက်ထိ စိမ်းစိမ်း ပြတ်ပြတ်ကြီး မပြောပါနဲ့၊ အခန့်မသင့်လို့ ရန်လေးတစ်ခါ ဖြစ်မိပါတယ်၊ ငါ့ကိုပဲ စိတ်ဆိုးနေတော့တာပဲ"

မိုးပြာ စကားကြောင့် တန်ဖိုးက မျက်လုံးကြီးပြူးကာ ကြည့်ရင်း

"ဘာ ရန်လေး တစ်ခါလောက်ဖြစ်တာ ဟုတ်လား၊ နင်မွေးလို့



ငါ လိုက်ငြိမ်းရတဲ့ မီးတွေပဲ ဘယ်နှခါလောက် ရှိနေပြီဆိုတာ မရေမတွက် နိုင်တော့ဘူး၊ နင်က ညစ်ပတ်မဆိုတဲ့ နာမည်တင် မကဘူး၊ ပြဿနာ မဆိုတဲ့ နာမည်ပါ အဆစ်ထည့်ပေးလိုက်ရမှာ"

တကယ်တမ်းဆို သာမန်အချိန်တွင်ဆိုပါက ထိုစကားတွေကြောင့် မိုးပြာတစ်ယောက် ဆတ်ဆတ်ထိမခံ နာကျင်သွားပြီး ပြန်လည် အော်ဟစ် ရန်ဖြစ်မိမည် ဖြစ်သော်လည်း ခုတော့ တန်ဖိုးကို ချော့ရမည် ဆိုသည့် စိတ်လေးသွင်းထားသည်မို့ သက်ပြင်းလေးကိုသာ အသာအယာ ချလိုက်မိသည်။

"နင် ပြောချင်သလိုသာ ပြောပါတော့ တန်ဖိုး၊ ဒီနေ့ကိစ္စအတွက် တော့ ငါ နင့်ကို တကယ်ပဲ တောင်းပန်ပါတယ်"

မိုးပြာရဲ့ စကားကြောင့် တန်ဖိုးက မျက်နှာကို မဲ့ရွဲ့ပစ်လိုက်ကာ ပခုံးတစ်ချက် တွန့်လိုက်သေး၏။

တန်ဖိုးဆိုသည့် ကောင်ကလည်း တောင်းပန်ချင်လို့ ပြေအေး စကားဆိုလျှင် ပိုလို့တောင် ရောင့်တက်တတ်သည့် လူမျိုးဖြစ်၏။ ဒါပေမဲ့ မိုးပြာကလည်း လောလောဆယ်တော့ စိတ်ကို အရှည်ဆုံးထိ ဆွဲဆန့်ထား ပြီးပြီမို့ ဒီလောက်ကတော့ ကိစ္စမရှိပါလေ။

"နင်ကလည်းဟာ ငါ့ကို စိတ်ဆိုးနေတယ်ဆိုရင်လည်း အခန်း ထဲတော့ ခေါ်သင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကသာ တန်ဖိုးရဲ့ ဖိတ်ခေါ်မှုကို စောင့်နေသယောင် ပြောလိုက်သော်လည်း လူကတော့ တံခါးဝကို ပိတ်ရပ်နေသော တန်ဖိုးကို တွန်းဖယ်ကာ အထဲသို့ ဝင်လိုက်ပြီဖြစ်၏။

"လာစမ်းပါဟာ ငါတို့ စကား အေးအေးဆေးဆေး ပြောရအောင်"

ခုတင်ပေါ်တွင် တင်ပလ္လင်ခွေ ထက်ထိုင်ကာ တံခါးဝတွင် ရပ်နေဆဲဖြစ်သော တန်ဖိုးကို လှမ်းခေါ်လိုက်၏။

တန်ဖိုးကတော့ မျက်နှာကို အစွမ်းကုန် ရှုံ့မဲ့ထားကာ မိုးပြာကို လှမ်းကြည့်နေဆဲ ဖြစ်ပါသည်။

"လာစမ်းပါဟာ နင်ကလည်း စိတ်ကြီးတယ်လိုက်တာနော်၊ တကယ်ပါပဲ ယောက်ျားကြီးဖြစ်ပြီးတော့" *

ဒီစကားကိုတော့ တန်ဖိုးနည်းနည်း နာသွားပုံရပါသည်။ မိုးပြာနားသို့ ချက်ချင်း ရောက်လာ၏။

"နင် ဘာစကားပြောတာလဲ မိုးပြာ၊ ငါက ယောက်ျားဖြစ်လည်း စိတ်နဲ့ကိုယ်နဲ့ပဲ နင်တို့ မိန်းမတွေပဲ စိတ်ရှိတာ မဟုတ်ဘူး"

"အေးပါဟာ ငါ ထပ်တောင်းပန်ပါတယ်၊ နင့်စိတ်ကို လျှော့လိုက်စမ်းပါ"

"နင်က အမှားတစ်ခုလုပ်ပြီးတိုင်း ဒီလိုပဲ ပြောတတ်တာပဲလား





လူတစ်ယောက်ကို ချောက်ကျအောင်လုပ်၊ ပြီးတော့ ဒါ ဘာမှမဟုတ်ပါဘူး ဆိုပြီး လေပြည်ထိုး၊ နင့်ဟာနဲ့နင်တော့ ဟုတ်နေတာပဲနော်"

တန်ဖိုးက မိုးပြာ မျက်နှာကို စေ့စေ့စိုက်ကြည့်ကာ ပြောလိုက်သည်မို့ မိုးပြာလည်း သူ့မျက်လုံးများကို မမှိတ်မသုန် ပြန်စိုက်ကြည့်နေမိသည်။

"ပြောချင်တာသာ ပြောပါတော့ တန်ဖိုးရယ်၊ ငါကတော့ တောင်းပန်ပါတယ်ဆိုတာကလွဲလို့ ဘာမှကို ပြောစရာစကား မရှိတော့ပါဘူး"

မိုးပြာက ထိုစကားကို ပြောပြီးသည်နှင့် ခေါင်းလေးကို အောက်သို့ ငုံ့ချပစ်လိုက်သည်။ တကယ့်ကို မျက်နှာသေလေးနှင့်လည်း ဖြစ်၏။

တန်ဖိုးတို့ကတော့ ခံရဖန်များလာလို့ ဒီအမူအရာတွေကိုလည်း သိပ်တော့ဖြို့တော့ပုံ မရပါ။

ဦးမိုးရင့်နှင့် ဒေါ်သဇင်ငယ်တို့ မောင်နှမနှစ်ယောက်တွင် တစ်ဦးတည်းသော သမီး မိုးပြာနှင့် တစ်ဦးတည်းသော သား တန်ဖိုးတို့နှစ်ယောက်ကို လေးရက်သာ ခြားကာ မွေးဖွားခဲ့သည်။

ဦးမိုးရင့်၏ ဇနီးသည်က မိုးပြာကို မွေးဖွားနေစဉ်မှာပင် မီးတွင်းထဲ၌ သေဆုံးသွားခဲ့ခြင်း ဖြစ်ကာ ဒေါ်သဇင်ငယ်၏ ခင်ပွန်းသည်ကတော့ တန်ဖိုးအသက် သုံးနှစ်သားအရွယ်တွင် နိုင်ငံခြားသင်္ဘောတစ်စင်းပေါ်၌



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ထမ်းဆောင်နေရင်း ကွယ်လွန်သွားခဲ့ခြင်း ဖြစ်သည်။

မိတဆိုး သမီးလေးနှင့် ဖတဆိုး သားလေးတို့ကို မောင်နှမ နှစ်ယောက် ပေါင်းကာ ပိုးမွေးသလို မွေးခဲ့ကြသည်။ တန်ဖိုးနှင့်မိုးပြာက လည်း ငယ်စဉ်တည်းက တပူးတွဲတွဲ ရှိနေခဲ့ကြသည်မို့ တစ်ယောက်နှင့် တစ်ယောက် သံယောဇဉ်ကြီးကြရှာ၏။

သို့သော် တန်ဖိုးက ခေါင်းမာတတ်ပြီး မိုးပြာက ဆတ်ဆတ်ထိ မခံစိတ်လေး ရှိနေသောအခါ သူတို့နှစ်ဦး ရန်ဖြစ်ပြီဆိုလျှင်လည်း မည်သူမှ ဝင်ရောက် ဖြေရှင်းလို့ မရနိုင်လောက်အောင် ဝှန်းဒိုင်းကြဲတတ်လေ့ရှိ၏။

"ကဲ နင် သွားတော့ မိုးပြာ၊ ငါ စိတ်တိုနေတယ်၊ နင့်ကို မအော်ချင်ဘူး"

"အော်ချင်ရင်လည်း အော်ပါ၊ နင်က ငါ့ထက် အကြီးပဲဟာ၊ နင် ငါ့ကို အော်လည်း ရဲမကြီးပါဘူး"

ဒါကတော့ တမင်သက်သက် မိုးပြာ ပြောနေခြင်းမှန်း တန်ဖိုး ကလည်း သိနေပါသည်။

တစ်ခါတလေဆို တန်ဖိုးက သူ့ကိုယ်သူ မိုးပြာထက် လေးရက် ကြီးသည်ဆိုကာ ဂုဏ်ယူဝင့်ကြွားစွာ ပြောပြီး ဆရာလုပ်တတ်လေ့ရှိသည်။

ဒါကိုပင် မိုးပြာက ပြန်လည်ချေပသည့်အနေနှင့် ပြောလိုက်ခြင်း မှန်း တန်ဖိုး သိနေပါသည်။





"နင် ငါ့ကို အပိုတွေ ရှာပြောမနေနဲ့ မိုးပြာ၊ ငါ တကယ် စိတ်တိုနေပြီနော်"

တန်ဖိုးက မာကျောခက်ထန်လှသော အသံကြီးနှင့် ကုန်းအော် ပစ်လိုက်တော့မှ မိုးပြာက မျက်နှာသေလေးနှင့် ထိုင်ရာမှ မတ်တပ်ထ ရပ်လိုက်ပြီး

"အေးပါဟာ နင့်ဘာသာ နေပါတော့၊ စိတ်ကိုတော့ လျှော့ ပေါ့ဟာ၊ တော်ကြာ အသက်တိုနေဦးမယ်"

ပြောပြီးသည်နှင့် မိုးပြာက တန်ဖိုး အခန်းထဲမှ ပြေးထွက်ခဲ့ တော့သည်။ သူ့ကို အသက်တိုနေဦးမယ်ဟု ပြောခဲ့သဖြင့် တန်ဖိုးရဲ့ ကြိမ်းမောင်းဆဲဆိုသံတွေက နောက်ကနေ တရစပ် လိုက်ပါလာ၏။

"ဟဲ့ ဒီနှစ်ယောက် ဘာဖြစ်လာပြန်ပြီလဲ"

တန်ဖိုးအခန်းထဲမှ ပြေးထွက်လာသော မိုးပြာကို ဒေါ်သဇင်ငယ် က ထိတ်လန့်တကြား မေးလိုက်၏။

"ဘာမှ မဖြစ်ပါဘူး အန်တီငယ်၊ တန်ဖိုးကို မိုးပြာက သွား ချော့တာပါ၊ အဲဒါကို သူက မကျေမနပ် ဖြစ်နေတာလေ"

"ချော့မနေနဲ့ မိုးပြာ၊ ဒီကောင့်ကို လွှတ်ပေးထားလိုက်၊ သူ့ အကြောင်းလည်း မသိတာ မဟုတ်တဲ့နဲ့ကွယ်"

"ဟုတ် မိုးပြာ သွားတော့မယ် အန်တီငယ်"



www.burmeseclassic.com

www.burmeseclassic.com



''အေး အစ်ကို ကုမ္ပဏီက ပြန်လာရင် ခေါက်ဆွဲစားရအောင် လွှတ်လိုက်ဦး''

''လွှတ်လိုက်မယ် အန်တီငယ်''

မိုးပြာက ဘေးချင်းကပ် ရှိနေသော ဖေဖေနဲ့မိုးပြာတို့ရဲ့ အိမ်ခန်းလေးဘက်သို့ ကူးလာခဲ့သည်၊ အခန်းထဲဝင်ကာ ခဏတဖြုတ် နားလိုက်ပြီး ရေမိုးချိုး အဝတ်အစား လဲလိုက်၏။

ပြီးတာနှင့် ကျူရှင်အတူတူ တက်သော သူငယ်ချင်းဖြစ်သူ လှဲ့လှဲ့ထံသို့ ဖုန်းဆက်ကာ ဒီနေ့ သင်လိုက်ရသော သင်ခန်းစာများကို ပြန်မေးရ၏။ ကျူရှင် တစ်ရက်ပျက်လျှင်လည်း တစ်ရက် သိသာနေသည် မို့ ကျက်စရာရှိသည်များ ကျက်ရအောင် သူမကတော့ လှဲ့လှဲ့ ပြောသမျှကို သေချာ လိုက်လံ မှတ်သားထားလိုက်၏။

ပြီးရင်လည်း မနက်ဖြန် မေးမည့် စာများအကြောင်း တန်ဖိုးအား သတင်းသွားပေးရဦးမည်လေ။

''ဟဲ့ တန်ဖိုး တံခါးဖွင့်စမ်း''

မိုးပြာ အသံက ခပ်ကျယ်ကျယ်နှင့် ခပ်ဆတ်ဆတ် ထွက်သွားသည်။ သို့သော် အထဲမှ လှုပ်ရှားသံ သဲ့သဲ့တောင် ကြားရခြင်း မရှိ။

တံခါးကို တွန်းကြည့်တော့မှ အထဲမှ လော့ချထားခြင်း မရှိမှန်း သိရသည်။ ပွင့်သွားသော တံခါးကနေ မိုးပြာက ခြေသံပြင်းပြင်းနင်းကာ





ဝင်သွားလိုက်သည်။

မိုးပြာကတော့ သူကျက်ရမည့် စာများကို တကူးတကနှင့် လာပေးပေးမယ့် သူကတော့ ခုတင်ပေါ်မှာ အိပ်တောင် ပျော်နေသေးသည် လေ။ အမြင်ကပ်ကပ်နှင့် ခုတင်ပေါ်တက် မတ်တတ်ရပ်ကာ ဟိုဘက်လှည့် အိပ်နေသော သူ့တင်ပါးကို ခြေထောက်ဖြင့် အားရပါးရ နှစ်ချက်ဆင့် ကန်ပစ်လိုက်သည်။

ထိတ်လန့်တကြား ဖြစ်သွားသော တန်ဖိုးမှာ မျက်လုံးများ ပြူးပြူးပျာပျာနှင့် ငေါက်ခနဲ ထထိုင်ပါသည်။

ပထမတော့ ဘာဖြစ်လို့ဖြစ်မှန်း သိပုံမရ။ နောက်မှ သူ့အပေါ် တွင် စီးမိုးကာရပ်နေသော မိုးပြာကို မြင်သွားပြီး မျက်နှာကြီးက ရှုံ့မဲ့သွား ၏။

မိုးပြာကတော့ သူ့ကို ခပ်တည်တည်နှင့် ခါးနှစ်ဖက်ပေါ် လက် ထောက်ကာ ဘုကြည့်ကြည့်နေလိုက်သည်။ သူ ဒေါသထွက်သွားမှန်း သူ့မျက်နှာကြီးကို ကြည့်ရုံနှင့် မိုးပြာက အတပ်သိလိုက်ပါသည်။

''နင် ဘယ်လိုဖြစ်နေတာလဲ မိုးပြာ၊ အိပ်နေတုန်း လာနှိုးတာ ငါ မကြိုက်မှန်း နင် သိတယ်နော်၊ ပြီးတော့ ငါ နင့်ထက်အကြီး၊ ဘာ ဖြစ်လို့ ဒီလို မိုက်မိုက်ရိုင်းရိုင်း အပြုအမူမျိုးနဲ့ လာနှိုးတာလဲ''

တန်ဖိုးသည် သူ အိပ်ပျော်နေချိန်တွင် တစ်ယောက်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လာန္နီးပါက ဘယ်လိုမှကို သည်းမခံနိုင်သော လူစားမျိုးဖြစ်၏။ သူ့မေမေ တောင် သူအိပ်နေလျှင် မနိုးရဲလောက်အောင် ဖြစ်သည်။

ခုလည်း အိပ်ချင်မူးတူးနှင့် မိုးပြာကို အော်ငေါက်နေပါပြီ။ မိုးပြာကတော့ ခပ်တည်တည်သာ သူ့ကိုပြန်စိုက်ကြည့်နေလိုက်၏။

"နင်က ဘာလို့ သေနေတာလဲ၊ ဒီအချိန်က ကျောင်းသား တစ်ယောက်အတွက် စာကျက်နေရမယ့် အချိန်ဆိုတာ နင် နားမလည်ဘူး လား"

မိုးပြာအသံက သူ့ကို ဆရာလုပ်နေသော လေသံစစ်စစ်မို့ တန်ဖိုးလည်း ဒေါသပိုထွက်သွားကာ ဝုန်းခနဲ မတ်တပ်ထရပ်လိုက်၏။

ခုတင်ပေါ်မှာ ခါးထောက်ကာ ရပ်နေသော မိုးပြာနှင့် မျက်နှာ ချင်းဆိုင် အနေအထားမျိုး ဖြစ်နေသော သူတို့နှစ်ယောက်ပုံက လက်ဝှေ့ ကြိုးဝိုင်းထဲတွင် ထိုးကြိတ်ရန် အသင့်ဖြစ်နေသည့် လက်ဝှေ့ကျော်များလို။

"နင် ငါ့ကို ဆရာမလုပ်နဲ့ မိုးပြာ၊ ငါဟာငါ နားလည်တယ်၊ နင် ငါ့ကို သင်ပြစရာ မလိုဘူး"

"သေချာပြီလား တန်ဖိုး၊ ငါက ဒီနေ့သင်တဲ့စာတွေ နင် မသိမှာ စိုးလို့ လာပေးတာ၊ နင့်ကိုငါ သင်ပြစရာ မလိုဘူးဆိုတော့လည်း ပြီးတာပဲ လေ"

"သေချာတယ် နင်ပေးမှ ငါ စာရမှာ မဟုတ်ဘူး၊ ငါ့ဟာငါ





မနက်ဖြန် အတန်းထဲရောက်မှ ပြန်ကူးလိုက်လည်း ဖြစ်တာပဲ"

တကယ်တော့ မနက်ဖြန် မေးမည့်စာများကို စေတနာနှင့် သူ့ထံလာပေးသော မိုးပြာမှာ ခေါင်းမာနေသည့် တန်ဖိုးကြောင့် ချဉ်တင် တင်ဖြစ်သွားပြီး သူ့ကို ကျက်စရာ စာများ မပြောပြတော့ရန် ဆုံးဖြတ် လိုက်သည်။

"ကောင်းပြီလေ နင့်ဟာနင် အဆင်ပြေတယ်ဆိုလည်း ပြီးတာ ပါပဲ"

ခုတင်ပေါ်မှ ပြန်ဆင်းလိုက်ကာ ကိုင်လာသော စာအုပ်လေးကို လက်ဖဝါးပြင်ပေါ် တဖုတ်ဖုတ် ရိုက်ရင်း ထိမထင်သည့် မျက်နှာပေးမျိုး နှင့် မိုးပြာက တန်ဖိုးအခန်းထဲမှ ထွက်လာခဲ့သည်။

အခန်းတံခါးလေးတောင် အသာတကြည်နှင့် ပြန်ဆွဲပိတ်ပေး လိုက်သေး၏။

ဟွန်း အမြင်ကိုကပ်တယ်၊ သူ သိတယ်၊ သူ တတ်တယ် ပုံစံ မျိုးနှင့် မိုးပြာကို လာဆက်ဆံလျှင် သူမကလည်း ဘယ်လိုမှကို ခံစားပေး သို့ မရ။ မောင်နှမချင်းဆိုပေမယ့် တန်ဖိုးကို တစ်ခါတစ်ခါ မုန်းတီးပစ် ချင်လောက်အောင် အမြင်ကပ်မိပါသည်။

ယောက်ျားကြီးတန်မဲ့ စိတ်ကောက်တတ်တာလည်း သူ့အပြင် မျိုး လွန်ကို လွန်လွန်းပါသည်။

www.burmeseclassic.com

## အခန်း (၂)

"မင်း စာမကျက်ခဲ့ဘူးလား တန်ဖိုးထိုက်၊ မနေ့တည်းက ငါ သေချာမှာလိုက်တယ်လေ၊ မရတဲ့သူကို အပြစ်ပေးမယ်လို့တောင် ပြော လိုက်သေးတယ် မဟုတ်လား"

အတန်းသားတွေ အားလုံးကလည်း ဆရာ့ရဲ့ 'မဟုတ်လား' ဟူသော အမေးကို 'ဟုတ်ပါတယ်'ဟု အားတက်သရော ပြန်လည် ဖြေကြားကြသည်။ တန်ဖိုးမှာတော့ ထိုအသံများကြောင့် ပိုလို့ပင် စိတ် ပျက်သွားမိတော့၏။

ဆရာသည် မနေ့က တန်ဖိုးနှင့်မိုးပြာ ကျူရှင်မတက်ကြ သည်ကို သတိထားမိပုံ မပေါ်ပါ။ တန်ဖိုးတို့ ကျူရှင်က ပျက်ကွက်မည် ဆိုလျှင် ဘာကြောင့် ပျက်ကွက်သည့်အကြောင်းကို ခွင့်စာတိုင်ကြား



ရပါသည်။ ထိုသူတွေကိုတော့ နောက်တစ်နေ့ စာမေးသည့်အချိန်တွင် ထည့်သွင်း မေးလေ့မရှိပါ။

ခုတော့ တန်ဖိုးမှာ အတန်းသားများရှေ့တွင် မတ်တပ်ကြီး ရပ်ကာ ဘာလုပ်လို့ ဘာကိုင်ရမည်မသိ ဖြစ်နေရ၏။ မိုးပြာထံသို့ အကြည့် များ ရောက်သွားချိန်မှာတော့ မိုးပြာ၏ မထီတရီ အပြုံးတစ်ခုကို တွေ့ ရသည်။

တန်ဖိုးက ချက်ချင်းပင် မျက်နှာကို လွှဲလိုက်၏။

"ကဲ တန်ဖိုး မင်းကို ဆရာ ဘယ်လိုအပြစ်ပေးရမလဲ ပြော"

တန်ဖိုးက ခေါင်းကိုသာ တွင်တွင်ငုံ့ထားမိသည်။

"ပြောလေကွာ ငါ ဘယ်လိုအပြစ်မျိုး ပေးရမလဲ"

"ဆရာ ကြိုက်သလို လုပ်ပါ"

ပြတ်သားသော ထိုစကားသံကိုတော့ သူ ခေါင်းကိုမော့ကာ ပြောလိုက်ခြင်း ဖြစ်သည်။

"ကောင်းပြီ ဒီနေ့ ညနေ ကျူရှင်ဆင်းရင် မင်း မပြန်ရသေး ဘူး။ ကျောင်းဆောင်တစ်ခုလုံးကို သန့်ရှင်းရေးလုပ်ပြီးမှ ပြန်ရမယ်"

"ဗျာ"

အဲဒီလို 'ဗျာ'သွားရခြင်း အကြောင်းရင်းကိုလည်း မိုးပြာ သိပါသည်။ ဒီနေ့ညနေ ကျူရှင်အဆင်းမှာ တန်ဖိုးက နှင်းဆီနုက်အား

www.burmeseclassic.com



စကားလိုက်ပြောရန် ကြိုတင်ကြံစည်ကာ အကွက်ချထားပြီး ဖြစ်သည်။

ခုတော့ သူ့အစီအစဉ်တွေအားလုံး အလွဲလွဲ အချော်ချော် ဖြစ်ကုန်ရပြီ။

ပြီးတော့ ကျောင်းဆောင်တစ်ခုလုံးကို သန့်ရှင်းရေးလုပ်ဖို့ဆိုသည်မှာ တော်တော့်ကို မလွယ်သော ကိစ္စလည်း ဖြစ်သည်။ မိုးပြာတို့ ကျူရှင်က ပထမနှစ်၊ ဒုတိယနှစ် တတိယနှစ် အတန်းသုံးတန်းပေါင်းကို အခန်းတွေ ထပ်ခွဲလိုက်သောအခါ အခန်းပေါင်း ဆယ်ခန်းကျော်ရှိသည့် တိုက်တန်းလျားကြီး ဖြစ်၏။

ဒါကို သူ တစ်ယောက်တည်း သန့်ရှင်းရေးလုပ်ရပါမှ ဒီည တစ်ညလုံးလုပ်လျှင်တောင် ပြီးစီးမည်ဟု မိုးပြာကတော့ မထင်ပါ။

အတန်းဆင်းသည့် ခေါင်းလောင်းထိုးချိန်မှာတော့ ကျောင်းသူကျောင်းသားတွေ အားလုံး အလျှိုလျှို ထွက်ခွာသွားကြပေမယ့် တန်ဖိုးကတော့ ငိုင်တိုင်တိုင်နှင့် သူ့စားပွဲတွင် ဆက်လက်ထိုင်နေဆဲ ဖြစ်သည်။

မိုးပြာသည်လည်း အခန်းပေါက်ဝရောက်မှ နောက်ပြန်လှည့်ကြည့်မိရင်း တန်ဖိုးရဲ့ စိတ်ပျက်နေသည့် မျက်နှာကြီးကို မြင်လိုက်ရသောကြောင့် သက်ပြင်းတစ်ခုကို မသိမသာ ချလျက် သူ့ထံသို့ ပြန်လျှောက်သွားလိုက်သည်။

"တန်ဖိုး"





မိုးပြာ အသံက ခပ်တိုးတိုးပေမယ့် တန်ဖိုး ကြားနိုင်လောက်အောင်တော့ ကျယ်ပါသည်။ မော့ကြည့်လိုက်သော တန်ဖိုးရဲ့ မျက်လုံးများထဲမှာ စိတ်ပျက်လက်ပျက် ဖြစ်နေခြင်းများကို အတိုင်းသား တွေ့ရ၏။

"နင် တစ်ယောက်တည်း ဖြစ်ရဲ့လား"

"အဲဒါကို အသာထားလိုက်စမ်းပါ၊ လောလောဆယ် နင်းဆီနက်ကို ဘယ်လိုလုပ်ကြမလဲ၊ ငါက သူ့ကို ဒီညနေ ကျူရှင်ဆင်းရင် ဒေါ်ကြီးရွှေ အအေးဆိုင်မှာ စောင့်နိုင်းထားတာ"

"အဲဒီတော့"

မိုးပြာက စကားစပေးလိုက်သည်နှင့် တန်ဖိုးရဲ့ပုံက အနည်းငယ်အားတက်သွားသည့်ပုံနှင့်

"လုပ်စမ်းပါဟာ ဒီတစ်ခါသာ လွဲရင် သူ ငါ့ကို ဘယ်တော့မှ ယုံတော့မှာ မဟုတ်ဘူး"

"ဟင်း"

မိုးပြာရဲ့ သက်ပြင်းချသံသည် တန်ဖိုး ပြောသမျှကို လိုက်နာကူညီရန် အသင့်ဖြစ်နေခဲ့သည်ဟု တန်ဖိုးက တွက်ချက်လိုက်သည့် အနေအထားပါပဲ။

သူ ဖြစ်ချင်သည်များကို တရစပ် ပြောတော့၏။

"ဒီလိုလုပ်မယ်ဟာ နင်က ဒီအခန်းကို ခဏ ရှင်းပေးထား၊



www.burmeseclassic.com

www.burmeseclassic.com



ငါက နှင်းဆီနက်ဆီ သွားတွေ့မယ်လေ''

''ဖြစ်မလား တန်ဖိုးရဲ့၊ ဆရာက ပြန်သေးတာ မဟုတ်ဘူးနော်၊ သူ့အခန်းထဲမှာ အမှတ်ခြစ်နေတာ ငါ တွေ့ခဲ့တယ်၊ ဆရာသာ သိသွားရင် ငါတို့နှစ်ယောက်လုံး နားကားသွားမှာပေါ့''

''နင်ကလည်း မသိအောင်လုပ်မှာပေါ့၊ ဘာတွေစိတ်ပူနေတာလဲ''

မိုးပြာ ဘာပြန်ပြောရမည် မသိအောင် ဆွံ့အသွားရ၏။ တကယ်ဆို ဒီကိစ္စကို ဆရာသာ ပြန်ကြားသိသွားပါက မိုးပြာရော တန်ဖိုးရော နှစ်ယောက်လုံး ဒုက္ခရောက်မည့်ကိန်း ဖြစ်သည်။

''အိမ်က သိသွားရင် ဘယ်လိုလုပ်မလဲ တန်ဖိုး''

ဆရာက မိုးပြာဖေဖေနှင့် ကျောင်းနေဘက် သူငယ်ချင်းမို့ ရင်းနှီးနေကြသောအခါ မိုးပြာတို့ ဘာလုပ်လုပ် အိမ်က ပြန်သိသည်ချည်းပင် ဖြစ်သည်။

သို့သော် ခုချိန်မှာတော့ တန်ဖိုးသည် ဒါတွေကိုလည်း ဂရုစိုက်မိဟန် မတူပါ။ သူ့အသိ သူ့အာရုံအားလုံးထဲမှာ နှင်းဆီနက်သာ ရှိနေပုံရပါသည်။

''လုပ်ပါဟာ ကူညီစမ်းပါ၊ ညီမလေးက လိမ္မာပါတယ်''

ဒါဟာ အချိုသတ်လိုက်သည့် စကားလုံးပါပဲ။ သိသိကြီးနှင့်





လည်း နောက်ဆုံးတော့ မိုးပြာသည်သာ တန်ဖိုး သဘောအတိုင်း လိုက်လျောလိုက်ရပါတော့သည်။

ကျူရှင်ရှေ့ လှေကားအတိုင်းဆင်းလျှင် ဆရာ့ခန်းရှေ့က ဖြတ်ရမည် ဖြစ်သည်။ ထို့ကြောင့်ပင် တန်ဖိုးက နောက်ဖေးဘက် လှေကားမှ ပတ်ကာ ဆင်းလေသည်။ ဘေးအန္တရာယ် တစ်ခုခု ကြုံပါက အတက်အဆင်းလုပ်ရန် ဆင်ထားသော အရေးပေါ် လှေကားသည် အသုံးပြုခြင်း မရှိသောကြောင့် အနည်းငယ်ပင် ခွေးမြည့်နေပြီဖြစ်၏။

''တန်ဖိုး သတိထားဦး၊ လှေကားက ခိုင်မှ ခိုင်ရဲ့လား မသိဘူး''

''ရပါတယ် ဘာမှမဖြစ်လောက်ပါဘူးလေ''

ကျူရှင်က လေးထပ်တိုက်တန်းလျားရဲ့ အပေါ်နှစ်ထပ်တွင် နေရာယူထားခြင်းဖြစ်ကာ မိုးပြာတို့ နောက်ဆုံးနှစ်တွေက အပေါ်ဆုံးထပ်တွင် စာသင်ကြားရသည်။

''လက်တန်းကို သေချာကိုင်ထားနော်၊ ငါ အသည်းယားလိုက်တာ တန်ဖိုးရယ်''

လှေကားထစ်များအတိုင်း ဖြည်းဖြည်းချင်း ဆင်းသွားသော တန်ဖိုးကို ကြည့်ကာ မိုးပြာမှာ ရင်ဘတ်လေး ဖိနေမိသည်။ မတော်တဆများ ခြေချော်လက်ချော် ဖြစ်သွားခဲ့လျှင်ဟူသော အတွေးက မိုးပြာ့ကို ထိန့်လှုပ်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးပြာကသာ ရင်တွေတုန်နေမိသော်လည်း တန်ဖိုးကတော့ ပထမထပ်သို့ပင် ရောက်နေပြီဖြစ်သည်။

အဲဒီအချိန်မှာ အဲဒီအချိန်မှာပါပဲ။

"ဟိတ် ဘာလုပ်နေတာလဲ၊ ဟာ ဟော့ကောင် မင်း အဲဒါ ဘာလုပ်နေတာလဲ"

မိုးပြာရဲ့ ဘေးကပ်လျက်သို့ ဆရာ ရောက်လာခြင်းပင် ဖြစ်သည်။ ပထမတော့ ဆရာက မိုးပြာ တစ်ယောက်တည်းကို မြင်ကာ လှမ်းအော်လိုက်ခြင်း ဖြစ်သော်လည်း အောက်သို့ငုံ့ကြည့်လိုက်စဉ်ဝယ် လှေကားဆင်းလက်စ တန်းလန်းကြီးဖြစ်နေသော တန်ဖိုးကိုပါ မြင်သွားပြီး အလန့်တကြားနှင့် အောက်သို့ လှမ်းအော်လိုက်ခြင်း ဖြစ်သည်။

တန်ဖိုးမှာလည်း အပေါ်မှနေ ငုံ့မိုးကြည့်နေသော ဆရာ့ကို မြင်လိုက်ရချိန်မှာ ရင်တစ်ခုလုံး ဖြောင်းဆန့်ပြီး အောက်ပဲ ဆင်းရမလိုလို အပေါ်ပဲ ပြန်တက်ရမလိုလိုနှင့် ကယောင်ကတမ်း ဖြစ်သွားမိသည်။

မိုးပြာသည်လည်း

"ဆ ရာ"

စကားသံတို့က လည်ချောင်းဝတွင် တစ်ဆို့ကုန်ကာ စကားလုံးတို့သည်လည်း ထစ်အကုန်ကြ၏။

"တန်ဖိုး အောက်ကိုဆက်ဆင်း၊ ပြီးရင် ရှေ့လှေကားက





ပြန်တက်ခဲ့ ကြားလား"

ဆရာ့အသံက ဒေါသသံတစ်ဝက် တပည့်အတွက် စိတ်ပူသံ တစ်ဝက်ဖြစ်သည်။ တန်ဖိုးသည်လည်း ဆရာ့စကားကို မလွန်ဆန်နိုင်သည့် နည်းတူ

"ကဲ ပြောစမ်းပါဦး။ မင်းက ဘာဖြစ်လို့ ဒီလောက်တောင် အလျင်လိုနေတာလဲ၊ မင်းကိုယ်တိုင် ကျေနပ်လို့ ပေးထားတဲ့ ပြစ်ဒဏ်လေး၊ ဒီလို ရှောင်ပြေးချင်လို့ ရမလား"

နှစ်ယောက်သား ဆရာ့ရှေ့မှာ ခေါင်းလေးတွေ ငိုက်စိုက်ချလျက် ဘာမှပြန်မပြောနိုင်အောင် ဖြစ်နေမိသည်။

"ပြောလေကွာ တန်ဖိုးထိုက် ဆရာ စိတ်မတိုချင်ဘူးနော်"

"ကျွန်တော် ကျွန်တော် လုပ်စရာလေး တစ်ခုရှိလို့ပါ ဆရာ"

"သိပ်ကို အရေးကြီးနေလို့လား၊ ဒါကိုလည်း မင်း ဆရာ့ကို အကျိုးအကြောင်း ပြောပြသင့်တာပေါ့"

"အဲဒီလောက်လည်း မဟုတ်ပါဘူး ဆရာ"

"ဒါဆို ဘာလို့ ဒီလောက် အန္တရာယ်များတဲ့ နေရာကနေမှ ခိုပြီး ဆင်းရတာလဲ၊ ပြီးတော့ မိုးပြာ မင်းကပါ အလိုတူ အလိုပါ မြှောက်ပေးတယ် ဟုတ်လား၊ မတော်တဆ တစ်ခုခုများ ဖြစ်သွားရင် မင်းတို့မိဘတွေလည်း ရင်ကျိုးရမယ်၊ ဆရာလည်း ဘယ်လိုမှ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ဘူး။ မင်းတို့ နားလည်လား''

''ဟုတ်ကဲ့ပါ ဆရာ''

နှစ်ဦးသားလုံး ပြိုင်တူဖြေလိုက်မိကြသည်။

ဆရာက သူတို့နှစ်ယောက်လုံးအား စိတ်မသက်သာစွာ ရှုစိုက်ကြည့်ပြီး သက်ပြင်းကြီးတစ်ခုကို ချလျက် ခေါင်းကို တဆတ်ဆတ် ညိတ်လေသည်။

''အေး အေး ကောင်းပြီ၊ နောက် ဒါမျိုး လုံးဝ မလုပ်မိစေနဲ့၊ နောက်တစ်ခါဆိုရင် မင်းတို့နှစ်ယောက်လုံးကို ကျူရှင်ထုတ်ပစ်မယ်၊ ခုတော့ မိုးပြာပါ အတူတူ တန်ဖိုးရဲ့ အပြစ်ဒဏ်ကို ကူလုပ်ပေးလိုက်၊ ကြားလား''

နှစ်ယောက်လုံး ပြိုင်တူ ခေါင်းညိတ်ပြလိုက်မိတော့သည်။

တံမြက်စည်း တစ်ချောင်းကို ကိုင်ကာ စိတ်မပါ လက်မပါနှင့် လှည်းကျင်းနေသော တန်ဖိုးကို ကြည့်ပြီး မိုးပြာ စိတ်ပျက်သွားမိ၏။

ဒီကောင်ကတော့လေ နှင်းဆီနက်ကို တော်တော်ပဲ စွဲလမ်းနေတာ သေချာနေပါပြီ။ အမှန်အတိုင်း ဝန်ခံရပါလျှင် ဒီအချိန်မှာ တန်ဖိုးကို ဒီလိုစိတ်တွေ မဝင်စေချင်တာတော့ အမှန်ပဲ ဖြစ်၏။

ကျောင်းမပြီးသေးခင် အချိန်မှာ အချစ်ဆိုသည့် ကဗျာဆန်ကာ လူကို အနှောင့်အယှက် ပေးတတ်လွန်းသော ခံစားချက်ကြီး မရှိသင့်





သုံးအချိန်ပင် ဖြစ်သည်လေ။ ဒါကို မိုးပြာက တန်ဖိုးအား သေချာ ပြောပြချင်ပါသည်။ ပြီးတော့လည်း မိုးပြာစိတ်ထဲမှာ အနည်းငယ် အတ္တဆန်သော စိတ်လေးတစ်ခုကလည်း ကိန်းအောင်းနေပါသေးသည်။

ဒါကတော့ မိမိရဲ့အစ်ကိုကို တခြားမိန်းမတစ်ယောက် လက်ထဲ ထည့်မပေးလိုက်နိုင်ခြင်းပင် ဖြစ်၏။ ဒါကိုတော့ ထုတ်ပြောမနေတော့ပါ။ အရေးကြီးသည်က ဒီတစ်နှစ်လေး ကျန်တော့သည်ကို ကောင်းမွန်စွာ ဖြတ်သန်းနိုင်ရေးပင် ဖြစ်သည်။

ဒါပေမဲ့ တန်ဖိုး ဆိုသည့်ကောင်က မိုးပြာ စကားဆိုလျှင် ဘယ်တော့မှ အကောင်းမမြင်တတ်ပေ။

ရေစိုအဝတ်တစ်ခုနှင့် မှန်ပြတင်းများကို တိုက်ချွတ်နေသော မိုးပြာနားသို့ တန်ဖိုးက ရောက်လာကာ အားမရှိတော့သည့် လူမမာ ပုံမျိုးနှင့် ကုလားထိုင်တစ်လုံးပေါ်သို့ ထိုင်ချလိုက်ပါသည်။

''ဟဲ့ ဘာဖြစ်နေတာလဲ၊ နင့်ကြည့်ရတာ ဂီလာန ဖြစ်နေသလို ပဲ''

ထိုစကားကိုလည်း တန်ဖိုး တုံ့ပြန်နိုင်ခြင်း မရှိပုံထောက်လျှင် ဒီတစ်ခါ ထိချက်ကတော့ တော်တော်လည်း ပြင်းထန်ပုံရပါသည်။

''သူက ငါ့ကို ဒီတစ်ကြိမ်က ပထမဆုံးနဲ့ နောက်ဆုံးအကြိမ် အခွင့်အရေး ပေးတာနော်လို့ အတိအလင်း ပြောထားပြီးသားပါ၊ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



သွားပါပြီဟာ သူ ငါ့ကို တင်းသွားလောက်ပြီ၊ တင်းတာလောက်နဲ့ကတော့ ငါက သိပ်မမှုပါဘူး၊ ဒါပေမဲ့ သူ မုန်းသွားမှာကိုတော့ ငါ ဘယ်လိုမှ မခံနိုင်ဘူး မိုးပြာ''

အဲဒီ နှင်းဆီနက်ကရော ဘယ်လောက်တောင်မှပဲ လှလှလား မြောက်သေးလို့လဲလို့ မိုးပြာ မေးလိုက်ချင်ပါသည်။

တန်ဖိုးအတွက် ဒီအချိန်မှာ ဘာကိုမှ အနှောင့်အယှက်တစ်ခု အဖြစ် မဖြစ်စေချင်တာ မိုးပြာရဲ့ စေတနာ အမှန်ပင် ဖြစ်ပါသည်။

''နှင့်စိတ်ကို လျှော့လိုက်ပါ တန်ဖိုးရယ်၊ နှင်းဆီနက် ဆိုတာလည်း ကလေးသာသာပါဟာ၊ ချော့လိုက်ရင် စိတ်ဆိုးပြေသွားမှာပါ''

ပြောသာ ပြောလိုက်ရသည်။ နှင်းဆီနက်ရဲ့ပုံစံကို မိုးပြာ မျက်လုံးများထဲ မြင်ယောင်ကြည့်ရင်း ခေါင်းလေးပင် ခါယမ်းလိုက်မိ၏။

အသက်ဆယ့်ခုနစ်နှစ်နှင့် မလိုက်အောင် ရှည်သွယ်မြင့်မားသော အရပ်နှင့် မော်ဒယ်တစ်ယောက်လို အချိုးကျ ကိုယ်နေဟန်ထား ကောက်ကွေးသော ဆံနွယ်ခွေခွေများနှင့် အဝတ်အစားကိုလည်း စမတ်ကျစွာ ဝတ်ဆင်တတ်သော နှင်းဆီနက်သည် ကလေးတစ်ယောက်၏ ဟန်ပန်မျိုး ပျောက်ဆုံးနေတာတော့ အမှန်ပင်ဖြစ်ပါသည်။

အသက်ကလေးက ငယ်သော်လည်း ဆန့်ကျင်ဘက် လိင်များကြားတွင်တော့ နှင်းဆီနက်သည် ရေပန်းစားသော ပန်းလေးတစ်ပွင့်သာ





ဖြစ်ပါသည်။ ထိုပန်းလေး၏ အရေးပေးမှုကို ပထမဆုံးအကြိမ်အဖြစ် လက်ခံရရှိသော တန်ဖိုးအဖို့တော့ ဆရာ့ရဲ့ အပြစ်ဒဏ်သည် တော်တော်ကို ကြီးလေးသွားခဲ့ပါ၏။

''သူ့ကိုငါ ဘယ်လို အယူခံဝင်ရမှာလဲ မိုးပြာ၊ နင် ငါ့ကိုကူညီမလားဟင်''

ခုတော့လည်း တန်ဖိုးလို ခေါင်းမာကြောသည့် လူတစ်ယောက်၏ မျက်နှာသည် မိုးပြာ မကယ်ရင်ဘဲ သေရတော့မည့် လူတစ်ယောက်၏ ပုံပေါက်နေပါသည်။

''ငါ ဘယ်လိုကူညီရမလဲ''

မိုးပြာက မျက်နှာကို ခပ်တည်တည်သာ ထားကာ မေးလိုက်၏။ ဒီတစ်ခါတော့ တန်ဖိုးဆီက သူမကို လိုလိုလားလား ဖြစ်မှုတွေကို လက်ခံရလိုက်ပြီ မဟုတ်ပါလား။

''နောက်နေ့ကျရင် နင် သူ့ကို သွားပြောပေးဟာ''

''ဘာပြောပေးရမှာလဲ''

''ငါ ဘာလို့ ဒီနေ့ မလာဖြစ်တာလဲဆိုတဲ့ အကြောင်းကိုပေါ့ဟာ''

''ကောင်းပြီလေ၊ မနက်ဖြန်ကျရင် ငါတို့ ကျူရှင်စောစောလာပြီး သူတို့ အတန်းချိန် မစခင် ငါ ကိုယ်တိုင် သွားပြောပေးပါ့မယ်''

''အေးဟာ ငါ ကိုယ်တိုင် သွားပြောရင်တော့ သူ စိတ်ဆိုးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ကို ငါ ခံနိုင်မယ် မထင်ဘူး။ ပြီးတော့ သူရှေ့ရောက်ရင်လည်း ငါ ဘာပြောလို့ ပြောရမယ်မှန်း သိမှာမဟုတ်ဘူး''

''အင်းပါ ဟုတ်ပါပြီ လောလောဆယ်တော့ အလုပ်လုပ်လိုက်ကြစို့ Fighting''

မိုးပြာက ကိုရီးယားကားများထဲကအတိုင်း လက်သီးဆုပ်ပြရင်း အားပေးလိုက်၏။

နှစ်နာရီခန့် အကြာမှာတော့ သူတို့ အင်တိုက်အားတိုက် လုပ်လိုက်ကြတာ ကျူရှင်ခန်းများ၏ လေးပုံတစ်ပုံခန့် သန့်ရှင်းပြီးစီးသွား၏။

မိုးပြာက လက်မှနာရီကို မြှောက်ကြည့်လိုက်ကာ လေပူတစ်ချက် ဟူးခနဲ မှုတ်ထုတ်လိုက်၏။

''ဟူး ခြောက်နာရီတောင် ကျော်နေပြီ၊ မေမေတို့လည်း စိတ်ပူနေလောက်ပြီဟ၊ ပြီးတော့ ဗိုက်လည်း ဆာတယ်''

မိုးပြာ ပြောတာတွေက ဟုတ်လည်း ဟုတ်ပါသည်။ ပုံမှန်ဆို ကျူရှင်ဆင်းသည်နှင့် အိမ်တန်းပြန်တတ်သော သူတို့နှစ်ယောက်အတွက် အန်တီငယ်ရော ဖေဖေပါ စိတ်ပူနေလောက်ပြီ ဖြစ်သည်။

ပြီးတော့ ဗိုက်ထဲကလည်း တကြွတ်ကြွတ်နှင့် အသံတွေမြည်နေအောင် ဆာလောင်နေပြီဖြစ်သည်။

ထိုအချိန်မှာပဲ သူတို့ သန့်ရှင်းရေး လုပ်နေသော အခန်းရှေ့တွင်





အရိပ်တစ်ခု ပေါ်လာ၏။ မော့ကြည့်လိုက်တော့ သူတို့နှစ်ယောက်ကို ခါးထောက်ကာ ရပ်ကြည့်နေသော ဆရာဦးအာကာအား တွေ့လိုက်ရသည်။

မောမောပန်းပန်းနှင့် အလုပ်ခထာနားကာ ထိုင်နေမိကြသောကြောင့် ဆရာ့ကို မြင်လိုက်ရချိန်တွင် နှစ်ဦးသားလုံး ဆတ်ခနဲ မတ်တပ်ရပ်လိုက်မိကာ ယောင်တောင်တောင် ဖြစ်သွားရ၏။

''မဆိုးပါဘူး မင်းတို့ တော်တော် လုပ်နိုင်သားပဲ၊ ဘယ်လောက်မှ မကြာသေးဘူး ပြီးတော့မယ်၊ အလုပ်တွေ ပြီးသွားရင် သော့တွေကို သေချာခတ်ပိတ်သွားကြနော်၊ ဆရာ ပြန်တော့မယ်''

''ဟုတ်ကဲ့ပါ ဆရာ''

ဆရာက သူတို့နှစ်ယောက်ကို ခပ်ပြုံးပြုံးကြည့်ကာ ခေါင်းတညိတ်ညိတ် လုပ်ရင်း အခန်းဝမှ ထွက်ခွာသွား၏။

ဆရာချထားခဲ့သော သော့တွဲများကို မိုးပြာက သွားယူလိုက်ပြီး အခန်းရှေ့ရှိ ဆရာ့စားပွဲပေါ်တွင် တင်ထားလိုက်သည်။

ထို့နောက်တော့ လုပ်စရာ ကျန်သည်များကို ခပ်သွက်သွက် ကုန်းလုပ်နေမိ၏။

သိပ်မကြာခင် အချိန်မှာပဲ သူတို့ အလုပ်လုပ်နေသော အခန်းထဲမှနေ၍ သူတို့ဆီ ဦးတည်လာနေသော ခြေသံဖွဖွလေးကို ခပ်မှန်မှန်



www.burmeseclassic.com

www.burmeseclassic.com



ကြားနေရ၏။

ဒီတစ်ခါတော့ သူတို့နှစ်ယောက်လုံး ထိတ်လန့်သွားမိသည်။ မှောင်စပျိုးနေသော တိုက်တန်းလျားကြီး နှစ်ထပ်လုံးမှာ သူတို့နှစ်ယောက်တည်းဟူသော အသိကလည်း ချောက်ချားစေတာတော့ အမှန်ပင် ဖြစ်သည်။

တစ်ယောက်နားသို့ တစ်ယောက် ပူးကပ်လိုက်မိ၏။ ခြေသံကလည်း တဖြည်းဖြည်းနှင့် သူတို့နှင့် ပိုနီးကပ်လာသလို ခံစားရသည်။

"တန်ဖိုး အဲ အဲဒါ ခြေသံ မဟုတ်လား။ ဆရာလည်း ပြန်သွားပြီလေ၊ အဲဒါ ဘယ်သူ့ခြေသံလဲ"

မိုးပြာအသံက တိုးတိုးတိတ်တိတ် လေသံလေးနှင့် တန်ဖိုးလက်ကို ဆုပ်ကိုင်ကာ မေးလိုက်ခြင်းပါ။

တကယ်တမ်းမှာ တန်ဖိုးကိုယ်တိုင်လည်း ကြောက်လန့်နေသည်မို့ ရုတ်တရက် ဘာပြန်ဖြေရမှန်း မသိဘဲ မိုးပြာရဲ့ လက်လေးကို ပြန်လည် ဆုပ်ကိုင်ထားမိသည်။

နှစ်ဦးသားလုံး၏ အာရုံများကတော့ အခန်းပေါက်ဝဆီသို့သာ

ခြေသံက သူတို့နှင့် အနီးဆုံးသို့ ရောက်လာချိန်မှာတော့ ပထမဆုံး မြင်တွေ့လိုက်ရသည်က တံခါးဝရှေ့တွင် ခြေလျှားစွာ ပေါ်လာသော အရိပ်မည်းမည်းကြီးတစ်ခု ဖြစ်သည်။ ခန္ဓာကိုယ်က ပိန်ကပ်နေ





ကာ ဆံပင်များက အုံလိုက်ကြီး ဖားလျားကျနေသော ထိုအရိပ်ကို မြင်လိုက်ရချိန်မှာတော့ မိုးပြာ ကိုယ်လုံးလေးပင် ကျုံ့ဝင်သွားသလား ထင်ရလောက်အောင် တုန်လှုပ်သွားမိ၏။

တန်ဖိုးထံမှလည်း ဂလုခနဲနေအောင် တံတွေးမြိုချလိုက်သံကြီးကို ကြားရသေးသည်။

"တန် တန်ဖိုး ဘယ် ဘယ်သူလဲ မသိဘူး၊ ဟို ငါတို့ကို သရဲခြောက်"

"ဘာတွေ လျှောက် လျှောက်ပြောနေတာလဲ၊ အဲဒါ သ သရဲ မဟုတ်ပါဘူး မ မဟုတ်လောက်ပါဘူး"

တန်ဖိုးက မိုးပြာ စကားကိုပင် အဆုံးမခံဘဲ ကြားဖြတ်ကာ ပြောလိုက်၏။ သို့သော် နှစ်ယောက်စလုံး ကြောက်ရွံ့မှုများနှင့် တုန်ယင်နေကြတာကတော့ ကိုယ့်ဘာသာကိုယ်သာ အသိဆုံး ဖြစ်ပါသည်။

ဘယ်နှစက္ကန့်မျှပင် မကြာလိုက်ပါ။ အခန်းဝတွင်ပေါ်လာသော အရိပ်မည်းကြီး၏ အကောင်အထည်သည် သူတို့ ရှိနေရာ အခန်းရှေ့တည့်တည့်တွင် ပေါ်လာတော့၏။

"ဟာ"

"ဟယ် ဘယ်လိုဖြစ်"

တန်ဖိုးရော မိုးပြာပါ သူတို့ရှေ့တည့်တည့်တွင် ရပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



လူကိုကြည့်ပြီး အံ့သြလွန်းမက အံ့သြကာ အာမေဋိတ်သံများပင် ရွတ်လိုက်မိကြ၏။

"ကိုတန်ဖိုးထိုက် ဗိုက်ဆာနေမလားလို့လေ၊ အဲဒါ မုန့်တွေဝယ်လာပေးတာ"

လက်ထဲတွင် ကိုင်ဆွဲထားသော **Tokyo Fried Chicken** မှ အထုပ်များကို မြှောက်ပြရင်း နှင်းဆီနက်က ပြောလိုက်၏။

နောက်တော့ စားပွဲတစ်ခုပေါ်တွင် ထိုအထုပ်များကို အကျအန တင်ကာ သူတို့နှစ်ယောက်နားသို့ လျှောက်လာပါသည်။

တန်ဖိုးနှင့်မိုးပြာကတော့ ခုချိန်ထိ အံ့သြတကြီးဖြစ်ကာ နှင်းဆီနက် လုပ်သမျှကိုသာ မျက်စိအပြူးသားနှင့် ကြည့်နေမိကြ၏။

မိုးပြာတို့ သူမကို တအံ့တသြ ပြီးတော့ သူတို့နှစ်ယောက်ပုံစံက တစ်စုံတစ်ခုကို ကြောက်လန့်နေပုံမျိုးတွေမို့ နှင်းဆီနက်က ရယ်ချင်လာမိသော်လည်း ပြုံးရုံသာ ပြုံးလိုက်ပါသည်။

နှင်းဆီနက်ရဲ့ အပြုံးကို သူတို့နှစ်ယောက်ကလည်း ချက်ချင်းပင် သဘောပေါက်ကာ ပူးကပ်နေသော ခန္ဓာကိုယ်နှစ်ခုကို ဆတ်ခနဲ ခွာလိုက်ကြ၏။

"မင်း ဘယ်လို ရောက်လာတာလဲ ဘလက်ခ်"

တန်ဖိုးက ခုနက တုန်ယင်နေခဲ့သော အသံကို ထိန်းကာ





မေးလိုက်ပါသည်။ မိုးပြာကတော့ အနီးရှိ ခုံလေးတစ်လုံးပေါ်တွင် ထိုင်လိုက်ရပြီး တုန်လှုပ်သွားသော စိတ်အား ပြန်တည်ငြိမ်အောင် လုပ်နေရသေး၏။

"ညနေက ကိုတန်ဖိုးထိုက်နဲ့ ဘလက်ခ် ချိန်းထားတဲ့နေရာကို ကိုတန်ဖိုးထိုက် ရောက်မလာတော့ အရမ်းကို စိတ်တိုသွားမိတယ်၊ ဒါပေမဲ့ အိမ်ပြန်ရောက်တော့ ကိုကိုက ပြောပြတာနဲ့ ကိုတန်ဖိုးထိုက် အကြောင်း သိရပြီး စိတ်ကူးပေါက်လို့ ထွက်လာတာ၊ ဒါပေမဲ့ ဒီက အစ်မပါမှန်း သိလို့ မုန့်က တစ်ယောက်စာပဲ ဝယ်လာခဲ့မိတယ်လေ"

နှင်းဆီနက်က မိုးပြာကို ကြည့်ကာ ပြောလိုက်ခြင်း ဖြစ်သည်။ အဲဒီတော့ မိုးပြာက ဘာပြန်ပြောရမည်မသိဘဲ ဒီအတိုင်းသာ ကြောင်[illegible]နေမိ၏။

"ကိုတန်ဖိုးထိုက် ကြိုက်ရဲ့လား၊ မာမီနဲ့ မြို့ထဲလိုက်သွားရင်း သမ်းကြိုတာနဲ့ ဝယ်လာခဲ့တာလေ"

တန်ဖိုးက စားပွဲပေါ် တင်ထားသော ကြက်ကြော်ထုပ်ကို လှမ်းကြည့်ရင်း ခေါင်းတစ်ချက် ညိတ်ပြ၏။

သူ့စိတ်ထဲမှာတော့ နှင်းဆီနက်ကိုယ်တိုင် သူ့ဆီရောက်လာကာ မုန့်ဝယ်လာကျွေးသည့်အဖြစ်ကို ခုထိ မယုံကြည်နိုင်သေးသလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာလေ ဒါဆို စားရအောင်၊ ခြောက်နာရီတောင် ခွဲနေပြီ ဆိုတော့ ဗိုက်ဆာတာမှာပေါ့"

တန်ဖိုးလက်ကို မဆွဲရုံတမယ် ခေါ်ကာပြောနေသော နှင်းဆီနက် ပုံက မိုးပြာ မျက်လုံးထဲမှာတော့ တော်တော်လေးကို ကလက်တက်တက် ဖြစ်လာ၏။

အသက်လေးနှင့်မှ မလိုက်အောင် သွက်လက်လွန်းနေသော နှင်းဆီနက်ကို ခပ်နာနာလေးဖြစ်သွားအောင် တစ်ခုခု ပြောပစ်ချင်စိတ် ပေါက်လာ၏။

တကယ်ဆိုရင် တန်ဖိုးဆိုတာ ကိုယ့်အစ်ကိုပဲ မဟုတ်လား။ ဒါကို ကိုယ့်မျက်စိရှေ့တောင် မရှောင် သည်းသည်းလှုပ်ပြနေတာ မျက်စိ စပါးမွေး စူးလွန်းလှပါသည်။

ပြီးတော့လည်း နှင်းဆီနက်နှင့် တန်ဖိုးဆိုတာ ဘာမှကို မသာ ရသေးသည့် သက်ဆိုင်မှု မရှိသေးသည့်သူများသာ ဖြစ်ပါသည်။ တန်ဖိုး ဘက်ကသာ အကဲပိုနေခဲ့သည်ဟု မိုးပြာ ထင်ခဲ့သမျှတွေသည် ယခု ပြုမူနေသော နှင်းဆီနက်ရဲ့ ပုံစံတွေကြောင့် တန်ဖိုးကတောင် နည်း နေသေးသည်ဟု ထင်မြင်ချင်လာ၏။

သူတို့နှစ်ယောက်ကို ခပ်တည်တည်နှင့် စိုက်ကြည့်နေသော မိုးပြာအား တန်ဖိုးက လှမ်းကြည့်လိုက်ကာ





"မိုးပြာ လာလေဟာ၊ နင် ဗိုက်ဆာနေတယ် မဟုတ်လား။ တော်ကြာ အဆာလွန်သွားရင် မကောင်းဘူး"

သူများပစ္စည်းနှင့် မျက်နှာလုပ်နေသော တန်ဖိုးကြောင့်တော့ မိုးပြာ စိတ်ညစ်သွားမိသည်။ တကယ်ဆို နှင်းဆီနက်ကိုယ်တိုင်က မိုးပြာ အတွက် မပါပါဘူးလို့ အတိအလင်း ပြောထားခဲ့ပြီးပြီ မဟုတ်လား။

ဒါကို သူက လောကွတ်ချော်နေသေးသည်။

"မစားတော့ဘူး တန်ဖိုး။ နင်ကလည်း ငါ ကြက်ကြော် မကြိုက် တာ သိလျက်သားနဲ့"

မိုးပြာ စကားကြောင့် တန်ဖိုးမှာ မျက်လုံးများပင် ပြူးသွားရ သည်။ တကယ်ဆို မိုးပြာလောက် ကြက်ကြော်ကို ဘီလူးသရဲစီးသလို စားသောက်တတ်တာ သူ အသိဆုံးလေ။

အဲဒီလူက ကြက်ကြော်မကြိုက်ပါဘူးဆိုတော့ သူ တော်တော် လေးကို အံ့အားသင့်သွားမိပါသည်။

သူ ကြည့်နေပုံကို သဘောပေါက်သော မိုးပြာကတော့ နှင်းဆီ နက် တစ်ဖက်သို့ လှည့်နေတုန်းမှာပဲ တန်ဖိုးကို ခေါင်းလေး အသာခါ ပြရင်း နင်ပဲ စားလိုက်တော့ဟူသည့် သဘောနှင့် မေးငေ့ပြလိုက်ရသည်။

ထိုအခါမှ ကိုယ်တော်ချောက သက်ပြင်းကို မိုးပြာ မြင်သာ အောင် ချရင်း စားတော်မူလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးလုပ်သမျှကို ဘေးကနေ လက်နှစ်ဖက်ကို မေးစေ့တွင် ထောက်လျက် ထိုင်ငေးနေသော နှင်းဆီနက်ပုံက တကယ့်ကို အသည်းယားစရာပင် ဖြစ်သည်။ သူမနဲ့တန်ဖိုးကပဲ ချစ်သူရည်းစားတွေလိုလို...။

တကယ်သာ ရည်းစားတွေ ဖြစ်ခဲ့လျှင် ဘယ်လောက်တောင် သည်းသည်းလှုပ်ပြီး အကဲပိုနေမည်လဲ မသိနိုင်ပါ။

မိုးပြာက ဘခြားဘက်သို့ လှည့်ရင်း နှုတ်ခမ်းလေးကို မဲ့လိုက်မိပါသည်။

■ ■ ■

ဖေဖေနှင့် အန်တီငယ် ရှေ့မှာ သူတို့နှစ်ယောက်လုံး ခေါင်းငုံ့ရပ်နေမိသည်။ ကျူရှင်ဆင်းချိန် ကျော်ကာ ပြန်မလာကြသောကြောင့် ဆရာ့ထံသို့ ဖုန်းဆက်မေးလိုက်သဖြင့် အကြောင်းစုံကို လူကြီးများ သိသွားသောအခါ သူတို့အတွက် ပြောစရာစကား မရှိသလို ဖြစ်ခဲ့ရသည်။

"ကဲ မင်း ဘယ်လိုဖြေရှင်းမလဲ တန်ဖိုး။ ဟိုကောင်လေးတွေနဲ့ ပေါင်းပြီး ခုတော့ ဆရာ စာမေးတာတောင် မရတော့ဘူးပေါ့ ဟုတ်လား"

ဒေါ်သဇင်ငယ် အသံက အခန်းထဲတွင် ဟိန်းထွက်လာပါသည်။ တန်ဖိုး ဘာမှပြန်မဖြေနိုင်ပါ။

"ယောက်ျားလေးက စာမကျက်လို့ အပြစ်ပေးခံရတာ အကြောင်း သိပ်မဟုတ်သေးပါဘူး။ ခုတော့ မိန်းကလေးဖြစ်ပြီး မနေတတ်





မထိုင်တတ် ဟုတ်လား"

ဖေဖေကလည်း မိုးပြာကို ကြည့်ပြီး ဒေါသတကြီး ပြောပါသည်။ တန်ဖိုးလိုတော့ မိုးပြာက ငြိမ်ခံမနေပါ။

"မိုးပြာ ဘာမှမလုပ်ဘူး ဖေဖေ၊ တန်ဖိုးတစ်ယောက်တည်း လုပ်သွားတာ၊ မိုးပြာက"

"တော်စမ်း အလိုတူ အလိုပါ လုပ်ခဲ့ပြီးမှ ဘာဓာဒက တက်နေတာလဲ"

ထုံးစံအတိုင်း ဦးမိုးရင့် ဒေါသထွက်ပြီဆို အသံတွေ ပြာသွားမတတ် အော်ပစ်တတ်ပါသည်။ ခုလည်း မိုးပြာကိုယ်လေးပင် တုန်သွားသည်ထိ လန့်သွားမိပါ၏။

"မဟုတ်ဘူး ဖေဖေ၊ မိုးပြာ"

"နင့်ကိုငါ ဘာပြောလဲ၊ ဆက်မပြောနဲ့တော့ဆိုရင် ဘာသံမှ ထပ်မကြားချင်တော့ဘူး။ ကျူရှင်မှာ မိန်းကလေးတစ်ယောက်ဖြစ်ပြီး ဒီလိုမျိုး အပြစ်ပေးခံရတာ နင် မရှက်ဘူးလား မိုးပြာ"

"မိုးပြာက စာရပါတယ် ဖေဖေ၊ တန်ဖိုးကို ကူညီချင်တာ သက်သက်ပါ"

"အေး အဲဒါလည်း မေးပါဦးမယ်၊ မင်းက ဘာတွေ ဒီလောက် အရေးကြီးနေလို့ အရေးပေါ် လှေကားကနေတောင် ဆရာမသိအောင်



www.burmeseclassic.com

www.burmeseclassic.com



နိုးဆင်းရတာလဲ''

အန်တီငယ်၏ မေးခွန်းကြောင့် တန်ဖိုးမှာ ဘာဖြေလို့ ဖြေရမည်မသိ ဖြစ်သွားပုံရသည်။ အင်းအဲနှင့် ဘာကိုပြောလို့ ပြောရမှန်းမသိသော ထစ်အအဖြစ်နေပုံက မိုးပြာကိုတောင် မွှန်းကြပ်စေပါသည်။

''ပြောလေ တန်ဖိုးထိုက်၊ ငါ မေးနေတာကို မင်းက ဂရုမစိုက်တာလား''

''မဟုတ်ပါဘူး မေမေ၊ သား သူငယ်ချင်းတွေနဲ့ ချိန်းထားတာ တစ်ခုရှိလို့ပါ''

''ဟေ မင်းသူငယ်ချင်းတွေက ဘယ်လောက်တောင် အရေးကြီးနေလို့လဲ တန်ဖိုးထိုက်၊ တန်ဖိုးထိုက် မင်း တော်တော် ပျက်စီးနေပါလား၊ အမေနဲ့ဦးလေးကတော့ မင်းကို ဖြစ်ဖြစ်မြောက်မြောက် ဖြစ်စေချင်လိုက်တာ၊ မင်းကတော့ အပေါင်းအသင်းမှားပြီး ပျက်စီးနေတယ်၊ မနေ့တည်းက နောင်နောင်တို့နဲ့ ပေါင်းနေတယ်ဆိုကတည်းကကို ငါ သတိပေးပြီးပြီ၊ အဲဒါကို ငါ့စကား ဂရုမစိုက်ဘဲနဲ့ လုပ်ချင်တာ လုပ်မယ်ဆိုတဲ့ သဘောလား တန်ဖိုးထိုက်''

ဒေါ်သဇင်ငယ် ဒေါသတွေ အထွဋ်အထိပ်သို့ တက်နေပြီဆိုတာ တန်ဖိုးရော မိုးပြာပါ သိလိုက်ပါသည်။

''သား တောင်းပန်ပါတယ် မေမေ''





''မင်းက တောင်းပန်တယ်ဆိုပြီး လုပ်ချင်တာတော့ လုပ်ခဲ့တယ် မဟုတ်လား။ ငါ ဖြစ်စေချင်တာတွေကို မင်း နည်းနည်းမှ အလေး မထားဘူး မဟုတ်လား''

''အဲဒီလို မဟုတ်ရပါဘူး မေမေ၊ သားဘက်က တကယ်ကို ရည်ရွယ်ဘဲ ဖြစ်သွားတာပါ၊ သားကို မေမေရော လေးလေးကပါ ဂရုစိုက်တယ်ဆိုတာ သိပါတယ်၊ အဲဒါကြောင့် မေမေရော လေးလေးကိုပါ သား တောင်းပန်ပါတယ်''

တန်ဖိုး စကားဆုံးတော့ ဖေဖေက မိုးပြာထံသို့ လှမ်းကြည့်၏။

''မိုးပြာလည်း တောင်းပန်ပါတယ်၊ ဒီလိုမျိုး မဖြစ်အောင် နေပါ့မယ် ဖေဖေ''

နှစ်ယောက်လုံး မျက်နှာငယ်လေးတွေနှင့် တောင်းပန်စကားဆိုတော့ လူကြီးများကလည်း စိတ်မသက်မသာဖြစ်စွာနဲ့ပဲ ကြည့်နေကြသည်။

''နောက်ဆို အဲဒီလို တိုင်သံမျိုး ထပ်မကြားချင်ဘူးနော်၊ ဒါ နောက်ဆုံး သတိပေးခြင်းပဲ''

ဦးမိုးရင့်အသံက တကယ့်ကို နောက်ဆုံးဆိုသည့်အတိုင်း ပြတ်သားစွာ ထွက်လာသည်။

''ဟုတ်ကဲ့ပါ ဖေဖေ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ လေးလေး"

နှစ်ဦးသား ပြိုင်တူ ဖြေလိုက်တော့ ဦးမိုးရင့်က ခေါင်းတဆတ်ဆတ် ညိတ်ရင်း

"ကဲ ကဲ နှစ်ယောက်လုံး နားလိုက်တော့၊ မနက်ကျရင်တော့ ညီမလေးက သူတို့ကို စောစောနိုးပြီး စာကျက်ခိုင်းလိုက်၊ စာမေးပွဲ သုံးပတ်လောက်ပဲ လိုတော့တာ မဟုတ်လား၊ ပျော်နေလို့ မဖြစ်တော့ဘူး လေ"

"ဟုတ်ကဲ့ပါ အစ်ကို၊ ဘယ်လည်း သူတို့ကို လွှတ်မထားပါဘူး"

တန်ဖိုးနှင့်အန်တီငယ်က သူတို့အိမ်ခန်းဘက် ပြန်ထွက်သွားချိန်မှာပဲ မိုးပြာလည်း ကိုယ့်အခန်းထဲကိုယ် ဝင်ခဲ့လိုက်၏။ ဖေဖေကတော့ မိုးပြာကို တည်ငြိမ်အေးဆေးသော မျက်လုံးများနှင့်သာ ကြည့်နေ၏။

မိုးပြာလည်း ဖေဖေနှင့် မျက်နှာချင်း ကြာကြာ ရင်ဆိုင်နိုင်စွမ်းအား မရှိသည့်အတွက် အခန်းထဲသို့ ခပ်သွက်သွက်ပဲ ဝင်ကာ မွေ့ရာပေါ် လှဲအိပ်ချလိုက်မိ၏။

လူတစ်ကိုယ်လုံးကလည်း ကိုင်ရိုက်ထားသလိုပင် နာကျင်နေပြီဖြစ်သည်။ ထိုစဉ်မှာပဲ မိုးပြာ အခန်းတံခါးကို ဖွဖွခေါက်သံ ထွက်ပေါ်လာ၏။

"သမီးလေး ထမင်းစားရအောင် ထွက်ခဲ့ဦးလေ"





ဒါဟာ ခုနက အသံနှင့် ခြားနားလွန်းသော ကရုဏာတွေ ပျော်ဝင်နေသည့် ဖေဖေ့အသံစစ်စစ်ပါပဲ။

သို့သော် မိုးပြာက ချက်ချင်းပြန်ထူးခြင်း မပြုပါ။

"သမီး မိုးပြာ အိပ်နေပြီလား၊ ထမင်းစားရအောင်လေ"

"မစားချင်ဘူး ဖေဖေ"

မိုးပြာက တိုးတိုးသာသာ ပြန်ဖြေလိုက်၏။

တကယ်တော့ မိုးပြာ ဗိုက်ထဲမှာ သံစုံတီးဝိုင်း တီးနေသည်လား ထင်ရလောက်အောင် ဆူညံနေပါသော်လည်း ဖေဖေ့ကို စိတ်ကောက်ချင်သောကြောင့် မစားချင်ဘူးဟု လိမ်ညာလိုက်၏။

"မိုးပြာ ခေါင်းမမာနဲ့လေ"

ဖေဖေက ဖွဲ့မလျှော့ဘဲ ခပ်မာမာလေး ပြောလိုက်၏။

"တကယ် မစားချင်တာပါ ဖေဖေ၊ သမီး ပင်ပန်းလို့ အိပ်ချင်နေပြီ"

ဖေဖေ သက်ပြင်းချလိုက်သံ သဲ့သဲ့ကိုပင် မိုးပြာ ကြားလိုက်မိသည် ထင်၏။ နောက်တော့ အခန်းရှေ့မှ ထွက်သွားသော ခြေသံတိုးဖွဖွ။

ဘာရယ်ကြောင့်မှန်း မသိပါဘဲ ဝမ်းနည်းအားငယ်သလို ခံစားလာရကာ မိုးပြာ မျက်ဝန်းများတွင် မျက်ရည်ကြည်တို့ ဝေ့သီလာရ၏။

ကိုယ့်တာသာ ရှုက်ငိုမိသလား မငိုမိဘူးလား မသေချာခင်မှာပင်



www.burmeseclassic.com

www.burmeseclassic.com



မိုးပြာ အိပ်ပျော်သွားပါသည်။

အဲဒီရက်ပြီး နောက်နေ့များမှာတော့ မနက်တိုင်းပင် အန်တီငယ်၏ အသံစာစာနှင့်အတူ တန်ဖိုးရော မိုးပြာပါ နိုးထခဲ့ရသည်။

"ဟဲ့ မိုက်ဆာလိုက်တာဟာ"

"ဘာစားချင်လို့လဲ"

တန်ဖိုးက ကျက်လက်စ စာအုပ်ကို ပိတ်လိုက်ပြီး ရှုံ့မဲ့နေသော မျက်နှာနှင့် ဗိုက်ဆာကြောင်း ညည်းတွားနေသည့် မိုးပြာအား လှမ်းကြည့် မေးလိုက်သည်။

"ဒိန်ချဉ်သောက်ချင်တယ်ဟာ"

"အာ နင်ကလည်း စောစောစီးစီးဟာ၊ ခုမှ မနက် ငါးနာရီပဲ ရှိသေးတာကို"

"မနက် ငါးနာရီမှာ ဒိန်ချဉ်မသောက်ရဘူးလို့ နင့်ကို ဘယ်သူက ပြောထားလို့လဲ"

"ဒီလိုတော့ မဟုတ်ဘူးလေ၊ ဒါပေမဲ့ အဲဒီလိုမျိုး တစ်ခါမှ မလုပ်ခဲ့ဖူးဘူး မဟုတ်လား"

မိုးပြာက မျက်နှာလေးကို ပိုမို၍ မဲ့ရှုံ့ပစ်လိုက်၏။

"မရဘူးဟာ အခု ဒိန်ချဉ်မှ မသောက်ရရင် ငါ စာလည်းကျက်နိုင်မှာ မဟုတ်ဘူး"





မိုးပြာ ဂျီကျပါပြီ။ မိုးပြာ ဂျီကျပြီဆိုလျှင် သူမ လိုချင်တာ မရမချင်း တအီအီနှင့် ညည်းနေတတ်၏။

"နေဦးဟာ ဒီတစ်ပုဒ်ရရင် သွားကြတာပေါ့"

ရှေ့ချထားသော ပေပါတွေး ဖတ်စာအုပ်ကို ပြန်ဖွင့်ကာ တန်ဖိုးက ပြောပေမယ့် တန်ဖိုး ဖွင့်လိုက်သော စာအုပ်ကို ဗိုးခနဲ ဖတ်ခနဲဆိုသလိုပင် မိုးပြာက ပြန်ပိတ်ပစ်လိုက်ပြီး

"နင် လိုက်မှာလား မလိုက်ဘူးလား။ ဒါပဲပြောတော့ တန်ဖိုး"

"မိုးပြာ နင် ငါ့ကို ခြိမ်းခြောက်နေတာလား"

"ထင်ချင်သလိုထင်၊ ငါကတော့ သောက်ဖြစ်အောင်ကို သွားသောက်မှာ"

ဆတ်ခနဲ မတ်တပ်ရပ်လိုက်ကာ ပြောတော့ တန်ဖိုးလည်း စိတ်ထဲ တင်းသွားမိ၏။

"နင့်ဟာနင် တစ်ယောက်တည်း သွားချင်သွားတော့ မိုးပြာ၊ ငါ မလိုက်နိုင်ဘူး။ စာကျက်လိုက်ဦးမယ်"

"ခုမှလာပြီး စာကြမ်းပိုး လာလုပ်ပြမနေနဲ့၊ နင် မလိုက်လည်း ငါ့ဟာငါ သွားလို့ရတယ်၊ ပြဿနာ မရှိဘူး"

ပြောပြောဆိုဆို အနားမှ ထွက်သွားသော မိုးပြာကို ကြည့်ပြီး ဒေါသထွက်မိသော်လည်း စိတ်ကို ပြန်ထိန်းထားကာ စာအုပ်နှင့် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



မခွာဘဲ ထားလိုက်၏။

သို့သော် ဒီကောင်မလေးက သူ့စိတ်ကို စမ်းသပ်တာလည်း ဖြစ်နေနိုင်ပါသည်။ သူ လိုက်လာအောင်လို့ တမင်တကာ ရှေ့မှ ထွက်သွားပြခြင်းမျိုးလည်း ဖြစ်နိုင်၏။

ထို့ကြောင့်ပင် ဝရန်တာ ထွက်ကာ သူမကို လှမ်းမျှော်ကြည့်လိုက်၏။

ညသန်းခေါင်က မိုးရွာထားသောကြောင့် ဒီမနက်ခင်း ငါးနာရီအချိန်တွင် ကြည့်လေရာရာက စိမ်းလန်းစိုပြည်နေသလိုပါပဲ။ မျက်စိထဲမှာ ကြည်ကြည်လင်လင်နှင့် အတော်လေးတော့ ကြည့်လို့ကောင်းတာ အမှန်ပင်။

တုတ်ကောက်လေးကို ထောက်ကာ ခပ်မှန်မှန် လမ်းလျှောက်နေသော အားကစား ဘောင်းဘီရှည် ဝတ်ထားသည့် သူတို့လမ်းထဲမှ အဘိုးကြီးတစ်ယောက်ကိုလည်း တွေ့ရသည်။ ထိုအဘိုးကြီးက နွေမိုး ဆောင်း သုံးရာသီလုံး မနက်တိုင်း လမ်းထလျှောက်တတ်သည့် လူကြီးမို့ ဆန်းတော့ မဆန်းပါ။

မိုးပြာကို လိုက်ရှာမိတော့ လမ်းထိပ်နားလောက်ပင် ရောက်နေပြီ ဖြစ်သည်။ တန်မိုးတို့ တိုက်ကနေ လှမ်းကြည့်ပါက ဟိုးလမ်းထိပ်ထိ မြင်ရလောက်အောင် မြင်ကွင်းက ရှင်းလေသည်။





တစ်ယောက်တည်း ဘောက်ဆေတ်ဆေတ်နှင့် လမ်းလျှောက်သွားနေသော ဘောင်းဘီတိုလေးနှင့် မိုးပြာကို ကြည့်ကာ သူ့ပခုံး တစ်ချက်တွန့်လိုက်မိသည်။

ဒီကောင်မလေး တကယ် ထွက်သွားတာပဲ။ ကိစ္စမရှိပါဘူး။ တစ်ယောက်တည်း သွားရဲသည်ဆိုလည်း ပြီးတာပါပဲလေ။ ခရီးကလည်း သိပ်ဝေးတာမှ မဟုတ်တာ။ သူတို့လမ်းနှင့် နှစ်လမ်းကျော်တွင်ရှိသော စားသောက်စရာ အစုံရကာ ညလုံးပေါက် ဖွင့်သည့် ဆိုင်လေးသို့ သွားတာဆိုတော့ သူ စိတ်ပူစရာလည်း မလိုပါ။

သူ့စိတ်ကို လျှော့ချလိုက်ကာ အိမ်ထဲ ပြန်ဝင်ရန် ပြင်နေစဉ်မှာပင် မိုးပြာနားသို့ ကပ်လိုက်သွားသော အရိပ်တစ်ခုကို မြင်လိုက်ရခြင်းပါ။ သေချာတာကတော့ မိန်းကလေးတစ်ယောက်၏ လမ်းလျှောက်ဟန်မျိုး မဟုတ်တာပါပဲ။

ဟော မိုးပြာ လမ်းလျှောက်နှုန်းက မြန်သွားသလိုပါလား။ ပြောရင်းနှင့် မိုးပြာက ခြေလှမ်းကိုရပ်ကာ ထိုလူနှင့် မျက်နှာချင်းဆိုင်ပြီး တစ်ခုခု ပြောနေပုံပင်။

ဒီအချိန် ဒီနေရာကြီးမှာ ဘယ်က သူငယ်ချင်းမှ မဖြစ်နိုင်ပါ။ ပြီးတော့ မိုးပြာနားက လူ၏ပုံသဏ္ဌာန်ကို ကြည့်ရတာ တန်မိုးတို့ မျက်နှာချင်းဆိုင်တိုက်မှ ကျော်စွာဆိုသည့်ကောင်နှင့် တော်တော်လေးကို ဆင်နေ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

တကယ်သာ ကျော်စွာဆိုရင်တော့..။ စဉ်းစားမိရုံနဲ့တင် တန်ဖိုးမှာ ဒေါသတွေ ထွက်လာပြီး လူကလည်း လေ့ကားအောက်သို့ အမြန်ပြေးဆင်းကာ စက္ကန့်ပိုင်းလေးအတွင်းမှာပင် မိုးပြာနားသို့ ရောက်သွားတော့၏။

တန်ဖိုးကို မြင်လိုက်တော့ မိုးပြာ ပုံစံက အံ့လည်း အံ့သြကာ ဝမ်းသာသွားပုံလည်း ရလေသည်။

"မိုးပြာ ဘာဖြစ်နေတာလဲ"

တန်ဖိုးအသံက မထိန်းသိမ်းလိုက်နိုင်စွာပင် မာထန်သွား၏။ ဒါကလည်း မိုးပြာနှင့် ပဋိပက္ခဖြစ်နေပုံရသော ကျော်စွာ၏ အမြင်ကပ်စရာ ရုပ်ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

"ဒီမှာ ငါ့ကို ဒီကောင် လိုက်စကားပြောနေလို့"

မိုးပြာအသံက အားကိုးတကြီး။ ကျော်စွာ့မျက်နှာကတော့ တန်ဖိုးကို စိန်ခေါ်နေသည့် အချိုးမျိုးနှင့် ဘုကြည့်ကြည့်ချင်နေသည့် ပုံစံမျိုး ဖြစ်သည်။

"မင်းက ဘာလို့ ငါ့ညီမကို လိုက်နှောင့်ယှက်နေရတာလဲ"

မျက်ခုံးတွေရော နှာခေါင်းပါမကျန် အပေါက်တွေ ဖောက်ကာ သရုပ်ပျက်နေသော ကျော်စွာ့မျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး





တန်ဖိုးက မေးလိုက်တော့ ထိုသကောင့်သားက မထီတရီနှင့် ရယ်လိုက်သေးသည်။

ပြီးမှ

"ငါက လိုက်နှောင့်ယှက်တာမှ မဟုတ်တာ၊ မနက်စောစောစီးစီး မင်္ဂလာရှိသွားအောင် ချစ်ကြောင်းခင်ကြောင်းလေးတွေ လိုက်ပြောနေတာပါကွ"

ကြည့် ဘယ်လောက်တောင် ခွဲထိုးပစ်လိုက်ချင်စရာ ကောင်းသည့် အပြောအဆိုလည်းဆိုတာ။

"ဟေ့ကောင် မင်း မိုက်ရိုင်းလှချည်လား"

"မနက်စောစောမှာ ပြဿနာ လာရှာတဲ့ မင်းသာ မိုက်ရိုင်းတာကွ၊ ငါက ကျက်သရေအပေါင်းနဲ့ ပြည့်စုံတဲ့ ချစ်စကားလေးတွေပဲ ပြောတာ"

"မင်းက ပြောလေ ဆိုးလေပါလား ကျော်စွာ"

တန်ဖိုးက ကျော်စွာ့ရင်ဘတ်ကို လက်နှင့်တွန်းလိုက်ကာ အော်ပြောလိုက်တော့ ကျော်စွာရဲ့ မထီတရီ မျက်နှာက ချက်ချင်းပင် ကြောက်စရာကောင်းလောက်အောင် မာကျောခက်ထန်သွားကာ

"ဟေ့ကောင် မင်းက ငါ့ကို ဘာလုပ်ချင်လို့လဲ၊ အေး ငါက လည်း မင်းမှာသာ တကယ်တမ်း သတ္တိရှိရင် အချိန်မရွေးဘူး"

www.burmeseclassic.com



တန်ဖိုးက ဘာစကားမှ တုံ့ပြန်မနေတော့ဘဲ ကျော်စွာ့မျက်နှာ တည့်တည့်ဆီသို့သာ လက်သီးတစ်ချက် ပစ်သွင်းလိုက်၏။ သို့သော် သွက်လက်သော ကျော်စွာက အရှောင်အတိမ်း မြန်လွန်းသောကြောင့် တန်ဖိုးမှာ ရှေ့သို့ အရှိန်နှင့်ချော်ထွက်သွား၏။

အဲဒီအချိန်မှာပဲ ကျော်စွာ့ဆီက ကိုယ်ကို တစ်ပတ်လှည့်ကာ ခြေဖျားနှင့် ပတ်ကန်လိုက်ခြင်းကို သူ ကောင်းကောင်းကြီး မြည်းစမ်းခွင့် ရလိုက်ခြင်း ဖြစ်သည်။

ဘုန်းခနဲနေအောင် ကတ္တရာလမ်းနှင့် မိတ်ဆက်သွားမိသော ခန္ဓာကိုယ်သည် ပြန်မထနိုင်လောက်အောင်ကို နာကျင်သွားမိ၏။ ဒါကို အခွင့်ကောင်းယူကာ ကျော်စွာက လဲပြိုကျနေသော တန်ဖိုးကို အပေါ်စီးကနေ ချုပ်ထိုးရန် အားယူပြန်သည်။

''လာကြပါဦးရှင် ဒီမှာ ရန်ဖြစ်နေကြပြီ၊ လုပ်ကြပါဦး''

မိုးပြာအသံက တိတ်ဆိတ်သယောင် ဖြစ်နေသော မနက်ခင်းတွင် ကျယ်လောင်စွာ ထွက်သွား၏။

ထိုစဉ်မှာပဲ တန်ဖိုးရဲ့မျက်နှာတည့်တည့်ဆီသို့ ကျော်စွာက လက်သီးနှင့် ပိတ်ထိုးပစ်လိုက်ခြင်းပါ။

တန်ဖိုးရဲ့ နှာတံစင်းစင်းလေးများထဲမှနေ၍ သွေးတွေ စီးကျ လာသည်ကို မြင်လိုက်ရချိန်မှာတော့ မိုးပြာမှာ ခြေဖျားလက်ဖျားများ





အေးစက်လာသည်ထိ တုန်လှုပ်လာမိ၏။ မျက်ဝန်းမှာလည်း မျက်ရည်စ တို့ ထွက်ပြူစ ပြုနေပြီဖြစ်သည်။

''မလုပ်နဲ့တော့ ကျော်စွာ၊ လူယုတ်မာ၊ နင် အခု တန်ဖိုးကို လွှတ်နော်၊ တန်ဖိုး ထလေဟာ၊ တန်ဖိုး''

တန်ဖိုး ကိုယ်ပေါ် စီးမိုးထားသော ကျော်စွာ့ကို ရှိသမျှ အင်အား လေးနှင့် တွန်းဖယ်ပစ်နေမိသည်။

ကံကောင်းထောက်မစွာပါပဲ သူမတို့နားသို့ လမ်းထိပ် လက် ဖက်ရည်ဆိုင်မှ စားပွဲထိုးလေးများ ရောက်လာမှ ကျော်စွာ့ကို တန်ဖိုး ဆီကနေ အတင်းခွာယူရတော့၏။

''သူ သူ မိုးပြာကို လိုက်နှောင့်ယှက်နေတာ၊ ပြီးတော့ တန်ဖိုး ကိုလည်း အနိုင်ကျင့်သေးတယ်''

မိုးပြာတို့ မောင်နှမနှစ်ယောက်ကိုရော ကျော်စွာ့ကိုပါ သိကြ သူများဖြစ်ပြီး ကျော်စွာ၏ ဆိုးသွမ်းတတ်သော အကျင့်စရိုက်ကိုလည်း သိရှိနေသူများ ဖြစ်သောကြောင့် မိုးပြာစကားက လွယ်လွယ်နှင့် တိုး ပေါက်သွားပါသည်။

သို့သော် မိုးပြာတို့ သုံးယောက်စလုံးကိုတော့ ရပ်ကွက်ရုံးသို့ ခေါ်ဆောင်သွားခဲ့၏။

စောစောစီးစီး ဖြစ်နေချိန်မို့ ရပ်ကွက်ဥက္ကဋ္ဌကိုတော့ လမ်း



www.burmeseclassic.com

ကနေ တပါတည်း ဝင်နိုးခဲ့ရခြင်းဖြစ်၏။ မိုးပြာတို့ ရပ်ကွက်ရုံးထဲ ရောက်ပြီးစမှာပင် ဖေဖေနှင့် အန်တီငယ်တို့လည်း ရောက်လာကြသည်၊ နောက်တော့ ကျော်စွာ့အမေဖြစ်သူလည်း ရောက်ရှိလာ၏။

ထိုအမျိုးသမီးကြီးကတော့ သူ့သားကြောင့် ရပ်ကွက်ရုံးကို မကြာခဏ ရောက်ဖူးသည်ဖြစ်ရာ မိုးပြာတို့ဘက်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး မျက်နှာကိုတော့ ခပ်တည်တည်ပုံသာ ဖမ်းထားလေသည်။

ပျာယာခတ်ကာ ခြေမကိုင်မိ လက်မကိုင်မိ အမူအရာမျိုးနှင့် တန်ဖိုးမျက်နှာမှ ဒဏ်ရာများကို ကြည့်ပြီး မျက်ရည်လေး စမ်းစမ်းဖြစ်နေသူကတော့ ဒေါ်သဇင်ငယ်သာ ဖြစ်သည်။ ဦးမိုးရင့်ကလည်း မိုးပြာဘေးတွင် ထိုင်ကာ မျက်မှောင်ကြီးကို အဆုံးစွန် ကျုံ့ထားလျက်က သက်ပြင်းကို အကြိမ်ကြိမ် ချနေ၏။

ရပ်ကွက်လူကြီးက မိုးပြာတို့ တစ်ယောက်ချင်းစီကို မေးမြန်းစရာရှိသည်များ မေးမြန်းပြီးသောအခါ ကျော်စွာ့ကိုရော တန်ဖိုးကိုပါ ခံဝန်လက်မှတ်များ ထိုးခိုင်းပြီး ပြန်လွှတ်ပေးလိုက်၏။ တန်ဖိုးကိုတော့ အမှုဖွင့်ချင်သလားဟု မေးခဲ့ပါသေးသည်။

သို့သော် စာမေးပွဲနီးနေပြီဖြစ်သော တန်ဖိုးကိုင်ကာ အန်တီငယ်က ရပ်ကွက်ရုံးအဆင့်မှာတင် တစ်ခန်းရပ်ပစ်လိုက်၏။

"ငါတော့ ဘာမှမပြောချင်တော့ဘူး တန်ဖိုး"





လေးလေးရဲ့ စိတ်ပျက်လက်ပျက် လေသံနှင့် အပြောကြောင့် တန်ဖိုးစိတ်ထဲမှာ ခံပြင်းသွားမိ၏။

တကယ်ဆို တန်ဖိုးအတွက်နဲ့ ဒီပြဿနာကြီး ဖြစ်ခဲ့ရသည်မှ မဟုတ်တဲ့၊ ပြီးတော့လည်း ဒီဖြစ်ရပ် တစ်ခုလုံးမှာ တန်ဖိုးတို့ဘက်က အမှားတစ်ခုမှ မပါတာတော့ အထင်အရှားပဲ မဟုတ်လား။

"ဒီကိစ္စမှာ တကယ့် တရားခံက မိုးပြာပါ ဖေဖေ၊ တန်ဖိုးနဲ့ ဘာမှမပတ်သက်ပါဘူး"

ဒေါ်သဇင်ငယ် မှာတော့ သူ့သားမျက်နှာ အညိုအမည်းတွေကို ကြည့်ပြီး မျက်ရည်သုတ်နေရသည်နှင့် ဘာစကားမှကို ဝင်ပြောနိုင်မြင်း မရှိသေးပေ။

မိုးပြာက စကားကို ခဏနားကာ သူမစကားကို ဖေဖေမှ နားထောင်နေရဲ့လားဟု အကဲခတ်လိုက်သေး၏။ ဖေဖေ့မျက်လုံးများက သူမကို မှန်ရီစွာ စိုက်ကြည့်နေမှန်း သိတော့မှ

"တကျက်နေရင်းနဲ့ မိုးပြာက ဒိန်ချဉ်သောက်ချင်လာလို့ တစ်ယောက်တည်း ထွက်သွားတာပါ၊ ဒါကို အဲဒီကောင်က အိမ်ရှေ့ကနေ တွေ့ပြီး မိုးပြာနောက်ကို လိုက်လာခဲ့တာ ဖေဖေ၊ ပြီးတော့ မိုးပြာကို ညည်းစားစကား ပြောတော့တာပဲ၊ အဲဒီအချိန်မှာ တန်ဖိုးက ရောက်လာပြီး ပြဿနာတက်ကြတာပါ"

www.burmeseclassic.com



"မှတ်မိပါတယ် လေးလေး၊ ကျွန်တော် မိုးပြာတစ်ယောက်တည်း စိတ်မချလို့ ဝရန်တာ ထွက်ကြည့်မိတော့မှ ကျော်စွာနဲ့မိုးပြာ တစ်ခုခုဖြစ်နေမှန်း ရိပ်မိလိုက်လို့ လိုက်သွားတော့မှ အကြောင်းစုံ သိရတာပါ၊ အဲဒီကောင်က သိပ်မိုက်ရိုင်းတာပဲ လေးလေးရ"

ဦးမိုးရင့်က ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ပြီး

"အဲဒီလို မိုက်ရိုင်းတဲ့ကောင်နဲ့ ဘာဖြစ်လို့ ရန်ဖက်ဖြစ်ခဲ့တာလဲ တန်ဖိုးရယ်၊ အစတည်းက ပြဿနာကို ဦးတည်တဲ့ စကားတွေကို ပြောခဲ့ကြတော့ ပြဿနာဆီပဲ ရောက်တော့မှာပေါ့ကွာ၊ ကိုယ်ကသာ လူယဉ်ကျေးပီသရင် သူ့ဘက်က ရန်စကားစလာတည်းက ကိုယ် အရင်ဦးအောင် ရှောင်ထွက်သွားသင့်တာပေါ့၊ လေးလေး ပြောတာ မင်းတို့ လက်ခံလား"

တန်ဖိုးနှင့်မိုးပြာ တစ်ယောက်မျက်နှာ တစ်ယောက်လှမ်းကြည့်လိုက်မိကြပြီးမှ ပြိုင်တူ ခေါင်းညိတ်ဖြေမိ၏။

"လက်ခံပါတယ်"

"ပြီးတော့ မိုးပြာ စောစောစီးစီး ဘာကိစ္စ ဒိန်ချဉ်သောက်ချင်ရတာလဲ၊ သောက်ချင်တယ်ပဲ ထားဦး၊ တန်ဖိုးကိုအတူတူ ခေါ်သွားရမယ် မဟုတ်ဘူးလား"

ဒါကိုတော့ မိုးပြာက ဘာမှပြန်မဖြေခဲ့ပါ။ တန်ဖိုးကိုယ်တိုင်က





သူ့ကို စာတစ်ပုဒ်ရလျှင် လိုက်ခဲ့မည်ဟု ပြောသည်ကို လက်မခံပါဘဲ ကိုယ့်ဘာသာ ထွက်သွားမိခြင်းမို့ ငြိမ်နေမိခြင်းလည်း ဖြစ်သည်။

တန်ဖိုးကလည်း မိုးပြာကို အပြစ်ဖြစ်စေမည့် စကားတစ်လုံးမှ ဝင်မပြောလို့ ကျေးဇူးတင်မိသေးသည်။

အဲဒီနေ့က တန်ဖိုး ကျူရှင် မတက်ပါ။ အန်တီငယ်နှင့်အတူတူ ဆေးခန်းသွားပြနေသောကြောင့် ဖြစ်သည်။

မကောင်းသတင်းပဲဖြစ်ဖြစ် ကောင်းသည့်သတင်းပဲဖြစ်ဖြစ် ပျံ့နှံ့မှုနှုန်း မြန်ဆန်တာကတော့ အတူတူပင် ဖြစ်လိမ့်မည်နှင့် တူသည်။ တူတူဆိုလျှင်တောင် မကောင်းသတင်းက ပိုမိုပျံ့နှံ့မှု မြန်ပါလိမ့်မည်။

မိုးပြာ ထင်သည့်အတိုင်းပါပဲ။ ကျူရှင်ချိန်တွေ မစခင်မှာဘဲ မိုးပြာ ထိုင်နေသည့် ကော်ရစ်ဒါနားသို့ နှင်းဆီနက် ရောက်လာကာ

"အစ်မ"

ပထမတော့ ကိုယ့်ဘာသာ အတွေးတွေနှင့် ပျံ့လွင့်နေသည်မို့ သူ့ခေါ်သံကို မကြားလိုက်မိ။ ပခုံးတစ်ဖက်ပေါ်သို့ လာရောက် ထိတွေ့သည့် နူးညံ့သော အထိအတွေ့လေး တစ်ခုကြောင့်သာ မိုးပြာ လှည့်ကြည့်လိုက်မိခြင်း ဖြစ်သည်။

"ဩော် နှင်းဆီနက်"

နှင်းဆီနက်က မိုးပြာကို စတင်ခေါ်ဝင်ခြင်းအတွက်လည်း စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ တအံ့တသြ မဖြစ်မိတာ ထူးဆန်းလှ၏။

"ဘာကိစ္စရှိလို့လဲ မသိဘူး"

မေးသာ မေးလိုက်ရသည်။ နှင်းဆီနက် ပြန်ဖြေမည့် စကားလုံးတို့ကို မိုးပြာက ကြိုတင်ခန့်မှန်းလို့ ရနေပါသည်။

"ကိုတန်ဖိုး ဒီနေ့ မလာဘူးပေါ့နော်"

ထင်သည့်အတိုင်းပါပဲ။ ထို့ကြောင့်ပင် မိုးပြာ နှုတ်ခမ်းလေးများက ကွေးကွေးလေး ပြုံးဖြစ်သွားသည်။

ဒါကိုပင် နှင်းဆီနက်က ဘယ်လိုထင်သွားသည် မသိ။ မဆိုစလောက်လေး မျက်နှာပျက်ယွင်းသွား၏။

"အင်း ဟုတ်တယ် သူ ဒီနေ့ မလာဖြစ်ဘူး"

"ဒဏ်ရာက တော်တော်များလို့လား ဟင်"

မိုးပြာ အံ့သြသွားသောကြောင့် နှင်းဆီနက်ကို မျက်မှောင်ကျုံ့ကာ ကြည့်လိုက်မိ၏။ ဒီကိစ္စကို နှင်းဆီနက် သိနေခြင်းအတွက်လည်း နည်းနည်းတော့ နိုးလိုးခုလု ဖြစ်သွားမိသည်။

တကယ်ဆို မိုးပြာနှင့် ပတ်သက်ပြီး တန်ဖိုး ရန်ဖြစ်ရသည့် အကြောင်းကို သူမ ဘယ်သူ့ကိုမှ မပြောပြထားပါ။

"မင်း ဘယ်လိုသိတာလဲ နှင်းဆီနက်"

"ဆရာ့ရုံးခန်းနားက ဖြတ်မိတုန်း ဆရာနဲ့အစ်မတို့အိမ်က





လူကြီးတစ်ယောက်ယောက်နဲ့ ဖုန်းပြောနေသံ ကြားခဲ့ရလို့ပါ၊ ကျူရှင်ပျက်တဲ့အတွက် ခွင့်တိုင်နေတာနဲ့ တူတယ်"

ဒါဆိုရင်တော့ နှင်းဆီနက် ကြားခဲ့တာလည်း အပြည့်အစုံတော့ မဟုတ်လောက်ပါ။ တန်ဖိုး ရန်ဖြစ်လို့ ရလာသည့် ဒဏ်ရာများကြောင့် ကျူရှင်ပျက်ရသည် ဆိုတာလောက်ပဲ ဖြစ်နိုင်ပါသည်။ နည်းနည်း စိတ်သက်သာရာ ရသွား၏။

"အင်း ဘာမှတော့ မဖြစ်ပါဘူး။ ဒီလိုပဲ အနားယူတဲ့သဘောပါ"

"ဪ ဟုတ်ကဲ့၊ သူ့ကို ဘလက်ခ်က မေးနေတယ်လို့ ပြောပေးပါနော် အစ်မ"

"အိုကေ ကိုယ် ပြောပေးပါ့မယ်"

"ကျေးဇူးပဲ အစ်မ၊ သွားလိုက်ပါဦးမယ်"

မိုးပြာက မျက်နှာကို ခပ်ပြုံးပြုံးလေးထားရင်း ခေါင်းကိုအသာဆတ်ပြလိုက်၏။

နှင်းဆီနက် ကျောခိုင်းထွက်သွားတော့မှ မျက်နှာကို ရှုံ့မဲ့ပစ်လိုက်ပြီး ခေါင်းကိုလည်း သွက်သွက်ကြီး ခါပစ်လိုက်မိသည်။ အဲဒီကောင်မလေးကို ဘယ်ဘဝက ရေစက်ကြောင့် ကြည့်လို့ မရနိုင်အောင်လည်း မသိ။



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးနှင့်ဆို အမြဲဆန့်ကျင်နေတတ်သည့် စိတ်ကြောင့်ပဲလား တော့ မသိ။ တန်ဖိုးက နှင်းဆီနက်ကို မြင်တာနှင့် ချစ်ခင်စိတ်ဖြစ်မိ သလောက် မိုးပြာကတော့ မြင်တာနှင့် မျက်နှာကို ရှုံ့မဲ့ပစ်လိုက်ချင်စိတ် ပဲ ပေါက်လာမိသည်။

မြွေမြွေချင်း ခြေမြင်သည်ပဲလား မသိ။ နှင်းဆီနက်ကလည်း သူမကို ကြည့်လို့မရဘူးဆိုတာ စိတ်ထဲက အလိုလို ခန့်မှန်း၍ ရနေသည်။

အကယ်၍များ နှင်းဆီနက်နှင့် တန်ဖိုးတို့ ချစ်သူရည်းစားတွေ များ ဖြစ်သွားကြပါက မိုးပြာအတွက်ကတော့ တကယ့်ကို အနေရ အထိုင်ရကျပ်မည်မှာ အမှန်ပင်ဖြစ်သည်။

အို ဘာလို့ ဒီထိလိုက်တွေးနေမိသည် မသိသော ကိုယ့် ဘာသာ ပဲ ပြန်အပြစ်တင်နေမိ၏။ တကယ်ဆို တန်ဖိုးဘက်က ရည်းစား စကား တောင် ဖွင့်မပြောရသေးသည့် အခြေအနေ မဟုတ်လား။

ဒါပေမဲ့လည်း သူမ စိတ်ထဲက ကြိုသိနေပါသည်။ တန်ဖိုးသာ ဖွင့်ပြောလိုက်မည်ဆိုပါက ထိုနှင်းဆီနက်ဆိုသော ကောင်မလေးသည်...။

သက်ပြင်းမောကြီးသာ ချလိုက်မိ၏။

■ ■ ■



## အခန်း (၃)

"တန်ဖိုး နင့်ကို နှင်းဆီနက်က လာမေးနေတယ်"

မိုးပြာရဲ့စကားကြောင့် တန်ဖိုးမျက်နှာက ဒဏ်ရာများ ဆေး ထည့်ပြီးကာစမို့ ရှုံ့မဲ့နေရာမှ ဝင်းလက်သွားပြီး

"ဟုတ်လား သူက ဘာတွေ လာမေးနေတာလဲ၊ ငါ့ကို မေး တယ်ဆိုတော့ အခြေအနေက မဆိုးဘူးပေါ့နော်"

သူမက တန်ဖိုးကို မျက်စောင်းထိုးလိုက်၏။ တကယ်ဆို ဟိုတစ်နေ့ သူမတို့နှစ်ယောက် သန့်ရှင်းရေးလုပ်ဖို့ အပြစ်ပေးခံရသည့် နေ့တည်းက မိုးပြာတောင် ရိပ်မိသိရှိပြီးသား အကြောင်းကို တန်ဖိုးက ယောကျ်ားတစ်ယောက် ဖြစ်နေပြီးတော့ နည်းနည်းလေးမှ မရိပ်မိဘူး တဲ့လား။

"ဟန်ဆောင်မနေပါနဲ့ တန်ဖိုးရာ၊ နင့်စိတ်ထဲမှာ ဒီနေပြီး



www.burmeseclassic.com

www.burmeseclassic.com



သားပဲ မဟုတ်လား၊ နင် အဲဒီလောက် ညှံ့လိမ့်မယ်လို့ ငါ မထင်ဘူး''

''ဟူး ငါလည်း ကိုယ့်ကိုကိုယ်တောင် ဘာဖြစ်လို့ ဖြစ်နေမှန်း မသိတော့ပါဘူးဟာ၊ တကယ် စိတ်ပျက်တယ်''

''ဘာကို စိတ်ပျက်ရတာလဲ၊ နင့်အတွက် အားလုံး အိုကေဖို့ပဲ ရှိနေတာကို''

''မေမေသိသွားရင် ငါ သေမှာပေါ့ဟ''

''အမလေး တန်ဖိုးရယ် ယောကျ်ား မဟုတ်သလိုပဲ၊ ပြောနေတဲ့ လေသံကိုက''

မိုးပြာက တန်ဖိုးရဲ့ရင်ဘတ်ကို ဖြန်းခနဲ ရိုက်ပစ်လိုက်ကာ မျက်စောင်းထိုးရင်း ပြောပစ်လိုက်သည်။ ထို့ကြောင့်ပင် တန်ဖိုးရဲ့ မျက်နှာက ရှုံ့မဲ့သွားပြီး

''ဖြည်းဖြည်းလုပ်ပါဟဲ့ ငါက လူနာဆိုတာလည်း နည်းနည်းပါးပါး သတိရဦး''

''တော်စမ်းပါဟယ် လူနာကလည်း ပြောနေလိုက်တာတွေက ဟွန်း မပြောလိုက်ချင်ဘူး''

မိုးပြာ မျက်နှာကို မဲ့ကာရွဲ့ကာ ပြောလိုက်သောကြောင့် တန်ဖိုးက တစ်ဖက်သို့ လှည့်ကာ စောင်းအိပ်လိုက်သည်။ သူမကို သူ့အခန်းထဲမှ ထွက်သွားစေချင်သည့် သဘောဆိုတာ မိုးပြာကလည်း နားလည်စွာပင်





တိတ်ဆိတ်စွာ ထွက်လာခဲ့သည်။

''ဘယ်လိုလဲ သား အိပ်နေတာလား သမီး''

မိုးပြာက အခန်းတံခါးကို အသာအယာ ဆွဲပိတ်လိုက်စဉ်မှာပဲ အန်တီငယ် ရောက်လာကာ လေသံခပ်တိုးတိုးနှင့် မေးလိုက်ခြင်း ဖြစ်၏။

''အိပ်ချင်နေပြီလို့ ထင်တယ် အန်တီငယ်၊ ဘာဖြစ်လို့လဲဟင်''

''သူ့ကို ထမင်းကျွေးမလို့ပါကွယ်၊ မနက်တည်းက ဘာမှ မစားသေးဘူးလေ''

''ဟုတ်လား ဒါဆို သမီး သွားကျွေးပေးမယ်လေ''

''အေး အေး ဒါဆိုရင် ထမင်းစားပွဲပေါ်မှာ အန်တီ တင်ထားတယ်၊ သူ့ကို ခေါ်ကျွေးလိုက်နော်''

''အန်တီငယ်က ဘယ်သွားမလို့လဲ''

အနက်ရောင် ပါတိတ်ဝမ်းဆက်နှင့် ဆံပင်များကို သပ်သပ်ရပ်ရပ် ထုံးဖွဲ့ထားသော အန်တီငယ့်ပုံက တစ်နေရာရာသို့ သွားရန် ပြင်ဆင်ထားမှန်း ပေါ်လွင်ပါသည်။

''အေး ဒီနေ့ ချိန်းထားတာလေး တစ်ခု ရှိလို့ပါကွယ်''

အန်တီငယ် ထွက်သွားသည်နှင့် မိုးပြာက ထမင်းစားပွဲဆီ ထွက်လာခဲ့သည်။ အုပ်ဆောင်းအောက်တွင် အုပ်ထားသော အသုပ်း ဆန်ပြုတ်နံ့က သူမရဲ့နှာဝသို့ မွှေးပျံ့စွာ လာရောက် ရိုက်ခတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ထဦး ဒီမှာ အန်တီငယ်က နင့်အတွက် ဆန်ပြုတ်လုပ်ပေးထားတယ်"

မိုးပြာက ခုတင်ပေါ်တွင် တင်ပါးလွှဲ ဝင်ထိုင်လိုက်ပြီး တန်ဖိုး ခြုံလွှမ်းထားသော စောင်ကို ဖယ်ခွာချကာ ပြောလိုက်သည်။

"ငါ့ဟာငါ စားမယ်၊ စားပွဲပေါ် တင်ခဲ့လိုက်"

မိုးပြာဘက်သို့ လှည့်မကြည့်ဘဲ ပြောလိုက်သော တန်ဖိုးရဲ့ လေသံက တော်တော်လေးကို အားအင်ကုန်ခမ်းနေပါသည်။

"တန်ဖိုး နင် ဘာဖြစ်နေတာလဲ"

"ငါ သူ့ကိုလွမ်းလို့"

"ဟောတော့"

သူမကတော့ သူ့ဒဏ်ရာများက နာကျင်နေ၍ စိတ်ဓာတ်ကျနေသည်ဟု ထင်နေခဲ့ပြီး သနားနေသော စိတ်လေးပင် ဘယ်နားသို့ လွင့်ထွက်သွားသည် မသိတော့။

"သေလိုက်တော့ တန်ဖိုးရေ၊ လဲသာ သေလိုက်တော့ သိလား။ အန်တီငယ်ကတော့ နင့်ကို စိတ်တွေပူပြီး ဆန်ပြုတ်တွေ ဘာတွေတောင် ပြုတ်ပေးလို့၊ နင်ကတော့ မပြောချင်တော့ဘူးဟာ"

မိုးပြာရဲ့ စိတ်ပျက်လက်ပျက် လေသံကြောင့် တန်ဖိုးက သူမဘက်သို့ လှည့်ကြည့်လာပါသည်။





"မဟုတ်ပါဘူးဟာ ငါ ဆန်ပြုတ်သောက်မှာပါ၊ လောလောဆယ် သူ့ကိုလွမ်းလို့ လွမ်းတယ်လို့ ပြောမိတာပါဟဲ့"

တန်ဖိုးက ပြောပြောဆိုဆိုပင် သူမလက်ထဲမှ ဆန်ပြုတ်ပန်းကန်ကို ဆွဲယူကာ တရှုတ်ရှုတ်နှင့် တစ်ဖွန်းပြီးတစ်ဖွန်း ခပ်သောက်လိုက်သည်။

"ဟွန်း စိတ်ကိုက မျောက်စိတ်၊ ခုတစ်မျိုး တော်ကြာ တစ်မျိုးနဲ့"

မိုးပြာက မျက်စောင်းကြီးခဲကာ ပြောတော့ တန်ဖိုးက သွားဖြဲပြပြီး ဆန်ပြုတ်ကို ဆက်သောက်နေပြန်သည်။

တကယ့်ကို တတ်လည်း တတ်နိုင်သည့် တန်ဖိုးပါပဲ။

■ ■ ■

"မိုးပြာ မိုးပြာ နေပါဦး ဟိတ်"

နောက်ကနေ အလောတကြီးနှင့် သူမနာမည်ကို ခေါ်နေသည့် အသံကြောင့် ခပ်သွက်သွက် လျှောက်နေသော ခြေလှမ်းများကို ရပ်ကာ မိုးပြာက လှည့်ကြည့်လိုက်သည်။

"ဩော် ငါက ခေါ်သံကြားပါတယ်လို့၊ ဘယ်လိုဖြစ်လာတာလဲ ကောင်းမြတ်ရဲ့"

"နင့်ကို လှမ်းတွေ့လိုက်လို့လေ၊ အဲဒါနဲ့ နောက်က ပြေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာတာ"

ကောင်းမြတ်ပုံက သူမ နောက်ကနေ တကယ်ပင် ပြေးလိုက်ခဲ့ရပုံ ရပါသည်။ ဒူးနှစ်ဖက်ကို လက်နှင့်ထောက်ကာ ဟောဟဲလိုက်နေ၏။

"အဲဒီလောက်တောင် ပြေးလိုက်လာရအောင် ဘာတွေများ အရေးကြီးနေလို့လဲဟ"

သူမရဲ့ မေးခွန်းကြောင့် ကောင်းမြတ် ကြောင်တောင်တောင်နှင့် ပြန်ကြည့်နေပါသည်။

"ပြောလေဟာ နင် ဒီလောက် အလောတကြီး ဖြစ်နေတာ ဘာတွေ အရေးကြီးနေလို့လဲ"

"အဲ ဟိုလေဟာ"

"အင်း ပြောပါဦး"

ထစ်ထစ်အအ ဖြစ်နေသော ကောင်းမြတ်ပုံစံကြောင့် မိုးပြာကပင် စကားထောက်ပေးလိုက်ပါသည်။

"ဘာမှ အရေးမကြီးပါဘူး"

ပြောမယ့်ပြောတော့လည်း တုံးတိတိကြီးနဲ့ မိုးပြာပင် ကြောင်သွားရ၏။

"ဟယ် အရေးမကြီးဘူးဆိုပြီး ဘာလို့ ဒီလောက်တောင်





ပြေးလိုက်လာတာလဲ"

"ဒီလိုပါပဲ နင့်ကို တွေ့လိုက်တော့ ပြေးလိုက်လာမိတာ"

"ဟောတော့ တစ်မျိုးကြီးပါလား"

သူမက ရယ်ပစ်လိုက်ချင်စိတ်ကို မနည်းကြီးထိန်းကာ ပြောလိုက်ရပါသည်။ ပြီးတော့လည်း ပလက်ဖောင်းပေါ်မှာ ဒီတိုင်းကြီး နှစ်ယောက်သား မျက်နှာချင်းဆိုင် ရပ်နေမိကြသည်။ ကောင်းမြတ်ရဲ့ မျက်လုံးများကတော့ သူမ မျက်နှာကို စေ့စေ့စိုက်ကြည့်လျက်

မိုးပြာစိတ်ထဲမှာ အနည်းငယ်ပင် စိုးထိတ်သွားမိ၏။ ကောင်းမြတ်ညီမ နှင်းဆီနက်ကို တန်ဖိုးက ကြိုက်နေသည်ဆိုတာ ကျူရှင်တစ်ခုလုံး သိသွားပြီမို့ ထိုကိစ္စနှင့်ပတ်သက်ပြီးတော့များ မိုးပြာကို တစ်ခုခု ပြောရန် ပြင်ဆင်နေခြင်းပဲလား။

"ဒါနဲ့ နင့်ညီမရော ကောင်းမြတ်"

သူမက ဘာမှလည်း မပြောဖြစ်ဘဲ မတ်တပ်ကြီး ရပ်နေမိသော အခြေအနေကို ထိန်းလိုက်၏။

"ဟင် ဘာဖြစ်လို့လဲ၊ ငါ့ညီမ ဘာဖြစ်လို့လဲ"

ကောင်းမြတ်က အူကြောင်ကြောင်နှင့် သူမကို ကြည့်ကာ မေးနေပြန်သည်။ မိုးပြာ နည်းနည်းတော့ စိတ်မရှည်ချင် ဖြစ်လာရ၏။

"နင့်ညီမ နှင်းဆီနက်လေ၊ အိမ်မှာပဲလား၊ နေကောင်းလား



www.burmeseclassic.com

www.burmeseclassic.com



လို့ မေးတာ''

စိတ်တိုတိုနှင့် ခပ်ဆတ်ဆတ် မေးလိုက်တော့မှ

''အေး အိမ်မှာပဲလေ၊ နေလည်း ကောင်းသားပဲ''

''အေး နေကောင်းရင်လည်း ပြီးရော၊ နင့်ဘာသာ ဆက်ရပ်ချင် ရပ်နေခဲ့တော့၊ ငါကတော့ သွားတော့မယ်''

ပြောပြောဆိုဆို သူ့ရှေ့မှ ထွက်လာခဲ့သော မိုးပြာရဲ့ ကျောပြင်ကို ကောင်းမြတ်က ငေးရင်း ကျန်ရစ်ခဲ့ပါသည်။

ညနေ ကျူရှင်ချိန်မှာတော့ ကော်ရစ်ဒါတွင် တစ်ယောက်တည်းရပ်ကာ နှင်းဆီနက်အလာကို ဝရန်တာမှ ငေးနေမိသော တန်ဖိုးနားသို့ မိုးပြာက ဝင်ရပ်လိုက်ပြီး

''ဘာလဲ ဘာလက်ခ်ကို မျှော်နေတာလား''

တန်ဖိုးက ဘာမှပြန်မဖြေဘဲ အပြင်သို့သာ ဆက်ငေးနေပါသည်။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းပဲမို့ သူမကလည်း ဘာမှ ထပ်မေးမနေတော့ပါ။

''ပူမနေပါနဲ့၊ သူ ဘယ်မှလည်း မသွားဘူး၊ နေလည်းကောင်းတယ်ဆိုတော့ ဒီနေ့ ကျူရှင်လာတက်မှာပါ''

မိုးပြာရဲ့ စကားကို နားမလည်ဟန်နှင့် တန်ဖိုးက မျက်မှောင်ကြီးကျုံ့ကာ လှည့်ကြည့်ပါသည်။ သူမကတော့ ကိုယ့်ဘာသာ ရယ်





ချင်လာသည်မို့ ခပ်ပြုံးပြုံးလေးသာ လုပ်နေလိုက်သည်။ အဲဒီအချိန်မှာပဲ ကျောင်းလှေကားပေါ်သို့ ကောင်းမြတ်နှင့် နှင်းဆီနက်တို့ တက်လာတာ မြင်လိုက်ကြရသည်။

''ကဲ ငါ အတန်းထဲ သွားတော့မယ်၊ နင်ရော ဘာဆက်လုပ်မှာလဲ''

သူမတို့ အထပ်က အပေါ်ဆုံးထပ်ဖြစ်ကာ နှင်းဆီနက်တို့ အတန်းက သူမတို့ အောက်ထပ်တွင်မို့ နှင်းဆီနက်နှင့် စကားပြောခွင့်ရချင်လျှင် တန်ဖိုး အောက်ဆင်းမှ ရမည်ဖြစ်၏။ ထို့ကြောင့် သူမက မေးလိုက်ခြင်းဖြစ်သည်။

''ကောင်းမြတ်အပေါ်ရောက်မှပဲ ငါ အောက်ဆင်းတော့မယ်''

''အေး ဒါဆိုလည်း ငါ ဝင်ပြီ''

မိုးပြာက တန်ဖိုးရဲ့ ပခုံးတစ်ဖက်ကို လက်နှင့်ပုတ်ကာ အားပေးသလိုလုပ်ရင်း အခန်းတွင်း ဝင်လာခဲ့လိုက်၏။ မကြာခင်မှာပဲ သူမတို့ အတန်းရှေ့သို့ ကောင်းမြတ် ရောက်လာပါသည်။ အတန်းထဲသို့ တစ်ချက်လှမ်းကြည့်ကာ တန်းဖိုးဆီ တန်းတန်းမတ်မတ် လျှောက်သွားသော ကောင်းမြတ်ကြောင့် မိုးပြာ ရင်ထဲမှာ ဒိတ်ခနဲပင် တုန်သွားရသည်။

သူ့ညီမနဲ့ ပတ်သက်ပြီးတော့များ ပြဿနာ တစ်ခုခု ဖြစ်ကြတော့မလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



မိုးပြာက စိတ်ပူစွာနှင့် လှမ်းကြည့်နေမိစဉ်မှာပဲ တန်ဖိုးက လည်း မိုးပြာထံသို့ တစ်ချက်ပြန်ကြည့်ကာနှင့် ကြွသွားသေးသည်။ နောက်တော့ သူတို့နှစ်ယောက်သား အတန်းရှေ့မှ ထွက်သွားကြ၏။

ဘယ်သွားကြမလို့ပါလိမ့်။ စာသင်ချိန်စရန် မိနစ်နှစ်ဆယ်ခန့် သာ လိုတော့သည်လေ။ သူတို့ ဘာတွေများ ဖြစ်ကြတော့မလဲဟု တွေး မိတာနဲ့တင် သူမ ရင်တွေ ပြင်းပြင်းထန်ထန် တုန်လှုပ်လာ၏။

တန်ဖိုးက ဒီတစ်ခါ ရန်ထပ်ဖြစ်လျှင် အခြေအနေက သိပ် ကောင်းမည့်ပုံ မရှိ။ ရန်ထပ်ဖြစ်ပါက ရပ်ကွက်ရုံးမှာ ခံဝန်ချုပ်ထိုးထား သောကြောင့် ဒုက္ခများရမည့် အနေအထားမျိုး ဖြစ်နေသည်။ ပြီးတော့ ကျောင်းရှင်မှာလည်း ဆရာသာ သိသွားလျှင် အားလုံး ဆိုးဆိုးရွားရွားတွေ ဖြစ်ကုန်တော့မည် ဖြစ်သည်။

သူမရဲ့ အတွေးတွေနှင့်အတူ ခြေလှမ်းများကလည်း အတန်း ပြင်သို့ ပြေးထွက်မိလျက်သား ဖြစ်နေပြီ ဖြစ်သည်။ ကျောင်းရှင်ရှေ့ရှိ လက် ဖက်ရည်ဆိုင်ထဲတွင် ထိုင်နေသော သူတို့နှစ်ယောက်၏ နောက်ကျော များကို လှမ်းမြင်လိုက်ရ၍ တော်သေး၏။

သူတို့ပုံစံတွေက သူမ ထင်ထားသလို စကားအချေအတင် ဖြစ်နေသည့် ပုံစံမျိုးများတော့ မဟုတ်ပါ။ သက်ပြင်းကို မသိမသာ ချလိုက်မိသေး၏။ ဆိုင်အကွယ်ကနေ စောင့်ကြည့်ကာ စိတ်ချရသည့်





အခြေအနေမျိုးကို မြင်ရမှပဲ မိုးပြာလည်း အတန်းဘက်သို့ ခြေဦးပြန် လှည့်လိုက်တော့သည်။

"ဘာဖြစ်တာလဲ မိုးပြာ"

"ဘာလို့လဲ လဲ့လဲ့ရဲ့"

"မသိပါဘူးဟာ နင်က ရေးကြီးသုတ်ပျာပုံနဲ့ ထွက်သွားတာ ကို"

လဲ့လဲ့က မျက်လုံးလေးများ ပြူးပြီး အလောတကြီး မေးနေ ရာမှ သူမရဲ့ ဘာမှမဖြစ်သလို ဟန်ကြောင့် စာအုပ်များကို ပုံမှန်အတိုင်း ပြန်လှန်လှောနေသည်။ သူမမှာတော့ ဟိုနှစ်ယောက် ပြန်မလာသေး၍ လှမ်းမျှော်ကြည့်ရင်း စိတ်မောနေရပေသည်။

ဆရာ စာစသင်ပြီး ငါးမိနစ်ခန့်ရှိမှ တန်ဖိုးရော ကောင်းမြတ် ပါ အတန်းထဲသို့ ကုပ်ချောင်းချောင်းနှင့် ဝင်လာကြ၏။

ဒါကို မြင်လိုက်သော လဲ့လဲ့က သူမကို ပခုံးစွန်းလေးနှင့် အသာတိုက်ကာ သူတို့နှစ်ယောက်ဆီ မျက်စပစ်ပြလိုက်ရင်း

"သမီးယောက်ဖ နှစ်ယောက် ဘယ်တုန်းက ပြန်တွဲမိနေတာ လဲ"

လေသံလေးနှင့် ပြောလိုက်သော စကားက သိပ်မကျယ်လှ ပေမယ့် အနားသို့ ရောက်လာသော တန်ဖိုးကတော့ သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



ပြုးသွားမှာ ရပါသည်။ လဲ့လဲ့ရဲ့စကားကြောင့် မိုးပြာမျက်နှာက အနည်းငယ် ပြုံးစိစိ ဖြစ်သွားမိသော်လည်း တန်ဖိုးကတော့ မျက်နှာပျက်သွားလျှက်က မိုးပြာရဲ့ ဘေးကပ်လျက်တွင် ဝင်ထိုင်လိုက်ပါသည်။

"မိုးပြာ နင့်မျက်နှာက ဘယ်လိုဖြစ်နေတာလဲ၊ ပြီတီတီနဲ့ ငါကြည့်လို့ မရဘူး။ တည်တည်တံ့တံ့နေစမ်း"

ခပ်တည်တည်နှင့် ဘလိုင်းကြီး ပြောလိုက်သော တန်ဖိုးရဲ့စကားကြောင့် မိုးပြာ မျက်နှာမှာ အံ့သြခြင်းတွေ ယှက်ပြေးသွား၏။ သို့သော် စာသင်ချိန်မို့ ဘာမှပြန်ပြောမနေတော့ဘဲ ငြိမ်နေလိုက်ရပါသည်။

သို့သော် ကျူရှင်ဆင်းချိန်မှာတော့

"တန်ဖိုး နင်က ငါ့ကို ဘာကိစ္စနဲ့ ဘလိုင်းကြီး လှဲ့လှဲ့ရှေ့မှာ လာအော်တာလဲ၊ နင် မမိုက်ဘူးနော်"

သူမရဲ့ ဒေါသသံကို တန်ဖိုးက ဂရုစိုက်ပုံ မရပါ။ မျက်မှောင်ကြီးကျုံ့ ခါးကြီးထောက်ကာ လျှော့က်လက်စ လမ်းကိုလည်း ဆက်မလျှောက်တော့ဘဲ ရပ်ပစ်လိုက်ပြီး မိုးပြာဘက်သို့ လှည့်ကြည့်လိုက်ပါသည်။

"ဒီမှာ မိုးပြာ ငါ ပြောရတာ ငါ့အကြောင်းနဲ့ငါ ရှိပြီးသားပဲ နင့်ကိုငါက ဘာကိစ္စ ဘလိုင်းကြီး ဟောက်ရမှာလဲ"





"နင့်အကြောင်းက ဘာလဲဆိုတာ ငါ့ကို ပြောပြစမ်းပါဦးဟဲ့"

သူမကလည်း လက်နှစ်ဖက်ကို ခါးတွင်ထောက်လျက် ကုန်းအော်လိုက်ပါသည်။

"ဘာအကြောင်းလဲ ဟုတ်လား။ နင် တကယ်မသိတာလား၊ သိချင်ယောင် ဆောင်နေတာလား"

"ဘာကိုလဲ"

"အေး နင်က မသိချင်ယောင် ဆောင်မှတော့ ငါကလည်း သေချာပြောပြရတော့မှာပေါ့"

တန်ဖိုးရဲ့ပုံစံက မထီတရီနှင့် မျက်နှာကို မိုးပြာနား တိုးကပ်လာကာ

"နင် ငါ့ကို အရှက်ခွဲလိုက်တာလေ"

"ဘာလဲဟ ငါ နားမလည်ဘူး"

မိုးပြာက တကယ်ကိုပင် မသိသောကြောင့် မသိကြောင်း ပြောပြသောအခါမှာ တန်ဖိုးက ခေါင်းကိုမော့ကာ သရော်တော်တော် ရယ်မောပစ်လိုက်ပြီး

"ကျူရှင်မစခင်က ငါ့ကို ကောင်းမြတ် လာခေါ်သွားတာ နင်တွေ့တယ် မဟုတ်လား"

"အေး တွေ့တယ်လေ၊ ငါတောင် နင်းဆိနက်နဲ့ လော်သက်ပြီး

www.burmeseclassic.com



တော့ နင်တို့နှစ်ယောက် ပြဿနာဖြစ်မှာ စိုးရိမ်နေသေးတာ''

''အဲဒီကိစ္စက နှင်းဆီနက်နဲ့ ဘာမှမပတ်သက်ဘူး''

တန်ဖိုးရဲ့အသံက အနည်းငယ်ဝင် ဒေါသသံ စွက်လာပါသည်။

''အဲဒီကောင် ငါ့ကို မထီမဲ့မြင် လုပ်သွားတာ''

''ဘာတွေလဲဟာ နင်ကလည်း စကားကို ကောင်းကောင်း မပြောဘူး။ တည့်တည့်ပြောဟာ''

''အေး ပြောမယ် တည့်တည့်ပဲ ပြောတော့မယ်၊ အဲဒီကောင်က နင့်ကိုကြိုက်တယ်တဲ့၊ အဲဒါ ငါ့ကို လာဖွင့်ပြောတယ်''

''ဘုရားရေ''

မိုးပြာမှာ တကယ်ပင် ရင်ဘတ်လေးဖိလျက် ဘုရားတလိုက်မိပါသည်။ ဘယ်လိုတွေဖြစ်ကုန်တယ်ဆိုတာ နားမလည်နိုင်တော့ပါ။

''နင် ဘာတွေပြောနေတာလဲ တန်ဖိုး''

''အေး အဲဒီအတိုင်းပဲ ကောင်းမြတ်က ငါ့ကို ပြောသွားတာ''

''ဟာ အဓိပ္ပါယ် မရှိဘူး''

''အဲဒါတွေ ငါ မသိဘူး။ ငါသိတာက ဒီကောင် ငါ့ကိုစော်ကားလိုက်တယ် ဆိုတာပဲ၊ ငါတောင် နှင်းဆီနက်ကို ဘယ်လောက်ကြိုက်ကြိုက် သူ့ကိုခေါ်ပြီး မပြောဘူး၊ ခုတော့ ဒီကောင် လုပ်ပုံက နင့်ရဲ့ ဘယ်လိုအမူအရာကို ကြိုက်တာပါ၊ နင် ဘယ်လိုလေးနေ





သူ ရင်ခုန်ရပါတယ်ဆိုပြီးတော့ကို ငါ့ရှေ့မှာ ပြောသွားတာ၊ ငါ ဘယ်လောက် ဖီးလ်ကျပြီး ငုတ်သွားမယ်ဆိုတာ နင်ပဲ စဉ်းစားကြည့်စမ်းပါ၊ ပြီးတော့ သူရေးတဲ့ ဇာတ်ကြီးက သူ့ညီမကို ငါက ကြိုက်လို့ ငါ့ညီမကို သူ ပြန်ကြိုက်တယ်ဆိုပြီး ထင်ချင်စရာကြီး ဖြစ်မနေဘူးလား။ အစ်ကို တစ်ယောက်လုံးကိုတောင် ဒီလို လာပြောရဲတယ်ဆိုတော့ သူ့ပုံစံက ဒီကောင်ကတော့ ငါ့ညီမကို ကြွေနေတာပဲ၊ ငါ ပြောသမျှ လုပ်ပေးလိမ့်မယ်လို့များ တွက်ထားပြီး ငါ့ကို အောင်သွယ်ခိုင်းနေတာ''

တန်ဖိုးက စကားတွေ အများကြီး ပြောလိုက်ပြီး ဒေါသထွက်သွားဟန်နှင့် အနားမှ အုန်းပင် ပင်စည်ကို လက်သီးနှင့် တအား ဆောင့်ထိုးပစ်လိုက်၏။

''ဟဲ့ မလုပ်နဲ့လေ၊ ဒီလောက်တောင် ထိုးချင်နေလည်း ဟိုမှာ ထိုးခဲ့ပါတော့လား။ အုန်းပင်ကို ထိုးတော့ နင့်လက်ပဲ''

ပြောနေရင်းတန်းလန်းနှင့် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော တန်ဖိုးရဲ့လက်သီးကို ကြည့်လိုက်မိတော့ သွေးများ စီးကျလာတာ မြင်ရသည်။ စကားပင် ဆက်မပြောနိုင်တော့ဘဲ သူ့ရဲ့လက်ကို ဆွဲယူ ကြည့်လိုက်ပြီး ကျွတ်ခနဲ စုပ်သတ်လိုက်မိသည်။

''ကြည့် ခုတော့ လက်လည်း စုတ်သွားပြီ၊ သွေးတွေလည်း ထွက်လာပြီ၊ ဘယ်လိုလုပ်ကြမလဲ၊ အိမ်ရောက်ရင် အန်တီငယ်က မေး



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်၊ နင်ကတော့လေ ဘယ်တော့မှ ရှေ့နောက် မဆင်ခြင်ဘူး''

''နင် ငါ့ကို ဆရာကြီးလေသံနဲ့ လာပြောမနေနဲ့၊ ငါ အဲဒီလို အစော်ကားခံရတာ နင့်ကြောင့်ပဲ''

''နင် ငါ့ကို ပလိန်းကြီး မစွပ်စွဲနဲ့နော်၊ ငါနဲ့ ဘာဆိုင်လို့လဲ''

သူမကလည်း ဒေါသနှင့် ပြန်အော်လိုက်ပါသည်။ တော်သေးသည်က အချိန်သည် ညကိုးနာရီထိုးခါနီး ဖြစ်နေခြင်းနှင့် သူမတို့နှစ်ယောက် ရှိနေသည့် နေရာသည် အိမ်ရောက်ခါနီး လမ်းကြားလေးတစ်ခုနားတွင် ဖြစ်နေ၍သာပေါ့။ နို့မို့ လူများပင် အုံလာနိုင်ပါသည်။

''နင်နဲ့ဘာလို့ မဆိုင်ရမှာလဲ၊ ဒီလောက် တိုက်ရိုက်ကြီး သက်ဆိုင်နေတာကို၊ ဟွန်း မပြောလိုက်ချင်ဘူး။ ကောင်းမြတ်ရှေ့မှာ ဘယ်လောက်တောင် ပဲတွေစွတ်များပြီး လှုပ်လီလှုပ်လဲ့တွေ လုပ်ပြနေတယ်မှ မသိတာ''

''မှင်နော် မမိုက်ရိုင်းနဲ့၊ ငါ ဒေါသထွက်လာပြီ''

''ပြောရမှာပဲ ငါ့မျက်နှာရှေ့တည့်တည့်မှာ ထိုင်ပြီး ငါ့ညီမအကြောင်း ချီးမွမ်းခန်း ဖွင့်နေတာ ကာယကံရှင်ဖြစ်တဲ့ နင်က မရှက်တတ်ပေမယ့် ငါက ရှက်တယ်ဟဲ့ သိလား''

''နင်မိန်းမတွေလို အော်ပြောမနေနဲ့ဟဲ့၊ တကယ် သတ္တိရှိရင် နင့်ကို ကောင်းမြတ်က အဲဒါတွေ ပြောနေတုန်း ထထွက်လာခဲ့ပေါ့။





ကားတွေကိုတော့ ဆုံးအောင် နားထောင်လာပြီးတော့များ ငါ့ကို အပြစ်ဘာဖို့နေသေးတယ်''

''ဟဲ့ အဲဒီလို လုပ်လိုက်ရင် ဘလက်ခ်ရဲ့မျက်နှာက ရှိသေးတယ်လေ၊ ငါ လုပ်လို့ ဘယ်ကောင်းပါ့မလဲ''

ခုမှပင် အဖြေက ဘွင်းဘွင်းကြီး ပေါ်လာခြင်းဖြစ်၏။ တဘယ်တော့ သူ့လိုတာပြည့်ဖို့အတွက် သူ သည်းခံခဲ့သည်ပဲလေ၊ ဘာလို့များ ခုနေမှ မိုးပြာကို လာပေါက်ကွဲနေရသေးတာလဲ။

သူမ စိတ်တွေ လေးလံကုန်ကာ တန်ဖိုးကို ခပ်စိမ်းစိမ်း ကြည့်လိုက်၏။

''အဲဒီလိုဆိုရင်တော့ ငါနဲ့ ဘာမှမသက်ဆိုင်တော့ဘူး။ နင့်ဟာနင် ခံလာခဲ့တာ၊ ငါ့ကို လာမရမ်းပါနဲ့ ဟုတ်ပြီလား တန်ဖိုး''

တန်ဖိုးနားကနေ ချာခနဲ လှည့်ထွက်လာခဲ့မိသော မိုးပြာရဲ့ နှုတ်ခမ်းများက ဒေါသကြောင့် ပြင်းထန်နေသလို လက်သီးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားမိလေသည်။

■ ■ ■

အိမ်တံခါး လာဖွင့်ပေးသော မေမေ မမြင်နိုင်အောင် လက်ကိုနောက်ဘက်သို့ မသိမသာ သိမ်းဖွက်လိုက်ရင်း မေမေ့မျက်နှာ အခြေအနေကိုလည်း အကဲခတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ဘာလဲ သား"

မေမေ့အသံကလည်း ပုံမှန်သာ။ မျက်နှာထားကလည်း ဘာ

မဖြစ်သည့်ပုံမို့ သူ နည်းနည်းစိတ်အေးသွား၏။ သူ စိတ်ပူမိသည်

မိုးပြာက အရင်ပြန်သွားသည်မို့ သူ့အကြောင်းတွေ လျှောက်ပြောထ

မည်ကို ဖြစ်သည်။

သို့သော် လွယ်အိတ်ကို ဆိုဖာပေါ်ပစ်ချလျက် ခြေပစ်လက်

ထိုင်ကာ လေပူကြီးတစ်ချက် မှုတ်ထုတ်လိုက်သော တန်ဖိုးကို မေမေ

လှမ်းကြည့်လိုက်ပြီး

"မိုးပြာရော သူ အရင်ဝင်သွားပြီလား၊ ထမင်းမစားတေ

ဘူးလား"

"ဟင်"

မေမေ့စကားကြောင့် သူ အံ့ဩသွားပြီး နောက်မှီကို မှီထိ

နေရာကနေ ဆတ်ခနဲ မတ်လိုက်မိသည်။ ကျူရှင်က ပြန်လာလျှ

မိုးပြာက သူမတို့အိမ်ဘက်သို့ တန်းမဝင်သေးဘဲ တန်ဖိုးတို့ဘက်

ညစာ စားနေကျဖြစ်သည်လေ။

"မိုးပြာ ဘယ်မှာလဲ မေမေ၊ သူ ပြန်မရောက်သေးဘူးလာ

"ဟောတော့ သားကပဲ ပြန်မေးနေသေးတယ်၊ ကိုယ့်ညီ





ယောက်လုံး ကိုယ်နဲ့အတူတူ ပြန်နေကျကို ပါမလာတာ သတိ

သားမိဘူးလား"

"မဟုတ်ဘူး မေမေ၊ သူ သူ သားကို စိတ်ကောက်ပြီး ရှေ့ကနေ

ရင်ပြန်သွားတာ"

"ဒါဆို စိတ်ကောက်ပြီးတော့များ ဟိုဘက်တန်းဝင်အိပ်နေ

သား မသိဘူး"

ဒေါ်သဇင်ငယ်ရဲ့ ထင်မြင်ချက်အတိုင်းပင် တန်ဖိုးက တစ်ဖက်

သို့ ပြေးကူးကြည့်မိတော့ ညှော်ခန်းထဲတွင် ထိုင်နေသော လေးလေး

ာ မြင်လိုက်ရသည်။

"တန်ဖိုး ပြန်ရောက်နေပြီကိုး၊ ဟိုကောင်မလေးရော ထမင်း

သို့ မပြီးနိုင်သေးဘူးလား"

ဦးမိုးရင့်ရဲ့ စကားက တန်ဖိုးရဲ့ စိုးရိမ်စိတ်တွေကို ပိုမိုမြင့်

တ်သွားစေ၏။

မိုးပြာ မိုးပြာ သူ့ကို စိတ်ဆိုးပြီး ထွက်သွားတာ လမ်းမှာ

ခုများ ဖြစ်နေပြီလား မသိ။ သူ ပျာယာခတ်နေမိပါပြီ။

■ ■ ■

"ဘယ် ဘယ်လိုဖြစ်လာတာလဲ မိုးပြာ"

အိမ်ရှေ့ရှိ အုတ်ခုံလေးတွင် ဝင်ထိုင်လိုက်ပြီး ကောင်းကင်ကြ



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် တုန်ယင်စွာ မေးလိုက်သည်။ မိုးပြာရဲ့မျက်နှာအနေအထား ကို မြင်ကတည်းက အခြေအနေ မကောင်းမှန်းတော့ သူလည်း ကြို တင် ခန့်မှန်းတတ်ပါလိမ့်မည်။

"ထိုင်လေဟာ"

သူ့ဘေးရှိ နေရာလွတ်ကို မျက်လုံးနှင့်လှမ်းပြရင်း မိုးပြာကို ဖိတ်ခေါ်နေပြန်၏။ သို့သော် မိုးပြာကတော့ ခါးထောက်လျက်သားပင် သူ့ကို စူးစူးရဲရဲ စိုက်ကြည့်နေမိပါသည်။

"တန့်ဖိုးကို နင် ဘာတွေလျှောက်ပြောလိုက်လဲ ကောင်းမြတ်"

ကောင်းမြတ်ရဲ့ မျက်နှာက အနည်းငယ် ပျက်ယွင်းသွားလျက် ခေါင်းကို ငုံ့ချလိုက်သည်။

"ငါမေးနေတာကို ဖြေပါဦး"

"ငါ ခုမှ ကျူရှင်က ပြန်ရောက်တာဆိုတော့ မိုက်ဆာနေတယ် ဟ၊ နင်လည်း တစ်ခါတည်း ထမင်းဝင်စားသွားပါလား"

"ကောင်းမြတ် နင် ငါ့ကို ဘာမှစကားတွေ လျှောက်လွှဲမနေ နဲ့၊ တန်ဖိုးကို ပြောလိုက်တဲ့စကားတွေ အားလုံး ငါ ပြန်သိချင်တယ် နင် တကယ်တမ်း သတ္တိရှိရင် အခု ပြောလိုက်စမ်းပါ"

ကောင်းမြတ်က ဘာမှပြန်မဖြေသေးဘဲ ဒေါသတွေနှင့် နီး နေသော မိုးပြာရဲ့မျက်နှာလေးကိုသာ ငေးမောကြည့်နေပါသည်။





"တကယ်တော့ နင့်ကိုမျက်နှာချင်းဆိုင် ဖွင့်ပြောဖို့ ငါ့မှာ သတ္တိ မရှိလို့ တန်ဖိုးရဲ့အကူအညီကို လိုချင်မိတာပါ"

"အဲဒီမှာ လဲသေလိုက်စမ်းပါဟာ၊ ရည်းစားစကားကို တိုက် ရိုက်မပြောဘဲ အဲဒီကောင်မလေးရဲ့ အစ်ကိုကို သွားပြောတဲ့ ယောကျ်ား တစ်ယောက်ကို ငါ အထင်ကြီးလို့ ရမှာမဟုတ်ဘူး၊ ပိုဆိုးတာက ငါ့ စိတ်ထဲမှာလည်း နင့်ကို ဘယ်တုန်းကမှ ငါ့ကို ကြိုက်နေလိမ့်မယ်လို့ မမျှော်လင့်ခဲ့တာပဲ"

သူမရဲ့အသံက ခပ်ကျယ်ကျယ်လေး ထွက်သွားသည်မို့ ကောင်း မြတ်တို့ရဲ့ မြေညီထပ်အခန်းထဲကနေ နှင်းဆီနက်က ထွက်လာကာ

"ဘာတွေဖြစ်နေတာလဲ ကိုကို၊ ဩော် အစ်မ ရောက်နေတာ ကိုး၊ ကိုကိုနဲ့ ဘာကိစ္စရှိကြလို့လဲ"

အဲဒီလို ပြောလိုက်သော နှင်းဆီနက်ရဲ့ ပုံစံကို မိုးပြာ မျက်လုံး များထဲတွင် ဘယ်လိုမှ ခံစားမပေးနိုင်ပါ။ သူ့ အစ်ကိုနဲ့ မိုးပြာကပဲ တစ်ခုခုလိုလို ဘာလိုလို၊ ဒါမှမဟုတ်လည်း မိုးပြာရဲ့ စိတ်ထဲတွင် နှင်းဆီ နက် ဆိုသော ကောင်မလေးကို ဘယ်လိုဖြစ်ဖြစ် အမြင်မကြည်နေတာ လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်လေ။

"အေး မင်းအစ်ကိုက ငါနဲ့ပတ်သက်ပြီးတော့ မလုပ်သင့်တဲ့ အရာတစ်ခုကို လုပ်ခဲ့တယ်၊ အဲဒီအတွက် ငါ သူနဲ့ စာရင်းရှင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီနက်က အစ်ကိုဖြစ်သူကို မျက်လုံးလေးစွေကာ ကြည့်လိုက်ပါသည်။

"ကိုကို ဘာတွေလုပ်ထားတာလဲ"

နှင်းဆီနက်က သူ့အစ်ကို ကောင်းမြတ်ကို ကြည့်ကာ ရှုတည်တည်နှင့် မေးလိုက်ခြင်းဖြစ်သည်။ ကောင်းမြတ်မှာလည်း သူညီမ မျက်နှာကို ကြည့်ပြီး အနည်းငယ် သွေးပျက်နေပုံရ၏။

"ကိုကို ကိုကိုက"

"ပြောလိုက်လေ နင် ဘာလုပ်ခဲ့တယ်ဆိုတာကို ပြောလိုက်စမ်းပါ၊ ကိုယ့်ညီမကိုကျတော့ ပြန်မပြောရဲဘူး။ သူများတကာရဲ့ အစ်ကိုကိုတော့ သွားပြောတယ် ဟုတ်လား"

"ဟင် ကိုကိုက တန်ဖိုးကို ဘာတွေ သွားပြောလို့လဲ"

မိုးပြာရဲ့စကားကို နှင်းဆီနက်က နားလည်စွာပင် မေးလိုက်ခြင်းဖြစ်သည်။

"မင်းအစ်ကိုက ငါ့အစ်ကိုကို ဘာတွေ သွားပြောခဲ့တယ်ဆိုတာ သူပဲ အသိဆုံးဖြစ်မှာပါ၊ သူ့ကို မေးကြည့်လိုက်ပါ"

မိုးပြာက မခံမရပ်နိုင်စွာပင် ပြောမိတော့ နှင်းဆီနက်ကလည်း ဘာမှန်းမသိရသေးပေမယ့် စိတ်တိုသွားဟန် ရှိပါသည်။

"တန်ဖိုးကို ပြောတာမို့လို့ မကျေနပ်တာဆိုရင် တန်ဖိုးကိုယ်တိုင်





သာရှင်းခိုင်းလိုက်ပါ"

"အေး မင်းအစ်ကို ပြောလိုက်တာကတော့ တန်ဖိုးကိုပဲ၊ ဒါပေမဲ့ သူ ဘာအကြောင်း ပြောလိုက်တယ်ဆိုတာကို မင်း သေချာ မေးကြည့်လိုက်ပါဦး၊ မင်းတို့ မောင်နှမက တကယ့်ကို တစ်ယူသန်ဆန်တာပဲ၊ ကိုယ်ဖြစ်ချင်တာကိုပဲ တဇွတ်ထိုးလုပ်ကြတော့တာကိုး"

စိတ်တိုတိုနှင့် ပြောနေမိသော မိုးပြာရဲ့ ပခုံးတစ်ဖက်အား နောက်ကနေ အတင်းဆောင့်တွန်းလိုက်သောကြောင့် မိုးပြာမှာ သူမနှင့် မျက်နှာချင်းဆိုင် ရပ်နေသော နှင်းဆီနက် မျက်နှာနားထိ ရောက်သွားရသည်။

"ဟယ် တန်ဖိုး"

သူမကို တွန်းလိုက်သည့်သူအား လှည့်မကြည့်နိုင်သေးခင်မှာပင် နှင်းဆီနက်က သူမရဲ့နောက်ဘက်ကို ကြည့်ကာ အံ့သြတကြီး ရေရွတ်လိုက်သည့်အသံကြောင့် မိုးပြာ ကိုယ်တိုင်ပင် ထိတ်လန့်သွားရသည်။

ယိုင်နဲ့သွားသော ကိုယ်အား ပြန်မတ်ကာ ချက်ချင်းပင် နောက်သို့ လှည့်ကြည့်လိုက်မိသည်။

"တန်ဖိုး နင် နင်"

"နင် ဘာတွေလျှောက်လုပ်နေတာလဲ မိုးပြာ"

"ငါ ဘာလုပ်တယ်ဆိုတာ နင် နားမလည်ဘူးလား တန်ဖိုး၊



www.burmeseclassic.com

www.burmeseclassic.com



နင် သိပ်ကို ဒေါသဖြစ်လာတဲ့ကိစ္စကို ငါ ဖြေရှင်းပေးနေတာလေ''

''ကဲ နင်အခု ဘာတွေဖြေရှင်းနိုင်ခဲ့တယ်ဆိုတာ ငါ့ကို ပြောပါဦး''

တန်ဖိုးက ထိုသို့ မေးလိုက်တော့ မိုးပြာမှာ ခေါင်းငိုက်စိုက်ကျသွားရပါသည်။ တကယ်ဆို ဒီကိစ္စနဲ့ပတ်သက်ပြီး သူမ ဘာမှ မဖြေရှင်းနိုင်ခဲ့ပါ။

''ခုတော့ နင့်လုပ်ပုံက အားလုံး မျက်နှာပျက်စရာတွေ ဖြစ်ကုန်ပြီ''

''အားလုံးလို့ မပြောပါနဲ့ တန်ဖိုးရဲ့၊ နင့်နှင်းဆီနက် တစ်ယောက်တည်းရဲ့ ရှေ့မှာ နင် မျက်နှာပျက်ရတဲ့အတွက် ငါ့ကို စိတ်တိုနေတာ မဟုတ်လား''

''လာ အိမ်ပြန်မယ်၊ အိမ်မှာလည်း နင်နဲ့ငါအတူတူ ပြန်မလာတာကို လူကြီးတွေ သိသွားလောက်ပြီ''

သူက မိုးပြာရဲ့ လက်တစ်ဖက်ကို ဆွဲလျက်က ပြောလိုက်ခြင်းဖြစ်သည်။

''ဘာလက်ခ် ကိုယ် ပြန်တော့မယ်နော်၊ မိုးပြာ လုပ်ခဲ့တဲ့ကိစ္စတွေအတွက်လည်း တောင်းပန်ပါတယ်''

တန်ဖိုးက နှင်းဆီနက်ကို တောင်းပန်လိုက်သော်လည်း ကောင်း





မြတ်ကိုတော့ မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်လိုက်သည်ကို မိုးပြာက မြင်ဖြစ်အောင် မြင်လိုက်သေးသည်။

သို့သော် နှင်းဆီနက်တို့ရှေ့မှာတော့ သူမက ဘာတစ်ခွန်းမှ ပြန်မပြောတော့ပါ။ တန်ဖိုးက မိုးပြာကို ဒေါသတကြီးနှင့် ဆောင့်ဆွဲခေါ်လာခြင်းမှ သူမက ရုန်းထွက်လိုက်ပြီး

''နင်က နှင်းဆီနက်ရှေ့မှာ မျက်နှာပျက်မှာကို သိပ်ကြောက်နေလို့ ငါက ဘာမှထပ်မပြောတော့တာ၊ ခု ငါ့လက်ကိုလွှတ်၊ နင် ငါ့ကို ဒီလိုမျိုး နိုင်ထက်စီးနင်း လုပ်လို့ရမယ်များ ထင်နေလား''

''ဟုတ်တယ် နှင်းဆီနက်ရှေ့မှာ မျက်နှာပျက်မှာကို ငါ ကြောက်တယ်လေ၊ သူ့ရှေ့မှာ မျက်နှာပျက်ရရင် ငါ လိုချင်နေတဲ့သူ့အချစ်ကို ရဖို့အတွက် အဟန့်အတားတွေ ဖြစ်ကုန်မှာပေါ့၊ ဘယ်သူ့ကြောင့်နဲ့မှ ငါ့ရဲ့အခွင့်အရေးတွေကို လက်လွှတ်ဆုံးရှုံး မခံနိုင်ဘူး''

''သိပါတယ် သိပါတယ် မိန်းမတစ်ယောက်အတွက်နဲ့ ကိုယ့်မောင်နှမ အချင်းချင်းကိုတောင် အဲဒီမိန်းမရှေ့မှာ အော်လားဟစ်လား လုပ်နိုင်တယ်ဆိုတော့ နင့်သတ္တိကို သိပ်ချီးကျူးပါတယ်''

''နင် ငါ့ကို မရွဲ့နဲ့နော် မိုးပြာ''

''ငါ မရွဲ့ပါဘူး နင်တကယ်ပဲ အဲဒီအတိုင်း လုပ်ခဲ့တာလေ၊ ပြန်စဉ်းစားကြည့်ပါဦး''



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးက နည်းနည်းတော့ မျက်နှာပျက်သွားပါသည်။ ထို့ကြောင့်ပင် မိုးပြာကလည်း နှုတ်ခမ်းကို မဲ့ရွဲ့ကာ ပြုံးဖြစ်သွား၏။

"ဆောရီးဟာ ငါ နင့်ကို အော်လိုက်မိတယ်"

တန်ဖိုးက ထိုသို့ တောင်းပန်မှပင် မိုးပြာမှာ မျက်ရည်များ ဝဲတက်လာတော့၏။ သူ့ကို မစောင့်တော့ဘဲ ရှေ့ကနေ ခပ်သုတ်သုတ် လျှောက်လာခဲ့၏။

မိုးပြာကပင် အိမ်သို့ အရင်ပြန်ရောက်သွားသည်မို့ ညေ့ခန်းထဲတွင် အသင့်ထိုင်နေသော အန်တီငယ့်ကိုလည်း တွေ့လိုက်ရသောကြောင့် မိုးပြာရဲ့ မျက်ရည်များက ပါးတစ်လျှောက် လိမ့်ဆင်းလာကာ အန်တီငယ့် ရင်ခွင်ထဲ ပြေးဝင်လိုက်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်မိတော့သည်။

"ဟယ် သမီး ဘာဖြစ်လာတာလဲ၊ ရင်တောင် တုန်တယ် သမီးရယ်၊ ပြောစမ်း သမီး ဘာတွေဖြစ်လာတာလဲ"

"မိုးပြာကို တန်ဖိုးက လူတွေရှေ့မှာ အော်ဆူတယ် အန်တီငယ်"

"ဟယ် ဒီကောင် တကယ်ပဲ ဒီလိုလုပ်တာလား။ သူက သမီးကို ဘာလို့ အဲဒီလို လုပ်ရတာတဲ့လဲ"

ထိုအချိန်မှာပင် တန်ဖိုးကလည်း အိမ်ထဲသို့ ဝင်လာပါသည်။ မိုးပြာက မျက်ရည်လေး တရွှဲရွှဲနှင့် တိုင်တန်းနေတာတွေ့တော့ သူ





တော်တော် မျက်လုံးပြူးသွားမိသည်။

"နင် နင် ဘာတွေလျှောက်ပြောနေတာလဲ မိုးပြာ"

"မင်း မိုးပြာကို ပြောစရာ မလိုဘူး တန်ဖိုး၊ မင်း ဒီနားကို လာခဲ့စမ်း"

သူ့အမေကိုတော့ မလွန်ဆန်ရဲသည်မို့ တန်ဖိုးမှာ ကုပ်ချောင်းချောင်းနှင့်ပင် ဒေါ်သဇင်ငယ်နားသို့ လျှောက်လာ၏။

"မိုးပြာလေးကို မင်း လူတွေရှေ့မှာ အော်ဟစ်တယ်ဆို ဟုတ်လား"

"အဲဒါက ဒီလိုပါ မေမေ"

"မင်း ရှင်းပြတာကို ငါ ဘာမှ နားမထောင်နိုင်ဘူး၊ ဟုတ်လား မဟုတ်ဘူးလားပဲ ပြော"

တန်ဖိုး ခေါင်းငိုက်စိုက်ကျသွားပါတော့သည်။

"ဒီလောက်တောင် တိတ်ဆိတ်နေရင် ငါ သဘောပေါက်ပြီ တန်ဖိုး၊ မင်း ဘာလို့ ကိုယ့်ညီမကို လူကြားထဲမှာ အဲဒီလို လုပ်တာလဲ၊ ပြောစမ်း၊ မေမေ မင်းကို အဲဒီလိုပဲ သင်ပေးထားလား၊ မင်းရဲ့အဆင့်အတန်းက ဒီလောက်ပဲ ရှိတာလား"

တန်ဖိုးမှာ ဘာမှပြန်မပြောနိုင်လောက်အောင်ကို နှုတ်ဆိတ်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးပြာက အမှားလုပ်မိတယ်ဆိုရင်တောင် အိမ်ရောက်တဲ့ထိတော့ မင်း သည်းခံနိုင်ရမှာပေါ့၊ အိမ်မှာ လူကြီးတွေ ရှိတယ်၊ မင်းလုပ်ရပ်က ဝိုလူကြီးတွေကိုပါ မျက်စိထဲ ထည့်မထားတဲ့ သဘောလား၊ ဟိုတစ်ခါကလည်း ရပ်ကွက်ရုံးထိ ရောက်ခဲ့ရပြီးပြီ"

အန်တီငယ်က တကယ်ပင် ဒေါသတကြီးနှင့် အော်ဟစ် ဆူပူနေပါသည်။ အန်တီငယ်ကိုကြည့်ပြီး မိုးပြာပင်လျှင် လန့်လာမိ၏။

"သား သူ့ကို အော်ချင်လို့ အော်တာ မဟုတ်ပါဘူး မေမေ၊ သူက အရင်သွားရှုပ်ထားလို့ သားက သွားခေါ်ရတာပါ"

"အေးလေ သားကို မေမေ ပြောနေတာလည်း အဲဒါပဲပေါ့၊ လူကြားထဲမှာ အော်ဟစ်စရာမှ မလိုတာ၊ ရှင်းစရာရှိလည်း အိမ်ရောက်မှ ပြောလို့ မဖြစ်ဘူးလား"

"မေမေတို့က သားကိုပဲ ပြောနေကြတယ်၊ မိုးပြာကိုတော့ အကောင်းထင်တယ်၊ မေမေ မတရားဘူး"

တန်ဖိုးကလည်း ဒေါသနှင့် ပြန်လည်အော်ဟစ်လျက် သူ့အခန်းထဲသို့ ဝင်သွားပါသည်။

"ဒီကောင်လေး ကြည့်စမ်း၊ အမေကို ပြန်အော်သွားသေးတယ်၊ တကယ့်ကို ကလေကချေလေးလို ဖြစ်နေပြီ၊ မရတော့ဘူး၊ သူ့လေးလေး လက်ထဲ အပ်မှကို ဖြစ်တော့မှာပါ"





အန်တီငယ်က ပြောပြောဆိုဆို တစ်ဖက်ခန်းသို့ သွားရန် ပြင်နေသောကြောင့် မိုးပြာကပင် လျင်မြန်စွာ ဖမ်းဆွဲထားလိုက်ပြီး

"ဖေဖေ့ကိုတော့ သွားမပြောပါနဲ့၊ အန်တီငယ်ရယ်၊ တန်ဖိုးကို ငြင်းပြင်းထန်ထန် အပြစ်ပေးနေပါဦးမယ် နော်၊ အန်တီငယ် ဆူထားတော့ သူ နောက်ကို လုပ်ရဲတော့မှာ မဟုတ်ပါဘူး"

သူမက ငိုငိုယိုယိုနှင့် အန်တီငယ့်လက်ကို ဆုပ်ကိုင်ကာ ပြောလိုက်တော့ အန်တီငယ်လည်း နည်းနည်းတော့ ငြိမ်သက်သွားပါသည်။ ထောကြာတော့မှ ကုလားထိုင်ပေါ်တွင် ပြန်ထိုင်လိုက်ပြီး

"ဒီကလေးကို မပျက်စီးစေချင်လို့ အန်တီက ဆူရတာ၊ ဒါကိုတောင် သူက အမေကို ပြန်အော်သွားသေးတယ်"

"စိတ်မပျက်ပါနဲ့ အန်တီငယ်ရယ်၊ တန်ဖိုးကလည်း ဆိုးသွမ်းနေတာတော့ မဟုတ်ပါဘူး၊ သူက ဒေါသကြီးတတ်တော့ တစ်ခါတလေ ဖြစ်ချင် မဖြစ်သင့်ဘဲနဲ့ ဖြစ်ကုန်တာလေးတွေပါ၊ သူ့ကို အန်တီငယ် ဆူပြီးပြီဆိုတော့ မိုးပြာလည်း စိတ်မဆိုးတော့ပါဘူး"

မိုးပြာက မျက်ရည်များကို သုတ်ကာ ပြောလိုက်တော့မှ အန်တီဖင်ငယ်လည်း သက်ပြင်းကို ချလိုက်လေသည်။ ဒီကလေးနှစ်ယောက်ကို ငယ်ငယ်တည်းက ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရခြင်းမို့ သူတို့ရဲ့စိတ်တွေကိုလည်း နားလည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးက တစ်ကိုယ်ကောင်းစိတ်လေး ရှိသော်လည်း တကယ်
တမ်း အခက်အခဲနှင့် ကြုံလာတော့လည်း မိုးပြာအပေါ်မှာ ပူပန်စိုးရိမ်
တတ်၏။ မိုးပြာကတော့ မိန်းကလေးမို့ တစ်ခါတစ်ခါဆို ကလေးစိတ်လေး
မကုန်သလို ရှိချင်သည်။ ဒါပေမဲ့လည်း တန်ဖိုးအပေါ်မှာတော့ အမြဲတမ်း
အနစ်နာခံတတ်သူလေး ဖြစ်၏။

ရိုးသားဖြူစင်နေကြသည့် ကလေးနှစ်ယောက်ကို ဒေါ်သင်း
ငယ်ကတော့ ခုလိုမျိုး ကတောက်ကဆ မဖြစ်စေချင်ပါ။ တစ်သက်လုံး
သူတို့နှစ်ယောက်တည်း ကျန်ခဲ့ကြရမည်မို့ တန်ဖိုးနှင့်မိုးပြာကို ဒေါ်သင်း
ငယ်က သင့်မြတ်စေချင်လေသည်။

## အခန်း (၄)

"တန်ဖိုး မထသေးဘူးလား။ ကျောင်းရှင်သွားရအောင်လေ"

မိုးပြာက တန်ဖိုးရဲ့အခန်းတံခါးကို တဒုန်းဒုန်း ထုရိုက်လျက်
ခေါ်လိုက်ပါသည်။ သို့သော် ထုံးစံအတိုင်းလိုလိုပင် တံခါးက တော်တော်နှင့်
ပွင့်မလာပါ။ မိုးပြာက အားထည့်၍ ခပ်ပြင်းပြင်းလေး ထပ်ခေါက်လိုက်
သည်။

"တန်ဖိုး နင် တကယ် မထဘူးလား။ ငါ နိုးတာကို မထရင်
ရေခဲတိုင်ယှဉ့်ကို လာနှိုးခိုင်းလိုက်မယ်နော်"

သူမက ခြိမ်းခြောက်စကား ဆိုလိုက်တော့လည်း သိပ်မကြာခင်
အချိန်အတွင်းမှာ တံခါးလေးက ပွင့်လာပြီး တန်ဖိုးမျက်နှာက ပေါ်လာ၏။
သူမ ထင်ထားသလိုမျိုး အိပ်ချင်မူးတူးပုံစံနှင့်တော့ မဟုတ်ပါ။


www.burmeseclassic.com

www.burmeseclassic.com



ကျူရှင်သွားဖို့အတွက် အားလုံး အသင့်ဖြစ်နေသော ပုံစံမျိုးနှင့်ဖြစ်သည်။ လက်မှာလည်း ပတ်တီးတစ်ခုက စည်းထားသေးသည်။ ညက အုန်းပင်ကို ဆောင့်ထိုးလိုက်သောကြောင့် သူ့လက် တော်တော်ထိသွားတာတော့ သူမ သိထားပါသည်။

သူ့ကို လာနှိုးသော မိုးပြာပင်လျှင် အဝတ်အစား မလဲရသေးပါ။

"အိပ်နေတာလည်း မဟုတ်ဘဲနဲ့၊ ငါ တံခါးခေါက်နေတာ ကြာလှပြီ၊ ဘာလို့ လာမဖွင့်လဲ"

မိုးပြာက နှုတ်ခမ်းလေးဆူကာ ပြောလိုက်ပါသည်။ သူကတော့ နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်ပြီး

"နင် ငါ့ကို လာနှိုးစရာလည်း မလိုဘူး။ နင်နဲ့လည်း အတူတူ မသွားဘူး၊ ငါ့လမ်းငါ သွားမယ်"

"ကျူရှင်သွားရမယ့်လမ်းက တစ်လမ်းတည်းလေဟာ"

"နင် ဘာမှလျှောက်ပြောမနေနဲ့၊ ငါ ပြောချင်တာက နင့်ဟာနင် သွား၊ ငါလည်း ငါ့ဟာငါသွားမယ်လို့ ပြောတာ၊ ပြီးတော့ ကျူရှင်ရောက်ရင်လည်း ငါ့ကိုစကား လာမပြောနဲ့၊ ကိုယ့်အထာနဲ့ကိုယ်နေရှင်းတယ်နော်"

စကားဆုံးသည်နှင့် တံခါးကို ဒုန်းခနဲ ပြန်ပိတ်ပစ်လိုက်သောကြောင့် တန်ဖိုးက သူမရဲ့ မျက်စိရှေ့ကနေ ပျောက်ကွယ်သွားပြန်သည်။





မိုးပြာကို သူ စိတ်ဆိုးနေတုန်းပဲလား။

တကယ်ဆို မိုးပြာကတောင် သူစိမ်းတွေရှေ့မှာ သူ အော်တာကို ခံခဲ့ရတာပါ။ သူကမှ အန်တီငယ် ဆူတာလေးကို ခံရတာ။ ဒါကိုပင် သူက တစ်ပြန် စိတ်ကောက်နေရသေးသည်။ တန်ဖိုးသည် ယောကျ်ားတန်မဲ့ တော်တော်လေးကို နားလည်ရခက်အောင် လုပ်လွန်းပါသည်။

သူ့အခန်းရှေ့က ထွက်ခဲ့လိုက်ပြီး ကိုယ့်ဘာသာ အဝတ်အစားလဲကာ ကျူရှင်သွားရန် ထွက်ခဲ့လိုက်၏။

ဟော ကြည့်ပါလား တူတူ မသွားဘူးသာ ပြောတယ်၊ သူက မိုးပြာရဲ့ ရှေ့ ဆယ်လှမ်းအကွာလောက်မှာပဲ လျှောက်သွားနေတာလေ။ ဒီသော် အရင်လိုတော့ တစ်ယောက်နှင့်တစ်ယောက် စကား မပြောဖြစ်ကြတော့ပါ။

မိုးပြာက တန်ဖိုးကို နောက်ကနေကြည့်ရင်း ကောင်းကောင်းသေး ကျိန်ဆဲနေမိ၏။

ထိုအချိန်မှာပဲ ဟိုးရှေ့ခပ်လှမ်းလှမ်းရှိ သစ်ပင်တစ်ပင်ကို မှီကာ ယိမ်းလျှောလျှောလေး ရပ်နေသော ကောင်းမြတ်ကို မိုးပြာက လှမ်းမြင်လိုက်ခြင်း ဖြစ်၏။ တန်ဖိုးသည်လည်း မြင်ပုံရပါသည်။ သူ လျှောက်နေသော ခြေလှမ်းများ ခေတ္တရပ်သွားပြီး သူမကို အနည်းငယ် ငဲ့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပုံမှန်အတိုင်းပင် ဆက်လျှောက်သွားပါသည်။ မိုးပြာမှာသာ ကောင်းမြတ်နှင့်နီးလာလေ စိတ်တွေက မရိုးမရွ ဖြစ်လာလေ ဖြစ်၏။ ကောင်းမြတ်အနီးသို့ မိုးပြာ ရောက်သွားသည်နှင့် ထင်သည့်အတိုင်းပင် မိုးပြာနားသို့ ကောင်းမြတ်က ကပ်လာပါသည်။

''မိုးပြာ''

''ဘာလဲ''

''နင် ငါ့ကို အရမ်းစိတ်ဆိုးနေလား''

''အေး ဆိုးတယ်''

မိုးပြာက ခြေလှမ်းကို ပုံမှန်အတိုင်း လှမ်းကာ ကောင်းမြတ်ကိုလည်း မကြည့်ဘဲ တစ်ခွန်းမေး တစ်ခွန်းဖြေ လုပ်နေခြင်း ဖြစ်၏။

''နင်ကလည်းဟာ ငါ့ကို ပြောစရာစကား မရှိတော့ဘူးလား''

''ငါက ဘာပြောစရာ ရှိရမှာလဲ''

''ညတုန်းကတော့ နင်ပဲ ငါ့အိမ်ရှေ့ထိ ရောက်လာတယ်လေ''

မိုးပြာ ခြေလှမ်းများ ရပ်သွားပါသည်။ နောက်တော့ ကောင်းမြတ်ကို ဝါးစားတော့မတတ် မျက်လုံးများနှင့် စိုက်ကြည့်လိုက်ပြီး

''ဒီမှာ သူများတွေ အထင်လွဲအောင်လို့ ဟိုလို ဒီလိုမျိုး မပြောပါနဲ့''

''ငါ ပြောချင်တာက နင် ဒေါသတွေထွက်ပြီး ငါ့အိမ်ရှေ့





ရောက်လာတယ်ဆိုတာလေ''

''တော်ပြီ အဲဒီကိစ္စကို ငါ ဆက်ပြောချင်စိတ် မရှိတော့ဘူး''

''ဒါပေမဲ့ ငါကတော့ ပြောရမယ် မိုးပြာ''

သူမက ခြေလှမ်းတွေ အရှိန်မြှင့်လိုက်ပါသည်။ ကောင်းမြတ်ကလည်း ထပ်ချပ်မကွာပင် လိုက်ပါလာ၏။

''ဟုတ်ပါတယ် နင့်ကိုငါ ချစ်တယ် မိုးပြာ''

''တော်စမ်းပါဟယ်''

''နင့်ဆီက အဖြေကိုလည်း လိုချင်တယ်၊ နင် စဉ်းစားပေးနိုင်လား''

''စဉ်းစားစရာ မလိုဘူး။ အဖြေက မချစ်ဘူး တဲ့''

''နင် အဲဒီလိုကြီးတော့ ယတိပြတ် မပြောပါနဲ့၊ စဉ်းစားပါဦး''

သူမက ဒုတိယအကြိမ်မြောက်အဖြစ် ခြေလှမ်းများကိုရပ်ပြီး ကောင်းမြတ်ကို စိုက်ကြည့်လိုက်ပါသည်။ လက်နှစ်ဖက်ကိုလည်း ခါးတွင် ဆောက်ထား၏။

''စဉ်းစားရအောင် နင့်ကို ခုမှ သိခဲ့တာလည်း မဟုတ်ဘူး။ နေကြတာလည်း သုံးနှစ်လောက်ရှိပြီ၊ တကယ်တမ်း စဉ်းစားကြည့်မယ်ဆိုရင်တောင် ငါ့အဖြေက ပိုဆိုးတာတွေပဲ ထွက်လာဖို့ ရှိတယ်''

''နင်ကလည်းဟာ''



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်ပုံက ဘာဆက်ပြောလို့ ပြောရမှန်းမသိ ဖြစ်သွားပုံရပါ။ အကြောင်ကြောင်နှင့်ပင် ရပ်ပြီး ကျန်ခဲ့၏။ မိုးပြာကတော့ နှုတ်ခမ်းလေးတစ်ချက် မဲ့ပြလိုက်ပြီး ခပ်မြောက်မြောက်လေးပင် ထွက်လာခဲ့လိုက်သည်။

အတန်းရှေ့ရောက်တော့ တန်ဖိုးကို ရှာကြည့်မိသေးသော်လည်း မတွေ့ရသဖြင့် လဲ့လဲ့ကို မေးကြည့်မိမှ

"တန်ဖိုးကို နှင်းဆီနက် လာခေါ်သွားတာပဲ၊ ပုံစံကြည့်ရတာလည်း သူတို့ တော်တော် အိုကေနေတယ်နဲ့ တူတယ်"

"ဟုတ်လား ငါ မသိပါဘူးဟယ်"

ထုံးစံအတိုင်းပင် မိုးပြာက ဘူးဆောင်ကာ ငြင်းလိုက်ပါသည်။

"အတန်းချိန်ကပဲ စတော့မယ်၊ အဲဒီကောင် ဘယ်ထိလိုက်သွားနေတာလဲ မသိဘူး"

တန်ဖိုးက ကိုယ့်အတန်းနဲ့ကိုယ် နေကြမယ်ပြောသော်လည်း မိုးပြာကတော့ မနေနိုင်ပါ။ ဒီမောင်နှမလေး နှစ်ယောက်တည်းရှိတာ ကိုယ့်ဘာသာ နေကြရမယ်ဆိုရင် တော်တော်လေး ပျင်းစရာကောင်းတော့ အတိအကျပါပဲ။

အချိန်တော်တော်ကြာသည်ထိ သူမက တန်ဖိုးကို လည်တဆော ဆန့်နှင့် စောင့်မျှော်နေခဲ့သော်လည်း တန်ဖိုးကတော့ အတန်းချိန် ကုန်ခါ





နီး ကျူရှင်ဆင်းသွားသည်ထိ ပေါ်မလာခဲ့ပါ။ မိုးပြာ နည်းနည်းတော့ စိတ်ပူနေမိသည်။

ညကကိစ္စနှင့် ပတ်သက်ပြီး နှင်းဆီနက်က မကျေနပ်လို့ ပြဿနာတစ်ခုခု လုပ်ရန် ခေါ်သွားသည်လား။ သူတို့ ဘယ်ကိုသွားကြတာလဲ။ တော်ကြာ တစ်ခုခု ဖြစ်နေလျှင် ခက်ရချည်သေးရဲ့။ အဲဒီလို တွေးမိပြီး မိုးပြာက စိုးရိမ်ပူပန်နေသော်လည်း တန်ဖိုးကတော့ ပေါ်မလာသေးပါ။

နှင်းဆီနက်တို့ အတန်းဘက်က ဖြတ်လျှောက်ကာ နှင်းဆီနက်ကို ရှာကြည့်ခဲ့မိသေးသော်လည်း အတန်းဆင်းသွားပြီမို့ မည်သူမှပင် မရှိကြတော့ပါ။

"ငါ လိုက်ရှာမယ်ဟာ၊ နင်လည်း လိုက်ခဲ့ပေးလေ လဲ့လဲ့"

"တန်ဖိုးကိုလား"

"အေးပေါ့"

"သူတို့ ဘယ်သွားတယ်ဆိုတာ နင်က သိလို့လား"

"သိတော့ မသိဘူးပေါ့၊ ဒီလိုပဲ လိုက်ရှာရမှာလေ"

"သွားရင်လည်း သွားပေါ့ဟာ"

သို့နှင့်ပင် မိုးပြာနှင့်လဲ့လဲ့တို့ ခြေလှမ်းကို ခပ်သွက်သွက်လေးထားရင်း သူမတို့ ကျူရှင်နားက ဒေါ်ကြီးရွှေ အအေးဆိုင်သို့ လျှောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ဆိုင်ထဲတွင် လူများသော်လည်း တန်ဖိုးနှင့်တူတာဆိုလို့ ဆင်ဆင် လေးတောင် မတွေ့မိပါ။

"ဒေါ်ကြီးရွှေ ဒီနေ့ဆိုင်ကို တန်ဖိုး လာသေးလား"

ဒီအအေးဆိုင်က တန်ဖိုးနှင့်မိုးပြာတို့ ထိုင်နေကျမို့ ဒေါ်ကြီးရွှေက သူမတို့မောင်နှမကို ကောင်းကောင်း သိပါသည်။

"လာတယ် မိုးပြာ၊ ကောင်မလေးတစ်ယောက်တောင် ပါလာ… သေးတယ်၊ ပြန်သွားတာတောင် နည်းနည်းကြာပြီ"

"ဟုတ်လား သူတို့ ဘယ်ကိုသွားတာလဲဟင် ဒေါ်ကြီးရွှေ"

"ဟိုဘက်တော့ ထွက်သွားတာပဲ၊ ဘယ်သွားတယ်ဆိုတာတော့ ဒေါ်ကြီးလည်း ဘယ်သိပါ့မလဲကွယ်"

"ဟုတ်ကဲ့ ကျေးဇူးပဲနော် ဒေါ်ကြီးရွှေ"

သူမက ဒေါ်ကြီးရွှေ လက်ညှိုးညွှန်ပြလိုက်သည့်ဘက်သို့ လိုက် ခဲ့လိုက်၏။ ထိုဘက်မှာက မယ်မယ်ရရ သွားစရာနေစရာဆိုလို့ ရှော့ပင်း မောလ်ကြီး တစ်ခုသာ ရှိသည်။

"ငါတို့ အဲဒီရှော့ပင်းမောလ်ထဲမှာပဲ လိုက်ရှာကြတာပေါ့ဟာ"

"ရပါတယ်၊ သွားလေ"

လွဲလွဲကလည်း မိုးပြာနားကနေ ထပ်ချပ်မကွာ ပါလာပါသည်။ ဒါပေမဲ့ သုံးထပ်ရှော့ပင်းမောလ်ကြီးကို ခြေရာချင်းထပ်လောက်အောင်





…နှစ်ယောက်ခွဲရှာပါသော်လည်း တန်ဖိုးတို့ကို မတွေ့ရပါ။

"ဟူး ငါမရတော့ဘူး မိုးပြာ၊ မခံစားနိုင်တော့ဘူး"

လွဲလွဲက ခြေထောက်ကို အညောင်းဆန့်လိုက်ရင်း ဖွင့်ပြောမှပင် မိုးပြာမှာ လွဲလွဲအား အားနာသွားမိတော့သည်။

"အေးဟာ နင်လည်း တော်တော်ပင်ပန်းသွားပုံပဲ၊ အအေး သောက်ရအောင်လေ"

ထိုရှော့ပင်းမောလ်ထဲရှိ အအေးဆိုင်လေးထဲမှာပဲ သူမတို့ ဝင် ထိုင်လိုက်ကြပါသည်။

"ဒါနဲ့ နင့်ကို မေးပါရစေဦး"

မိုးပြာက လိမ္မော်ရည်ကို တစ်ကျိုက် စုပ်သောက်လိုက်ပြီးမှ 'မေးလေ'ဟု ပြောလိုက်ပါသည်။

"ဒီနေ့မှ ထူးထူးဆန်းဆန်းနဲ့ နင်က တန်ဖိုးကို အသည်းအသန် လိုက်ရှာနေတာ ထူးဆန်းလွန်းလို့ပါ"

"ညက ဘာတွေဖြစ်သွားတယ်ဆိုတာကို နင် မသိပါဘူးဟာ"

"ဟဲ့ ဘာတွေများ ဖြစ်ကုန်လို့လဲ"

လွဲလွဲက အတင်းအဓမ္မ မေးနေသောကြောင့်ပင် မိုးပြာမှာ …ဖြစ်ကြောင်းရယ်မှ ကုန်စင် ပြောပြရလေတော့၏။

မိုးပြာ စကားများ ဆုံးသည်ထိ သေသေချာချာ န…ထောင်နေ



www.burmeseclassic.com

www.burmeseclassic.com



သော လဲ့လဲ့မှာ

"နင့်ဖာတ်လမ်း ပြီးပြီလား"

"အေး ပြီးပြီ၊ အဲဒါကြောင့်လည်း ငါက တန်ဖိုးကို နှင်းဆီနက်က ခေါ်ပြီး ချဲလင်းလုပ်တယ် ထင်တယ်လေ၊ ဘယ်လောက်ပဲ သဘောထားသေးသိမ်တဲ့ အစ်ကိုဖြစ်ပါစေ ငါ့အစ်ကိုက ငါ့အစ်ကိုပဲဆိုတော့ မနေနိုင်ဘဲ ရှာရတော့တာပေါ့"

"နင် ပြောတော့လည်း ဟုတ်နေတာပဲ၊ ဒါပေမဲ့ ငါ သိပ်အံ့သြတာ တစ်ခုက နင့်ကို ကောင်းမြတ်က ကြိုက်နေတယ်ဆိုတဲ့ကိစ္စပဲ"

မိုးပြာက စိတ်ပျက်လက်ပျက်ဟန်နှင့် ကျစ်ဆံမြီး စုပ်သပ်လိုက်ပြီးမှ

"ဒါတောင် မနက်က ကျူရှင်လာတော့ ရည်းစားစကား ထပ်ပြောလိုက်သေးတယ်၊ ဒီကောင်က တကယ့်ကို ဂျေဂျောင်ပဲ"

"နင်ကရော ဘယ်လိုသဘောရလဲ မိုးပြာ"

"နင် ဘာကိုပြောတာလဲ လဲ့ရဲ့"

"ငါ ပြောချင်တာက သူ့ညီမကို တန်ဖိုးက ကြိုက်နေတာဆိုတော့ သူကလည်း ကလဲ့စားချေတဲ့အနေနဲ့ နင့်ကို ကြိုက်လိုက်တာများလားလို့ပါ"

လဲ့လဲ့ အပြောကြောင့် သူမရဲ့ မျက်နှာလေး ရှုံ့မဲ့သွားပြီး





"တော်စမ်းပါဟာ၊ အဲဒီအတိုင်းသာဆိုရင်တော့ ကောင်းမြတ်ဆိုတဲ့ကောင်က တော်တော် ကလေးကလားဆန်တယ်လို့တောင် ပြောလို့ရတယ်"

"နင်လည်း နောက်ဆုံးနှစ်ပဲ ရောက်နေပြီ၊ ပညာစုံရင် ကြင်ယာဖို့အတွက် ရှာတော့လေ"

"တော်ပါဟယ် ငါ့စိတ်ထဲမှာ ဘယ်တစ်ယောက်မှ အချိုးမပြေဘူး ယောကျ်ားတွေကို ကြည့်လိုက်ရင် တန်ဖိုးလို ကောင်တွေချည်းပဲ၊ ငါကလည်း တန်ဖိုးကိုဆို အစ်ကိုမို့လိုသာ နည်းနည်းပါးပါး သည်းခံနေတာ၊ နို့မို့ဆိုရင်တော့ မလွယ်ဘူး"

သူမ ပြောနေသည်များကို နားထောင်ပြီး လဲ့လဲ့ကတော့ ပြုံးစိစိလုပ်နေသေး၍ သူမမှာ မျက်စောင်းလေး ထိုးခဲ့ရသေးသည်။

■ ■ ■

မောမောပန်းပန်းနှင့် အိမ်ပြန်ရောက်လာသော မိုးပြာမှာ အန်တီငယ့်စကားကြောင့် ဘာပြန်ပြောလို့ ပြောရမှန်းမသိအောင်ပင် ဖြစ်သွားရသည်။

"အန်တီငယ် သမီး နည်းနည်းနောက်ကျသွားတယ်"

ဖိနပ်ချွတ်နေရင်းနှင့် သူမက ပြောလိုက်ပါသည်။

"သမီး သူငယ်ချင်းတစ်ယောက်နဲ့ မုန့်သွားစားတာ နောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်လို့ ပြောထားတော့ အန်တီငယ်က ထမင်းတောင် ကြိုချူးမထား ဘူး။ သမီးဆာပြီဆိုရင် ချူးစားလိုက်တော့နော်''

''ရှင် ဘယ်သူက ပြောတာလဲ''

မိုးပြာက တအံ့တဩနှင့် မေးလိုက်သည်။

''ဘယ်သူ ပြောရမှာလဲ သမီးရဲ့၊ တန်ဖိုး ပြောတာပေါ့''

''ရှင် တန်ဖိုးပြောတာ ဟုတ်လား''

သူမမှာ ထပ်ခါထပ်ခါပင် အံ့ဩစရာတွေချည်း ကြားနေရသလို ခံစားရသည်။

''မိုးပြာ ဘာဖြစ်နေတာလဲ၊ သမီးပုံကြည့်ရတာ အူကြောင် ကြောင်နဲ့''

''ဒါဆို တန်ဖိုးက ဘယ်မှာလဲ အန်တီငယ်''

''သူ့အခန်းထဲမှာ ရှိတယ်လေ သမီးရယ်''

''ဒါဆို သူက ပြန်ရောက်နေတာပေါ့''

''အင်းလေ ပြန်လာနေကျ အချိန်တည်းက သူက ပြန်ရောက် နေတာ''

ဪ သူက အချိန်ကိုတောင် ကွက်တိလုပ်ထားလိုက်သေး သည်။ မိုးပြာနဲ့တူတူ ပြန်မလာတာကို အကြောင်းပြချက်လေးပေးပြီး အန်တီငယ်ကို လိမ်ထားလိုက်သေး၏။





ကိုယ့်မှာတော့ သူနဲ့တူတူ အိမ်ပြန်မလာလျှင် အန်တီငယ်က သူ့ကို အပြစ်ပြောနေမည်စိုးသောကြောင့် လမ်းတစ်လျှောက်လုံးမှာတောင် ဘယ်လိုလိမ်လည် ပြောပေးရမလဲလို့ တွေးနေပေးခဲ့တာ ခုတော့ သူနိုးက ခင် လူပြန်ဟာစ်လိုက်သေးသည်။

သူက ကျူရှင်ပြေးပြီးတော့များ မိုးပြာကပဲ ကျူရှင်အဆင်း လျှောက်သွားနေသယောင် ပြောထားလိုက်သေးသည်။ တော်တော်ကို ဘရားလွှန်တဲ့ကောင်ပဲ။

''မိုးပြာ သူ့ဆီ သွားလိုက်ဦးမယ်နော် အန်တီငယ်၊ ထမင်း နောက်မှပဲ စားတော့မယ်၊ မုန့်စားလာတော့ ဗိုက်လည်း သိပ်မဆာသေး ဘူးလေ''

ဒီတစ်ခါတော့ မိုးပြာက တန်ဖိုးရဲ့ အခန်းတံခါးကိုပင် ခေါက် နေတော့ပါ။ တံခါးကို ဒုန်းခနဲ ဆောင့်ပြီး ဝင်သွားလိုက်တော့ အိပ်ရာ ဘက်တွင် သီချင်းနားထောင်ရင်း ငြိမ့်နေသော တန်ဖိုးကို တန်းတွေ့လိုက် ရတာပါပဲ။

သူ့ကို မြင်လိုက်ရချိန်မှာ မိုးပြာရင်ထဲက ဒေါသတွေက ပိုလို့ တောင် လှိုင်းထလာသလိုပါပဲ။ သူ့နားထဲထည့်ထားသော နားကြပ်ကို ဆွဲဖြုတ်ပစ်လိုက်သည်။ သူက အခန်းထဲကို သူမ ဝင်လာသည်ကို မသိဘဲ ခုမှပင် အထိတ်တလန့်နှင့် မျက်လုံးကြီးပြူးကာ



www.burmeseclassic.com

www.burmeseclassic.com



ထအော်ပါတော့သည်။

"နင် ဘာလုပ်တာလဲ မိုးပြာ"

"ဘာလုပ်ရမှာလဲ၊ နင့်ကို ဆွဲထိုးပစ်ချင်စိတ် ပေါက်နေလို့ လုပ်ပစ်လိုက်တာလေ"

တန်ဖိုးက မိုးပြာ စကားကြောင့် ဒေါသထွက်သည့်ပုံ ပေါက်သွားသော်လည်း မျက်နှာကို ချက်ချင်းပင် ပြင်လိုက်ပြီး

"နင့်ဘာသာနေ ငါလည်း ငါ့ဘာသာနေမယ်လို့ နင့်ကို ပြောထားတယ် မဟုတ်လား။ နင် နားမလည်ဘူးလား မိုးပြာ"

"အေး ငါက ငါ့ဘာသာ နေတယ်၊ နင်သာ နင့်ဘာသာ မနေနိုင်တာ၊ အန်တီငယ်ကို ဘာတွေသွားပြောထားတာလဲ၊ ငါကပဲ ကျူရှင် ဆင်းတာကို အိမ်တန်းမပြန်ဘဲနဲ့ လျှောက်သွားနေတဲ့ပုံမျိုး ပြောထားတာ ဘာသဘောလဲ"

"အကြောင်းရှိလို့ပေါ့၊ နေပါဦး နင့်ကို မေမေက ဆူနေလို့လား နင့်ဘက်က ဘာများ နစ်နာသွားလို့လဲ"

"အန်တီငယ်က မဆူပါဘူး၊ ဒါပေမဲ့ နင့်အပြောနဲ့အလုပ်က မညီလို့ ပြောနေတာ၊ ပြောတော့ဖြင့် ကိုယ့်အထာနဲ့ကိုယ်နေတွေ ဘာတွေ လျှောက်ပြောနေပြီး နင်ပဲ လာပတ်သက်တာ မဟုတ်လား၊ ငါက အဲဒါကို စိတ်တိုတာ"





"အေးပါ နောက်ဆို နင့်နာမည်ကို ယူမသုံးတော့ပါဘူး၊ ဒီ လောက်လည်း ဖြစ်မနေနဲ့ ရပြီလား"

"ပြီးတာပဲ"

မိုးပြာက လှည့်ထွက်ရန် ပြင်ပြီးမှ နှင်းဆီနက်နှင့် သူတို့ ထွက်သွားသည့်ကိစ္စကို စပ်စုချင်စိတ်လေး ပေါက်လာသောကြောင့်

"ဒါနဲ့ နင့်ကို နှင်းဆီနက်က ဘာလို့ လာခေါ်တာလဲ"

တန်ဖိုးက နှုတ်ခမ်းကို မဲ့ပစ်လိုက်ပြီးမှ

"နင်နဲ့ ဘာဆိုင်လို့လဲ၊ အဲဒါ ငါတို့နှစ်ယောက်ရဲ့ကိစ္စ၊ နင်နဲ့ ဘာမှ မပတ်သက်ဘူး"

တန်ဖိုးက သူမကို တုံ့ပြန် ပြောလိုက်ခြင်းဖြစ်ပေမယ့် မိုးပြာမှာ အတော်လေးကို တင်းသွားရသည်။ မိုးပြာမှာတော့ သူ့ကြောင့် ဘယ်လောက်တောင် ပင်ပန်းခဲ့ရလဲ။

"နင့်ကိုငါက မေးချင်လွန်းလို့ မေးနေတာ မဟုတ်ဘူး၊ နင်က အဲဒီလိုတွေ လုပ်နေတော့ နင့်အပေါ်မှာ နှင်းဆီနက်က နိုင်စားမှာစိုးလို့ ပြောနေတာ"

"နင် စိတ်ပူစရာ မလိုပါဘူး၊ နင်ကနင် ငါကငါပဲ၊ ငါချစ်ရင် တော့ နိုင်စားနေတာသိလည်း ခံချင် ခံမှာပဲ၊ နင် ဘာမှ ဝင်ပြောစရာ မလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



တန့်ဖိုးရဲ့ စကားတွေက တဖြည်းဖြည်းနှင့် မိုးပြာရဲ့ဒေါသတွေကို လာလာခွဲနေသလို ဖြစ်သည်။ သူမကတော့ သူ့ကို ကောင်းစေချင်လို့ ပြောနေခြင်းကို သူက လက်မခံနိုင်ဘဲ ဆတ်ဆတ်ထိမခံ ဖြစ်နေသေး၏။

"အေးပါ ပြောမိတဲ့ ငါပဲ မှားပါတယ်၊ ငါက လူဆိုတော့ ငါ့အစ်ကိုကိုလည်း လူပဲ ဖြစ်စေချင်ပြီး ပြောမိတာပါ၊ နွားဖြစ်ချင်စိတ်တွေ ဘာတွေပေါက်လာမှာစိုးလို့ ပြောတာ ရှင်းလား"

"နင် နင် ငါ့အခန်းထဲက ထွက်သွားတော့"

မိုးပြာရဲ့ ပခုံးတစ်ဖက်ကို ဆောင့်တွန်းလိုက်ပြီး ပြောလိုက်သော တန့်ဖိုးကြောင့် မိုးပြာကလည်း ချက်ချင်းလိုလိုပင် သူမ ပခုံးကို လာထိသော တန့်ဖိုးလက်အား ဆောင့်ဆွဲကာ လက်ပြန်ချိုးထားလိုက်ရင်း

"နင် ငါ့ကို နင်စရာ မလိုပါဘူး၊ ငါကလည်း သိပ်နေချင်လွန်းလို့ နေနေတာ မဟုတ်ဘူး"

"အား နာတယ် ငါ့လက်ကို လွှတ်စမ်း မိုးပြာ"

"နင် လုပ်တုန်းကတော့ လုပ်ပြီး ဘာစုမှ နာတာလဲ"

မိုးပြာကလည်း သူ နာမှန်းသိလေ ပိုမလွှတ်လေ ဖြစ်ကာ ဆုပ်ကိုင်ထားလိုက်၏။

"အား အ တကယ် အရမ်းနာလာပြီနော်၊ ငါ့လက်ရောင်နေတာ နင် မသိဘူးလား၊ အား နင့်ကိုပြောနေတယ်လေ၊ လွှတ်ဆို လွှတ်နော်





မိုးပြာ"

တန့်ဖိုးက အသံပြဲကြီးနှင့် အော်လိုက်မှပင် မနေ့ညနေက အုန်းပင်ရဲ့ပင်စည်ကို လက်သီးနှင့် ထိုးထားသောကြောင့် သူ့လက်ကြီး ရောင်ကိုင်းနေတာကို မိုးပြာမှာ ပြန်သတိရသွားပြီး လျင်မြန်စွာပင် လွှတ်ပေးလိုက်၏။

တန့်ဖိုးကတော့ နာကျင်သွားသော သူ့ညာလက်ကို ဘယ်လက်နှင့် ဆုပ်ကိုင်ကာ မိုးပြာကို မျက်စောင်းနီကြီးနှင့် ကြည့်လိုက်ပြီး

"နင် တော်တော် မိုက်ရိုင်းတယ် မိုးပြာ၊ နင် ငါ့ကို ဒီနေ့ကစပြီး သာမပတ်သက်နဲ့တော့"

မိုးပြာကလည်း ဘာမှပြန်မပြောတော့ဘဲ တန့်ဖိုးရဲ့ အခန်းထဲက နေ ထွက်လာခဲ့လိုက်တော့သည်။ စိတ်ထဲမှာကတော့ မခံမရပ်နိုင် ဖြစ်ရသော ဒေါသနှင့်အတူ သူမ နည်းနည်းများ လွန်သွားပြီလားဆိုသည့် နိုးနိမ့်စိတ်လေးကလည်း ခိုအောင်းနေလေသည်။

အို မိုးပြာ မလွန်ပါဘူး။ သူကသာ မိန်းမစိတ်ပွန်ပြီး ဘာတွေ ဖြစ်လို့ ဖြစ်နေမှန်း မသိတာ။ မိုးပြာက ကိုယ့်မောင်နှမချင်း ဒီလောက် လေးတောင် ပြောပိုင်ခွင့် မရှိဘူးတဲ့လား။

နေရာတကာမှာ မိုးပြာကိုသာ အပြစ်ရှာသည့် မျက်လုံးများနှင့် ထိုက်ကြည့်နေတတ်သော တန့်ဖိုးကို တစ်ခါတလေတော့ မုန်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်စိတ်တွေ ပေါက်လာမိပါသည်။

■ ■ ■

"သမီးတို့ စာမေးပွဲတွေဖြေဖို့ ငါးရက်ပဲ လိုတော့တယ် မဟုတ်လား"

မိုးပြာတစ်ယောက်တည်း စာတွေကျက်နေတုန်း ဖေဖေ အနားသို့ ရောက်လာကာ မေးလိုက်ခြင်း ဖြစ်၏။

"ဟုတ်တယ် ဖေဖေ၊ ဒါကြောင့် စာကို အသည်းအသန် လုပ် နေရတာပေါ့ ဖေဖေရဲ့"

"ကိုယ့်သမီးအကြောင်း ကိုယ် သိပါတယ်၊ ဒီလောက်တော် စာအုပ်ထဲ မျက်နှာဝင်တော့မတတ် ကျက်နေပြီဆိုကတည်းကလေ"

"ဖေဖေက မိုးပြာ အကြောင်းကို တော်တော် သိတာပဲ အဖေ"

သူမက ရယ်ကျဲကျဲ လုပ်ကာ ပြောလိုက်တော့ ဖေဖေ သူမ ခေါင်းလေးကို အသာပုတ်လိုက်ပြီး တစ်ခုခုကို သတိရသွားဟန်

"နေပါဦး သမီးက တန်ဖိုးနဲ့အတူတူ မကျက်ဘဲ ဘာ တစ်ယောက်တည်း ကျက်နေတာတုန်း"

ဖေဖေက ထိုသို့မေးတော့ မိုးပြာမှာ တော်တော်လေး ဖြေရ သွား၏။ အရင်နှစ်တွေတုန်းက ဒီလိုအချိန်မျိုးဆို မိုးပြာတို့နှစ်ယောက် စာကျက်သံ စာငြင်းသံ တစ်ယောက်တစ်ခွန်း စကားများသံများ





ဆူညံနေတတ်သည်လေ။

ခုတော့ မိုးပြာ တစ်ယောက်တည်း တိတ်ဆိတ်စွာ စာကျက်နေ ခြင်းကို ဖေဖေက သတိထားမိသွားပြီး မေးလာလေတော့ မိုးပြာမှာ ရုတ်တရက် ဘာပြန်ဖြေလို့ ဖြေရမှန်း မသိအောင်ပါပဲ။

"ပြောပါဦး သမီးရဲ့၊ ဘာလဲ သမီးတို့နှစ်ယောက် ရန်ဖြစ်ထား ကြပြန်ပြီလား"

ဖေဖေက သူမတို့အကြောင်းသိစွာပင် ခပ်ပြုံးပြုံးနှင့် မေးလိုက် ၏။ သူမကလည်း မလိမ်ချင်သည်မို့ အမှန်အတိုင်းပင် ဝန်ခံလိုက်ပါသည်။

"ဟုတ်တယ် ဖေဖေ၊ မိုးပြာတို့ ရန်ဖြစ်ထားတယ်"

"ဒီတစ်ခါရော ဘယ်သူမှားတာလဲ၊ ပြောစမ်းပါဦး သမီးမှ ဟုတ်ရဲ့လား"

ဖေဖေကတော့ မိုးပြာကို ပြုံးကြည့်ရင်းသာ မေးနေခြင်းဖြစ်၏။ ဖေဖေ့စိတ်ထဲမှာ ဒီတစ်ခါ ရန်ဖြစ် စိတ်ကောက်ကြခြင်းသည်လည်း အရင်အခါတွေတုန်းကလိုပင် မကြာခင် ပြီးသွားလိမ့်မယ်လို့ ထင်နေပုံ ရပါသည်။ ဒါပေမဲ့ ဒီတစ်ခါဖြစ်သော ကိစ္စသည် အရင်တုန်းကနှင့် တွေတာကို မိုးပြာသာ သိသည်။ တန်ဖိုးလည်း သိနေပါလိမ့်မည်။

ဒါပေမဲ့ ဖေဖေ့ကို ဘယ်လိုရှင်းပြရမည်ဆိုတာ မိုးပြာ မသိပါ။

"သမီး ဘာဖြစ်နေတာလဲ၊ ဖေဖေ ပြောနေတာတွေကိုရော



www.burmeseclassic.com

www.burmeseclassic.com



ကြားရဲ့လား''

ဖေဖေက သူမခေါင်းကို ပွတ်ကာ မေးလိုက်တော့မှ မိုးပြာမှာ သတိပြန်ဝင်လာပြီး

''မိုးပြာအပြစ် မဟုတ်ပါဘူး ဖေဖေ''

''ဒါဆို တန်မိုးမှားတာလို့ သမီးက ဆိုလိုချင်တာလား''

''အဲလိုလည်း မဟုတ်ပါဘူး''

မိုးပြာ စကားတွေကြောင့် ဖေဖေ့မှာ မျက်ခုံးကြီး မြင့်တက်သွားပြီး သူမကို နားလည်ရခက်သော အကြည့်မျိုးနှင့် ကြည့်လိုက်ပါသည်။

''ဒီတစ်ခါတော့ မိုးပြာတို့နှစ်ယောက် သဘောထားကွဲလွဲကြတာပါ ဖေဖေ၊ သူ ခံယူတာနဲ့ မိုးပြာ ခံယူတာနဲ့ မတူကြလို့ပါ''

ဖေဖေက ဘာမှဆက်မမေးတော့ဘဲ ခေါင်းတညိတ်ညိတ် လုပ်နေပြန်သည်။

''ဖေဖေ မိုးပြာ ထမင်းသွားစားတော့မယ်နော်''

ဖေဖေ့ရှေ့က လွတ်ချင်တာနဲ့ပင် မိုးပြာက ပြောမိပြော ပြောလိုက်ပြီး အန်တီငယ်တို့ဘက်ကို ကူးလာခဲ့ရသည်။

''ဟဲ့ သမီး မအိပ်သေးဘူးလား''

နာရီကို ကြည့်လိုက်တော့ ည ဆယ့်တစ်နာရီကျော်ခါစမို့ မိုးပြာကိုကြည့်ပြီး အန်တီငယ်က မေးလိုက်ခြင်း ဖြစ်၏။





''ဟိုလေ စာကျက်ရင်းနဲ့ ဗိုက်ဆာလာလို့ အန်တီငယ်''

မိုးပြာက ဗိုက်ကို လက်နှင့်ပွတ်ရင်း ခပ်ချွဲချွဲလေး ပြောလိုက်ပါသည်။

''ဒါဆို သမီးက ဘာစားချင်လို့လဲ၊ ထမင်းက မကျန်တော့ဘူး သမီးရဲ့''

မိုးပြာမှာ ဟိုဘက်ကို လွတ်ချင်တာနဲ့ပဲ ဒီဘက်မှာ ချောင်လာ တ်မိနေပြန်ပြီ ဖြစ်သည်။

''ပြောလေ မိုးပြာ၊ ဘာစားချင်လို့လဲ''

''ဒိန်ချဉ် သောက်ချင်တယ် အန်တီငယ်''

ဟောကြည့် အဲဒါက မရည်ရွယ်ထားပါဘဲ ထွက်သွားသော ားဖြစ်သည်။ အန်တီငယ်က သူမကို မျက်ခုံးကြီးတွန့်နေအောင် ဲလိုက်ပြီး ကြည့်လိုက်၏။

''ဒီဒိန်ချဉ်က သောက်ချင်ရပြန်ပြီလား၊ ဗိုက်ဆာတယ်ဆိုပြီး ချဉ်က ဗိုက်မှမပြည့်တာ''

''ဟိုလေ ဒီနှစ်ကျမှ မိုးပြာလည်း ဘာဖြစ်တယ် မသိပါဘူး၊ ကျက်ရင်းနဲ့ ဒိန်ချဉ်သောက်ချင်စိတ်က ပေါ်ပေါ်လာတယ်၊ အဲဒါ ကြောင့်ပါ''

''ဒီအချိန်ကြီး ဟိုဘက်လမ်းကို မိုးပြာတစ်ယောက်တည်း မသွား

www.burmeseclassic.com



ရပါဘူး။ တန်ဖိုးကလည်း တောင်တော်ကြီးစားတဲ့ကောင်ဆိုတော့ အိပ်နေလေရဲ့''

''အင်း ဟုတ်တယ်နော်''

''နေဦး တန်ဖိုးကို အန်တီ သွားနှိုးလိုက်ဦးမယ်၊ မိုးပြာ ပြောမှပဲ အန်တီငယ်တောင် ဒိန်ချဉ်သောက်ချင်သလို ဖြစ်လာတယ်၊ ဟုတ်တယ် သူနဲ့သွားလိုက် အန်တီ့ကိုတော့ ပါဆယ်ဆွဲခဲ့ပေါ့''

အဲဒါမှ တကယ့်ကို အဆိုးဆုံးပါပဲ။ အန်တီငယ်ကပါ ဒိန်ချဉ်မှာနေလေတော့ မိုးပြာမှာ မသောက်ချင်တော့ပါဘူးလို့ ငြင်းလို့လည်း မကောင်းတော့ဘူးလေ။

''တန်ဖိုး ထစမ်း၊ ဟဲ့ တန်ဖိုး တံခါးဖွင့်ဦး''

ထုံးစံအတိုင်းပါပဲ။ တန်ဖိုးတို့က အိပ်ပျော်နေပြီဆို တော်တော့်ကို နှိုးရခက်ပါသည်။ ငါးမိနစ်လောက် တဒုန်းဒုန်းနှင့် ထုရိုက်လိုက်ပြီးမှပဲ တံခါးက ပွင့်တော့၏။ အိပ်မှုန်စုံမွှားရုပ် ဆံပင်စုတ်ထောင်း ဖွပ်ကျယ် ချိုင်းပြတ် အိမ်နေရင်း ပုဆိုးတစ်ထည်ကို ဖိုသီဖတ်သီ ဝတ်ထားသော တန်ဖိုးပုံကိုကြည့်ခြင်းအားဖြင့် အိပ်ကောင်းနေရုံသာမက အိပ်မက်လှလှလေးများပင် မက်နေလေသလား မသိနိုင်ပါ။

''ဘာလဲ မေမေရာ၊ သား ဒီမှာ အိပ်ကောင်းနေတာဗျာ''

''ဟိုဘက်လမ်းကဆိုင်မှာ ဒိန်ချဉ်သွားဝယ်ပေးစမ်းပါ''





''ဟာဗျာ ဘယ်တုန်းကများ မေမေက ဒီအချိန် ဒိန်ချဉ်သောက် ချင်တတ်လို့လဲ''

တန်ဖိုးက ညှော်ခန်းထဲတွင် ရပ်နေသော မိုးပြာကို မမြင်သေးဘဲ ပြောနေခြင်းဖြစ်၏။ မျက်လုံးများကိုပင် သေချာဖွင့်နိုင်ပုံ မပေါ်သေးပါ။

''ဟိုမှာလေ မိုးပြာက သောက်ချင်တယ်ဆိုတာနဲ့ မေမေလည်း သောက်ချင်သွားပြီး သားကို ဝယ်ခိုင်းဖို့ နှိုးလိုက်တာ''

အန်တီငယ်က ထိုသို့ပြောမှ သူက မိုးပြာဘက်သို့ လှည့်ကြည့် ာ်ကာ မဖွင့်ချင်ဖွင့်ချင်ဖြစ်နေသော မျက်လုံးတွေကလည်း တစ်ခါတည်း ကျယ်သွားတော့သည်။

''နှင် နှင် လုပ်ပြန်ပြီလား''

သူက မိုးပြာကို လက်ညှိုးကြီးထိုးကာ ဒေါသတကြီး အော်ပစ် ာ်ပါသည်။ မိုးပြာကတော့ ဖက်လေးသာ ပုနေရတော့၏။

တန်ဖိုး စိတ်ထဲမှာတော့ တော်တော်လေးကို တင်းနေပြီ ဖြစ် ည်။ သို့သော် မေမေကပါ သောက်ချင်သည်ဆိုပြီး ပါဆယ်မှာနေလေ ာ့ သူငြင်းဖို့ မဖြစ်နိုင်တော့ပါ။ စိတ်ပျက်ပျက်နှင့်ပင် ဒီအတိုင်းပဲ ာ်လာခဲ့၏။

''ဟဲ့ နှင်က အဲဒီပုဆိုးစုတ်ကြီးနဲ့ လိုက်မလို့လား''

မိုးပြာက စိတ်ပျက်စွာနှင့် ပြောလိုက်ပေမယ့် သူကတော့ ခပ်



www.burmeseclassic.com

www.burmeseclassic.com



တည်တည်နှင့်သာ ရှေ့က ထွက်သွားပါသည်။

"နင့်ကို ပြောနေတယ်လေ၊ ဒီပုံကြီးနဲ့လားလို့"

လေ့ကားတစ်လျှောက် ပြေးလိုက်ရင်း သူ့ကိုနောက်ကနေ အော်ပြောနေသောကြောင့် သူက စိတ်တိုစွာနှင့်ပင် နောက်သို့ ဖျတ်ခနဲ လှည့်လိုက်ကာ

"ဒီပုံပဲပေါ့၊ ဘာဖြစ်လဲ နင်က စိတ်ပျက်လို့လား၊ အရင်ကလည်း ဒီလိုပုံနဲ့သွားတာပဲလေ၊ မေ့ကုန်ပြီလား"

"မဟုတ်ဘူးဟ အပ်ဟီး"

သူမက ပြောလို့ မထွက်သေးဘဲ သူ့ပုဆိုးကို လက်ညှိုးထိုးကာ ရယ်လိုက်သောကြောင့် သူ ပိုပြီး ဒေါသဖြစ်သွားပုံရသည်။

"နင် ငါ့ကို ပြုံတီတီ လာလုပ်မနေနဲ့နော် မိုးပြာ၊ ငါ တင်းနေတယ်"

"သွားပါဟယ် ပုဆိုးသွားလဲလိုက်စမ်းပါ"

"နင့်ဘာသာ နေချင်နေခဲ့တော့၊ ငါတော့ မေမေ့အတွက်ပဲ ဝယ်ပြီး ပြန်လာတော့မယ်"

သူက မိုးပြာကို ထားခဲ့ကာ ရှေ့သို့ ဆက်လျှောက်သွားတော့မှ သူမမှာ မအောင့်နိုင်တော့ဘဲ

"နင့်ပုဆိုး နောက်တည့်တည့်မှာ ပေါက်နေလို့ ပြောတာဟဲ့





နောရဲ့"

ထိုအခါမှ သူလည်း ပျာပျာသလဲဖြစ်သွားပြီး သူ့ပုဆိုးနောက်သို့ ကြည့်လိုက်သည်။ တင်ပါးတည့်တည့်တွင် ပေါက်နေသော အပေါက်ကို တွေ့မှ သူ့နောက်သူ လက်ပြန်ကာလိုက်ရင်း

"နင်နော် နင် တော်တော် ဒုက္ခပေးတယ်"

မဆီမဆိုင်စွာပဲ မိုးပြာကို ကြိမ်းလိုက်ပြီး တိုက်ပေါ်သို့ သုတ်သုတ် သုတ်သုတ်နှင့် ပြန်တက်သွားလေ၏။ ပြန်ဆင်းလာတော့ အိမ်နေရင်း ဝတ်သည့် ဘောင်းဘီတိုလေးနှင့်ဖြစ်သည်။

"ဟဲ့ သေချာရော ကြည့်ခဲ့ရဲ့လား"

"ဘာကိုလဲ"

"ဘောင်းဘီပေါက် မပေါက်ကိုလေ"

"မိုးပြာ နင် သေချင်လို့လား"

သူက မိုးပြာခေါင်းကို လက်သီးဆုပ်နှင့်ရွယ်ကာ ပြောလိုက်ပါသည်။ မိုးပြာကတော့ ရယ်ချင်စိတ်ကို မထိန်းနိုင်သေးဘဲ ခွက်ထိုးခွက်လန် ရယ်မောနေမိဆဲပင်ဖြစ်၏။

သူ့ကို လှောင်ရယ်နေသော မိုးပြာကြောင့် သူ စိတ်ဆိုးလာပုံရသည်။ ရှေ့ကနေ ခပ်သွက်သွက် လျှောက်သွားတော့၏။ မိုးပြာမှာတော့ သူ့နောက်ကနေ ခပ်မှန်မှန်သာ လိုက်လာခဲ့သည်။ ဒါကိုတောင် သူက



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ နောက်ကျောမလုံသလိုနှင့် လှည့်ကြည့် လှည့်ကြည့် လုပ်နေသေးသည်။

မိုးပြာက ဆိုင်မှာပင် သောက်သည်ကို သူက ဘာတစ်လုံးမှ မပြော။ ဘာစောဒကမှလည်း မတက်တော့ဘဲ အေးအေးလူလူ ထိုင်စောင့်ပေးလေသည်။ အဲဒီထိတော့ သူနဲ့မိုးပြာ ဘာမှမဖြစ်ကြသေးပါ။ အားလုံး တိတ်တိတ်ဆိတ်ဆိတ်ပင် ဖြစ်သည်။

သို့သော် မိုးပြာအတွက် ကျသင့်ငွေ ရှင်းသည့်အချိန်မှာ သူမှာထားသော ပါဆယ်ထုပ်ကိုပါ လာပေးချိန်တွင် ပြဿနာက စတော့၏။

“ဟိတ် ဒီကမှာတာ တစ်ထုပ်တည်းပါ”

ပါဆယ်ထုပ် နှစ်ထုပ်ကို လှမ်းပေးနေသော စားပွဲထိုးလေးမှာ မိုးပြာ စကားကြောင့် ကြောင်တောင်တောင် ဖြစ်သွား၏။ အထုပ်နှစ်ထုပ်ကိုလည်း ဆက်ပေးရမလို ပြန်ပဲယူရတော့မလို ဖြစ်သွားသည်။

အဲဒီအချိန်မှာပဲ တန်ဖိုးက စားပွဲထိုးလေး လက်ထဲမှ အထုပ်နှစ်ထုပ်လုံးကို လှမ်းယူလိုက်ပြီး ပိုက်ဆံရှင်းလိုက်၏။

“နင် နှစ်ထုပ်မှာထားတာလား တန်ဖိုး”

သူက ခေါင်းညိတ်ပြကာ ဆိုင်ထဲမှ ထွက်သွား၏။

“နင်သောက်ချင်တယ်ဆိုလည်း တစ်ခါတည်း သောက်လိုက်တာ မဟုတ်ဘူး”





သူမတို့ လမ်းထိပ်သို့ရောက်တော့ တန်ဖိုးက ခြေလှမ်းကိုရပ်ကာ သူမကို ကြည့်လိုက်၏။

“နင် စောင့်မလား ပြန်မလား”

ဘာမှန်းမသိပါဘဲ အစမရှိ အဆုံးမရှိသော မေးခွန်းတစ်ခုကို တန်ဖိုးက ခပ်တည်တည်နှင့် မေးလိုက်ပါသည်။

“ဘာကိုပြောတာလဲ”

“ငါ ဒီတစ်ထုပ်ကို ဘလက်ခ်ဆီ သွားပေးမလို့ စောင့်မလား ပြန်မလားလို့ မေးတာ”

“ဟင်”

ပါးစပ်က ဟင်ခနဲ အာမေဍိတ်သံ ထွက်သွားရလောက်အောင် တန်ဖိုးစကားက တော်တော်လေး ဆန်းနေပါသည်။

“နင် ဘာပြောလိုက်တယ် တန်ဖိုး”

“နင့်နားမကောင်းဘူးလား မိုးပြာ၊ ဒီဒိန်ချဉ်တစ်ထုပ်ကို ဘလက်ခ်ဆီ ငါ သွားပို့မလို့ နင်ဒီကနေ စောင့်မလား၊ ဒါမှမဟုတ် ပြန်မလားလို့ မေးတာ”

ဒီလို အခြေအနေဆိုရင်တော့ တန်ဖိုးအဖြစ်က တော်တော်ဆိုးနေပါပြီ။ မိုးပြာလည်း ဝင်မပါချင်တော့ပေမယ့် မနေနိုင်လွန်း၍ ပြောလိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"နင် ရူးနေလား တန်ဖိုး၊ ညကြီးအချိန်မတော် သူ့ဆီကို ဒိန်ချဉ် သွားပို့ရလောက်အောင် နင့်အခြေအနေက အောက်ဆုံးကို ရောက်နေပြီလား"

"အောက်ဆုံးကိုရောက်တာ မဟုတ်ဘူး၊ ထိပ်ဆုံးရောက်နေတာ ရှင်းပြီလား"

"နင် ဘာကိုဆိုလိုတာလဲ"

တန်ဖိုးက အနည်းငယ် တိတ်ဆိတ်သွားပြီးမှ နောက်ဆုံး မထူး တော့သည့်ပုံနှင့်

"ငါ ကျူရှင်မတက်တဲ့နေ့က သူနဲ့ငါ ချစ်သူတွေ ဖြစ်သွားတယ်"

"ဩော်"

စိတ်ထဲမှာ နည်းနည်း အံ့သြသွားပေမယ့် မိုးပြာကတော့ ခပ် တည်တည်သာ တုံ့ပြန်လိုက်ပါသည်။ တကယ်တမ်း စဉ်းစားကြည့်ရင် လည်း တန်ဖိုးကို နှင်းဆီနက်က အဖြေပြန်ပေးခြင်းသည် မျှော်လင့် မထားသည့်ကိစ္စမှ မဟုတ်ခဲ့ဘဲ။

အစတည်းကလည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အဲဒီလို ဖြစ် မည်ဆိုတာ ကြိုသိနှင့်နေကြသည်ပဲလေ။ ဒါပေမဲ့ မိုးပြာ ထင်ခဲ့သည်က နှင်းဆီနက်ကပဲ တန်ဖိုးကို တစ်ဖက်သတ် နှိပ်ကွပ်နေတယ်လို့ အတွေး





ရောက်ခဲ့တာ၊ ခုတော့ အဲဒါဟာ မဟုတ်ဘူးဆိုတာကို သူမ သိလိုက်ပါပြီ။

နှင်းဆီနက်က ဘာမှစေခိုင်းစရာ မလိုပါဘဲ ညကြီးမိုးချုပ်ကို အိမ်တိုင်ရာရောက် ဒိန်ချဉ်ပို့ပေးချင်စိတ်တွေ တန်ဖိုးမှာ ရှိနေသည်ပဲ။ နှင်းဆီနက်ကို တန်ဖိုးက ချစ်မှန်းသိနေပေမယ့် ဒီလောက်ကြီးထိ ရူးသွပ် ထိမ့်မယ်လို့တော့ မိုးပြာ မထင်ခဲ့မိတာ အမှန်ပါ။

"နင်ဟာလေ ကိုယ့်ညီမလေးက ဒိန်ချဉ်သောက်ချင်ပါတယ်လို့ ပြောတာကျတော့ အမေကို လန့်လို့သာ လိုက်လာခဲ့ရတဲ့ ရုပ်မျိုးနဲ့၊ မှန် တာတော အချိုးက ချိုးသေးတယ်၊ ခုတော့ သူစိမ်းမိန်းမတစ်ယောက်ကို သူက သောက်ချင်မှန်းမသိ မသောက်ချင်မှန်းမသိ ညမိုးချုပ်ကြီးကို အကူးတက အိမ်တိုင်ရာရောက် ဒိန်ချဉ်လိုက်ပို့ရတယ်လို့ဟယ်"

"ဘလက်ခ်က ငါ့အတွက် သူစိမ်းမဟုတ်ဘူး၊ သူနဲ့ငါ သူစိမ်း မဟုတ်တော့ဘူး"

"အေး ငါဆိုရင် ပိုပြီးတော့တောင် သူစိမ်း မဟုတ်သေးတယ်၊ နင့်ရဲ့ညီမ တစ်အိမ်ထဲနေတဲ့ ညီမလေးလေ၊ ဒီအကြောင်းတွေသာ အန်တီ သိရင် ရင်ကျိုးပြီး သေမှာပါပဲ တန်ဖိုးရယ်"

မိုးပြာက ရင်ဘတ်ကို လက်နှစ်ဖက်နှင့်ဖိပြီး ဟန်ပါပါနှင့် ပြော လိုက်ပါသည်။ တန်ဖိုးကတော့ လန့်ဖျပ်သွားပုံရ၏။ မျက်လုံးပြူး မျက်ဆံ ပြူးနှင့် မိုးပြာကို လက်ညှိုးငေါက်ငေါက်ထိုးပြီး

www.burmeseclassic.com



"နင်နော် မေမေ့ကို ပြန်တိုင်ပြောကြည့်၊ ဒီတစ်သက် မ
ဘူး။ နင့်ကို စကားပြောဖို့ မပြောနဲ့ လှည့်တောင် မကြည့်ဘူး၊ တကယ့်
သူစိမ်းတစ်ယောက်လို နေပစ်လိုက်မယ် ကြားလား"

"နင် ခြိမ်းခြောက်တာကို ငါက ကြောက်မယ်များ ထင်နေလာ
တန်ဖိုး၊ နင်နဲ့ငါ ငယ်ငယ်တည်းက တူတူနေပြီး တူတူကြီးလာတာ
လေးရက်ပဲ ကွာတယ်၊ နင် ခြောက်တိုင်း ကြောက်မယ်များတော့ မထ
လိုက်နဲ့"

မိုးပြာကလည်း သူ့ကို လက်ညှိုးငေါက်ငေါက် ပြန်ထိုးပြီး ပြေ
ပစ်လိုက်ကာ ကိုယ့်တာသာ တစ်ယောက်တည်း လမ်းထဲ ဝင်ခဲ့လိုက်တော့
သည်။ သူ့ဆီက တက်ခေါက်သံတစ်ချက်ကို ကြားလိုက်ရသေးသည်
ဒါပေမဲ့ သူမ နောက်ကနေ သူ့ခြေသံတော့ ကပ်ပါမလာခဲ့ပါ။

လှေကားကို တိတ်တိတ်ဆိတ်ဆိတ်နှင့် တက်ပြီး ကိုယ့်အခန်း
ဘက်ကိုယ် ပြန်ဝင်နေလိုက်၏။

ဒါဆိုရင် တန်ဖိုးနှင့်တူတူ ပြန်မလာတာကိုလည်း အန်တီငယ်
မသိလောက်တော့ပါ။ ကျန်သည့်အပိုင်းကတော့ သူ့ဘာသာ ကြည့်ရှ
ပါစေတော့။

■ ■ ■

"ဒီကို နှစ်ယောက်လုံး လာခဲ့စမ်း"





ထမင်းစားပွဲတွင် တစ်ယောက်နှင့်တစ်ယောက် မဲ့ကာရွဲ့ကာနှင့် အသံတိတ် ရန်ဖြစ်နေခြင်းကို အန်တီငယ်က သတိထားမိသွားပုံ ရပါသည်။ ထမင်းစားသောက်ပြီးစီးသည်နှင့် ဧည့်ခန်းထဲတွင် သစ်သီးများ ထိုင်စားရင်း လှမ်းခေါ်လိုက်ခြင်းပါပဲ။

ထိုအသံကြောင့်ပဲ ရေသောက်နေသော မိုးပြာမှာ သီးမတတ် ဖြစ်သွားရသေးသည်။ ဖေဖေ ပြီးတော့ အန်တီငယ်ကပါ စစ်ဆေးမေးမြန်း တော့မည်နှင့် တူသည်။

ဧည့်ခန်းထဲသို့ သူမ ရောက်သွားတော့ တန်ဖိုးက ရောက်နှင့်နေပြီ ဖြစ်၏။

"နှစ်ယောက်လုံး ငါ့ရှေ့မှာ ကောင်းကောင်း ရပ်ကြစမ်း"

သူမတို့နှစ်ယောက်မှာ အန်တီငယ်ရှေ့၌ မတ်မတ်ရပ်လျက် ခေါင်းကို ငုံ့ထားမိကြသည်။ ထိုကြားထဲကနေ တစ်ယောက်ကို တစ် ယောက်လည်း လှမ်းကြည့်မိကြသေး၏။

"နင်တို့နှစ်ယောက် ဘာဖြစ်နေတာလဲ၊ ငါ့ကို အမှန်အတိုင်း ပြော"

"ဘာမှမဖြစ်ပါဘူး မေမေ"

"ဘာမှမဖြစ်ပါဘူး အန်တီငယ်"

မိုးပြာရော တန်ဖိုးပါ ပြိုင်တူ ဖြေလိုက်မိခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီငယ်က နှစ်ယောက်လုံးကို စေ့စေ့လိုက်ကြည့်ပြီး

"နင်တို့နှစ်ယောက် ဘာမှမဖြစ်ပါဘူးဆိုတာကို ငါ မယုံဘူး ပြောစမ်း ဘာဖြစ်နေကြတာလဲ၊ အရင်လိုပဲ စိတ်ဆိုးစိတ်ကောက်နေတဲ ပုံမျိုးလည်း မဟုတ်ဘူး၊ နင်တို့ ဘာဖြစ်နေကြတာလဲ၊ ခု ငါမေးတုန် အမှန်အတိုင်း မပြောရင် အစ်ကို့ကိုပါ ခေါ်မေးခိုင်းရလိမ့်မယ်"

နှစ်ယောက်လုံးဆီက ဘာသံမှ ထွက်မလာတော့ပါ။ ခေါင်းငုံ စိုက်ကျလျက် ရေငုံနှုတ်ပိတ် နေကြ၏။

"နင်တို့နှစ်ယောက်လုံး နားမပါတော့ဘူးလား၊ ဒါမှမဟုတ် ချက်ချင်းပဲ နားတွေပင်းကုန်ကြတာလား"

"မေမေရယ် ဘာမှမဟုတ်တာကို မေမေက ရေးကြီးခွင်ကျယ် လုပ်နေပြန်ပြီ"

တန်ဖိုးစကားကြောင့် ဒေါ်သဇင်ငယ်မှာ မျက်လုံးများ ပြူးလျ ရင်ဘတ်ကို လက်နှင့်ဖိလိုက်ပြီး ထိုင်နေရာကနေ သူ့သားနားကို လျှော သွားကာ

"အမလေး မောင်မင်းကြီးသား ဘယ်လိုပြောလိုက်တာလဲ နောင်တစ်နေ့ လူကြီးတွေ မရှိတော့ရင် နင်တို့အငယ်နှစ်ယောက်ပဲ ကျ ခဲ့မှာ၊ အဲဒီအချိန်ကျရင် ဒီလိုမျိုးတွေသာ ဖြစ်နေကြည့်ပါလား၊ ဘယ် လောက်တောင် သွေးပျက်စရာ ကောင်းလဲ၊ ရှိတာမှ ဒီမောင်နှမ နှ





ယောက်လေး ရှိတာကို အဲဒီနှစ်ယောက်ကပဲ တစ်ချိန်လုံး ဖြစ်နေလိုက် ကြတာ ဖြစ်နေလိုက်ကြတာ၊ မရိုးနိုင်ဘူး။ နင်တို့နှစ်ယောက် ရန်ဖြစ်ကြ စိတ်ကောက်ကြတဲ့ အကြောင်းကို ရှစ်ရှင်ရိုက်ရင်တောင် အတွဲလိုက် ထွက်လာဦးမယ်"

"မိုးပြာတို့ ဘာမှမဖြစ်ထားပါဘူး အန်တီငယ်"

မိုးပြာကပါ အန်တီငယ့် စကားကြား ဖြတ်ပြောလိုက်တော့ ဒီလိုတောင် စိတ်ဆိုးသွားဟန် ရှိပါသည်။

"ခုချိန်ထိ ဘာမှမဖြစ်ပါဘူးလို့ ပြောနေတုန်းပါလား၊ မိုးပြာ အန်တီငယ့်ကို စိတ်ဆိုးအောင် လုပ်နေတာလား"

"မဟုတ်ပါဘူး အန်တီငယ်"

"မဟုတ်ရင် အမှန်အတိုင်း ပြော၊ ပြောကြလေ"

အန်တီငယ်က အမှန်အတိုင်း ပြောခိုင်းလေ မိုးပြာကလည်း ဘာပြောလို့ ပြောရမှန်း မသိလေပင် ဖြစ်သည်။ တကယ်တော့ ဒီပြဿနာ ၏ အစဟာ ကောင်းမြတ်နှင့်နှင်းဆီနက်ရှေ့မှာ တန်ဖိုးက သူမကို ဘော်ဟစ်ဆူပူခဲ့ခြင်းကြောင့်ပဲ ဖြစ်သည်။

ဒါတွေကိုသာ အကုန်အမှန်အတိုင်း ပြောလိုက်ရပါလျှင် အား ပေါ်ကုန်ဖို့ပဲ ရှိတော့သည်။ သူမအတွက်က သိပ်ကိစ္စမရှိပေမယ့် တန်ဖိုးကျတော့ နှင်းဆီနက်နှင့် ပတ်သက်နေတာတွေပါ ပေါ်သွားနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ အဲဒီအခါ မီးခိုးကြွက်လျှောက်လိုက်ပြီး နှင်းဆီနက်အစ်ကိုက ကောင်းမြတ်ဆိုတာတို့ ကောင်းမြတ်က နောင်နောင်နဲ့ ဟတွဲတွဲတို့ နောင်နောင်နဲ့ နှင့်ကိုငါ မပေါင်းရဘူးလို့ ပြောထားတယ် မဟုတ်လား လို့ အားလုံး ဖြစ်လာနိုင်ပါသည်။

အန်တီငယ်က တန့်ဖိုးကို နောင်နောင်နှင့် မပေါင်းစေချင်တာလည်း မလွန်ပါ။ ဒီကောင်က ကျောင်းပြေးတာတွေ များလာသော ကြောင့် ကျူရှင်ချိန် မပြီးဆုံးခင်မှာဘဲ အထုတ်ခံထားရသူ ဖြစ်၏။ ဒီ ကြောင့်လည်း အန်တီငယ်က အဲဒီလိုလူတွေနဲ့ ပေါင်းပြီး တန့်ဖိုးကို ပျက်စီးမှာ ကြောက်နေခြင်း ဖြစ်သည်။

"ဟယ် တိတ်နေလိုက်ကြတာ၊ ဖာတ်တော်ထဲက တေမိပုံကို ကျောက်ရုပ်ထုထားသလိုပဲ"

အန်တီငယ်က အားမလို အားမရ ဖြစ်လာဟန် တူပါသည်။ ဒါပေမဲ့လည်း မတတ်နိုင်ပါ။ မိုးပြာတို့ အတွက်ကလည်း တိတ်တိတ် နေရုံသာ ရှိပါသည်။

"နင်တို့ကို ငါ တကယ် အံ့ဩတယ် သိလား။ ငါနဲ့အစ်ကိုနဲ့ ဆိုရင် တစ်သက်လုံး နေလာတာ ဒီလိုမျိုး တစ်ခါမှ ရန်မဖြစ်ဖူးပါဘူး။ သူတို့ကျမှ ဖြစ်လိုက်ရတဲ့ ရန်၊ မိုးပြာက မိန်းကလေးမို့ စိတ်ကောက် တယ်ဆိုထားဦး သူက ပိုဆိုးနေတယ်"





ဒေါ်သဇင်ငယ်က သားလုပ်သူ မျက်နှာကို ကြည့်ပြီး ပြော က်ပါသည်။

"မေမေတို့က မောင်နှမအရင်းတွေဆိုတော့ တည့်ကြမှာပေါ့"

"ဘာ ဘာရယ် နင်တို့ကရော ဘယ်လောက်များ ဝေးနေလို့ တစ်အိမ်တည်း တူတူကြီးလာကြတာ၊ ဒီလောက် ရင်းနှီးတာ လား။ ရွယ်တူတွေလည်း ဖြစ်သေးတော့ ပိုတောင် ကောင်းသေး ယ်"

"အဲဒီရွယ်တူမို့လို့ပဲ စိတ်ပျက်နေရတာပေါ့၊ မေမေတို့က မိုးပြာ ကြောင်းကို ဘာသိလို့လဲ၊ သူက သိပ်ပြီး ဆရာလုပ်ချင်တာ၊ ပြီးတော့ ိုင်အတောကလည်း ထူသေးတယ်"

"အောင်မာ ်ုင် မမိုက်ရိုင်းနဲ့ တန့်ဖိုး၊ ငါက နင့်ကို ကောင်း င်လို့ ပြောခဲ့တာတွေချည်းပဲ"

တန့်ဖိုးရဲ့ စကားကို ဆတ်ဆတ်ထိမခံနိုင်စွာဘဲ မိုးပြာက ပြန်လိုက်ပါသည်။

"တွေ့လား မေမေ၊ တွေ့လား ခုတောင် သားကို ဘယ်လို ပြောတယ်ဆိုတာ၊ သူက သားကို ကောင်းစေချင်လို့ ပြောရအောင် က် အကြီးလည်း မဟုတ်ဘူးလေ"

"ဟဲ့ လေးရက်လေး ကြီးတာကို ထည့်ထည့်ပြီး ပြောမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ပါးစပ်ကို ပိတ်ထားလိုက်စမ်း၊ ငါ နင့်ကို ပြောနေတာ မဟုတ်ဘူး မေမေ့ကို ပြောနေတာ"

တစ်ယောက်တစ်ခွန်း အော်ဟစ်ရန်ဖြစ်နေကြသော သားနှင့်တူကို ကြည့်ပြီး ဒေါ်သဇင်ငယ် တော်တော်လေးကို စိတ်ပျက်လာပါသည်။ သို့နှင့်ပင်

"ကဲ တော်ကြပါတော့၊ ငါကပဲ နင်တို့ကို အရှုံးပေးပါတယ်၊ ဒါပေမဲ့ မင်းတို့နှစ်ယောက်လုံး သိထားရမှာက ခုဖြေရမယ့် စာမေးပွဲကို ကောင်းကောင်းဖြေပါ၊ စာမေးပွဲပြီးတဲ့နေ့ကျရင် မင်းတို့နှစ်ယောက်လုံးကို ငါနဲ့အစ်ကိုက ပြောစရာ စကားရှိတယ်"

"ဘာပြောမှာလဲ ခမေ"

"တန်ဖိုးထိုက် နင် တော်တော် လျှာရှည်ပါလား၊ ခုပြောမယ့် စကား မဟုတ်ဘူး၊ စာမေးပွဲနောက်ဆုံးနေ့မှ ပြောမယ်လို့ မေမေရော အစ်ကိုရော ဆုံးဖြတ်ထားတယ်၊ ခုတော့ နှစ်ယောက်လုံး သွားပြီး စာကျက်ကြတော့ ရပြီ"

နှစ်ယောက်သား မင်သေသေ မှုန်ကုပ်ကုပ်နှင့်ပင် တစ်ယောက် တစ်နေရာစီ ထွက်လာခဲ့ကြသည်။ ခုတော့ တန်ဖိုးနဲ့တူတူ စာလည်း ကျက်လို့ မရတော့ပါ။ သူ့မျက်နှာ မြင်ရင်ကို ကုတ်ဖဲ့ပစ်ချင် စိတ်တွေ တဖွားဖွားပေါ်ပေါက်လာသောကြောင့် စာထဲကိုလည်း အာရုံ ဝင်တော့





မှ ခုလို တစ်ယောက်တည်း ကျက်တော့ ပိုလို့တောင် လွတ်လပ်သေးသည်။

ကိုယ်ပယ်ချင်တဲ့အပုဒ် ပယ်ပစ်လိုက်လို့ ရသည်။ ကိုယ်ကျက်ချင်တဲ့အချိန် ကျက်လို့ရသည်။ အိပ်ချင်နေလျှင် အိပ်ပစ်လိုက်လို့ ရသည်။ ဘယ်လောက်တောင် လွတ်လပ်လိုက်သလဲ။

ဒါတွေကို ကြိုမသိခဲ့တာ တော်တော်လေးကို နစ်နာသည်လို့ ပြောကတော့ တွေးနေမိပါသည်။

ထိုနည်းတူပါပဲ တန်ဖိုးမှာလည်း ကိုယ့်ကို ဆရာကြီးလုပ်ပြီး ဟိုဟာမကျက်နဲ့ ဒီဟာကျက်လို့ ပြောမယ့်သူလည်း မရှိတော့ အိပ်နေချင်လည်း အတင်းလာနှိုးပြီး စာကျက်ကြရအောင်လို့ ပြောမယ့်သူလည်း မရှိတော့ စာကျက်နေရင်းတန်းလန်းနှင့် မုန့်စားချင်လိုက်တာ ကြီး ပူဆာမည့်သူလည်း မရှိတော့ တကယ့်ကို နားအေးပါးအေးနှင့် ကျက်နိုင်ပါသည်။ တော်တော်ကို အဆင်ပြေလှ၏။

ဒေါ်သဇင်ငယ်မှာတော့ အရင်လို စာတူတူ မကျက်ကြတော့ဘဲ တစ်ယောက်တစ်ခန်းစီ ကျက်နေကြသည့် ကလေးနှစ်ယောက်ကို ကြည့်ပြီး ခေါင်းတခါခါနှင့် သက်ပြင်းကိုသာ မရေမတွက်နိုင်အောင် ချနေမိတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



မိုးပြာက ကျောင်းသွားရန်အတွက် ကားပေါ်တက်ထိုင်ပြီး တာ တော်တော်ကြာပြီ ဖြစ်သော်လည်း တန်ဖိုးကတော့ ရောက်မလာ သေးပါ။ ဖေဖေပင် ကားမောင်းသူထိုင်ခုံတွင် နေရာယူပြီး ဖြစ်သည် စာမေးပွဲရက်တွေဆို ဖေဖေက သူမတို့နှစ်ယောက်ကို ကားနှင့် ကျော လိုက်ပို့ပေးနေကျ ဖြစ်၏။

"တန်ဖိုး ဘာလို့မလာသေးတာလဲ မိုးပြာ"

"မိုးပြာလည်း မသိဘူး ဖေဖေ"

"သွားတက်ကြည့်လိုက်ပါဦး။ တော်ကြာ ကျောင်းနောက် နေဦးမယ်"

"ဟုတ်"

ဖေဖေက သွားကြည့်ခိုင်းတော့လည်း မိုးပြာမှာ မငြင်း တော့ဘဲ အိမ်ပေါ်သို့ ပြန်တက်ခဲ့ရပြန်၏။ သူတို့အိမ်ဘက်သို့ ဝင်လို သည်နှင့် မှန်ရှေ့တွင် ရပ်ကာ သူ့ရဲ့ဆံပင်ဖြောင့်ဖြောင့်များကို သေ ကျနစွာ စိမ်ပြေနပြေ ဖြီးနေသော တန်ဖိုးကို တွေ့လိုက်ရသည်။

"နင် မပြီးသေးဘူးလား တန်ဖိုး။ ဟိုမှာ ဖေဖေ စောင့်နေ မသိဘူးလား"

"အေး သိတယ်လေ၊ ဒါပေမဲ့ ငါ လေးလေးကို ပြော မထွက်သေးလို့ ဆင်းမလာသေးတာ"





"ဘာကိုလဲ"

သူ့စကားက စိတ်ဝင်စားစရာမို့ မိုးပြာကလည်း မေးလိုက်ခြင်း ဖြစ်ပါသည်။ သူက ခေါင်းဖြီးနေခြင်းကို ရပ်ကာ မိုးပြာကို တည့်တည့် ကြည့်လိုက်ပြီး

"ငါက စာမေးပွဲရက်တွေကို ဘလက်ခ်နဲ့ အတူတူသွားမယ်လို့ ကတိပေးထားတယ်"

"အဲဒီတော့"

"အဲဒီတော့ ငါက လေးလေးကို ဘယ်လိုပြောရမှာလဲ"

"နေစမ်းပါဦး နင်က နင်းဆီနက်နဲ့ အတူတူ သွားရအောင် သူက ပထမနှစ်လေ၊ ညနေပိုင်းမှာ ဖြေရမှာ မဟုတ်ဘူးလား"

"အေး ဟုတ်တယ်လေ၊ ဒါပေမဲ့ သူက ငါ ဖြေတာကို လိုက် စောင့်ပေးမှာ၊ ပြီးတော့ အပြန်ကျရင်လည်း ငါလိုက်ဖြစ်မှာ မဟုတ် ဘူး။ ဘလက်ခ်ပြီးတဲ့ထိ စောင့်ပေးရဦးမှာလေ"

"နင်တော့ မှုန်နေပြီ သိလား။ တန်ဖိုး"

မိုးပြာက တန်ဖိုးရဲ့မျက်နှာကို စိတ်ပျက်စွာကြည့်ပြီး ပြောပစ် လိုက်သည်။ သူ့မျက်နှာက နည်းနည်းတော့ ပျက်ယွင်းသွားပေမယ့် အိမ်နောက်ဖေးတွင် ချက်ပြုတ်နေသော အန်တီငယ် ကြားသွားမည်စိုး၍ ဘာမှတော့ တုံ့ပြန်ပြောခြင်း မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



မိုးပြာသည်လည်း ထိုတစ်ခွန်းသာ ပြောပစ်လိုက်ပြီး ဘာမှ ဆက်မပြောချင်တော့၍ လှည့်သာ ထွက်ခဲ့လိုက်တော့သည်။ သူကတော့ အေးအေးဆေးဆေး ပြောနိုင်ပေမယ့် တကယ်တမ်း ဖေဖေနှင့် ရင်ဆိုင် ရမည့်သူက မိုးပြာသာ ဖြစ်သည်လေ။

လှေကားတစ်လျှောက် ဆင်းလာစဉ်မှာပဲ ဖေဖေ့ကို ဘယ်လို ပြောပြရမည်ဆိုတာ စဉ်းစားရလွန်းလို့ ကျက်ထားသည့် စာများပင် ရှုပ်ထွေးတော့မတတ်ပါပဲ။

"တန်ဖိုး မပါဘူးလား။ ဒီကောင် ဘာလို့ ဒီလောက် ကြာနေ တာလဲကွာ"

သူမ တစ်ယောက်တည်း ပြန်ဆင်းလာသည်ကို မြင်တော့ ဖေဖေက တန်ဖိုးကို ဒေါသထွက်စွာ ရေရွတ်ပါသည်။

"သူတို့ ယောကျ်ားလေး သူငယ်ချင်းတွေစုပြီး ဆရာမ သီတာကားနဲ့ သွားကြမယ်လို့ ပြောတယ် ဖေဖေ။ အပြန်ကျရင်လည်း တစ်ခါတည်း စာစုလုပ်ပြီး ညနေကျမှပဲ အိမ်ပြန်လာမယ်လို့ ပြော တယ်"

ဆရာမ သီတာအိမ်က မိုးပြာတို့လမ်းရဲ့ သုံးလမ်းကျော်တွင် ရှိသည်မို့ ဆရာမကို ခုတုံးလုပ်လိုက်ရခြင်းသာ ဖြစ်သည်။ မိုးပြာက တော့ ကြိုးစားပြီး လိမ်ပေးလိုက်ပေမယ့် ဖေဖေက သိပ်ယုံကြည်ပုံ





မရှိပါ။

"ဟုတ်ရော ဟုတ်ရဲ့လား မိုးပြာ"

ကြည့်ပါလား ဖေဖေ မယုံဘူးဆိုတာ မိုးပြာ သိတာပေါ့။ ဒါပေမဲ့လည်း မိုးပြာက မျက်လုံးမှိတ်လို့ စွတ်ခေါင်းညိတ်ပြလိုက်ပါသည်။ ကျောင်းသွားရမည့်အချိန်ကို နောက်ကျမည်စိုးသောကြောင့်လား မသိ ဖေဖေက ဘာမှထပ်မမေးတော့ဘဲ ကားမောင်းထွက်ခဲ့၏။

ကားပေါ်မှာလည်း မိုးပြာမှာ ဒီနေ့ဖြေရမည့် ဘာသာရပ် စာအုပ် ကြီးသာ ပေါင်ပေါ်တင်ထားရပေမယ့် စိတ်တို့က စာထဲမှာ မရှိ။ နှင်းဆီ နက်ဆီသို့သာ ပျံ့လွင့်နေသည်။ ဒီကောင်မလေးက တန်ဖိုးကို တကယ် ချစ်တာရော ဟုတ်ပါ့မလားဆိုသည့် အတွေးပင် ဖြစ်သည်။

သူ့လို ပေါ်ပြူလာ ဖြစ်လွန်းသည့် ကောင်မလေး တစ်ယောက် က တန်ဖိုးကို အလွယ်တကူ ပြန်ကြိုက်ခြင်းအား မိုးပြာကတော့ မယုံ ကြည်နိုင်အောင် ဖြစ်နေမိသည်။ တန်ဖိုးကို အထင်မကြီးလို့တော့ မဟုတ်ပါ။ ဒါပေမဲ့ သာမန်ထက် ထူးခြားသော ရုပ်ရည်မျိုး မရှိသည့် ယောကျ်ားတစ်ယောက်ကို နှင်းဆီနက် ရွေးချယ်လိမ့်မယ်လို့တော့ မိုးပြာ က မထင်ထားခဲ့မိပါ။

နှင်းဆီနက်ရဲ့အရပ်က ငါးပေခြောက်လက်မလောက် ရှိသော ကြောင့် အရပ် ငါးပေဆယ့်တစ်လက်မရှိသည့် တန်ဖိုးကို ရွေးချယ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်နိုင်ပါသည်။ ဟုတ်တယ် အဲဒါ အဖြစ်နိုင်ဆုံးပဲ။ သူမ စဉ်းစာ
လို့ရသော ထိုအဖြေကို တုန်ဖိုးသော သိလျှင် ဆွေ့ဆွေ့ခုန်နေမှာ သေချာ
၏။

မိုးပြာလည်း ကိုယ့်ဘာသာတွေးကာ သဘောတကျနှင့် သဘ
လက်လွှတ် ရယ်မောလိုက်မိပါသည်။

"ဟဲ့ စာထဲမှာ ဘာရယ်စရာများ ပါလို့လဲ မိုးပြာ"

"မပါပါဘူး ဖေဖေ"

ဖေဖေက ကားမောင်းနေရင်းနှင့် နောက်ကြည့်မှန်ထဲမှ လှမ်း
ကြည့်ကာ ပြောတော့ သူမမှာ ရှက်တရက် ရယ်လိုက်မိသည့် ကိုယ့်
အရှိန်ကိုယ် ထိန်းလိုက်ရသည်။

ကျောင်းပေါက်ဝတွင် ဖေဖေက ကားကို ရပ်လိုက်ပြီး

"ကဲ ဖြေနိုင်ပါစေ သမီးလေး"

"ဟုတ်ကဲ့ ဖေဖေ၊ မိုးပြာ သွားပြီနော်"

ဖေဖေ့ကားလေး ထွက်သွားသည်ထိ မျက်စိတစ်ဆုံး လိုက်
ကြည့်ပြီး အိတ်ထဲမှ ကျောင်းသားကဒ်လေးကို ထုတ်ကာ လည်ပင်းတွင်
ချိတ်ဆွဲလိုက်ပါသည်။

ထိုအချိန်မှာပင် ကောင်းမြတ် ကိုယ်တိုင် မောင်းလာသော
ရှုပါဆလွန်းကားလေးက ကျောင်းဂိတ်ပေါက်ကို ဖြတ်ကာ ကျောင်းထဲ





ဝင်သွားလေသည်။ နောက်ခန်းတွင် ထိုင်နေသော တန်ဖိုးနှင့် နှင်းဆီ
နက်ကို မြင်လိုက်ရသေးသည်။

တန်ဖိုးကလည်း မိုးပြာကိုမြင်ပေမယ့် ဖာသိဖာသာပင် တခြား
ဘက်သို့ လှည့်သွားပါသည်။ မောင်နှမနှစ်ယောက်ကြားထဲမှာ သူစိမ်း
တစ်ယောက် ဝင်လာတာနဲ့ အဲဒီလိုမျိုး ဖြစ်တတ်ပါသလား။ ဒါမှမဟုတ်
တန်ဖိုးရဲ့ စိတ်ထဲမှာ မိုးပြာကို တကယ်ပဲ မောင်နှမ မတော်ချင်တော့ဘူး
လား။

သူ့ကို မိုးပြာက ဘာတွေများ ဒုက္ခရောက်အောင် လုပ်နေလို့
လဲ။ သူ ဘယ်တုန်းက မိုးပြာကြောင့် နစ်နာတယ်ဆိုတာ ရှိဖူးလို့လဲ။
မိုးပြာနဲ့သူက ငယ်ငယ်တည်းက ရန်ဖြစ်လိုက် ပြန်တည့်လိုက်နှင့် နေလာ
ခဲ့ကြတဲ့ မောင်နှမတွေပဲ။ ခုဖြစ်ရပ်တွေကတော့ အဲဒီ သံယောဇဉ်တွေကို
ချက်ဆီးပစ်ရာ ရောက်လွန်းသည်။

ဖေဖေနှင့်အံနီတီငယ်သိရင်လည်း မလွယ်ပါ။

ကိုယ့်အတွေးနှင့်ကိုယ် လမ်းလျှောက်လာစဉ် အဆောင်ရှေ့
ရောက်တော့ ပါကင်ထိုးထားသော ရှုပါဆလွန်းကားလေးကို တွေ့လိုက်
ရသည်။ ကားထဲမှာတော့ ဘယ်သူတစ်ယောက်မှ မရှိတော့ပါ။

"ဟေး မိုးပြာ နင် ခုမှရောက်တာလား"

အဆောင်ရှေ့ လှေကားထစ်များတွင် ထိုင်နေရာမှ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မြတ်က မိုးပြာနားသို့ လျှောက်လာကာ နှုတ်ဆက်လိုက်၏။

"ငါ ရောက်နေတာ ကြာပါပြီ၊ အေးအေးဆေးဆေး လမ်း လျှောက်လာနေလို့ပါ၊ ဖေဖေ လိုက်ပို့တယ်လေ"

"အင်း တန်ဖိုးပြောလို့ သိပါတယ်"

"တန်ဖိုးက ဘာလို့ ငါ့အကြောင်းကို ပြောရတာလဲ"

မိုးပြာရဲ့လေသံက နည်းနည်း သူစိမ်းဆန်နေသောကြောင့် ကောင်းမြတ်ပင် ကြောင်တောင်တောင် ဖြစ်သွားပုံရ၏။

"ငါက မေးလို့ပါ"

ကောင်းမြတ်က ခေါင်းကိုငုံ့ကာ လေသံတိုးတိုးနှင့် ပြန်ဖြေ လိုက်သေးသည်။ ထိုအခါမှပင် မိုးပြာမှာ ကောင်းမြတ်က သူမကို ရည်း စားစကား ပြောထားခြင်းအား သတိရတော့၏။

ထိုသို့ ဖြစ်သွားသည့်အတွက် ကောင်းမြတ်အပေါ် စိတ် ကောင်းပေမယ့် တကယ်တမ်းလည်း သူမက ပြန်မကြိုက်နိုင်သောကြောင့် ခုတည်းက အပြတ်ငြင်းထားနိုင်မှ တော်ကာကျမှာလေ။

"နင် ငါ့ကို စိတ်ဆိုးနေသေးလား မိုးပြာ"

ကောင်းမြတ်ရဲ့ မျက်လုံးတွေထဲမှာ စိုးရိမ်မှု အငွေ့အသက် လေးတွေ အနည်းငယ် ယှက်သန်းနေတာ သူမ သတိထားလိုက်မိ သည်။ သို့သော် ဒါတွေကလည်း မိုးပြာရဲ့ရင်ကို လှုပ်ခတ်စေနိုင်စွမ်း





ရှိပါ။

"ဆို့တာတွေ မဆိုးတာတွေလည်း ငါ စဉ်းစားဖို့ အချိန်မရ ပါဘူး ကောင်းမြတ်ရယ်၊ ပြီးတော့ နင့်ကိုလည်း မစဉ်းစားစေချင်ဘူး။ စာမေးပွဲရက်မှာ ခေါင်းထဲမှာ စာပဲထည့်ထားပေါ့၊ နင်က မိန်းမ တစ် ယောက်ကို အဲဒီလောက်တောင် မွန်နေချင်တာလား ပြောစမ်းပါဦး"

တမင်သက်သက်ပင် မိုးပြာက တန်ဖိုး ကြားလောက်သော လေသံနှင့် အော်ပြောလိုက်ခြင်း ဖြစ်၏။ တန်ဖိုးကလည်း ထိုစကားကို သေချာပင် ကြားလိုက်ပုံရပါသည်။ နားပါးတာလား ဒါမှမဟုတ် မိုးပြာ ...ဘက်ကိုပင် နားစွင့်ထားတာလားတော့ မသိပါ။ သူ ကြားလိုက်တာ ...တော့ သေချာပါသည်။

ဒေါသကြောင့် ထင်သည်။ မျက်နှာကြီးကလည်း နီရဲတက် ...၏။ စာအုပ်တစ်အုပ်ကို ကုန်းဖတ်နေသော နှင်းဆီနက်တော့ ကြားပုံ ...ပါ။ အေးအေးဆေးဆေးပဲ ရှိနေ၏။

ဒါပေမဲ့ ဒီစကားကြောင့် ထိခိုက်သွားရသည့် လူကတော့ တန်ဖိုး ...ယောက်တည်း မဟုတ်ပါ။ မိုးပြာ ရှေ့တည့်တည့်တွင် ရပ် နေသည့် ...ကောင်းမြတ်ဆိုလျှင် ပြင်မရလောက်အောင် မျက်နှာက ပျက်နေပြီ ဖြစ်၏။ ...ကိုယ်သူအတွက်ပဲ မျက်နှာပူခြင်းလား၊ သူ့ညီမအစားပဲ မျက်နှာပူခြင်း ...လား ဆိုတာ မိုးပြာလည်း သေချာ မသိနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် ကောင်းမြတ်ကို နည်းနည်းတော့ အားနာသွားပါသည်။

"ဆောရီး ငါသွားတော့မယ်၊ ကိုယ့်ဘာသာ အေးဆေး စာပြန်ရွေးချင်လို့"

သူမက ကောင်းမြတ် ဘာမှမပြောနိုင်ခင်မှာဘဲ ခပ်မြန်မြန် နှုတ်ဆက်လိုက်ကာ သူ့နားမှ ထွက်ခဲ့လိုက်သည်။ သူတို့ကို မမြင်ရသော နေရာမှာ တစ်ယောက်တည်း စာရွေးနေတုန်း ရှိသေးသည်။ တန်ဖိုးက သူမနားသို့ ရောက်လာခြင်း ဖြစ်၏။

"နင် ဘာဖြစ်နေတာလဲ မိုးပြာ"

လေသံက တိုးပေမယ့် ဒေါသဖြစ်နေမှန်းတော့ မိုးပြာတို့က သိပါသည်။ တန်ဖိုးရဲ့ ဘယ်လိုအမူအရာက ဘာကြောင့်ဖြစ်တယ်၊ ဘယ်လိုလေသံမျိုးနဲ့ပြောရင် ဘာဆိုတာတွေကို မိုးပြာကတော့ အလွတ်ရနေပါပြီ။

"ငါ ဘာမှမဖြစ်ပါဘူး၊ ကိုယ့်အိမ်က ကားနဲ့ကိုယ့်ဘာသာ ကျောင်းလာတယ်၊ ကိုယ့်ဘာသာ တစ်ယောက်တည်း စာလုပ်တယ်၊ ငါ့ ဆီမှာ ဘာအာရုံနောက်စရာမှလည်း မရှိဘူး။ ဘယ်လောက် အဆင်ပြေလိုက်သလဲ"

"ငါ့ကို မရွဲ့နဲ့နော်၊ ငါ ဒေါသထွက်နေပြီဆိုတာ နင် သိလား"





"ဟွန်း သိသားပဲ"

မိုးပြာက မျက်နှာကို မဲ့ရွဲ့ကာနှင့် ပြောလိုက်ပါသည်။

"သိလျက်သားနဲ့များ နင်မို့လို့ လုပ်နေသေးတယ်၊ ငါ တကယ် ကြီး ဒေါသထွက်လာရင် နင် သိပါတယ်"

"ခြိမ်းခြောက်မနေနဲ့၊ နင့်ကိုငါ မကြောက်ဘူးဆိုတာ နင် သိပါတယ်"

အမှန်တော့ တန်ဖိုးသာ တကယ်ကြီး ဒေါသထွက်လာလျှင် မြှာကို လာရာပါသည့်ထိ စိတ်ကြီးမှန်း မိုးပြာသိပြီးသားပါ။ ဒါပေမဲ့ ဒီလိုမျိုး လူကြားထဲမှာတော့ တန်ဖိုး ဘာမှလုပ်မရတာကို မိုးပြာ သိနေသည်လေ။

"နေစမ်းပါဦး တန်ဖိုးရဲ့၊ နင့်ကိုငါ မေးချင်လွန်းလို့ပါ၊ နင်နဲ့ငါက ဘာတော်တယ်ဆိုတာရော နင်မှတ်မိသေးရဲ့လား။ ပြောပါဦး"

မိုးပြာစကားကြောင့် သူနည်းနည်းတော့ ငြိမ်သက်သွားပါသည်။ ဒါပေမဲ့ စိတ်ထဲမှာ တည်ငြိမ်သွားခြင်းမျိုးတော့ မဟုတ်ပါ။

"နင်နဲ့ငါ မောင်နှမလေ"

"တော်သေးတာပေါ့၊ နင်မှတ်မိသေးတာပဲ၊ ပြီးတော့ ပြန်မေ့ တော့လည်း ရသားပဲ"

"အဲဒါ ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ၊ အခန်းထဲရောက်ရင် နင်နဲ့ငါက ရှေ့နောက် ဆိုတော့ ငါ စာမေးရင် ပြောပြဦးလို့ ပြောမလို့ပါ"

မိုးပြာက တမင်တကာပင် ရွဲ့စောင်းကာ ပြောလိုက်ပါပြီး ထိုင်ေ ရာမှ ထထွက်လာခဲ့လိုက်၏။ တန့်ဖိုးကတော့ ဒီတိုင်းကြီးပင် အူကြောင် ကြောင်နှင့် ကျန်ခဲ့ပါသည်။

စာမေးပွဲခန်းထဲရောက်တော့လည်း ကိုယ့်ဘာသာ ကျက်ထား သမျှတွေကို အလျင်မီအောင် ရေးနေရသောကြောင့် သူမနောက်တွင် တန့်ဖိုး ထိုင်နေသည်ကို မေ့သွားခဲ့ပါသည်။ သူမတော့ ကောင်းကောင် ဖြေနိုင်၏။

တန့်ဖိုးလည်း ဖြေနိုင်သည့်ပုံပါပဲ။ မျက်နှာက ပြုံးရွှင်ပြီး မိုးပြ ထက် အရင်ပင် စာမေးပွဲခန်းထဲမှ ထွက်သွားခြင်း ဖြစ်၏။

မိုးပြာတို့ လေးယောက်လုံး အဆောင်ပေါ်တီကိုအောက်မှာ စုမိကြတော့ သူက နှင်းဆီနက်နှင့်အတူ နေခဲ့မည်ဖြစ်သော်လည်း ကော မြတ်ကတော့ ပြန်မည်ဟု ပြောပါသည်။

"နင်ရော ဘာနဲ့ပြန်မှာလဲ မိုးပြာ"

"ထုံးစံအတိုင်း ကျောင်းရှေ့မှာ ဖေဖေ လာခေါ်မယ်လေ"

"ဘာလက်ခ် နင်ကရော"

ကောင်းမြတ်က သူ့ညီမဘက်သို့ လှည့်မေးပြန်သည်။







"ညီမလေးနဲ့ တန့်ဖိုးနဲ့က သီရေတာဘက်သွားမလို့"

"အေး ဒါဆိုလည်း ပြီးရော၊ မိုးပြာကတော့ ကျောင်းရှေ့ထိ ားနဲ့လိုက်ခဲ့လေ"

"မလိုက်တော့ပါဘူးဟာ၊ ရပါတယ်၊ ငါ့ဟာငါပဲ လျှောက်သွား ပါမယ့်"

"လိုက်ခဲ့စမ်းပါဟ၊ နင့်ကိုငါ ကိုက်မစားပါဘူး၊ ဒီလောက် ပူနေတာ နင်ထီးလည်းပါပုံမရဘဲ ဘယ်လိုလျှောက်နိုင်မလဲ၊ လာ ါ"

ကောင်းမြတ်ရဲ့ အတင်းအဓမ္မ ခေါ်မှုကြောင့် နောက်ဆုံးတွင် ကောင်းမြတ်ရဲ့ဘေးတွင် ဝင်ထိုင်လိုက်ရပါသည်။

တန့်ဖိုးက မိုးပြာနှင့်ကောင်းမြတ်ကို မျက်မှောင်ကြီးကျုံ့ပြီး နေခြင်းအား မြင်ဖြစ်အောင် မြင်လိုက်သေးသည်။

ဖြစ်ချင်တော့ ကျောင်းရှေ့တွင် ကောင်းမြတ်ကားပေါ်ကနေ ဆင်းလာခြင်းကို ဖေဖေက တွေ့ရှိသွားခြင်းဖြစ်၏။ ဖေဖေ့နားသို့ ရောက်သွားတာတောင် ဖေဖေ့ရဲ့အကြည့်တွေက ကောင်းမြတ်ရဲ့ းဆီမှာပဲ လိုက်ပါသွားနေသေးသည်။

"ဖေဖေ ရောက်နေတာ တောသားပဲနော်"

"အဲဒီကောင်လေးက ဘယ်သူလဲ သမီး"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ မေးတော့မည်ဆိုတာ မိုးပြာက သိနေပြီးသားပါ။ ဒါပေ
ရင်ထဲမှာ ကြောက်စိတ်တွေ၊ စိုးရိမ်စိတ်တွေ ဝင်မနေပါ။ အမှားလုပ်ထာ
ခြင်း မဟုတ်သောကြောင့် အားလုံးကို တည်တည်ငြိမ်ငြိမ်ပဲ ရင်ဆိုင်နိုင်

"အတန်းထဲက သူငယ်ချင်းတစ်ယောက်ပါ၊ ဟွန်း ဖေဖေ
စာမေးပွဲဖြေပြီး ထွက်လာတဲ့ သမီးကို ဖြေနိုင်လားလို့တော့ မမေးဘူ
ဘယ်လိုကြီးလဲ"

မိုးပြာက သေချာရှင်းပြပြီးမှပင် နောက်ဆုံးမှာ ဖေဖေ့လ
မောင်းအား မှီနွဲ့လျက် ချွဲလိုက်ပါသည်။

"ဖေဖေက သမီးလေးကို တခြားကောင်လေး.တစ်ယော
ယောက်နဲ့ ငြိတွယ်သွားမှာကို စိုးရိမ်လို့ပါ သမီးရယ်"

ဖေဖေ့စကားက ဒီအတိုင်းနားထောင်လျှင်တော့ ဘာမှမဟု
ဘူး ထင်ရပေမယ့် တကယ်တမ်း သေချာစဉ်းစားကြည့်ပါက တခြ
ကောင်လေးတစ်ယောက်နဲ့ ငြိတွယ်သွားမှာ စိုးရိမ်တယ်ဆိုတာ ဖေ
ရွေးချယ်ထားသည့် ကောင်လေးဆိုတာရော ရှိနေလို့လား။

မဖြစ်နိုင်ပါဘူးလေ၊ ဒီလိုမျိုးတွေသာ ရှိခဲ့ရင် မိုးပြာကို အ
ဆုံး အသိပေးသင့်တာပေါ့၊ ပေးစားမယ်ဆိုရင်လည်း တန်ဖိုးကိုပဲ အ
ဆုံး ပေးစားသင့်တယ်လို့ မိုးပြာက ယူဆနေမိသည်။

ဒီအရွယ်လေးနှင့်တော့ သူမဘက်က အိမ်ထောင်ပြုချင်စိ





ရှိသေးတာ အမှန်ပင် ဖြစ်သည်။ တန်ဖိုးကတော့ နှင်းဆီနက်ကိုဆို
သူချင်ယူပါလိမ့်မည်။ ဒီကောင် မှန်နေပြီ မဟုတ်လား။ ပြစ်ပြစ်နှစ်နှစ်
ပြောချင်ပေမယ့်လည်း ထိုစကားကလွဲပြီး မိုးပြာမှာ တန်ဖိုးရဲ့လုပ်ရပ်တွေ
အတွက် စကားလုံးတွေ ရှားပါးနေခဲ့၏။

ဒါကြောင့် အထိရောက်ဆုံး စကားကို သုံးလိုက်ခြင်းပင်
ဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"နင် ဖြေနိုင်ရဲ့လား တန်ဖိုး"

ထမင်းဝိုင်းတွင် မျက်နှာချင်းဆိုင်မိသောကြောင့် မိုးပြာကပင် စကား စမေးလိုက်ပါသည်။ တန်ဖိုး ကတော့ သူမကို မော့ကြည့်ဖော် မရပါ။ ထမင်းတစ်လုတ်ကို ပါးစပ်ထဲသို့ ဟန်မပျက်သွင်းလိုက်ရင်းနှင့် ခေါင်းညိတ်ပြ၏။

"နင်းဆီနက်နဲ့ရော အိုကေတယ် မဟုတ်လား"

ဒီတစ်ခါတော့ တန်ဖိုးက မိုးပြာကို မော့ကြည့်လိုက်ပါသည်။

"နင် ဘာလို့ သိချင်နေတာလဲ"

"နင်က ငါ့အစ်ကိုပဲဟာ၊ သိချင်တာပေါ့၊ ကိုယ့်မောင်းမနဲ့ အဆင်ပြေရဲ့လားလို့လေ"





မိုးပြာက တန်ဖိုးကို ချော့ရန် မရည်ရွယ်ထားသော်လည်း စကား ကိုတော့ ပြေပြေပြစ်ပြစ် ပြောနေမိသည်။

"ပြေပါတယ် ဘာမပြေစရာရှိလို့လဲ"

"မနက်ဖြန်ဆို ငါတို့ စာမေးပွဲ ပြီးပြီနော်၊ နင်းဆီနက်ကို နင် ဘယ်လိုစောင့်လို့ ရတော့မလဲ"

"ဘာလို့ မရရမှာလဲ၊ ကျောင်းနောက်ဆုံးနေ့ဆို ငါတို့ စုပြီး စားသောက်နေကျပဲဟာ"

အရင်ကဆို သူငယ်ချင်းတွေစုပြီး ကျောင်းနောက်ဆုံးနေ့ အနေနဲ့ စားသောက်ကြတိုင်း မိုးပြာလည်း ပါခဲ့တာပဲ မဟုတ်ဘူးလား။ ခုတော့ တန်ဖိုးက မိုးပြာကို ခေါ်ဖော်ပင် မရတော့ပါ။ နည်းနည်းတော့ စိတ် မကောင်းဖြစ်မိပါသည်။

သို့သော် မိုးပြာက တန်ဖိုးသိအောင် ထုတ်ပြောမနေတော့ပါ။

"နောက်ဆုံးနေ့ကျရင် အန်တီငယ်နဲ့ဖေဖေက ငါတို့နှစ်ယောက် ကို ပြောစရာရှိတယ်လို့ ပြောထားတယ်လေ၊ နင် မေ့နေပြီလား"

"မမေ့ပါဘူး၊ ငါ ညကျရင် ပြန်လာမှာပဲဟာကို၊ ညအထိတော့ နင် အချိန်ဆွဲထားပေးပေါ့"

သူက ပြောပြီးသည်နှင့် ထမင်းကို လက်စသတ် စားလိုက်ပြီး စားပွဲမှ ထသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးကို ကိုယ့်အစ်ကို ဖြစ်နေလို့သာ မိုးပြာက ဒီလောက်ထိ သည်းခံနေခြင်း ဖြစ်သည်။ တခြားသူသာဆို တစ်ခုခုတော့ ပယ်ပယ်နယ်နယ် ပြန်ပြောမိမှာ သေချာပါသည်။ ခုတော့ မောင်နှမချင်းမို့ မိုးပြာက သည်းခံသလောက် သူကတော့ ဂရုပင်မစိုက်ပါ။ တဆိတ်တော့ လွန်လွန်းအားကြီးနေပါပြီ။

ဒါပေမဲ့ တန်ဖိုးကို စိတ်ထဲက အမြန်ထုတ်လိုက်ကာ စာအုပ်ကိုသာ မျက်နှာနှင့်မခွာ အပ်ထားလိုက်တော့သည်။

မနက်ဖြန် တစ်ရက်ပဲ ကျန်တော့တာဆိုပေမယ့် အဲဒီတစ်ရက်သာက သူမ သိပ်ကြောက်သော **Papper 6** မို့ ပိုလို့တောင် အားထုတ်ကျက်နေရပါသည်။ တန်ဖိုးအကြောင်းကို အချိန်ပေးပြီး မတွေးတော့နိုင်သေးပါ။

သို့သော် ဒီထက်ပိုပြီး လွန်လာလျှင်တော့ မိုးပြာက လူကြီးတွေနှင့် တိုင်ပြောဖို့ အသင့်ပြင်ထားပြီးသား ဖြစ်ပါသည်။

ခုလည်းကြည့်လေ၊ စာမေးပွဲခန်းထဲက ထွက်လာလို့ အားလုံးက တသောသောနှင့် ဆူညံနေသည့် အချိန်မှာ သူကတော့ လဒမှိုင် မှိုင်နေပါသည်။ မိုးပြာသည်လည်း မဖြေနိုင်သောကြောင့် စိတ်ပျက်ကာ ငိုချင်နေ

"ဟော့ကောင် မင်းရုပ်က ဘာဖြစ်နေတာလဲ"

"စာမေးပွဲပြီးတော့မှာဆိုတော့ ငါနဲ့တလက်ခ်နဲ့ ဘယ်လိုတွေ





ထဲလို့ တွေးမိလို့ပါ"

ကောင်းမြတ်က တန်ဖိုးရဲ့ ပခုံးကိုပုတ်ကာ မေးလိုက်တာကို ကစိတ်မပါ လက်မပါနှင့် ပြန်ဖြေလိုက်ခြင်းပါပဲ။

"မင်းကတော့လေ ညီမအကြောင်းကို အစ်ကိုကို လာပြောရတာကွ"

ကောင်းမြတ်ကလည်း မျက်နှာပူပူနှင့်ပင် ပြောလိုက်ပါသည်။

"ဟော့ကောင် မင်းတုန်းကကျတော့ရော ငါ့ကိုလက်ဖက်ရည်ဆိုင် ခေါ်ပြီး အဲဒီထက်ဆိုးတာတွေ ပြောခဲ့တာပဲ မဟုတ်လား"

တန်ဖိုးက အံကြိတ်ကာ ခပ်တိုးတိုး ပြောလိုက်ခြင်းပေမယ့် အနားက ထိုင်နေသော မိုးပြာကတော့ ကောင်းကောင်းကြားလိုက်ပါသည်။ ထို့ကြောင့်ပင် တန်ဖိုးမျက်နှာကို လှမ်းကြည့်လိုက်မိ၏။ သူကလည်း ပြာကို မျက်မှောင်ကြီးကျုံ့ပြီး ကြည့်နေတာနှင့် သွားတိုးပါသည်။

"မိုးပြာ နင်ဘာဖြစ်နေတာလဲ"

ခုမှပင် ကောင်းမြတ်က မိုးပြာမျက်နှာ မသာမယာဖြစ်နေတာကို သတိထားမိသွားပုံ ရပါသည်။

"ငါမဖြေနိုင်ဘူး ကောင်းမြတ်"

"ဘယ်နှစ်ပုဒ်ဖြေခဲ့လဲ"

"**solid** မဟုတ်ဘဲနဲ့ သုံးပုဒ်ပဲ ဖြေနိုင်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မှာပါဟာ၊ နင်ကလည်း ဘာတွေစိတ်ပူနေတာလဲ

"မဟုတ်ဘူးဟာ၊ ငါတော်တော်လန့်နေတယ်၊ မတော်တဆ

ဖြေခဲ့တဲ့ သုံးပုဒ်ကလည်း မှားနေတယ်ဆိုရင် ငါတော့ငွမ်းပါပြီ"

မိုးပြာက ပြောနေရင်းနှင့် မျက်ရည်လေးပင် လည်လာ

သည်။ ထို့ကြောင့်ပင် ကောင်းမြတ်က ချက်ချင်းလိုလိုပဲ သူမနား

ဖျတ်ခနဲ ဝင်ထိုင်လိုက်ပြီး မိုးပြာရဲ့ မျက်နှာလေးကို အတင်းငုံ့ကြည့်လ

"မငိုပါနဲ့ မိုးပြာရယ်၊ အောင်မှာက သေချာပါတယ်"

တန်ဖိုးမှာ ထိုမြင်ကွင်းကိုကြည့်ရင်းနှင့် ဒေါသတွေက တ

လိပ်တက်လာပါသည်။ ဒီဘက်မှာ တန်ဖိုးထိုင်နေတာကိုတောင် သူ

သတိမရတော့ဘူးလား။ အစ်ကိုတစ်ယောက်လုံးရဲ့ ရှေ့မှာမှလာပြီး နူ

သေးသည်။

ကိုယ့်ဘာသာ ထိုသို့တွေးမိပြီးမှ ကောင်းမြတ်ကို ဒေါ

ဆက်ထွက်ရမလား၊ အားပဲနာရမလား၊ ဝေခွဲမရ ဖြစ်သွားသေး၏။ ကို

ကိုယ်တိုင်ကလည်း သူ့ရှေ့မှာ သူ့ညီမနှင့် တူတူနေနေခဲ့တာပဲလေ။ ဒါ

ကိုယ့်ညီမကို ဒီလိုမျိုးလာပြီး သည်းသည်းလှုပ်ပြနေခြင်းအား အမြင်

မိတာကတော့ အမှန်ပဲ ဖြစ်သည်။

"ဟေ့ကောင် ကောင်းမြတ် ငါသွားတော့မယ် ၊ ဘာလက်

သိရေတာမှာ စောင့်နေတာ မဟုတ်လား"





ကောင်းမြတ်က ခေါင်းညိတ်ပြပါသည်။ သူမရှေ့မှာ မတ်တပ်ရပ်နေသော တန်ဖိုးကို မိုးပြာက ခေါင်းမော့ပြီး ကြည့်လိုက်မိသေးသည်။ တန်ဖိုးကလည်း သူမကို တစ်ချက်လှမ်းကြည့်လိုက်ပြီး သက်ပြင်းချလိုက်တာ မြင်လိုက်သေးသည်။

တကယ်ဆို အရင်တုန်းကလည်း မိုးပြာ စာမေးပွဲမဖြေနိုင်တိုင်း အားကနေ နှစ်သိမ့်ပေးခဲ့သည့် သူဟာ တန်ဖိုးပဲလေ။

"အောင်မှာပါဟာ၊ အပိုတွေလုပ်မနေနဲ့ လေးလေးစောင့်နေဦးမယ်၊ ပြန်တော့"

တန်ဖိုးဆီက အဲဒီစကားတစ်ခွန်းတော့ ထွက်လာပါသေးသည်။

"ကျောင်းရှေ့ထိ ငါလိုက်ပို့ပေးမှာပါ၊ မကြာပါဘူးကွ"

ကောင်းမြတ်က အိမ်ပြန်ချိန်တိုင်း မိုးပြာကို ကျောင်းရှေ့ထိ လိုက်ပို့ပေးသည့် တာဝန်အား ယူထားပါသည်။ နေ့တိုင်းပို့ပေးနေကျမို့ မိုးပြာကလည်း ဘာမှပြန်ငြင်းနေစရာ မလိုသည်မို့ ကောင်းမြတ်ရဲ့ ကားလေးပေါ်တက်လိုက်၏။

တန်ဖိုးက ထိုမြင်ကွင်းကို မျက်စိတစ်ဆုံး ကြည့်နေပြီးမှ ထွက်သွားတာကို မိုးပြာက လှမ်းမြင်လိုက်ရသေးသည်။ ဖြစ်ချင်တော့ ကျောင်းရှေ့တွင် ဖေဖေ့ကားလေးက အရင်လို ရှိမနေပါ။ ပတ်ဝန်းကျင်တွင် လှည့်ပတ်ရှာသော်လည်း အရိပ်အယောင်မျှပင် မမြင်ရပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်မလဲ မိုးပြာ"

ကောင်းမြတ်ကလည်း မပြန်သေးဘဲ သူမနှင့်တူတူ လိုက်ရှာပေးနေရင်းက မေးလိုက်ပါသည်။ မိုးပြာက လက်မှာနာရီလေးကို ကြည့်လိုက်ပါသည်။ ရောက်ရမည့်အချိန်ထက် နာရီဝက်ပင်နောက်ကျနေပြီ ဖြစ်သည်။

"အေး ငါလည်း ဘယ်လိုလုပ်ရမလဲ မသိတော့ပါဘူး"

"ငါ့ကားနဲ့ပဲ ပြန်လိုက်ပါလား။ နင့်အဖေက အလုပ်မှာ အရေးကြီးကိစ္စရှိလို့ ထွက်မရတာ ဖြစ်ပါလိမ့်မယ်"

ကောင်းမြတ်ပြောသလိုလည်း ဖြစ်နိုင်တာကြောင့် မိုးပြာလည်း ကောင်းမြတ်နဲ့ပဲ အိမ်ပြန်လာခဲ့ပါသည်။ မြို့ထဲရောက်တော့ ကောင်းမြတ်က ဆိုင်တစ်ဆိုင်ရှေ့တွင် ကားကိုရပ်လိုက်ပြီး

"ခဏဆင်းဦးလေ၊ ငါတို့ မုန့်စားကြရအောင်"

"ငါမစားချင်ဘူး ကောင်းမြတ်၊ အိမ်ပဲ ပြန်ချင်တယ်၊ အရမ်းပင်ပန်းနေပြီ"

"ခဏလေးပါဟာ၊ နင်ကလည်း"

နောက်ဆုံးတော့လည်း မိုးပြာကပဲ အားနာစွာနှင့် ဆင်းပေးလိုက်ရပါသည်။

"ဘာမှာမလဲ၊ ငါဒကာခံပါ့မယ်"





ငြင်းနေလည်း ပြီးတော့မှာ မဟုတ်သည့်မို့ မြန်မြန်ပြီး အေးရောဆိုသည့် သဘောနှင့် မိုးပြာက ရေခဲမုန့်တစ်ပွဲ မှာလိုက်ပါသည်။

"စာမေးပွဲတွေလည်း ပြီးပြီနော်၊ နင်ရော ငါ့ကို ဘယ်လိုသဘောရလဲ မိုးပြာ"

"နင်က ရေခဲမုန့်တစ်ပွဲကျွေးပြီး ရည်းစားစကား ပြောတာလား"

"ဟာ နင်ကလည်း ငါ့ကိုဆို ထင်ရက်လိုက်တာ၊ နင်က စာမေးပွဲရက်မှာ ဒါတွေ မစဉ်းစားနဲ့ဆိုလို့၊ ငါက ခုမှပြောရတာပါ၊ နင်အဲဒီလိုတော့ အထင်မလွဲပါနဲ့"

ကောင်းမြတ်စကားတွေက ဒီတစ်ခါတော့ တည်တည်တံ့တံ့ဖြစ်နေသည့်မို့ မိုးပြာက သက်ပြင်းလေးသာ ချလိုက်မိသည်။

"နင့်ကိုငါ ဘယ်လိုပြောပြရမလဲ မသိတော့ဘူး ကောင်းမြတ်ရယ်၊ ငါက ဘယ်ယောက်ျားလေးကိုမှ ခုချိန်ထိ စိတ်မဝင်စားနိုင်သေးဘူး၊ အဲဒီတော့ နင့်ကိုလည်း စိတ်မဝင်စားဘူး။ သူငယ်ချင်းလုပ်တာပဲ ကောင်းပါတယ်ဟာ"

သူမရဲ့ စကားတွေကို ကောင်းမြတ်က ခေါင်းတခါခါလုပ်နေပါသည်။

"မဟုတ်သေးဘူးဟာ၊ နင်လိမ်နေတာလို့ပဲ ငါထင်တယ်"

"ငါက ဘာကိစ္စ နင့်ကိုလိမ်ရမှာလဲ၊ ငါဘယ်သူ့ကိုမှ မလိမ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ဘာသာ ယောက်ျားတွေကို ကြိုက်လို့မရသေးလို့ မရသေးဘူး ပြောထ
ဘာဖြစ်လို့ လိမ်ရမှာလဲ''

မိုးပြာ အသံက နည်းနည်းတော့ ဒေါသစွက်သွားမှန်း ကော
မြတ်က သတိထားလိုက်မိပါသည်။

''အိုကေ အိုကေ၊ နင်ခုချိန်မှာ တကယ်ပဲ စိတ်မဝင်စားသေး
ဆိုရင်လည်း စိတ်ဝင်စားလာနိုင်မယ့် နေ့မှာ ငါ့ကိုဦးစားပေး ရွေးချယ
ပါ နော် မိုးပြာ''

မိုးပြာဒေါသထွက်သွားမှန်း သိတော့မှ ပြန်လျှော့ချသွားသော
ကောင်းမြတ်ကို သူမက မျက်စောင်းလေးထိုးကာ ကြည့်လိုက်ပြီး ရေခဲ
ကို ခပ်သွက်သွက် စားလိုက်ပါသည်။

''ပြန်ရအောင် ကောင်းမြတ်၊ ငါ့အိမ်က စိတ်ပူနေလောက်ပြ

''ပြန်ကြတာပေါ့''

သူမတို့ အိမ်ရှေ့ပြန်ရောက်သည်ထိ ကောင်းမြတ်က ဘာတ
လုံးမှ ထပ်မဟတော့ပါ။ မိုးပြာ အိမ်ပေါ်သို့ တက်သွားသည်ထိ သူ
ကြည့်နေလိမ့်မည်ဆိုတာက မိုးပြာက လှည့်မကြည့်တဲ့နှင့် အလိုလိုသိ
ပါသည်။

အိမ်ထဲသို့ ဝင်လိုက်သည်နှင့် အန်တီငယ်က အဆင်သင့် ပြ
ထားသော ထမင်းဝိုင်းတွင် တစ်ယောက်တည်း ထိုင်နေသည်ကို တွေ့





...က်ရသည်။

''ပြန်လာပြီလား မိုးပြာ၊ နောက်ကျလှချည်လား''

''ဖေဖေ လာမကြိုဘူး အန်တီငယ်၊ အဲဒါနဲ့ပဲ သူငယ်ချင်းတစ်
...ယောက် ကားနဲ့ပြန်လာတာပါ''

''အစ်ကို ဖုန်းဆက်လို့ အန်တီငယ် သိပြီးပါပြီ၊ အရေးပေါ်
...ခွဲစည်းအဝေးတစ်ခု လုပ်နေရလို့တဲ့လေ၊ ဒါပေမဲ့ မိုးပြာက တန်ဖိုးနဲ့
...ပြန်မလာဘဲ သူငယ်ချင်းတစ်ယောက်နဲ့ ပြန်လာတယ် ဟုတ်လား''

''တန်ဖိုးက သူငယ်ချင်းတွေနဲ့ ကျန်ခဲ့တယ် အန်တီငယ်၊ မိုးပြာ
... အရမ်းပင်ပန်းပြီး နားချင်နေလို့ အရင်ပြန်လာလိုက်တာပါ''

''ဒီကောင်လေးကတော့လေ တော်တော်ကို ထိန်းရခက်နေပြီ၊
...နေ့ ပြောစရာရှိပါတယ်လို့ ပြောထားတာကိုတောင် သူက နောက်ကျနေ
...သေးတယ်''

အန်တီငယ်က သူ့သားကို ဒေါသဖြစ်နေပုံ ရပါသည်။ မျက်နှာ
...ပင် တော်တော်လေး ရှုံ့မဲ့နေ၏။

''ဖေဖေလည်း ရောက်မှမရောက်သေးတာ အန်တီငယ်ရယ်၊
...အရေးကြီးတဲ့ စကားဆိုရင်လည်း လူစုံတဲ့ ညဘက်ကျမှ ပြောတာ
...ကောင်းပါတယ်၊ ခု မိုးပြာလည်း ဗိုက်ဆာပြီ၊ စားတော့မယ်နော်''

မိုးပြာက အဝတ်အစားပင် မလဲနိုင်တော့ဘဲ ထမင်းဝိုင်းတွင်



www.burmeseclassic.com

ဝင်ထိုင်ပြီး အားပါးတရ စားပစ်လိုက်သည်။ ထို့နောက်တော့ ရေမိုးချိုးကာ အိပ်ရာထက် ပစ်လှဲချလိုက်မှပင် လူက တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားသလို ခံစားရတော့၏။

ညနေလေးနာရီလောက်တွင် ဖေဖေ ပြန်ရောက်လာပါသည်။ ထို့နောက် တံခါးစေ့ရုံသာ စေ့ထားသည့် သူမ အခန်းထဲသို့ ဝင်လာပြီး

"သမီးလေး အိပ်ပျော်နေလား"

"မအိပ်ပါဘူး ဖေဖေ"

လှဲနေရာက ထလိုက်ပြီး မိုးပြာက ပြန်ဖြေလိုက်ပါသည်။ ဖေဖေက သူမ ခေါင်းလေးကို အသာပွတ်ပေးလိုက်ရင်း

"ဖြေနိုင်တယ် မဟုတ်လား သမီး"

"အရင်နေ့တွေလောက်တော့ မဖြေနိုင်ဘူး ဖေဖေ၊ ဒါပေမဲ့ အောင်တော့အောင်မှာပါ"

ဖေဖေက ပြုံးပြုံးလေးနှင့် ကြည့်နေပါသည်။

"ပြန်လာတာရော အဆင်ပြေရဲ့လား။ ရုံးမှာကိစ္စ တစ်ခုပေါ်လာလို့ ရှယ်ယာရှင်တွေ အားလုံးလှမ်းခေါ်ပြီး အစည်းအဝေး လုပ်လိုက်ရတယ်လေ"

"အန်တီငယ်ပြောပါတယ်၊ မိုးပြာကတော့ ဟိုသူငယ်ချင်းကားနဲ့ပဲ ပြန်လာလိုက်တယ်"





"သမီးကို ကျောင်းရှေ့ထိ လိုက်ပို့ပေးတတ်တဲ့ ကောင်လေးရဲ့ ကားနဲ့လား"

မိုးပြာက ခေါင်းညိတ်ပြလိုက်တော့ ဖေဖေက မျက်ခုံးများတွန့်သွားသည်ထိ မျက်နှာရှုံ့ရင်း သူမကို ကြည့်လိုက်ပါသည်။

"သမီးနဲ့ အဲဒီကောင်လေးက ဘာတွေလဲ"

"သူငယ်ချင်းပါပဲ ဖေဖေ၊ ဘာမှ မဟုတ်ပါဘူး၊ သမီးသူ့ကို စိတ်ဝင်စားလို့ကို မရတာပါ"

"အင်း ဖေဖေ လိုချင်တာလည်း အဲဒီအဖြေပဲ သမီး၊ ဒီနေ့ သမီးနဲ့တန်ဖိုးကို အရေးကြီးတာ တစ်ခုပြောစရာရှိတယ်၊ တန်ဖိုးရော သူ့အခန်းထဲမှာလား"

"သူ ပြန်မရောက်လောက်သေးဘူး ဖေဖေ"

မိုးပြာက နာရီကို တစ်ချက်လှည့်ကြည့်ကာ ပြောလိုက်ပါသည်။ ခုလောက်မှ နှင်းဆီနက်က စာမေးပွဲခန်းထဲမှ ထွက်မှာဆိုတော့ တန်ဖိုးလည်း ပြန်မရောက်သေးမှာ ကျိန်းသေ၏။

"သူ့ဘော်ဒါတွေနဲ့ စားကြသောက်ကြမယ်တဲ့"

"ဒီကောင်လေးတော့လေ၊ လူကြီးတွေက အရေးကြီးတာ ပြောဖို့ စောင့်ထားပါတယ်ဆိုမှပဲ"

"ညကျရင်တော့ သူပြန်လာမှာပေါ့ ဖေဖေရယ်၊ အဲဒီတော့မှပဲ

အေးအေးဆေးဆေး ပြောကြတာပေါ့"

မိုးပြာရယ် ဖေဖေရယ် အန်တီငယ်ရယ် ညစာစားသောက်ပြီးစီးချိန်မှာမှ တန်ဖိုးက ပြန်ရောက်လာပါသည်။ ထမင်းစားနေကျစဉ်မို့ အန်တီငယ်က တန်ဖိုးကို ဘာမှလှမ်းမပြောပေမယ့် မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်လိုက်တာကိုတော့ မိုးပြာက မြင်မြင်အောင် မြင်လိုက်ပါသေးသည်။

သူမက ထမင်းကို မြန်မြန်လက်စသတ် စားလိုက်ကာ တန်ဖိုးအခန်းထဲသို့ ဝင်လိုက်သွားသည်။ တန်ဖိုးက အိပ်ရာပေါ်တွင် ပက်လက်ကြီး ခြေပစ်လက်ပစ် အိပ်နေတာ တွေ့လိုက်ရ၏။

"ဟဲ့ နင်က ဘယ်တွေသွားနေလို့ ဒီအချိန်မှ ပြန်လာရတာလဲ"

"ငါတို့ စိမ်းလန်းစိုပြည် သွားကြသေးတယ်"

တန်ဖိုးနားတွင် ကပ်ကာထိုင်နေသော မိုးပြာရဲ့ နှာခေါင်းထဲတွင် အနံ့တစ်ခု လာရိုက်ခတ်သောကြောင့် သူမက နှာခေါင်းကို ရှုံ့လိုက်မိပြီး

"တန်ဖိုး နင်ဘာတွေလုပ်လာသလဲ ပြောစမ်း"

"ငါ ဘီယာနည်းနည်းသောက်ခဲ့တယ်"

"ဩော် တော်တော် အတင့်ရဲနေတယ်ပေါ့လေ၊ အိမ်ကိုလည်း ဒီအချိန်မှ ပြန်လာသေးတယ်၊ ပြီးတော့ ဘီယာလေးတောင် သောက်လာလိုက်သေးတယ် ဟုတ်လား"

မိုးပြာက လူကြီးတစ်ယောက်လို တဖျစ်တောက်တောက် ပြော





လိုက်ပါသည်။ ထို့ကြောင့်ပင် တန်ဖိုးက လှဲနေရာမှ ဝုန်းခနဲထထိုင်လိုက်ပြီး

"နင့်ကိုလေ ဒါကြောင့် ငါ့ကိစ္စတွေမှာ ဝင်မပါခိုင်းတာသိလား။ နေရာတကာ ဆရာကြီး သိပ်လုပ်ချင်တယ်၊ ကြည့်လို့ကို မရဘူး"

"ဟဲ့ ငါကလည်း ဆရာကြီးလုပ်ချင်လွန်းလို့ လုပ်နေတာ မဟုတ်ဘူး။ နင့်ကို စိုးရိမ်လို့ ပြောနေတာ၊ နင်က တကယ့်ကို ကျွဲပါးစောင်းတီးနားကိုပလာတာ ကျွေးရေသလိုပဲ"

"နင် မိုက်ရိုက်လှချည်လား။ နင့်ထက်အကြီးကို ဒီလိုပဲ ပြောရလား"

"ဘာလဲ လေးရက်ကြီးတာကို ပြောချင်တာလား။ တော်စမ်းပါဟာ၊ နင်က ငါ့ထက်အကြီးဆိုရင်လည်း အကြီးလိုနေပြပေါ့၊ နင် ငါ့ရှေ့မှာ လုပ်နေပုံတွေက အကြီးနဲ့ မတူဘဲ ငါကလည်း ဘယ်လေးစားနိုင်ပါ့မလဲ"

"နင်ပြောလေ ကဲလေပါလား မိုးပြာ၊ ငါက နင့်ရှေ့မှာ ဘာတွေများ လုပ်နေလို့လဲ၊ ပြောစမ်းပါဦး"

"ဘာလုပ်ရမလဲ၊ မိန်းမတစ်ယောက်အတွက်နဲ့ ဖြစ်နေပျက်နေလိုက်တာများ မပြောလိုက်ချင်ဘူး။ ငါသာ နင့်ကောင်မလေးနေရာမှာဆိုရင် အဲဒီလောက်ထိ အောက်ကျခံပြီး ယောကျ်ားမာန တစ်ပြားမှမရှိတဲ့ကောင်ကို ကြိုက်မနေတော့ဘူး သိလား"

"နင် နင်နော် တော်တော်ကို လူပါးဝပါလား၊ ပြောနေပုံတွေကို

www.burmeseclassic.com



ကြည့်ဦး။ နင့်မှာ ငါ့ကိုဆုံးမပိုင်ခွင့် မရှိဘူးဆိုတာ နင်မြဲမြဲမှတ်ထားလိုက်

တန်ဖိုးကလည်း ခေါင်းထဲတွင် နည်းနည်းရီဝေနေသောကြော

အော်ပစ်လိုက်မိသည့် အသံက တော်တော်လေး ကျယ်သွားပါသည်

ထို့ကြောင့်ပင် အခန်းထဲသို့ ဖေဖေရော အန်တီငယ်ပါ အပြေးအလွှာ

ရောက်လာပြီး

"ဘာဖြစ်နေကြတာလဲ၊ ဘာဖြစ်နေတယ်ဆိုတာ ပြောစမ်း"

ဦးမိုးရင့်ရဲ့ ဟိန်းထွက်လာသော အသံကြောင့် တန်ဖိုး

တစ်ကိုယ်လုံး တုန်တက်သွားပြီး ရီဝေဝေဖြစ်နေတာပင် ဘယ်နားလွင့်သွာ

မှန်း မသိတော့ပါ။ မိုးပြာကလည်း ခုတင်ပေါ်တွင် ထိုင်လျက်က

ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေမိသည်။

"နှစ်ယောက်လုံး ညှော်ခန်းထဲကို ထွက်လာခဲ့ကြ"

ဦးမိုးရင့်ကိုတော့ နှစ်ယောက်လုံး ကြောက်ရသည့်မို့ ဘာမှပြ

ပြောနိုင်ဘဲ လိုက်ထွက်ခဲ့ရသည်။ ဖေဖေနှင့် အန်တီငယ်က ကုလားထိုင်

ပေါ်တွင် ထိုင်လိုက်ကြပြီး မိုးပြာတို့နှစ်ယောက်ကတော့ ဖေဖေတို့ရှေ့တွ

ခေါင်းငုံ့လျက် ရပ်နေမိသည်။

"မင်းတို့နှစ်ယောက်ရဲ့ အသက်တွေကလည်း မငယ်တော့ဘူ

ဒါကိုတောင် ခုချိန်ထိ တစ်ယောက်တစ်ခွန်းနဲ့ ရန်ဖြစ်နေကြတုန်းလား"

ဖေဖေ့မျက်နှာက ဒေါသကြောင့် နီမြန်းနေကာ အသံကလည်





စိတ်တိုခြင်း အငွေ့အသက်တွေ အပြည့်အဝလွှမ်းခြုံထားပါသည်။

"သားကို မိုးပြာက စိတ်တိုအောင် လာ လာပြောလို့ပါ လေး၊

လေး"

"အောင်မာ အဲဒီလို စိတ်တိုအောင် ပြောရတာလည်း နင့်လုပ်

ရပ်တွေက အချိုးမပြေလို့လေ"

"နှစ်ယောက်စလုံး တော်ကြစမ်း"

ဖေဖေ့ရှေ့မှာတောင် တစ်ယောက်တစ်ခွန်း ပြောလိုက်မိသော

မိုးပြာတို့အသံကို ဖေဖေရဲ့ ဒေါသသံက လွှမ်းမိုးလိုက်ပါသည်။

"မင်းတို့ကို ခုပဲပြောနေတယ်၊ ခုပဲ ထပ်ရန်ဖြစ်ကြတယ်၊ မင်းတို့

နှစ်ယောက်က ငါ့ကို မခန့်လေးစား လုပ်တာလား"

နှစ်ယောက်လုံး ပြန်ငြိမ်သက်သွားရပြန်သည်။ ထိုအခါမှ ဖေဖေ

က လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်း

"မင်းတို့ကို ငါနဲ့ညီမလေးက ဒီနေ့အရေးကြီးတာ ပြောစရာ

ရှိတယ်လို့ ပြောခဲ့တယ်နော်၊ အဲဒါကိုလည်း မင်းတို့အလေးမထားဘူး"

"မိုးပြာ မပါပါဘူး ဖေဖေ"

"တော် နှစ်ယောက်လုံး တူတူပဲ၊ ညစာစားပြီးရင် ပြောမယ်ဆို

တာကို မလေးမစားနဲ့ အော်ကြီးဟစ်ကျယ်လုပ်ပြီး ရန်တောင်ဖြစ်နေကြ

ကြသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးပြာမှာ တန်ဖိုးကို ငဲ့စောင်းကြည့်ပြီး မျက်စောင်းထိုးလိုက်[...] ပြောပါသည်။
သည်။ သူကလည်း ပြုံးပြီး နှုတ်ခမ်းကို မဲ့ပြပါသည်။

''ခု ဖေဖေတို့ ပြောမယ့်စကားကို မင်းတို့နှစ်ယောက်လုံး [...]
ချာနားထောင်ပါ၊ ခုပြောစကားက မင်းတို့ဘဝနဲ့ ပတ်သက်နေတာ[...]
အထူးသဖြင့် တန်ဖိုးပေါ့''

ဖေဖေ့စကားကြောင့် တန်ဖိုးမျက်နှာက မှောလာပါသည်။ [...]
လည်း မတော်တော်စိတ်ဝင်စားပုံ ရ၏။

''မင်းတို့အားလုံး အရွယ်ရောက်လို့ ကျောင်းတွေ ဘာ[...]
ပြီးတဲ့အချိန်ကျမှ ဒီကိစ္စကို ပြောပြမယ်ဆိုပြီး တို့နှစ်ယောက် တိုင်ပင်[...]
တယ်၊ ခုတော့ ငါတို့ပြောသင့်တဲ့ အချိန်ရောက်ပြီလို့ ထင်တယ်၊ [...]
ကြောင့် မင်းတို့နှစ်ယောက်လုံးကို ကြိုပြီးချိန်းထားခဲ့တာပဲ''

ဖေဖေ့လေသံက တကယ့်ကို လေးနက်နေပါသည်။ ခုပြော[...]
အကြောင်းအရာသည်လည်း တော်တော်ကို အရေးကြီးသည့် ကိစ္စမျိုး[...]
ဖြစ်လိမ့်မည်မှန်း မိုးပြာရော တန်ဖိုးပါ နားလည်လိုက်ပါသည်။

''ဖေဖေပြောမှာကို မင်းတို့နှစ်ယောက်လုံး သေချာနားထော[...]
ပေးပါ''

ဖေဖေက သူမတို့နှစ်ယောက်လုံးကို မျက်လုံးနှင့် တစ်ချက်[...]
ကြည့်လိုက်ပြီး ငြိမ်သက်စွာ နားထောင်နေမှန်း သေချာတော့မှ သူ့[...]ပါသည်။

''တကယ်တော့ ဖေဖေနဲ့ ညီမလေးဟာ မောင်နှမအရင်းတွေ
[...]ဟုတ်ခဲ့ကြပါဘူး''

''ရှင်''

အံ့သြလွန်းသောကြောင့် မိုးပြာမှာ အာမေဋိတ်သံလေးပင် ကျယ်
[...]လောင်စွာ ထွက်သွားရသည်။ တန်ဖိုးကတော့ မျက်လုံးကြီးများ ပြူး
[...]ကျယ်လျက်နှင့် ဖေဖေတို့ကို ကြည့်နေပါသည်။

သူမတို့ နှစ်ယောက်အတွက် တကယ့်ကို အကြီးမားဆုံးသော
[...]ပြောင်းအလဲကြီးပါပဲ။ လုံးဝမျှော်လင့်မထားခဲ့တာတော့ အမှန်ပဲ ဖြစ်
[...]သည်။ ဒီလိုအဖြစ်ဆိုတာ အိပ်မက်ထဲမှာတောင် ယောင်လို့ မမက်ခဲ့ဘူး

''မင်းတို့သိပ်ကို အံ့သြသွားမယ်ဆိုတာ ဖေဖေတို့လည်း
[...]တယ်၊ ဒါပေမဲ့ တစ်နေ့နေ့မှာတော့ ဒီကိစ္စတွေက ပြောကို ပြောရမှာပဲ
[...]ချောင်လွှဲပစ်လိုက်လို့ ရတာမှ မဟုတ်တာ''

''ဟုတ်ရဲ့လား လေးလေးရယ်''

တကယ်ပဲ အဖြစ်မှန်တွေမို့လို့သာ လူကြီးတွေက ပြောပြခြင်း
[...] နားလည်ပေမယ့် တန်ဖိုးက မယုံကြည်နိုင်စွာပင် ပြန်မေး



www.burmeseclassic.com

www.burmeseclassic.com





"အသေချာပဲ တန်ဖိုး၊ မင်းမေမေ မိသားစုနဲ့ လေးလေးတို့

မိသားစုက သိပ်ကိုရင်းနှီးခဲ့ကြတာပေါ့၊ ဒါပေမဲ့ တစ်နေ့မှာ ငယ့်မိဘတွေ

ဟာ အလုပ်ကိစ္စတစ်ခုကြောင့် နယ်ကိုခရီးထွက်ကြတယ်၊ ငယ့်ရဲ့ တစ်ဦး

တည်းသော အစ်ကို လည်းပါတာပေါ့လေ၊ ငယ်ကတော့ သိပ်ငယ်သေး

တယ်ဆိုပြီး လေးလေး တို့ဆီမှာ အပ်ထားခဲ့ကြတယ်လေ၊ ကြမ္မာငင်ချင်

တော့ နတ်တလင်းဘက်မှာ ကားမှောက်ပြီး ပွဲချင်းပြီး ဆုံးခဲ့ကြတယ်

အဲဒီမှာတင် တစ်ယောက်တည်းကျန်ခဲ့တဲ့ ငယ့်ကို လေးလေး မိဘတွေက

မွေးစားခဲ့ကြတယ်လေ"

ဖေဖေ့စကားများကို အန်တီငယ်ကလည်း ခေါင်းတညိတ်ညိတ်

နှင့် နားထောင်နေပါသည်။ မျက်လုံးများမှာလည်း မျက်ရည်စတို့ ဝဲတက်

နေကြသေး၏။ တန်ဖိုးနှင့်မိုးပြာမှာလည်း တအံ့တဩ ပါးစပ်အဟောင်း

သားနှင့် နားထောင်နေကြရပါသည်။

ဘယ်လိုမှကို ထင်မှတ်မထားသော စကားတွေပါပဲ။ ဝတ္ထုတစ်

ပုဒ်ကို နားထောင်နေရတာနှင့်တောင် တူနေပါသေးသည်။

"တကယ်အရေးကြီးတဲ့ စကားကို ခုမှပြောမှာ"

ဒါကိုတော့ ဒေါ်သဇင်ငယ်က ဝင်ပြောလိုက်ခြင်း ဖြစ်ပါသည်။

သူမတို့ နှစ်ယောက်လုံးမှာလည်း ပိုလို့တောင် အံ့အားသင့်သွား

ရပါသည်။ ခုလောက်ထိ အံ့ဩတကြီး ကိစ္စတစ်ခုလုံး ပြောပြီးသွားတာ





တောင် တကယ့်အရေးကြီးတဲ့ ကိစ္စက ခုမှပြောမှာဆိုတော့ ဘာတွေများ

ထွေထွေဆန်းပြား ကြားရဦးမလဲ မခန့်မှန်းနိုင်တော့ပါ။

"မင်းတို့သေချာ နားထောင်နော်"

"ဟုတ်"

ခုလိုကြတော့လည်း သူမရော တန်ဖိုးပါ လေသံက တညီ

တညွတ်တည်း ရှိနေကြပါသည်။

"ငါနဲ့ငယ်နဲ့က မောင်နှမအရင်းတွေ မဟုတ်တဲ့အတွက်ကြောင့်

မင်းတို့နှစ်ယောက်ကလည်း မောင်နှမတွေ မဟုတ်ကြတော့ဘူးဆိုတာ

ကော့ စဉ်းစားမိကြမှာပေါ့နော်"

နှစ်ယောက်သားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်

ပြီး ခေါင်းညိတ်ပြလိုက်ကြပါသည်။

ဒါကြောင့်လည်း မိုးပြာနဲ့တည့်ကို မတည့်တာလို့ တန်ဖိုးကတော့

တွေးနေမိပါသည်။ မိုးပြာမှာတော့ တစ်သက်လုံး ကိုယ့်အစ်ကိုဆိုပြီး

ချစ်ခင်လာခဲ့ရသည့်သူက သွေးသားမတော်စပ်သော သူစိမ်းယောက်ျား

တစ်ယောက်ဖြစ်နေမှန်း သိလိုက်ရသည့်အတွက် ရင်ထဲမှာ အီလည်လည်

ကြီး ဖြစ်သွားရပါသည်။

"ဒါပေမဲ့ မင်းတို့သိထားရမှာက ငါနဲ့ငယ်နဲ့ဟာ တကယ့်သွေး

သားတွေလို သံယောဇဉ်မျိုး ရှိကြတယ်ဆိုတာပဲ၊ မောင်နှမအရင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



တောင် ငါတို့လောက် တစ်ယောက်အပေါ် တစ်ယောက် ကောင်းနိုင်ကြမှာ မဟုတ်ဘူးလေ''

မိုးပြာခေါင်းထဲမှာ အတွေးတစ်ခုက လက်ခနဲ ဝင်ရောက်လာပါသည်။ ဖေဖေနဲ့ အန်တီငယ်နဲ့က သွေးသားမတော်စပ်ကြဘူးဆိုတော့ သူတို့နှစ်ယောက် တစ်ခုခုများ လုပ်ကြမလို့လား။ နှစ်ယောက်လုံးကလည်း တစ်ယောက်စီ နေလာခဲ့ကြတာ ကြာပြီလေ။

သူတို့ သူတို့ ...။

မိုးပြာမှာ ကိုယ့်အတွေးနှင့်ကိုယ် လန့်ဖျပ်သွားမိပြီး တန်ဖိုးကို လှမ်းကြည့်မိသည်။ တန်ဖိုးကလည်း သူမကို မျက်လုံးကြီးများပြူးပြီး ထိတ်လန့်တကြား ကြည့်နေတာနှင့် တိုးသောကြောင့် နှစ်ယောက်လုံး ခေါင်းကိုပြိုင်တူ ခါလိုက်မိသည်။

တန်ဖိုးသည်လည်း မိုးပြာလိုပဲ တွေးမိပုံပေါ်ပါသည်။

မဖြစ်နိုင်ပါဘူး။ အန်တီငယ်နဲ့ ဖေဖေတို့ နှစ်ယောက်ကို မိုးပြာတို့က ဘယ်လိုမှ သဘောမတူနိုင်ပါဘူး။

''အဲဒီလိုတော့ မလုပ်လိုက်ကြပါနဲ့ နော်''

''ဟုတ်ပါတယ်ဗျာ''

''ဟေ ဘာကိုပြောတာလဲ''

မိုးပြာနှင့်တန်ဖိုးက ထိတ်လန့်တကြားဖြစ်နေသော မျက်နှာမွဲ





လေးများနှင့် ပြောလိုက်ခြင်းကို ဖေဖေက မျက်ခုံးကြီးများ ပင့်တက်သွားချက်က ပြန်မေးလိုက်ပါသည်။

''လေးလေးတို့ ဖြစ်ချင်နေတဲ့ ဆန္ဒတွေကို ဦးစားမပေးလိုက်ကြပါနဲ့ဗျာ နော် မေမေ''

တန်ဖိုးမှာ ဦးမိုးရင့်တစ်လှည့် သူ့အမေကို တစ်လှည့် ကြည့်နေးက ပြောလိုက်ပါသည်။ ထိုအခါမှာတော့ ဒေါ်သဇင်ငယ်ပင် မျက်လုံးပြူးသွား ရပါတော့သည်။

''ဟဲ့ ဒီကလေးနှစ်ယောက် ဘာတွေပြောနေကြတာတုန်း၊ ငါတို့ လူကြီးတွေတာ ဘာလုပ်မှာမို့လဲ၊ ဒီလောက်တောင် မျက်နှာငယ်လေးတွေနဲ့ ပြောနေကြတာ''

''ဖေဖေတို့က မိုးပြာနဲ့တန်ဖိုးဆီကနေ သဘောတူတာကို လိုချင်တာ မဟုတ်လား''

''ဟေ ဖြစ်မှဖြစ်ရလေ မိုးပြာရယ်''

ဦးမိုးရင့်မှာ ရယ်ရခက် ငိုရခက်နှင့် ဘာပြောလို့ပြောရမှန်းမသိဖြစ်သွားပုံပါပဲ။

''လေးလေးရယ် စဉ်းစားပါဦးနော်၊ မဖြစ်သင့်ဘူး ထင်လို့ပါ''

''ဟဲ့ သား ဘာတွေပြောနေတာလဲ၊ တော်စမ်း၊ လူကြီးတွေကို'' အန်တီငယ်ကလည်း တန်ဖိုးကို ဟန့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ပေါက်တတ်ကရတွေ ထင်ပြီး ပြောချင်တာ ပြောနေကြတာကို ရပ်လိုက်စမ်း၊ လူကြီးတွေစကားကို ဆုံးအောင်နားထောင်"

ဖေဖေက ခပ်တည်တည်နှင့် ဟောက်လိုက်မှပင် နှစ်ယောက်လုံး မျက်နှာရှုပ်ပုပ်ဖြစ်ပြီး ပြန်လည်ငြိမ်သက်သွားရပါသည်။

"ငါတို့က မင်းတို့နှစ်ယောက်ကို လက်ထပ်ပေးဖို့ စီစဉ်ထားကြတယ်"

"ရှင်"

ဒီတစ်ခါတော့ ကမ္ဘာမြေကြီးပင် ပေါက်ကွဲလွင့်စင်ကုန်ပြီဟု ထင်လိုက်ပါတော့သည်။ မိုးပြာမှာ ဘယ်လိုမှ မတွေးတော မထင်မှတ် မမျှော်လင့်ထားသည့်ကိစ္စကို ကြားလိုက်ရသည်မို့ ကြမ်းပြင်ပေါ်သို့ပင် ဘုန်းခနဲ ဖင်ထိုင်လျက် ပစ်လဲကျသွား၏။ တန့်ဖိုးမှာတော့ ပါးစပ်အဟောင်းသားနှင့် ကျောက်ရုပ်ဖြစ်သွားပါပြီ။

"အဲဒါကြောင့် မင်းတို့နှစ်ယောက်ကို ငါတို့က သင့်မြတ်စေချင်တာ၊ မင်းတို့ကတော့ မဟုတ်ပါဘူး။ တစ်ချိန်လုံး ရန်ဖြစ်နေကြတာချည်းပဲ ဟု ငါပြောတာ ကြားကြလား"

တစ်ယောက်က ဖင်ထိုင်လျက်လဲကျလျက် ကျန်တစ်ယောက်ကလည်း မတ်တပ်ရပ်လျက် အရုပ်တွေလို ငြိမ်သက်ကုန်ကြသော သမီးနဲ့တူကို ကြည့်ပြီး ဦးမိုးရင့် စိတ်တိုလာဟန် ရှိပါသည်။ အစွမ်းကုန်





...အော်ဟစ်လိုက်၏။

သို့သော် မိုးပြာတို့နှစ်ယောက်ကလည်း တကယ့်ကို စိတ်နဲ့ကိုယ် ...င်းကွာနေပါပြီ။ ဘယ်လိုမှ လက်မခံချင် မကြားချင်ကြတော့သည့် ...ားတွေမဟုတ်လား။

"အဲဒီနှစ်ယောက် ဘာဖြစ်သွားတယ်ဆိုတာ ကြည့်စမ်းပါဦး ...သ်ရဲ"

ဦးမိုးရင့်ရဲ့ အထိတ်တလန့်အသံကြောင့် ဒေါ်သဖင်မှာလည်း ...န့်ဖိုးနားသို့ ချက်ချင်း ရောက်သွားပြီး

"သား တန့်ဖိုး ဘာဖြစ်တာလဲ၊ မိုးပြာ အန်တီငယ်ပြောတာ ...ကြားလား"

သူမတို့နှစ်ယောက်ကို ကိုင်လှုပ်ရင်း အန်တီငယ်က မေးလိုက် ...တော့မှ နှစ်ယောက်သားလုံး ဘာမှမဖြစ်ဘူးဆိုသည့် သဘောနှင့် လက် ...ာပြလိုက်ပြီး တန့်ဖိုးကလည်း သူ့အခန်းထဲသို့ သူဝင်သွားကာ မိုးပြာ ...လည်း ကိုယ့်အခန်းဘက် ထွက်လာခဲ့မိသည်။

လမ်းလျှောက်ရတာတောင် အိပ်မက်ထဲမှာ လျှောက်နေရသလို ...ပါး အိပ်ရာထဲရောက်သည့်ထိတိုင် ဘာကိုမှ မယုံကြည်နိုင်သေးဘဲ ...ဖြစ်နေမိ၏။

ဘယ်လိုမှ မဖြစ်နိုင်တာကြီးပါ။ တွေးကြည့်တာနဲ့တင် ကြက်သီး



www.burmeseclassic.com

www.burmeseclassic.com



ထမိလောက်သည်ထိ ထိတ်လန့်စရာ ကိစ္စကြီးသာ ဖြစ်သည်။ ဘယ်လိုမှ လည်း လက်မခံနိုင်ပါ။

အို မဟုတ်သေးပါဘူး။ ဒါဟာ အိပ်မက်တစ်ခုသာ ဖြစ်မှာပါ။ ဟုတ်တယ် အိပ်မက်တစ်ခုပါ၊ အိပ်မက်ကနိုးလာရင် မိုးပြာနဲ့ တန်ဖိုးက လည်း အရင်လိုရန်ဖြစ်လိုက် ပြန်တည့်လိုက်ဖြစ်တတ်ကြသည့် မောင်နှမ တွေ ပြန်ဖြစ်သွားမှာပါ။

အားလုံးဟာ အရင်လိုပဲ သူ့နေရာနဲ့သူ ရှိနေကြမှာပါ။ ဒါဟာ အိပ်မက်တစ်ခုသာ ဖြစ်ပါသည်လေ။

■ ■ ■

## အခန်း (၆)

"နင်ဘယ်လိုလုပ်မလဲ မိုးပြာ"

မနက်နေထွက်သည်နှင့် သူမသည် ထူးဆန်းစွာပင် အိပ်ရာက နိုးလာခဲ့ပါသည်။ ဒီလိုဆို ညဘက်မက်ခဲ့သည့် အိပ်မက်လည်း ပြီးဆုံးသွား လောက်ပြီလို့ သူမ တွေးထင်မိခဲ့လေသည်။

ညက တော်တော်လေး စိတ်မွန်းကျပ်ခဲ့သည့်အတွက် မနက်စော စောလည်း နိုးနေသောကြောင့် မိုးပြာက လမ်းလျှောက်ထွက်ရန် အားက စားဘောင်းဘီလေးနှင့် တီရှပ်ပွပွတစ်ထည်ကို လဲလှယ်ဝတ်ဆင်ပြီး အခန်းထဲမှာ ထွက်လိုက်စဉ်မှာပဲ ဟိုဘက်ခန်းမှ ထွက်လာသော တန်ဖိုးနှင့် တည့်တည့်တိုးခြင်း ဖြစ်သည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာပြောရမလဲလို့ပြောရ



www.burmeseclassic.com

မှန်း မသိဖြစ်နေမိကြသည်။ ဒါဆိုရင် ညာကကိစ္စဟာ သူမ ဖြစ်စေချင်ခဲ့ လို အိပ်မက်တစ်ခု မဟုတ်ခဲ့ဘူးပေါ့။

တစ်ယောက်ကိုတစ်ယောက် ဘာမှမပြောဖြစ်ကြဘဲနှင့် အေ ချင်းယှဉ်လျက် လမ်းလျှောက်နေကြသော သူတို့နှစ်ယောက်သည် တကေ ကို လက်တွေ့ဘဝနှင့် ကင်းကွာနေပါသည်။ အိပ်မက်ယောင်ပြီး စိတ်ကူ ထဲမှာ လမ်းလျှောက်နေကြခြင်းနှင့်ပင် တူနေပါသေးသည်။

"နင်ဘယ်လိုလုပ်မလဲ မိုးပြာ"လို့ တန်ဖိုးက မေးလိုက်တော့ သူမသည်လည်း လက်ရှိအခြေအနေကို အာရုံပြန်ဝင်လာတော့သည်

"ငါဘာလုပ်ရမလဲ တန်ဖိုး။ နင်ရော ဘာလုပ်မှာလဲ"

သူကျတော့ ဘာမှမစဉ်းစားရသေးဟန်နှင့် ခေါင်းကိုခါပါသည်

"ငါ မသိဘူး မိုးပြာ"

"အေးလေ ဒါဆို ဘာလို့ လာမေးနေသေးလဲ၊ နင်တော မစဉ်းစားနိုင်သေးတာ ငါလည်း ဘယ်စဉ်းစားတတ်ပါဦးမလဲ"

တန်ဖိုးက သက်ပြင်းချလိုက်ပါသည်။ သစ်ပင်ကြီးတစ် အောက်ရှိ အုတ်ခုံလေးတွင် နှစ်ယောက်သား ထိုင်ချလိုက်ရင်း ခုချိန် ဖေဖေတို့ပြောသွားသော ကိစ္စကြီးကို ယုံရခက် ဖြစ်နေမိကြသည်။

"ငါတို့နှစ်ယောက်ပေါင်းပြီး စဉ်းစားကြတာပေါ့"

"အင်း လုပ်လေ၊ အဲဒါက ပိုကောင်းမှာပေါ့"





တစ်နာရီကျော်ကျော်ကြာသည်ထိ နှစ်ယောက်သားလုံး ငြိမ်သက် စွာ စဉ်းစားကြပါသော်လည်း ရေရေရာရာ အဖြေမျိုးတွေ ထွက်မလာခဲ့ပါ။

"မသိတော့ဘူးဟာ၊ ငါတော့ရှုပ်ချင်လာပြီ ဒီလောက် ဝေဝါးဆန် တဲ့အဖြစ်မျိုးက ငါတို့မှာမှ လာဖြစ်ရတယ်လို့ဟာ၊ အဓိပ္ပါယ် မရှိလိုက်တာ"

"ဟုတ်တယ်၊ လုံးဝ အဓိပ္ပါယ်မရှိဘူး"

ဒီတစ်ခါတော့ မိုးပြာတို့နှစ်ယောက်ရဲ့ သဘောထားတွေက ငြင်း ခုံရန်ဖြစ်နေစရာ မလိုဘဲ အလိုလို တူညီနေကြပါသည်။

"ဘယ်လိုမှ မဖြစ်နိုင်တာကြီးဟာ၊ တမင်သက်သက်များ လုပ်ကြံ ဖန်တီးထားသလားတောင် မှတ်ရတယ်"

"လူကြီးတွေကတော့ ငါ့တို့ကို အဲဒီလိုမလုပ်လောက်ပါဘူး"

"လူကြီးတွေ ဖြစ်နေလို့ပေါ့ဟာ"

တန်ဖိုးကလည်း ကြိတ်မနိုင် ခဲမရ ပြောလိုက်ပါသည်။

"ပြီးတော့ ဒီကိစ္စကိုသာ ဘလက်ခ်သိသွားရင် သူလည်း ဘယ် လိုမှ လက်ခံနိုင်မှာ မဟုတ်ဘူး"

"အရေးထဲမှ နင်က တမျောင့်"

စိတ်ရှုပ်ရသည့်အထဲ အဲဒီနာမည်ကြားရတာက မိုးပြာရဲ့စိတ်ကို မိုလို့တောင် ရှုပ်ထွေးသွားစေပါသည်။

"ရှက်ဖို့လည်း ကောင်းတယ်နော်၊ ငါတို့ကိုသာ ပေးစားလိုက်ရင်

www.burmeseclassic.com



အများအမြင်မှာလည်း ရှက်စရာကြီး''

''တော်ပါဟယ်၊ အဲဒီပေးစားတယ်ဆိုတာကို ထည့်မပြောစမ်း

နဲ့၊ ကြက်သီးထလွန်းလို့''

တန်ဖိုးက ကိုယ်ကိုကျုံ့လိုက်ပြီး မျက်နှာရှုံ့မဲ့လျက် ပြောပါသည်

''နင်ကများ ဖြစ်ရတယ်လို့၊ ငါ့အတွက်လည်း ကြက်သီးထ

ထားပါဦး။ ငါကမှ ဝါကယ့်ကို အပျိုစင်နုနုထွတ်ထွတ်လေး''

''အောင်မာ နင်က အပျိုစင်နုနုထွတ်ထွတ်ဆိုတော့ ငါ

အိုနာရွတ်တွနေလို့လား''

''ဘယ်ပြောလို့ရမလဲ၊ နင်က လက်ရှိတွဲနေတဲ့ ရည်းစား

ငုတ်တုပ်နဲ့လေ''

''ဟဲ့ ငါတို့က ချစ်သူဆိုတဲ့ အဆင့်ထက် ဘာမှမပိုဘူး။

မရှိင်းနဲ့''

''ဘယ်သူမြင်ရတာ မှတ်လို့၊ နှင်းဆီနက်ဆိုတဲ့ မိန်းမ

ခပ်သွက်သွက်ရယ်လေ''

''တော်တော့နော် မိုးပြာ၊ နင်နဲ့ငါ ရန်ဖြစ်ရတော့မယ်''

ဒီအချိန်မှာ တန်ဖိုးနှင့် ရန်မဖြစ်ချင်သောကြောင့် မိုးပြာက

မျက်စောင်းထိုးလျက် ဆက်မပြောတော့ဘဲ အလျှော့ပေးလိုက်ပါသည်

''နောက်ဆို ငါ့ချစ်သူကို အဲဒီလို ဘယ်တော့မှ မပြော





ကြားလား''

သူကတော့ မိုးပြာကို လက်ညှိုးငေါက်ငေါက်ထိုးလျက် ဆရာကြီး

လေသံနှင့် ပြောကာ ရှေ့မှထွက်သွားပါသည်။

သူမတို့နှစ်ယောက်လုံး အိမ်ပြန်လမ်းတစ်လျှောက် တစ်ယောက်

ကိုတစ်ယောက် ဘာစကားမှလည်း မပြောဖြစ်ကြဘဲ ခပ်မြန်မြန်လမ်း

လျှောက်ပြန်ခဲ့ကြသည်။ နေတောင်တော်တော်မြင့်နေပြီ မဟုတ်လား။

အိမ်ရှေ့တည့်တည့်ရောက်တော့ အန်တီငယ်ရဲ့ ငိုသံကြီးနှင့်

စကားပြောနေသံကြောင့် သူမတို့မှာ တံခါးကို မခေါက်သေးဘဲ ရှုံစင်းစိတ်

နှင့် ရပ်နားထောင်နေမိကြပါသည်။

''ခုတယ်လိုလုပ်ကြမလဲ အစ်ကိုရဲ့၊ ကလေးတွေ ဘယ်ကိုထွက်

သွားကြမှန်းလဲ မသိဘူး၊ ကျွန်မတို့တော့ မှားပြီးနေ့တူတယ်''

''မုန့်သွားစားကြတာ ဖြစ်မှာပေါ့၊ နဂိုတည်းက မိုးပြာက

အချိန်မဟုတ်အခါမဟုတ်ဆို မုန့်က သိပ်စားချင်တတ်တာ မဟုတ်လား''

''အို ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မကတော့ ရင်တုန်လို့ သေရပါလိမ့်

မယ်၊ ကားသွားထုတ်ပါတော့ အစ်ကိုရဲ့၊ လိုက်ရှာကြရအောင်ပါ''

''အေးပါဟာ၊ ငါလုပ်ပါ့မယ်''

တံခါးနားဆီသို့ လျှောက်လာနေသော ခြေသံများကို ကြားသော

ကြောင့် တန်ဖိုးနှင့်မိုးပြာမှာ လန့်ဖျပ်သွားမိပြီး တံခါးကို ခပ်ကျယ်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



လေး ခေါက်လိုက်မိသည်။

“အမလေး ပြန်လာကြသေးနော်၊ ငါဘယ်လောက်တောင် စိတ်

ပူနေမယ်ဆိုတာ နင်တို့နားမလည်ဘူးလား”

တံခါးဖွင့်လိုက်သည်နှင့် အန်တီငယ်က မိုးပြာတို့နှစ်ယောက်

ပြေးဖက်ပြီး ငိုတော့သည်။ မိုးပြာတို့မှာ ဘာပြောရမှန်းလည်း မသိတော့

“မင်းတို့ ဘယ်သွားနေကြတာလဲ”

ဖေဖေကလည်း မိုးပြာတို့ကိုကြည့်ကာ ခုမှပင် သက်ပြင်းကြီး

တစ်ခုကို စိတ်ချလက်ချ ချပစ်လေတော့သည်။

“မိုးပြာတို့ လမ်းလျှောက်ထွက်ကြတာပါ”

“အမလေးဟယ် လမ်းလျှောက်ထွက်တယ်ဆိုရင်လည်း လူကြီး

တွေကို ပြောသွားပါတော့လား”

အန်တီငယ်က ခုမှပဲ စိတ်အေးသွားသည့်ပုံနှင့် ရင်ဘတ်

လက်နှင့်ဖိပြီး ဆိုဖာပေါ် ပစ်ထိုင်ချလိုက်၏။

“မေမေက အိမ်နောက်ဖေးမှာ ထမင်းအိုးတည်နေလို့ သား

မပြောတော့တာပါ”

“ဖေဖေ မနိုးသေးလို့ မိုးပြာကလည်း မပြောတော့တာပါ”

နှစ်ယောက်သားလုံး ဖြောင့်ချက်ကိုယ်စီပေးလိုက်တော့မှ လူကြီး

နှစ်ယောက်က မျက်စောင်းကြီးတွေ ခဲကြည့်လိုက်ပြီး





“ကျွန်မမှာတော့ သူတို့သဘောမကျတာကို စိစဉ်မိလို့ ကလေး

တွေ အိမ်ကထွက်ပြေးပြီလားလို့ ထင်နေမိတာ၊ ခုတော့သူတို့က အေးအေး

ဆေးဆေးပါပဲလား။ လမ်းတွေဘာတွေတောင် တူတူထွက်လျှောက်လို့

ကောင်းတယ် ကောင်းတယ်၊ အဲဒီလိုမျိုး အေးအေးချမ်းချမ်းပဲ မြင်ချင်

တယ်”

တန်ဖိုးနှင့်မိုးပြာမှာ ဒေါ်သဇင်ငယ်စကားကြောင့် တစ်ယောက်

မျက်နှာတစ်ယောက် ကြည့်လိုက်မိကြ၏။ မိုးပြာတို့ကတော့ ဒီကိစ္စနဲ့

ပတ်သက်ပြီး ဘယ်လိုငြင်းကြမလဲလို့ စဉ်းစားနေကြကာမှ ခုတော့ အန်တီ

ငယ်တို့ အတွက် ပိုလို့တောင် သဘောတွေ့စရာတွေ ဖြစ်ကုန်ရပြန်ပြီ။

“သွား သွား သားတို့အတွက် မေမေ ပေါင်မုန့်ထောပတ်

သုတ်ပေးထားတယ်”

“မေမေ သားတို့ပြောတာကို နားထောင်ပါဦး”

“အို ဘာမှပြောမနေနဲ့တော့၊ အစကတော့ ဒီလိုပဲဖြစ်မှာပဲ၊

ပေမဲ့ ရင်းနှီးမှုက ရှိပြီးသားပဲကွယ်၊ နောက်တော့လည်း အိုကေသွား

တာပါ”

“ဘာကို အိုကေရမှာလဲ၊ ဒီကောင်နဲ့တော့ မအိုကေချင်ပါဘူး”

“သမီး တန်ဖိုးကို ဘာဖြစ်လို့ ဒီလိုရိုင်းရိုင်းစိုင်းစိုင်းတွေ ခေါ်နေ

နေတာလဲ၊ တန်ဖိုးက သမီးထက် ကြီးတယ်၊ ပြီးတော့ ယောက်ျားလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၊ အဲဒီလိုမျိုးတွေ မပြောရဘူးလေ''

ဖေဖေက မိုးပြာစကားကို နားထောင်ပြီး ဆူလိုက်ပါသည်
မိုးပြာမှာ နှုတ်ခမ်းလေး စူလိုက်မိ၏။ တန်ဖိုးကတော့ မိုးပြာကို ဖေဖေ
ဆူလိုက်သည့်အတွက် ဝမ်းသာသွားပုံရပါသည်။ သူ့ကိုလည်း မိုးပြာ
လက်သီးနှင့် လှမ်းထိုးလိုက်မိပါသည်။

ဒါကို အန်တီငယ်က ထမင်းစားခန်းထဲကနေ မြင်ဖြစ်အောင်
မြင်သွားပြီး ပြုံးပြုံး ပြုံးပြုံးနှင့် ခေါင်းတညိတ်ညိတ်ဖြစ်နေသောကြော
ပိုလို့တောင် စိတ်ပျက်သွားမိပါတော့သည်။

■ ■ ■

''ဒီနေ့ ကို့မျက်နှာ ကြည့်ရတာ မလန်းပါလား ဘာတွေဖြစ်
တာလဲ''

နှင်းဆီနက်က သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း မေးလိုက်
သည်။ သူ့ပုံကလည်း စိတ်ပျက်နေတာ တော်တော်ကို သိသိသာသာ
တခြားသူ့တွေလည်း ရိပ်မိကုန်ပြီနှင့် တူ၏။

''ဒီလိုပါပဲကွာ''

ဘယ်ကစပြောရမှန်း မသိတော့သည့်အတွက် သူကလည်း
ခပ်ရောရောသာ ဖြေလိုက်သည်။ ဒါကိုပဲ နှင်းဆီနက် ကတော့ ကျေနပ်
မပေါ်ပါ။





''မဟုတ်သေးပါဘူး။ ကို ဘာဖြစ်နေတယ်ဆိုတာကို မပြော
ချင်း ဘာလက်ခံလည်း စိတ်ကြည်မှာ မဟုတ်တော့ဘူး''

''ဟာ မဟုတ်တာ ဘာလက်ခံရာ၊ ကို့အိမ်တွင်းရေး ကိစ္စလေး
တွေကြောင့် နည်းနည်းစိတ်ညစ်နေရတာပါ''

''ဘာလဲ၊ မိုးပြာနဲ့ ဘာဖြစ်ပြန်ပြီလဲ''

မိုးပြာက နှင်းဆီနက်ကို ကြည့်မရသလို နှင်းဆီနက်ကလည်း
မိုးပြာကို ကြည့်မရပါ။ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသလိုပင် ဖြစ်ပါလိမ့်
မည်။

''မိုးပြာနဲ့ ဖြစ်တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ မိုးပြာနဲ့တော့
ဆက်သက်တာပေါ့''

''ဟွန်း အဲဒီတစ်ယောက်က ကို့ရဲ့ ညီမရင်းမဟုတ်လို့သာပဲနော်၊
ညီမရင်းသာဆို ဘယ်လောက်တောင် ဆိုးလိုက်မလဲ မသိဘူး''

''ဒီတစ်ခါက မိုးပြာဆိုးလို့ မဟုတ်ပါဘူး''

''ဒါဆို ဘာကြောင့်လဲ''

တကယ့်ကိုပဲ ပြောရခက်လွန်းလှပါသည်။ တန်ဖိုးမှာ သက်ပြင်း
ကိုသာ မကြာမကြာချမိနေ၏။ ကြာတော့လည်း နှင်းဆီနက်မှာ စိတ်တိုလာ
ပုံရပါသည်။ တန်ဖိုးရဲ့ ဘေးတွင် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်
ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကို ဘာဖြစ်နေတယ်ဆိုတာကို မပြောဘူးဆိုရင် ဘလက်ခ်လည်း ပြန်တော့မယ်"

ပြန်ရန်အတွက် ခြေလှမ်းပြင်နေသော နှင်းဆီနက်ရဲ့ လက်တစ်ဖက်ကို တန်ဖိုးက လှမ်းဆွဲထားလိုက်ပါသည်။

"မင်းကလည်းကွာ ကို့မှာ မနည်းထွက်လာရတာကို မင်းက ဘယ်လိုဖြစ်နေတာလဲ"

တန်ဖိုးက မျက်နှာငယ်လေးနှင့် ပြောလိုက်သည်မို့ နှင်းဆီနက်မှာ စုစုဆောင့်ဆောင့်နှင့်ပင် ပြန်ထိုင်လိုက်ရပါသည်။

"ဘလက်ခ်က ဘာမှမဖြစ်ဘူး။ ကိုသာ ဖြစ်နေတာ၊ ကိုယ့်ချည်းစားနဲ့ လာတွေ့တဲ့အချိန်မှာ အိမ်တွင်းရေးတွေကို သယ်လာနေသေးတယ်"

"မင်း အဲဒီလိုတော့ မပြောပါနဲ့ ဘလက်ခ်၊ မင်းက ကိုယ့်ချည်းစား ဖြစ်နေတဲ့အတွက် ကိုယ့်ရဲ့အိမ်တွင်းရေးကိုလည်း မင်းစိတ်ဝင်စားရလိမ့်မယ်"

"ဒါဆို ဘလက်ခ် မေးတော့ရော ကိုက ဖြေလို့လား"

"ဟူး မင်းသိချင်တာ သေချာရင်တော့ ကိုယ်ပြောပြပါ့မယ်"

တန်ဖိုးမှာ ထိုကိစ္စကြီးကို ပြောပြဖို့အတွက်ကို အရှိန်ယူနေရပါသည်။

"ပြောတော့လေ ကိုရဲ့၊ ဘယ်လောက်တောင် ကြီးမားတဲ့ကိစ္စ





ကြီးမို့လို့ ကိုက ဒီလောက် အရှိန်ယူနေရတာလဲ"

"အိုကေ အိုကေ၊ ကို ပြောပြပါ့မယ်"

တန်ဖိုးပြောသမျှ စကားတွေကို နှင်းဆီနက်ကလည်း တကယ့်ကို ရင်သပ်ရှုမောစွာ နားထောင်နေပြီးမှ

"အဲဒါဆို ကိုနဲ့မိုးပြာက မောင်နှမအရင်းတွေ မဟုတ်ဘူးပေါ့။ ကြည်စရာကြီးနော်၊ တကယ့်ကို မမျှော်လင့်ထားတာတွေပဲ"

"ဟုတ်တယ် ဘလက်ခ်၊ ကိုက သူ့ကို ညီမလေးတစ်ယောက်လို ခံစားပေးခဲ့တာ"

"ကို့ဘက်ကတော့ ဟုတ်ပါပြီ၊ မိုးပြာဘက်ကရော ရိုးသားတာ သေချာရဲ့လား"

"ကြော် ဘလက်ခ်ရယ် ကိုရော သူရောက တောက်လျှောက်ဆို ညီ မောင်နှမတွေဆိုပြီး နေလာတာ၊ မနေ့တစ်နေ့ကမှ သွေးသားမတော် ကြောင်းကို သိရတာလေ၊ သူက ဘာတွေကို မရိုးသားရမှာလဲ"

"ပြောလို့မရပါဘူးနော်၊ အဲဒီ မိုးပြာက ကိုယ့်ကိုဆို ဆရာသိပ် ထတာပဲ၊ ဘလက်ခ်ကတော့ ကြည့်လို့ မရဘူး"

ဘလက်ခ်က ထိုကိစ္စကို သိပြီးသွားပေမယ့် တန်ဖိုးထင်ထားသ ပြင်းပြင်းထန်ထန် မတုံ့ပြန်ခဲ့၍ တော်သေးသည်လို့ အဲဒီတုန်းကတော့ သာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ နောက်သုံးရက်အကြာမှာပဲ အဲဒီလို ထင်နေခဲ့ခြင်းဟာ မှားသည်ဆိုတာကို တန်ဖိုး သိခွင့်ရခဲ့၏။

အဲဒီနေ့က မေမေ့စေခိုင်းချက်ကြောင့် မိုးပြာနှင့်တူတူ ဈေး ထွက်လာခဲ့ရသည်။ မေမေကလည်း ခုတလော သူတို့အစီအစဉ်ကို ပြောသည့်ပြီးသည့်နေ့တည်းက သူတို့နှစ်ယောက်ကို တပူးတွဲတွဲဖြစ်စေ ကြိုးစည်နေတတ်ပါသည်။

"လေးလိုက်တာဟာ၊ နင်လည်းတစ်လှည့် ကိုင်ဦး၊ ဈေးယ တည်းက ငါပဲ ကိုင်နေရတယ်"

မိုးပြာက ပစ္စည်းတွေနှင့် ပြည့်နှက်နေသော ဈေးခြင်းတောင်း မြေကြီးပေါ်သို့ ချပစ်လိုက်ရင်း ပြောပါသည်။

"နင်တို့မိန်းမတွေကလေ၊ ဘယ်လောက်မှ မဟုတ်တာလေး လည်း ညည်းတတ်ကြတာပဲလား"

"အောင်မာ ညည်းသံမကြားချင်ရင် အစတည်းက နင် ခြ တောင်းဆွဲလိုက်ပေါ့"

နောက်ဆုံးမှာတော့လည်း တန်ဖိုးသည် မဲ့ကာရွဲ့ကာနှင့် ခြင်းတောင်းကို ကောက်ဆွဲလိုက်ရပါတော့သည်။

"ပြီးပြီးမဟုတ်လား၊ ပြန်မယ်လေ"

"နေဦး၊ အန်တီငယ် မှာလိုက်တာ တစ်ခုကျန်သေးတယ်"





"ဘာလဲဟာ၊ ဒီလောက် အများကြီး ဝယ်ပြီးတာတောင် မပြီး နိုင်သေးဘူးလား"

"ခရမ်းသီးလေး၊ နင်ပဲ ခရမ်းသီးကို ဖုတ်ပြီး သုတ်တာ စားချင် တယ်လို့ ညက ပူဆာနေပြီးတော့"

မိုးပြာက အန်တီငယ် ရေးပေးလိုက်သော ဈေးဝယ်ရမည့် စာရင်းစာရွက်ကို ကြည့်ပြီးပြောလိုက်၏။ ဒီနေ့မှပင် ခရမ်းသီးအလုံး လှလှများကလည်း တစ်ဈေးလုံးတွင် ရှားပါးနေပါသည်။ တော်တော် လေးကို နှံ့နှံ့စပ်စပ် ရှာပြီးမှပင် ခရမ်းသီးကြီးကြီး နှစ်လုံးရတော့သည်။

မိုးပြာက ထိုခရမ်းသီးနှစ်လုံးကို လက်ကကိုင်လျက် တန်ဖိုးက တော့ ဈေးခြင်းတောင်းကိုဆွဲပြီး ဈေးထဲကထွက်လာသော သူတို့ကို လမ်းတစ်ဖက်ကနေ လှမ်းမြင်နေရသော နှင်းဆီနက်မှာတော့ ရင်မှာဖြစ် သော ဒေါသများဖြင့် ဆူဝေနေရပြီ ဖြစ်သည်။

ဒေါသတွေကို ဘယ်လိုမှ ထိန်းသိမ်းမရနိုင်တော့သည့် အခုံးမှာ နှင်းဆီနက်သည် ချက်ချင်းပင် တစ်ဖက်ကားလမ်းသို့ ကူးမိလျက်သား ဖြစ်နေ၏။

"ကို သိပ်ပျော်နေတယ်ပေါ့ ဟုတ်လား"

တန်ဖိုးက လက်တွင် ခရမ်းသီးကြီးနှစ်လုံးကိုင်ကာ လျှောက်နေ သော မိုးပြာကို စနောက်နေသောကြောင့် မိုးပြာကလည်း ဟက်ဟက်



www.burmeseclassic.com

www.burmeseclassic.com



ပက်ပက် ရယ်မောနေစဉ်မှာ ရုတ်တရက်ဆိုသလို သူမတို့နှစ်ယောက်ရှေ့ သို့ နှင်းဆီနက် ရောက်ရှိလာခြင်း ဖြစ်သည်။

"ဘလက်ခ်"

တန်ဖိုးမှာလည်း ခက်ထန်နေသော နှင်းဆီနက် မျက်နှာကြောင့် လန့်သွားပုံ ရပါသည်။

"ကို အဲဒါဘာလုပ်နေတာလဲ"

"ဈေးဝယ်ပြန်လာတာလေ ဘလက်ခ်ရဲ့"

တန်ဖိုးက ကြိုးစားပြုံးကာ ပြောလိုက်ပါသည်။ သို့သော် နှင်းဆီနက်ကတော့ နှုတ်ခမ်းကို မဲ့ပစ်လိုက်ကာ

"ကိုက ဘယ်တုန်းက ဒီလိုမျိုး ဈေးဝယ်ဖူးလို့လဲ"

"မနက်က မေမေက သွားဝယ်လိုက်ပါဆိုလို့ ကိုနဲ့မိုးပြာက လာဝယ်ရတာပါကွာ၊ ကိုယ့်အိမ်အတွက် ကိုယ်ဈေးဝယ်ပေးတာ ဘာများ ဆန်းလို့လဲ"

"ဟုတ်ပါတယ်၊ ကိုယ့်အိမ်အတွက် ကိုယ်ဈေးဝယ်ပေးတာ မထူး ဆန်းပါဘူး။ ဒါပေမဲ့ ဒီလိုမျိုး ကိုယ်နဲ့ဘာမှမတော်စပ်တဲ့ မိန်းမတစ်ယောက် နဲ့ မနက်စောစော ဈေးတူတူ ထွက်ဝယ်တဲ့ပုံက ဘာသဘောလဲ၊ သူများ တွေအမြင်မှာ ဘယ်လိုပုံစံပေါက်နေမယ်ဆိုတာရော ကို မတွေးမိဘူးလား"

"ဘယ်လိုပုံစံပေါက်နေလို့လဲ နှင်းဆီနက်၊ ပြောပါဦး"





နှင်းဆီနက်ရဲ့ လေသံကို ဘယ်လိုမှ သည်းမခံနိုင်တော့သော ကြောင့် မိုးပြာက ဝင်ပြောလိုက်ရခြင်း ဖြစ်သည်။

"သူများပြောမှ သိတယ်ဆိုတာ လူညံ့တွေ အလုပ်ပါ၊ ကိုယ့်ကိုယ် ကို သိတတ်တဲ့လူဆိုတာမျိုးက အရာရာကို စဉ်းစားဆင်ခြင်ပြီးမှ လုပ် တတ်ကြတယ်လေ"

"မင်းစော်ကားလှချည်လား နှင်းဆီနက်"

နှင်းဆီနက်ရဲ့ လေသံနဲ့ အမူအရာတို့က သိပ်ကိုမထီမဲ့မြင်လုပ် ရှ ပေါက်နေသောကြောင့် မိုးပြာမှာ အသားများ တဆတ်ဆတ်တုန်လာ ည့်ထိပင် ဒေါသများထွက်လာခဲ့၏။

"စော်ကားတယ်ထင်ရင်လည်း အဲဒီလို မထင်ရအောင် နေစေ ချင်ပါတယ်"

"နင် နင် တော်တော်လူပါးဝပါလား"

"နေပါဦး၊ ရှင်က ဘလက်ခ်ကို အဲဒီလိုပြောနေရအောင် ဘလက်ခ်က ရှင့်ကို ဘာများ ကျူးလွန်ခဲ့မိလို့လဲ"

"ဒီမှာ ငါတို့က ကလေးတွေနဲ့ ဖက်ပြီး စကားမများချင်ဘူး။ ပြီးတယ်နော်၊ ကလေးနဲ့ဖက်ဖြစ်ရတာ ကလေးဆန်လွန်းလို့"

မိုးပြာနှင့်နှင်းဆီနက်တို့ရဲ့ စကားအချေအတင် ဖြစ်နေသည့် ကြားထဲကို တန်ဖိုးသည်လည်း ဝင်မရအောင် ဖြစ်နေတာနှင့်ပင် ဒီတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကုပ်လျက် ကြည့်နေရပါသည်။

"အဲဒီကလေးနဲ့ဖက်ပြီး လုပ်တော့ မကြိုးစားပါနဲ့လို့ ကြိုမှာထား ပါရစေနော်"

"မင်းမှတ်ထားဖို့က ငါတို့က လိုချင်ရင် ချက်ချင်းယူပစ်လို့ ရတယ်ဆိုတာပဲ၊ သူများတကာတွေလို လေပဲကျယ်နေတာ မဟုတ်ဘူး"

"စောင့်ကြည့်လိုက်လေ၊ ဘယ်သူကပိုင်ရှင်ဆိုတာ သိရအောင်"

"တော်ကြပါတော့၊ မင်းဘာဖြစ်နေတာလဲ ဘလက်ခ်"

နောက်ဆုံး မနေနိုင်တော့သဖြင့် တန်ဖိုးက သူမတို့နှစ်ယောက် ကြား ဝင်ရပ်ကာ ပြောပစ်လိုက်ပါသည်။

"ဘလက်ခ်က ဖြစ်ချင်လွန်းလို့ဖြစ်နေတာ မဟုတ်ဘူး။ ကိုကို ချစ်လို့ ဖြစ်ရတယ်ဆိုတာ နားမလည်ဘူးလား"

"ဒါပေမဲ့ လမ်းမကြီးမှာကွာ မင်းမရှက်ဘူးလား။ မိုးပြာ နင်ထ ရော မရှက်ဘူးလား"

"ငါက ပြောတာ မဟုတ်ဘူးလေ တန်ဖိုး။ နင့်လူက စပြောတာ ပါ၊ တော်ပြီဟာ၊ ငါပြန်နှင့်တော့မယ်၊ နင့်ဘာသာ ဖျောင်းဖျပြီးမှ အေးအေးလူလူ လိုက်ခဲ့တော့"

မိုးပြာက ခရမ်းသီးနှစ်လုံးကို လက်ကကိုင်လျက်ကနေ သူတို့ ကျော်ခိုင်းပြီး ဘောက်ဆတ်ဆတ်နှင့် ထွက်လာခဲ့တော့သည်။ နောက်က





နေ တန်ဖိုးအသံ ခပ်အုပ်အုပ်နဲ့ နှင်းဆီနက်ရဲ့ ခပ်ကျယ်ကျယ် ရယ်က လိုက်ပါလာသေးသည်။

ဟွန်း သူတို့ပြသနာ သူတို့မရှင်းဘဲ မိုးပြာကိုပါ ဆွဲထည့်ချင်နေ သေးသည်။ ဒါပေမဲ့ နှင်းဆီနက်ဆိုသည့် ကောင်မလေးကိုတော့ လျှော့ တွက်လို့ မရပါ။ မိုးပြာ သတိတော့ ကောင်းကောင်း ထားရပါမည်။

"ဟဲ့ ခရမ်းသီးကြီးတွေကိုင်ပြီး ဘယ်လိုဖြစ်လာတာလဲ၊ ဈေးခြင်း တောင်းနဲ့ တန်ဖိုးက ဘယ်မှာကျန်ခဲ့တာတုန်း"

အိမ်ထဲသို့ ဝင်လိုက်သည်နှင့် အန်တီငယ့်အသံက စီခနဲနေ အောင် ထွက်လာသည်။

"နောက်မှာပါ၊ သူ့သူငယ်ချင်းတစ်ယောက်နဲ့ တွေ့လို့ စကား ပြောနေတယ်"

"ဩော် အေး အေး။ အဲဒါဆို အဲဒီခရမ်းသီးနှစ်လုံးကို နောက် ဆေးယူခဲ့"

မိုးပြာ ခရမ်းသီးတွေကို စားပွဲပေါ်တင်ပေးခဲ့ပြီး အိမ်ရှေ့ပြန်ထွက် ရန် ပြင်လိုက်စဉ်မှာပင်

"ဘယ်သွားမလို့လဲ မိုးပြာ"

"အိမ်ရှေ့သွားတော့မယ်လေ"

"အန်တီငယ့်ကို ခရမ်းသီးမီးဖုတ်ပေးစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



“ရှင် မိုးပြာမှ မဖုတ်တတ်တာ”

“ဩော် အန်တီငယ် သင်ပေးမှာပေါ့ မိုးပြာရယ်၊ အိမ်ထောင်တစ်ခု တည်ထောင်တော့မယ်ဆိုရင် အိမ်မှုကိစ္စလည်း နိုင်နင်းရမယ်လေ”

အန်တီငယ်စကားကြောင့် မိုးပြာမှာ ရှုံ့မဲ့သွားရပါသည်။

“မိုးပြာလေ အိမ်ထောင်မပြုချင်သေးဘူး သိလား”

“အေးလေ၊ ဥချက်ချင်းကြီးလည်း မဟုတ်သေးပါဘူး၊ နောက်နှစ်ဆန်းလောက်မှပါ”

“ဟွန် အန်တီငယ်ကလည်း ခုပဲ နှစ်ကုန်ဖို့ တစ်လလောက်လို့တော့တာကို”

မိုးပြာက တကယ့်ကိုပဲ ကလေးတစ်ယောက်လို ခြေထောက်ကိုဆောင့်ပြီး ပြောလိုက်ပါသည်။ အန်တီငယ်ကတော့ ဒါကိုပဲ ချစ်စနိုးနှင့်ပြုံးကြည့်နေသေး၏။

“မိုးပြာက တန်ဖိုးကို မချစ်ဘူးလား”

“ချစ်တာပေါ့ အန်တီငယ်ရဲ့”

“အဲဒါပဲပေါ့၊ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြတာပဲဟာဘာတွေ တွေးပူနေတာလဲ”

“မဟုတ်ဘူးလေ၊ မိုးပြာချစ်တယ် ဆိုတာက”

“လာ လာ အန်တီငယ် ပြတာကို သေချာလိုက်ကြည့်ထား”





မိုးပြာက တန်ဖိုးကို ချစ်တယ်ဆိုတာ ဟိုးအရင်တုန်းတည်းကချစ်ခဲ့ကြတဲ့ အချစ်မျိုးကိုသာ ဆိုလိုခြင်းဖြစ်သည်။ ဒါကို အန်တီငယ်ကဘယ်လိုတွေ တွေးသွားသည် မသိပါ။ ခုတော့ မိုးပြာမှာ ကိုယ့်ရှူးကိုယ်ပတ်နေလေပြီ။

အန်တီငယ်လုပ်ပြနေသည့် ခရမ်းသီးမီးဖုတ်ဆီသို့လည်း စိတ်ကမရောက်တော့ပါ။ ကိုယ့်ဘာသာ အတွေးများနှင့် မှိုင်နေတုန်းမှာပဲ ဈေးခြင်းတောင်းကို ဆွဲပြီး မောကြီးပန်းကြီးနှင့် တန်ဖိုးပြန်ရောက်လာပါသည်။

“ဟွီး မောလိုက်တာ၊ နင်ကလည်း ဈေးခြင်းတောင်းကိုတော့ဆယ်သွားတာ မဟုတ်ဘူး”

သူက မိုးပြာကိုလာပြီး မာန်မဲနေသေးသည်။ မိုးပြာကတော့သိချင်ယောင်ဆောင်ပြီး အိမ်ရှေ့ခန်းဆီထွက်လာခဲ့၏။ သူကလည်းနောက်ကနေ လိုက်လာပါသည်။

“နင်ကလည်းဟာ ဘလက်ခ်နဲ့ ဘာလို့များ ပြိုင်ဖြစ်နေတုန်း”

“အောင်မာ နင်ကပါ အဲဒီလို ထင်နေတယ်ပေါ့လေ၊ ဟုတ်လားတန်ဖိုး၊ နင့်ဟာမက ငါတို့ကို စောင်းလားမြောင်းလားနဲ့ ပြောနေတာကျတော့ နင်မမြင်ဘူးလား၊ အဲဒါကြောင့် ပြောတာ နင့်ကိုမှန်နေတယ်လို့ဆဲ”

“နင်နော် စကားပြောရင်း လွန်မလာနဲ့၊ လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com



နင်နဲ့ရန်ဖြစ်ချင်စိတ် မရှိဘူး။ ပြီးတော့ နင့်ကိုငါပြောတာက ဘလက်စ်က နင့်ထက်အငယ်လေးဟာ၊ သူက နည်းနည်းစိတ်ဆတ်တယ်၊ အကြီးဖြစ်တဲ့ နင်က သည်းခံသင့်တာပေါ့''

ထိုစကားကြောင့် မိုးပြာက တန်ဖိုးကို မဲ့ပြုံးတစ်ခု ပြုံးပြလိုက် ပါသည်။

''ခုတော့ နင်က အဲဒီစကားကို ပြောတယ် ဟုတ်လား။ အဲ စကားကို ပြောချင်ရင် အရင်ဆုံး စဉ်းစားစမ်းပါ၊ နင်ကျတော့ရော အကြီးဖြစ်ပြီး အငယ်ဖြစ်တဲ့ ငါ့အပေါ်မှာ ဘာတွေများ သည်းခံခဲ့လဲဆို ပြန်တွေးကြည့်စမ်းပါဦး''

တစ်ခါတည်းနှင့်ကို တန်ဖိုးက ပါးစပ်ပိတ်သွားပါသည်။ ဟုတ် ရဲ့၊ သူကျတော့ မိုးပြာကို အငယ်ဆိုပြီး ဘယ်တုန်းကမှ အခွင့်အရေး မျက်နှာသာတွေ မပေးခဲ့။ သူဖြစ်ချင်တာ သူလုပ်ချင်တာတွေသာ လုပ် သည်ချည်း ဖြစ်သည်။

ခုမှလာပြီး သူ့ဟာကိုထိလို့ နာပြနေတာ၊ မသိရင်ခက်မယ်

''ငါ ညနေကြရင် ဘလက်စ်နဲ့ ချိန်းထားတယ်၊ အဲဒါ''

''အဲဒါ ငါက ဘာတွေလိမ်ပေးရဦးမှာလဲ''

မိုးပြာက တန်ဖိုးစကား မဆုံးခင်မှာပဲ ဖြတ်ပြောလိုက်တော့ တန်ဖိုးက မချိုမချဉ် ပြုံးလိုက်ပါသည်။





''တစ်ခုခုပေါ့ဟာ၊ ခုတလော နင်သိတဲ့အတိုင်း လူကြီးတွေက တစ်နေရာရာ သွားမယ်ဆိုတာနဲ့ နင်နဲ့ငါကို တူတူတွဲပြီး လွှတ်ချင်နေ ကြတာ၊ ခုလည်း ငါတို့နှစ်ယောက် တစ်နေရာရာသွားမယ်လို့ အကြောင်း ပြလိုက်ရင် ရမှာပါ''

မိုးပြာက ဦးနှောက်ကို နည်းနည်း အလုပ်ပေးလိုက်၏။ သူမမှာ ဘယ်သွားစရာများ ရှိမလဲလို့ပေါ့။ အတော်ကြာတော့ စဉ်းစား၍ရသွားပါ သည်။

''ကောင်းပြီလေ၊ နင်နဲ့ငါ အင်တာနက်ဆိုင် သွားမယ်လို့ အကြောင်းပြလိုက်မယ်၊ မကောင်းဘူးလား''

''ကောင်းတယ်၊ ဒါပေမဲ့ နင်တစ်ယောက်တည်းပဲ အင်တာနက် သုံးရမှာနော်၊ ငါက ဘလက်နဲ့ချိန်းထားတဲ့ နေရာကို သွားမှာ''

''သွားပါ သွားပါ၊ နင့်ဟာနင် ကြိုက်တဲ့နေရာသွား၊ ငါလည်း အဲ့လိုကို ဝင်ခေါ်ပြီး အင်တာနက်ဆိုင်ပဲ သွားမှာ၊ နင်သာ အပြန်ကျရင် ငါ့ကို ဝင်ခေါ်ဖို့ မမေ့နဲ့၊ ကြားလား''

''အိုကေ၊ နင်က အိုင်ဒီယာ ကောင်းပါတယ်''

မိုးပြာရဲ့ ခေါင်းလေးကို ပုတ်ကာ အနားမှ ထသွားသော တန်ဖိုးကို မိုးပြာကတော့ ခပ်ပြုံးပြုံးလေး ကြည့်နေမိသည်။ တန်ဖိုးက တစ်ခါတစ်ခါ သိပ်မုန်းဖို့ ကောင်းသလို၊ တစ်ခါတစ်ခါတော့လည်း ချစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေတတ်ပြန်သည်။

မိုးပြာမှာ အဲဒီလို အစ်ကိုတစ်ယောက် ရှိနေသည့် အတွ
ဘယ်တုန်းကမှ နောင်တမရခဲ့ဘူးပါ။ တန်ဖိုးကတော့ မိုးပြာအပေါ်တွ
မကြာခဏ စိတ်ဆိုးစိတ်ကောက်တက်သည်မို့ ဒီလိုညီမမျိုး ရှိသည့်အတွ
စိတ်ပျက်ကောင်း ပျက်မှုးပါလိမ့်မည်။ ခုတော့လည်း ထိုမောင်နှမ
ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ဘာမှဝတ်သက်မှု မရှိ
တာ သေချာနေခဲ့လေသည်။

တကယ့်ကို စိတ်ပျက်စရာပါပဲ။ မောင်နှမ အရင်းမရှိသော
မိုးပြာအတွက် တန်ဖိုးက ဆိုးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ အစ်
တစ်ယောက်အနေနှင့် ချစ်ခဲ့ရပါသည်။ စိုးရိမ်ပူပန်ခဲ့ရပါသည်။ အတွ
အဆူခံခဲ့ရသည်။ ဒါတွေကိုလည်း မိုးပြာ နည်းနည်းမှ နောင်တမရ
သို့သော် အဲဒီလိုမျိုး ချစ်ခဲ့ရသည့် လူတစ်ယောက်အား ကိုယ်
အိမ်ထောင်ဖက်အနေနှင့် တစ်သက်လုံး လက်တွဲရမည်ဆိုသောအ
ခုတွေးလျှင် ခုကြက်သီးထမိသည်ထိ သူ့မဘက်မှာ ခံစားချက်
ပြင်းထန်ခဲ့ရ၏။

ဖေဖေနဲ့ အန်တီငယ်တို့ ဘယ်လိုစိတ်ကူးမျိုးနဲ့ ဒီလိုမျိုး စီ
ကြသည် မသိနိုင်တော့ပါ။

■ ■ ■





"ဟယ် ချောလိုက်တာ၊ ချစ်စရာလေးတော့"

လဲ့လဲ့က သူသဘောကျသည့် ကိုရီးယားမင်းသားလေးပုံကို အင်တာနက်ထဲတွင် ရှာကြည့်ကာ သွားရည်ယိုမတတ် ငမ်းနေပါသည်။ မိုးပြာကတော့ အမြင်ကပ်လှသည်နှင့် မျက်စောင်းကြီးပဲ လှိမ့်ထိုးနေမိ၏။

"ဒီမှာကြည့်စမ်း မိုးပြာ၊ ဒီတစ်ပုံက ပိုတောင် ချစ်ဖို့ကောင်းသေးတယ်၊ တီရှပ် အဝါရောင်လေးနဲ့"

"ချစ်ပါ ချစ်ပါ၊ နင့်ဘာသာ တစ်ယောက်တည်းချစ်ပါ၊ ဒါပေမဲ့ သွားရည်ခံလေးတော့ ဆောင်ထားပေါ့"

မိုးပြာက ရွဲ့ပြော ပြောလိုက်တော့ လဲ့လဲ့ရဲ့မျက်နှာက ရှုပ်တွသွားပြီး

"နင်တို့ကလေ ငါ့ဘာသာ ကိုရီးယားမင်းသားလေး ချစ်ဖို့ကောင်းလို့ ကောင်းတယ်ပြောလည်း မကြိုက်ကြဘူး၊ အဲဒါ နင့်ကို ဘာထိနိုက်နေလို့လဲ မိန်းမရဲ့"

"မဖြစ်နိုင်တာကို လှမ်းချစ်နေလို့ ပြောတာပေါ့၊ သူတို့ဆီမှာက ဟိုဟာပြင် ဒီဟာပြင်တွေလုပ်ပြီး ချစ်ဖို့ကောင်းနေတာ၊ တကယ်တော့ ဒီတို့နိုင်ငံက လူတွေလောက်တောင် နကိုချော မချောပါဘူး"

"အမလေးဟဲ့ နင်ကို ဘယ်သူက ပိုက်ဆံပေးပြီး ရှေ့နေငှားထားတာလဲ ပြောစမ်းပါဦး၊ ဟုတ်ပါတယ်၊ နင်က မဖြစ်နိုင်တဲ့ အဝေးကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှန်းမလဲ၊ ဖြစ်နိုင်တဲ့ လူကိုပဲ မှန်းမှာပေါ့ ဟုတ်ဘူးလား''

''နင်ဘာကို ပြောတာလဲ လွဲလွဲ''

မိုးပြာမှာ ကိုယ့်အတွေးနှင့်ကိုယ်မို့ ထိတ်လန့်စွာ မေးလိုက်မိခြ
ဖြစ်သည်။

''ကောင်းမြတ်လေ၊ ကောင်းမြတ်တို့ မောင်နှမဆို ဘယ်လော
ချောလဲ၊ အစ်ကိုကလည်း ချောပြီး စမတ်ကျတယ်၊ ညီမကလည်း ဖြူ
လေ။ နှင်းဆီနက်ကိုရတဲ့ နှင့်အစ်ကိုကတော့ တကယ်ကိုကံကောင်း
ပဲ''

တော်ပါသေးရဲ့၊ လွဲလွဲ ပြောတာက ကောင်းမြတ်ဖြစ်နေလို့
မိုးပြာက သူမနဲ့တန်ဖိုးတို့ရဲ့ အကြောင်းများကို မည်သူ့ကိုမှ မပြောပြ
ပေ။ တန်ဖိုးသာ မနေနိုင် မထိုင်နိုင်နှင့် နှင်းဆီနက်ကို ဖွင့်ပြောပြမိ
မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်ရခြင်း ဖြစ်သည်။

''နေပါဦး လွဲလွဲရဲ့၊ နင်ကိုပဲ မေးပါဦးမယ်၊ နင်က ရုပ်ရည်
မောလှပတဲ့ လူတစ်ယောက်နဲ့ ချစ်ခွင့်ရတာဟာ ကံကောင်းတယ်
ဆိုလိုချင်တာလား''

''အပြည့်အဝတော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ အဲဒီအချက်
လည်း လူတွေရွေးချယ်ကြတဲ့ အချက်ထဲမှာ ပါတာပဲလေ''

''ဒါဆို ကမ္ဘာ့အရုပ်ရှည်ဆုံးလူသားတို့ ကမ္ဘာ့အဝဆုံးလူသာ





အဲဒီလိုလူမျိုးတွေနဲ့ လက်ထပ်တဲ့ လူတွေလည်း ကံကောင်းကြတာကို
င်ဘယ်လိုပြောမလဲ၊ သူတို့ဆို ဘယ်လောက်ကံကောင်းလိုက်သလဲဆို
င် ကိုယ့်အိမ်ထောင်ဖက်ကြောင့် ကမ္ဘာကျော်တွေတောင် ဖြစ်ကြရတယ်၊
င်လည်း သူတို့လို နာမည်ကျော်ပြီး ကံကောင်းချင်ရင် တရုတ်ပြည်က
အပုဆုံးလူသား ဟိုပင်းပင်းကို လက်ထပ်လိုက်ပါလားဟယ်၊ တရုတ်ပြည်နဲ့
ာ နီးလည်းနီးတော့ နင်လည်းငါတို့နဲ့ ခဏ ခဏတွေ့ခွင့်ရတာပေါ့၊
ုတ်ဘူးလား''

မိုးပြာက မျက်နှာပြောင်ပြီး ပြောလိုက်သောကြောင့် လွဲလွဲက
ူမကို ပါးစပ်က ပွစိပွစိနှင့် မပြီးနိုင် မစီးနိုင်လောက်အောင်ကို ရေရွတ်ဆဲ
ိုနေလေတော့သည်။

အဲဒီအချိန်မှာပဲ သူမတို့ ထိုင်နေသော အင်တာနက်ဆိုင်ထဲကို
ိုတ်ဆိုင်စွာပင် ကောင်းမြတ်က ဝင်လာခဲ့ခြင်း ဖြစ်၏။

''ဟာ မိုးပြာ ကြည့်စမ်း၊ ချိန်းထားရင်တောင် လွဲဦးမယ်၊
ိုက်တိုက်ဆိုင်ဆိုင်ပဲ၊ ဘာလဲ အင်တာနက်လာ သုံးတာလား''

မဟုတ်ဘူးဟ၊ နင်ညီမနဲ့ တန်ဖိုးနဲ့ ချိန်းတွေ့နိုင်ဖို့အရေး
င်တာနက်ဆိုင်ထဲလာပြီး ဒုက္ခခံနေရတာလို့တော့ ကောင်းမြတ်ကို
ြောမနေတော့ပါ။ စိတ်ထဲမှာ ခံစားနေရသည့်များကို စိတ်ထဲမှာသာ
ာလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဟုတ်တယ်၊ ပျင်းလို့လေ၊ လဲ့လဲ့ကလည်း အဖော်ခေါ်တာနဲ့ လိုက်လာပေးတာ"

သူ့နာမည်ကို ခုတုံးလုပ်လိုက်သောကြောင့် လဲ့လဲ့က သူမကို မျက်လုံးကြီးပြူးပြပါသည်။ ကောင်းမြတ်ကတော့ မမြင်လိုက်ပါ။

"နင်ရော ဘာလာလုပ်တာလဲ"

"ငါလည်း ဒီလိုပါပဲ၊ သူငယ်ချင်းတွေဆီက စာတွေရောက်နေမလားလို့ လာကြည့်တာ"

"ဪ"

ဒါပဲလေ၊ ကောင်းမြတ်နဲ့ မိုးပြာရဲ့ကြားမှာ ထွေထွေထူးထူး ပြောစရာ စကားမရှိပါ။ ဒါကိုတောင် သူက သူ့ဘာသာ တစ်နေရာရာမှာ သွားမထိုင်သေးဘဲနှင့် မိုးပြာရဲ့ ရှေ့မှာ ဆက်ရပ်နေသေးသည်။

"ဘာပြောစရာ ရှိသေးလို့လဲ ကောင်းမြတ်"

"ဟိုလေ ဒီလိုပါပဲဟာ"

သူလည်း ပြောစရာ စကားရှိတော့ပုံ မရပါ။ သူမ မေးခွန်းကို ဟိုလိုလို ဒီလိုလိုသာ ပြန်ဖြေနေပုံကိုကြည့်ပြီး ခန့်မှန်းမိခြင်းဖြစ်၏။ ဒါကိုပဲ လဲ့လဲ့ဆိုတဲ့ မိန်းမက အလိုက်ကမ်းဆိုးမသိ ရယ်နေသေးသည်။ သူကတော့ ကောင်းမြတ်ဖြစ်နေသည့်ပုံကို ကြည့်ပြီး ရယ်မောလိုက်ခြင်း ဖြစ်ပေမယ့် မိုးပြာမှာ နည်းနည်းတော့ အားနာသွားမိသည်။ လဲ့လဲ့ရဲ့





…င်ကို မသိမသာ ခွဲဆိတ်လိုက်ကာ မရယ်တော့ရန် အချက်ပြရသေး၏။

ဒါကို ကောင်းမြတ်က မြင်သွားပြီး သူမတို့အနားမှ ထွက်သွားပါ…ည်။ သို့သော် ချက်ချင်းပင် ပြန်လှည့်လာပြီး သူက

"နင်နဲ့ငါ ဂိမ်းပြိုင်ဆော့ရအောင်၊ ငါတို့ မဆော့ရတာ ကြာပြီ…"

ဟုတ်တော့လည်း ဟုတ်ပါသည်။ မိုးပြာရယ် ကောင်းမြတ်ရယ် …ိုးရယ်၊ နောင်နောင်ရယ် ဆိုချက် အဝစားကြေး ဂိမ်းပြိုင်ဆော့ပြီး …ည်းက သူမတို့ ဂိမ်းထပ်မဆော့ဖြစ်ကြတော့ပါ။ နောင်နောင်ကတော့ …ရှင်က အထုတ်ခံလိုက်ရသည်မို့ သူမတို့နှင့်လည်း မတွေ့ဖြစ်တော့ပါ။

"ကောင်းသားပဲ၊ ငါလည်း ကိုရီးယားမင်းသားပုံတွေ ကြည့်ရ… ပျင်းလာပြီ"

မိုးပြာရဲ့ စကားကြောင့် လဲ့လဲ့က မျက်စောင်းကြီးတစ်ခု လှမ်းထိုး…ပါသေးသည်။

"တော်ပြီဟာ၊ နင် ဂိမ်းဆော့မယ်ဆို ငါပြန်တော့မယ်"

မိန်းကလေး တော်တော်များများက ဂိမ်းဆော့တာကို ဝါသနာ…သော်လည်း မိုးပြာကတော့ ထူးထူးခြားခြား ဝါသနာပါလေသည်။ …သည်လည်း ဂိမ်းမဆော့တတ်သည့် မိန်းကလေးများထဲတွင် ပါသည် …ူက ပြန်ရန် ပြောလာခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး ဖြန်ချင်လည်း ဖြန်လေ၊ နောက်မှပဲ ငါဖုန်းဆက်လိုက်မယ်"

ညမှောင်နေပြီဖြစ်ပေမယ့် သူမတို့ ထိုင်နေသည့် အင်တာနက်ဆိုင်က လဲ့လဲ့တို့ လမ်းထိပ်တွင်ရှိခြင်းမို့ လဲ့လဲ့ကို လိုက်ပို့ပေးစရာလည်း မလိုတော့ပါ။

"ကဲ စမယ်လေ၊ ဘာကြေးလဲ"

"ထုံးစံအတိုင်း အဝစားကြေးပေါ့"

"နင့်မှာ ပိုက်ဆံလုံလုံလောက်လောက် ပါလို့လား"

ကောင်းမြတ်က သူမကို မထိတထိနှင့် စပါသည်။ မိုးပြာကလည်း ပိုက်ဆံအနည်းငယ်သာပါသော ပိုက်ဆံအိတ်ကို ဖွင့်ပြလိုက်ပြီး

"ဒါပဲ ပါတယ်၊ ဒါပေမဲ့ ငါက မပူပါဘူး၊ ငါကျွေးရမှာမှ မဟုတ်တာ၊ နင်ပဲ ကျွေးရမှာလေ"

ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှု အပြည့်ရှိနေသော မိုးပြာကို ကြည့်ပြီး ကောင်းမြတ်က သဘောတကျနှင့် ရယ်မောလိုက်၏။

"အိုကေ၊ အဲဒီသွေးကို ကြိုက်တယ်၊ ငါတို့ စကြတာပေါ့"

ဒီတစ်ခါပြိုင်ပွဲက နှစ်ယောက်တည်းနှင့် တော်တော်ကို အကြိတ်အနယ် ရှိလှပါသည်။ သုံးပွဲပြိုင်ရန် သဘောတူထားသည့်မို့ ခုနောက်ဆုံးပွဲကို ပြိုင်နေရခြင်းဖြစ်သည်။ ပထမပွဲတွင် တစ်ယောက် တစ်ပွဲစီ





နိုင်ထားသောကြောင့် နောက်ဆုံးပွဲက တော်တော်လေးကို အရေးပါလှသည်။

ဒါပေမဲ့ နောက်ကျနေပြီဖြစ်သောကြောင့် တန်ဖိုးဆီသို့ စိတ်ရောက်သွားပြီး နာရီကြည့်လိုက်မိစဉ်မှာပဲ မိုးပြာနောက်တည့်တည့်ကနေ ကောင်းမြတ်က ဓားနှင့်ထိုးလိုက်ခြင်း ဖြစ်သည်။

"ဟာ သွားပါပြီ"

မိုးပြာက စိတ်ပျက်လက်ပျက်နှင့် ကိုယ့်နဖူးကိုယ် ရိုက်ပြီး ရေရွတ်မြည်တမ်းလိုက်မိသည်။

"ဆောရီး မိုးပြာ၊ ငါနင့်ကို သတ်ဖို့ မရည်ရွယ်ခဲ့ပါဘူး"

ကောင်းမြတ်က အနားရောက်လာကာ စပ်ဖြီးဖြီးနှင့် ပြောနေပါသေးသည်။ မိုးပြာမှာတော့ ခုမှပင် ဒုက္ခရောက်တော့တာ ဖြစ်၏။ အင်တာနက်ဆိုင်ပဲ ထိုင်မည်ဆိုပြီး ထွက်လာသောကြောင့် ပိုက်ဆံက တစ်ထောင်တန် သုံးရွက်လောက်သာ ပါလာခဲ့သည်။

ခုတော့ ကောင်းမြတ်ကို ရှုံးသွားပြီမို့ သူ စားချင်တာကို အဝလိုက်ကျွေးရပါတော့မည်။ စိတ်ညစ်ညစ်နှင့် ခေါင်းကိုကုတ်ပစ်လိုက်မိသည်။ ထိုအပြုအမူကို ကြည့်ပြီး ကောင်းမြတ်က သဘောတကျနှင့် ရယ်နေသေး၏။

"ကဲ ငါ နိုင်တာဆိုတော့ ငါကြိုက်တာ စားရမှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ပြင်ရောက်တော့ ကောင်းမြတ်က အားရပါးရ ပြောလိုက်ပါသည်။ မိုးပြာမှာသာ မျက်နှာလေး ရှုံ့မဲ့သွားရ၏။ တုံးစံအတိုင်း ရှုံးသူက ဂိမ်းဖိုးရှင်းရသည်မို့ သူမမှာ ဆိုင်ထဲမှာလည်း ရှင်းခဲ့ရသေးသည်။ ခုတော့ မုန့်ပါ အဝကျွေးရဦးမည်။

"ဟိုလေ နင်သိပ်ဈေးကြီးတဲ့ ဆိုင်တွေမှာ မစားနဲ့ဟာ၊ ငါ့မှာ ပိုက်ဆံသိပ်မပါတာ နင်တွေ့တယ် မဟုတ်လား"

"နင်ကလေ နင့်ဆီကနေ ငါက အများကြီးစားမှာကိုတော့ စိတ်ပူတယ်ပေါ့ ဟုတ်လား၊ မစားပါဘူးဟာ၊ နင့်မှာ မပါတာ ငါသိတယ်"

ခုမှပဲ မိုးပြာရင်ထဲမှ အလုံးကြီးက အုန်းခနဲ နေအောင် ကျသွားတော့သည်။

"နင်က တော်တော်ခင်ဖို့ ကောင်းတယ် ကောင်းမြတ်"

မိုးပြာရဲ့ စကားကြောင့် ကောင်းမြတ်ရဲ့ မျက်နှာက အနည်းငယ် ပျက်ယွင်းသွားပါသည်။

"အဲဒီခင်တာထက် နည်းနည်းလေးမှကို ပိုလို့မရတော့ဘူးလား မိုးပြာ"

"နင်နော် အဲဒါတွေ မပြောပါနဲ့ဆိုတာ ပါလာပြန်ပြီလား"

"အိုကေ အိုကေ၊ နင်မကြိုက်ရင် ငါမပြောတော့ပါဘူး၊ ဒါပေမဲ့ အခု ငါအရမ်းဗိုက်ဆာနေတယ်ဟ၊ နင် ငါနဲ့ တူတူတော့ ထမင်းလိုက်စား





သိမ့်မယ်"

"ထမင်းလိုက်စားရမယ် ဟုတ်လား၊ ဘယ်မှာလဲ"

"သိပ်ဈေးကြီးပေးရမယ့် ဆိုင်တစ်ဆိုင်မှာပေါ့"

ကောင်းမြတ်က မျက်နှာကို မချိုမချဉ်လုပ်ပြီး ပြောပါသည်။

"ငါတို့နားမှာ ဈေးကြီးပေးရတဲ့ ထမင်းဆိုင်ဆိုတာ မရှိပါဘူး ောင်းမြတ်ရဲ့"

"လာ လိုက်ခဲ့၊ ငါ ပြမယ်"

ကောင်းမြတ်က မိုးပြာရဲ့ လက်ကလေးကို လှမ်းဆွဲပြီး ရှေ့မှ က်လာသောကြောင့် သူမမှာ ကြောင်တောင်တောင်နှင့်ပင် ပါလာပါ ည်။ ကောင်းမြတ်လက်ထဲတွင် ဆုပ်ကိုင်ထားသော သူမရဲ့လက်လေးကို လည်း ရုန်းထွက်ပါသော်လည်း တော်တော်နှင့် ရုန်းလို့မရခဲ့ပါ။

နောက်ဆုံးတော့ ကောင်းမြတ်က သူနောက်တွင် သူဆွဲခေါ်သည့် တိုင်းပါလာသည့် မိုးပြာကို လှည့်ကြည့်လိုက်ပြီး ပြုံးပြကာ သူမလက် ကိုလည်း လွှတ်ပေးလိုက်ပါသည်။

"ဟိုမှာ တွေ့လား၊ ငါပြောတဲ့ ဈေးကြီးဆုံး ဆိုင်ဆိုတာ"

ကောင်းမြတ် လက်ညှိုးပြရာကို ကြည့်လိုက်တော့ လမ်းဘေး အမိုးထိုးကာ စားပွဲရှည်ကြီးတစ်ခုပေါ်၌ ဟင်းအိုးများ တန်းစီချထား ဝစား ၅၀၀ ဟု ရေးထားသော ဆိုင်လေးကို တွေ့လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလား နင်ပြောတဲ့ ဈေးကြီးတဲ့ဆိုင်ဆိုတာ"

ကောင်းမြတ်က ခေါင်းကို ခပ်သွက်သွက်ညိတ်ပြပြီး ထိုဆိုင်ထဲသို့ ဝင်သွားပါသည်။ သူမမှာလည်း နောက်ကနေ လိုက်ခဲ့ရပြန်၏။ စိတ်ထဲမှာတော့ အင်တာနက်ဆိုင်ကို တန်ဖိုးများ ရောက်နေပြီလားလို့ တွေးမိသည်။ ရောက်နေပါကလည်း သူမကို မတွေ့သောကြောင့် သေချာပေါက် ဒေါ်ပွနေမှာ မြင်ယောင်ပါသေး၏။

"ဘာနဲ့စားမလဲ မိုးပြာ"

မိုးပြာမှာ တစ်ခါမှ ဒီလိုဆိုင်မျိုးတွင် မစားဖူးသည်မို့ စိတ်ထဲတွင် နည်းနည်းတော့ အင်တင်တင်ဖြစ်နေမိသေးသည်။ သို့သော် မိုက်ထဲမှာတော့ တော်တော်လေးကို ဆာလောင်နေပြီး ကောင်းမြတ်ကလည်း အတင်းမေးနေသောကြောင့် ဆိတ်သားမွကြော်နှင့် ထမင်းတစ်ပွဲမှာလိုက်ပါသည်။

မိုးပြာက မှာလိုက်ပြီးသွားသော်လည်း ကောင်းမြတ်ကတော့ ခုချိန်ထိ ဘာဟင်းနှင့်စားရင် ကောင်းမလဲလို့ ရွေးနေဆဲ ဖြစ်၏။

"သားလေး ငါးရံ့အူ စားပါလား၊ ဒီနေ့မှ ရှားရှားပါးပါး ရလာတာ"

ဟင်းတွေကို တစ်မျိုးပြီးတစ်မျိုး ဖော်ပြများလုပ်ကာ ကြည့်နေသော ကောင်းမြတ်အား ဆိုင်ရှင်မိန်းမကြီးက ပြောလိုက်ခြင်း ဖြစ်၏။





"ငါးရံ့အူက ငါးရာနဲ့ရလို့လားဗျ"

သူကလည်း တအံ့တသြနှင့် ပြန်မေးလိုက်ပါသည်။ ငါးရံ့အူက အကယ့်ဆိုင်ကြီးတွေမှာဆို ဈေးကြီးမှန်းသိနေသောကြောင့် ထိုသို့မေးလိုက်ခြင်းလည်း ဖြစ်၏။

"ငါးရံ့အူက ရောင်းဖို့ချက်ထားတာ မဟုတ်ပါဘူး၊ အန်တီတို့မိသားစု စားဖို့တင် ချက်ထားတာ၊ ဒါပေမဲ့ သားလေးပုံကြည့်ရတာ စားစရာဟင်း ရှာမတွေ့သလို ဖြစ်နေလို့ ဒေါ်ကြီးက မေးတာပါ"

"အဲဒါဆိုရင်တော့ ငါးရံ့အူပဲ တစ်ပွဲလုပ်ပေးပါနော်"

သူမတို့နှစ်ယောက်က လူလွတ်နေသော ထောင့်ကျကျ စားပွဲလေး တစ်လုံးတွင် ဝင်ထိုင်လိုက်ကြပြီး မကြာမီမှာပင် ဟင်းနှင့်ထမင်းများ ရောက်လာ၏။ ကောင်းမြတ်က ငါးရံ့အူကို အရင်နှိုက်မြည်းလိုက်ပြီး အရသာတွေ့သွားပုံနှင့်

"ဟား ရှယ်ပဲဟေ့၊ တကယ် မိုက်တယ်၊ ငါကလည်း ငါးရံ့အူစားချင်နေတာ ကြာပြီဆိုတော့ ကွက်တိပဲပေါ့"

ကလေး တစ်ယောက်လို ရေရွတ်ပြီး စားသောက်နေသော ကောင်းမြတ်ကိုကြည့်ပြီး သူမပင် တန်ဖိုး စိတ်တိုနေမှာတွေကို မေ့သွားပြီး ပျော်သလို ခံစားလာရသည်။

"ငါက ဒီလိုဆိုင်မျိုးမှာ နင်နဲ့တူတူ ညစာစားချင်တာ ကြာပြီဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန် ဘယ်လိုကြီးတုန်း"

မိုးပြာကြည့်ဖူးသည့် ရုပ်ရှင်တွေမှာတော့ ကောင်လေးနဲ့ကောင်း

လေး ညစာစားကြလျှင် တကယ့်ကို ရိုမန်တစ်ဆန်ပြီး ဈေးကြီးပေးရသည့်

အေးချမ်းဆိတ်ငြိမ်သော နေရာတွေမှာသာ ဖြစ်တတ်သည်။ ဘယ့်နှယ်

ကောင်းမြတ်နဲ့ကျမှပဲ ညစာကို တစ်ခါပြင်ငါးရာဆိုင်မှာမှ သူမနှင့်တူတူ

စားချင်သည်ဆိုသော တစ်မျိုးတော့ ထူးဆန်းနေပါသည်။

"အရင်ကတော့ ငါ့ညီမကို လိုက်စားပေးပါလားလို့ ခေါ်ဖူးသေး

တယ်၊ ဒါပေမဲ့ ခင်ကြီးကျယ်မမက နိုးပဲဆိုတာနဲ့ ငါလည်း အဖော်မရှိလို့

မစားဖြစ်တော့ဘူးလေ၊ ခုတလောတော့ နင်နဲ့တူတူ စားချင်စိတ်လေး

ပေါက်နေမိတယ်၊ ဆိုင်ကြီးတွေမှာလို မဟုတ်တဲ့ လွတ်လပ်တဲ့ ပွင့်လင်း

တွေကို ခံစားရတယ်၊ အဲဒီဖီးလ်ကို ငါက နင့်ကိုပါ မျှဝေပေးချင်ခဲ့တာ"

မိုးပြာမှာ ကောင်းမြတ်ပြောသည်များကို မျက်လုံးအဝိုင်းသားနှင့်

နားထောင်နေမိပါသည်။

"နင်ဒီလောက် ကဗျာဆန်တယ်ဆိုတာ ငါခုမှပဲ သိတော့တယ်

ကောင်းမြတ်ရယ်"

"ဟုတ်လား၊ လူတွေက အချစ်နဲ့တွေ့ရင် ကဗျာဆန်သွားကြ

တယ်တဲ့၊ ငါကြားဖူးတာပဲ"

"ရောက်လာပြန်ပြီ"





သူမက မျက်စောင်းလေးထိုးကာ ပြောလိုက်တော့ သူကလည်း

ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါသည်။ ထိုဆိုင်က ထမင်းလေးက

ဖြူပြီးညက်နေ၏။ ဟင်းအရသာကလည်း ဈေးနှင့်မတန်အောင် ကောင်း

မွန်နေသောကြောင့် အစားအသောက်အတွက်လည်း စိတ်ကျေနပ်ရ၏။

ဒီညတော့ ကောင်းမြတ်ကို တကယ်ပဲ ကျေးဇူးတင်မိပါသည်။

စားသောက်ပြီးစီးသွားတော့ ကျသင့်ငွေ ရှင်းခါနီးတွင် ကုန်ကျ

ငွေက မိုးပြာတွင် ကျန်သေးသည့်ပိုက်ဆံနှင့် လောက်နေသောကြောင့်

မိုးပြာကပင် ထုတ်ရှင်းရန် ပြင်၏။

"မလုပ်ပါနဲ့ မိုးပြာရယ်၊ ငါရှင်းမယ်လို့ ပြောထားတဲ့ဟာကို"

"နေပါဟာ ၊ ငါ့ကြောင့် ကျွေးရမှာပဲဟာ၊ အကြွေးမှတ်ပြီး နောက်

မှစားမယ်ဆိုရင် ငါဈေးကြီးတာတွေ ရှင်းနေရဦးမယ်၊ ခုလို ပေါချောင်

ကောင်းလေးနဲ့တွေ့တုန်း ငါပဲ ရှင်းလိုက်ပါ့မယ်"

"နင်ကတော့လေ"

ကောင်းမြတ်က ဘာမှထပ်မပြောတော့သောကြောင့် မိုးပြာပဲ

ကျသင့်ငွေကို ရှင်းပေးလိုက်ပါသည်။ ထိုညက လေကလည်း တဖြူးဖြူး

နှင့် တိုက်ခတ်နေသောကြောင့် စိမ့်စိမ့်လေး အေးနေပါသည်။ ကောင်းမြတ်

က အနွေးထည်တစ်ထပ် ပါသည်မို့ ချမ်းသည့်ပုံမရသော်လည်း သူမမှာ

တော့ အင်္ကျီပါးလေးတစ်ထပ်တည်း ဝတ်ထားသည်မို့ ချမ်းပြီးစိမ့်နေပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"နင် ချမ်းနေလား မိုးပြာ"

"နည်းနည်းပါ"

"ရော့ ငါ့အနွေးထည် ဝတ်ထားလိုက်"

ပြောပြောဆိုဆို သူ့ကိုယ်ပေါ်တွင် ထပ်ဝတ်ထားသော ဂျာ သား အနွေးထည် အနက်ရောင်ကို ချွတ်ကာ မိုးပြာထံ ကမ်းပေးနေသော ကြောင့် သူမမှာ ငြင်းချိန်ပင် မရလိုက်ပါ။ အားနာစွာနှင့်ပင် ယူဝတ် ထားလိုက်ရသည်။

သူမတို့ လမ်းထိပ်ရောက်သည်နှင့် မိုးပြာရဲ့ မျက်လုံးတို့ထ စိန်ပန်းပင်အောက်တွင် လက်နှစ်ဖက်ကို ယှက်ပိုက်ကာ ခုန်ဆွ ခုန်ဆွ လုပ်နေသော တန်ဖိုးကို လှမ်းတွေ့လိုက်ရသောကြောင့် ငြိမ်သက်နေသော ရင်က နည်းနည်း ပြန်လှုပ်ရှားလာသည်။

တန်ဖိုးဟာ မိုးပြာကို စောင့်နေခြင်းဆိုတာ ထင်ရှားပါသည်။ ထို့ကြောင့် မိုးပြာသည်လည်း သေချာပေါက်ကို တန်ဖိုး ပြောဆိုသမျှကို ခံရပါတော့မည်။

"ဟင်း တန်ဖိုးတော့ ငါ့ကို အသေပြောတော့မှာပဲ"

"ဘာဖြစ်လို့လဲ မိုးပြာရဲ့"

သူမရဲ့ ညည်းတွားသံကို ကောင်းမြတ်က ကြားသွားပြီး စိတ်ပူ





သွားသည့် အမူအရာမျိုးနှင့် မေးလိုက်ခြင်း ဖြစ်၏။

"ဒီလိုပါပဲဟာ တကယ်တော့ အင်တာနက်ဆိုင်မှာ တန်ဖိုးနဲ့ငါနဲ့ ချိန်းထားတာလေ၊ ငါက နင်နဲ့တူတူ ပါသွားတော့ သေချာပေါက် သူ စိတ်ဆိုးနေပြီပေါ့"

"ငါ လိုက်ပြောပေးရမလား"

"အမလေး နင်လိုက်ပြောပေးတော့ရော ဘာထူးမှာမို့လဲ၊ နင့် အသာ ပြန်ပါတော့"

တန်ဖိုးကလည်း သူမတို့နှစ်ယောက် တူတူယှဉ်တွဲပြီး လျှောက် လာသည်ကို မျက်မှောင်ကြီး ကျုံ့ပြီး လှမ်းကြည့်နေပြီ ဖြစ်သောကြောင့် မိုးပြာက ကောင်းမြတ်နှင့် ပြဿနာတက်မည်စိုး၍ မြန်မြန်ပြန်ခိုင်းလိုက် ခြင်း ဖြစ်သည်။

သူမရဲ့ ခြေလှမ်းအရှိန်ကိုလည်း ထပ်မြှင့်လိုက်ပါသည်။ ကောင်း မြတ်ကတော့ သူမကို လှမ်းကြည့်နေမည်ဆိုတာ ခန့်မှန်းမိပါသည်။ သို့သော် သူမက ကောင်းမြတ်ကို မေ့ပစ်လိုက်ပြီး တန်ဖိုးထံသို့သာ ဦးတည်လျှောက်နေမိသည်။

"ပြောပါဦး အဲဒါက ဘာဇာတ်ခင်းပြန်ပြီလဲဆိုတာ"

ထင်သည့်အတိုင်းပါပဲ။ သူ့နားတောင် ကောင်းကောင်း မ ရောက်သေးခင်မှာဘဲ တန်ဖိုး အသံက သူမထံ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖာတ်မှ မခင်းဘူး။ နင်က ကြာတော့ ဗိုက်ဆာလို့ ထမင်း
သွားစားတာ"

"ဒီနားမှာ ထမင်းဆိုင် ကောင်းကောင်းကန်းကန်းမှ မရှိဘ
နင်တို့က ဘယ်မှာ သွားစားနေတာတုန်း။ အင်တာနက်ဆိုင်က အစ်မကြီး
က နင်နဲ့ကောင်လေးတစ်ယောက်နဲ့ ထွက်သွားတယ်ဆိုလို့ ငါ လိုက်ရှာ
သေးတယ်၊ နင်တို့ကို မတွေ့ဘူး"

"ငါပြောလည်း နင်အဲဒီဆိုင်ကို သိမှာ မဟုတ်ပါဘူး။ စိတ်ဆ
စားမနေစမ်းပါနဲ့ဟာ၊ အိမ်ပဲပြန်ကြရအောင်"

သူမတို့ နှစ်ယောက်က ခြေလှမ်းများကို အိမ်ဘက်သို့ ဦးတည်
လိုက်ပါသည်။

"နေပါဦး။ နင်ဝတ်ထားတာ ဘယ်သူ့အင်္ကျီကြီးလဲ"

တန်ဖိုးပြောမှပင် မိုးပြာမှာ ကောင်းမြတ်အင်္ကျီ ပြန်မပေးလိုက်
ရတာကို သတိရသွားမိပြီး

"ဒုက္ခပါပဲ၊ အဲဒါ ကောင်းမြတ်ရဲ့ အင်္ကျီကြီး၊ ငါချမ်းနေမှာ
စိုးလို့ ပေးဝတ်ထားတာ၊ ခုဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှ လုပ်မနေနဲ့တော့၊ ဟိုကောင်က ပြန်သွားပြီ
အိမ်တောင် ပြန်ရောက်နေလောက်ပြီ၊ ဟွန်း သူကတော့ အနွေးထည်
တွေ ဘာတွေနဲ့ ကောင်းစားနေတယ်၊ ငါမှာတော့ ချမ်းချမ်းစီးစီး





သူ့ကိုရပ်စောင့်နေတယ်၊ နင့်လုပ်ရပ်ကျတော့ သိပ်ကောင်းတယ်နော်
မိုးပြာ"

"အရေးမပါတာတွေကို ပြောမနေစမ်းပါနဲ့ဟာ၊ ငါက တစ်ခါ
တလေလေးမှ ဖြစ်တာပါ ပြီးတော့ ငါတို့က ရိုးရိုးသားသား"

"ဘာမှအပိုတွေ ပြောမနေနဲ့၊ နင့်ကို ဟိုကောင် မရိုးသားတာ
ငါအသိဆုံးပဲ"

"အဲဒီတော့ရော ဘာဖြစ်လဲ၊ ငါ့ဘက်က ရိုးသားနေတာပဲ ဟာ၊
ဒါနဲ့ နေပါဦး၊ နင်ရော နှင်းဆီနက်နဲ့ အိုကေခဲ့ရဲ့လား"

ကောင်းမြတ်အကြောင်း ပြောနေစဉ် တစ်လျှောက်လုံး ဆူပုပ်
နေခဲ့သော တန်ဖိုးရဲ့ မျက်နှာသည် နှင်းဆီနက် အကြောင်းရောက်တော့
မှပင် ပြုံးသွားတော့၏။

"ငါတို့နှစ်ယောက် ကန်တော်ကြီးထဲက White Rice မှာ ညစာ
တူတူ စားကြတယ်လေ၊ ပြီးတော့ ကန်တော်ကြီးတစ်ပတ် လမ်းလျှောက်ပြီး
လေညင်းခံကြတယ်"

"နင်တော့ ဗိုက်ဆံတော်တော် ကုန်ခဲ့မှာပဲနော်"

"ကုန်သွားတာပေါ့ဟာ၊ ဒါတောင်မှ ဘလက်က ဟင်းတွေ
ကို အကုန်မစားဘူးဟာ၊ ငါ့မှာ နမြောလိုက်တာ ပြောမနေနဲ့တော့"

မိုးပြာမှာ တန်ဖိုးကို ကြည့်ပြီး ရယ်လည်းရယ်ချင် ဒေါသလည်း



www.burmeseclassic.com

www.burmeseclassic.com



လျှောင်ချင်နှင့် နောက်တော့လည်း ဘာမှမပြောဖြစ်တော့ဘဲ ဒီတိုင်းသာ ပြုံးပြုံးလေးကြည့်ပြီး တန်ဖိုးပြောပြသမျှတွေကို နားထောင်ပေးလိုက်ပါသည်။

တန်ဖိုး နင်ပျော်နေတယ် မဟုတ်လား။ ဘယ်လိုပဲဖြစ်ဖြစ် နင်ဟာ ငါ့ရဲ့အစ်ကို တစ်ယောက်ပဲလေ၊ နင်ပျော်အောင် လုပ်ပေးနိုင်တဲ့ မိန်းကလေးကို ငါလည်း လက်ခံပေးရမှာပေါ့။

■ ■ ■



## အခန်း (၇)

"အန်တီငယ် တန်ဖိုး အိပ်နေတုန်းလား"

မိုးပြာက နောက်ဖေးတွင် ချက်ပြုတ်နေသော အန်တီငယ့်ကို မေးလိုက်၏။ အန်တီငယ်က ဟင်းမြည်းနေရင်းနှင့် မိုးပြာကို လှည့်မကြည့်ဘဲ ခေါင်းညိတ်ပြပါသည်။

မိုးပြာကတော့ ထုံးစံအတိုင်းပင် တန်ဖိုးကိုနှိုးရန် အခန်းထဲသို့ ဝင်ခဲ့လိုက်၏။ သူမ ထင်သည့်အတိုင်းပင် တန်ဖိုးတို့ကတော့ ခွလုံးကို ပယ်ပယ်နယ်နယ်ခွကာ အိပ်ပျော်နေဆဲ ဖြစ်သည်။

တန်ဖိုးအခန်းထဲသို့ မိုးပြာဝင်သွားပြီး ဘယ်လောက်မှ မကြာပါ။ အိမ်ရှေ့မှ တံခါးခေါက်သံကြောင့် ဒေါ်သဇင်က ထမင်းချက်လက်စ

www.burmeseclassic.com



တန်းလန်းနှင့်ပင် တံခါးပြေးဖွင့်ပေးလိုက်၏။ တံခါးဝမှာ ရပ်နေသော ကောင်မချောချောလေးကို ဒေါ်သဇင်က တစ်ခါမှ မမြင်ဘူးသောကြောင့် ကြောင်ပြီး ကြည့်နေမိသေးသည်။

အဲဒီအချိန်မှာပဲ ကောင်မလေးက စကားစလာခဲ့ခြင်း ဖြစ်သည်။

"အန်တီက တန်ဖိုးထိုက်ရဲ့ အမေ မဟုတ်လားဟင်"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ သမီးကို အန်တီ မသိပါဘူး။ သားနဲ့ ဘာကိစ္စများ ရှိလို့လဲ"

မိန်းကလေး တစ်ယောက်က သားနာမည်နှင့် အိမ်တိုင်ရာ ရောက် လိုက်လာခြင်းသည် ဒါဟာ ပထမဆုံးမို့ ဒေါ်သဇင်အတွက် ထူးဆန်းနေပါသည်။

"ကိစ္စ အထွေအထူးတော့ မရှိပါဘူး။ ကိုတန်ဖိုးထိုက် အိမ်ကို ရောက်ဖူးချင်လို့ လာလည်တာပါ"

ဒေါ်သဇင်မှာ ပိုလို့တောင် မျက်လုံးပြူးသွားရပါသည်။

"သားကတော့ မနိုးသေးဘူးကွဲ့၊ သမီး ထိုင်စောင့်ချင်ရင်တော့ စောင့်ပေါ့"

ကိုယ်က လူကြီးဖြစ်နေလေတော့ ဘာမှလည်း ပြောလို့မကောင်း သည်မို့ အိမ်ထဲသာ ဝင်ခွင့်ပြုလိုက်ရတော့သည်။ ကောင်မလေးက ထိုင်ခုံ တွင် ဝင်ထိုင်လိုက်ပြီး လက်ထဲတွင် ကိုင်ထားသော နဂါးမောက်သီးများ





ည့်ထားသည့် အိတ်ကို စားပွဲပေါ်တွင် တင်လိုက်ပြီး

"ဒါက အန်တီတို့ စားဖို့ ယူလာတာပါ၊ ဘလက်ခ်နာမည်က င်းဆီနက်ပါ၊ အန်တီနဲ့တွေ့ရတာ ဝမ်းသာပါတယ်"

"အေး ဝမ်းသာပါတယ်ကွယ်"

ဒီနာမည်က သားဆီက တစ်ခါမှ မကြားဘူးတာတော့ သေချာ သည်။ ဒါပေမဲ့ ကောင်မလေးကတော့ အိမ်ပေါ်ထိ ရောက်နေလေပြီ။

ဒေါ်သဇင်က ကောင်မလေးနှင့်တူတူ ထိုင်ကာ ညှော်ဝတ်မပြုနိုင် သးသောကြောင့် ထိုင်နေရာမှ ပြန်ထလိုက်ပြီး

"ဟင်းအိုးတန်းလန်းကြီးနဲ့မို့လို့ အန်တီ နောက်ဖေးပြန်ဝင် ိုက်ဦးမယ်၊ သားနိုးလာတော့မှာပါ၊ သမီး ထိုင်စောင့်ချင် စောင့်နေပေါ့"

"ဟုတ်ကဲ့ သမီးစောင့်ပါ့မယ်"

ဒေါ်သဇင်လည်း ကောင်မလေးတစ်ကိုယ်လုံးကို တစ်ချက်ဝေ့ ကြည့်လိုက်ပြီး အိမ်နောက်ဖေး ပြန်ဝင်ခဲ့လိုက်၏။ စောင့်ပါစေ သားနိုး ာမှပဲ ဒီကောင်မလေးနဲ့ ပတ်သက်ပြီး သေချာမေးရပါတော့မည်။

■ ■ ■

မိုးပြာမှာတော့ တန်ဖိုးကို ရှေ့ကကြည့်လိုက် နောက်ကကြည့် ိုက်နှင့် ဘယ်လိုပုံစံမျိုးနဲ့ နှိုးရင်ကောင်းမည်ကို စဉ်းစားတွေးတောနေ သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင်တော့ သူ ခွထားသော ခွလုံးကို မိုးပြာက အားနှင့်ဆောင့်ဆွဲလိုက်သောကြောင့် တန်ဖိုးမှာလည်း အလန့်တကြား ထထိုင်လိုက်ပါသည်။

"မိုးပြာ နင် ဘာလုပ်တာလဲ၊ ငါ အိပ်နေတာ မတွေ့ဘူးလား"

"တွေ့လို့ကို လုပ်တာလေ၊ ဘာပြောချင်သေးလဲ"

"နင် တော်တော်ရှုပ်တာပဲ မိုးပြာ"

တန်ဖိုးက သူ့ဆံပင်များကို လက်နှင့်ဖွပစ်ရင်းက ရေချိုးရန်ထွက်သွားလိုက်ပါသည်။ နောက်မှ သူ့ကိုယ်သူ ပြန်သတိထားမိသွားပုံနှင့် အင်္ကျီဗလာဖြစ်နေသော သူ့ရင်ဘတ်ကို လက်နှစ်ဖက်နှင့် ယှက်သိုင်းကာပစ်လိုက်ပြီး

"နင်ထွက်၊ ခုထွက်၊ နင်နဲ့ငါက ဘာမှတော်တာ မဟုတ်ဘူး နလိုမျိုး သူစိမ်းယောက်ျားတစ်ယောက်ရဲ့ အခန်းကို ဝင်ချင်းတိုင်း ဝင် မလာနဲ့လေ"

"တော်စမ်းပါဟယ်၊ အပိုတွေ လုပ်မနေနဲ့၊ နင့်ပုဆိုး အပေါ်က ကိုတောင် ငါက သေချာမြင်ထားတာ ဆိုတော့ အချင်းချင်း ရှက်မနေပါနဲ့ ဟာ"

ထိုသို့ပြောလိုက်မှပင် တန်ဖိုးမှာ ပိုရှက်သွားပုံ ရပါသည်။

"နင် တော်တော့နော်၊ ဒါတွေကို ဆက်မပြောနဲ့တော့"





"အေးပါ နင်က မပြောစေချင်ရင် ငါကလည်း ထိတ်တန်း လျှို့ဝှက်ချက်အဖြစ် ထိန်းသိမ်းထားပေးပါ့မယ်၊ ခု ငါလာတာ အရေးကြီးတာ ပြောမလို့ဟ"

"ဘာလဲ"

တန်ဖိုးက တစ်ချက်သမ်းဝေလိုက်ပြီး မေးပါသည်။

"နင်ကလေ ဒါမျိုးကျတော့ မေ့နေတယ် ဟုတ်လား။ ကံကြီးတော့ ထိုက်ဦးမယ်၊ ဒီနေ့ အန်တီငယ့်မွေးနေ့လေ၊ ငါတို့ အန်တီငယ့်အတွက် လက်ဆောင် ဝယ်ရဦးမယ်၊ ဈေးသွားကြမယ်၊ ထဟာ၊ ရေလေးဘာလေး ချိုးတော့၊ ချွေးစော်ကို နံဟောင်နေတာပဲ"

သူမက တမင်သက်သက် နှာခေါင်းလေးရှုံ့ကာ ပြောလိုက်တော့ တန်ဖိုးက သူ့ကိုယ်သူ ပြန်ငုံ့နမ်းကြည့်လိုက်ပြီး

"မနံပါဘူး။ ညက အိပ်ခါနီး ရေချိုးထားတာ ရိုးလ်အွန်နံ့လေးတောင် ကျန်သေးတယ်၊ မယုံရင် ရှူကြည့်ပါလား"

သူ့ချိုင်းကြီးကို အတင်းမြှောက်ပြီး မိုးပြာ မျက်နှာအနား အတင်း လိုက်ကပ်နေသောကြောင့် မိုးပြာမှာ တန်ဖိုးအခန်းထဲမှ ထွက်ပြေးလာမိသည်။ တန်ဖိုးကလည်း နောက်ကနေ ထပ်ချပ်မကွာ ပါလာပါသည်။

နှစ်ယောက်သားလုံး သတိလက်လွတ်ဖြစ်ကာ ထမင်းစားပွဲကို ပတ်ပြီး ပြေးနေမိကြသည်။ တန်ဖိုးကလည်း နောက်ကနေ သူ့ချိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



မြှောက်လျက် လိုက်လာပါသည်။ ထမင်းဝိုင်းကို သုံးပတ်လောက် ပတ်ပြီးချိန်မှာတော့ မိုးပြာကို တန်ဖိုး ဖမ်းမိသွားပါတော့သည်။

မိုးပြာ ရုန်းနေသည့်ကြားကပင် မိုးပြာရဲ့နောက်ဘက်ကနေ လက်နှစ်ဖက်နှင့်သိုင်းကာ အတင်း ဖမ်းချုပ်ပြီး သူ့ချိုင်းကို ရှူနိုင်းနေသောကြောင့် မိုးပြာမှာလည်း မနည်းရှောင်တိမ်းနေရသည်။

အဲဒီလို ရှောင်တိမ်းနေရင်းနဲ့ပဲ သူမရဲ့ မျက်လုံးများက ညှော်ခန်းထဲတွင် ထိုင်ကာ သူမတို့ နှစ်ယောက်ထံသို့ အငေးသား လှမ်းကြည့်နေသော ပုံရိပ်တစ်ခုကို တွေ့လိုက်မိခြင်းဖြစ်သည်။

ထိုပုံရိပ်ကို တွေ့လိုက်ရသောကြောင့်ပင် တန်ဖိုးရဲ့ ချုပ်ကိုင်ထားမှုကို ရုန်းကန်နေမိသော မိုးပြာရဲ့ ခန္ဓာကိုယ်သည်လည်း အလိုလို ငြိမ်သက်သွား၏။

"တန်ဖိုး မလုပ်နဲ့တော့"

သူမ တားမြစ်ပါသော်လည်း တန်ဖိုးမှာတော့ နှင်းဆီနက်ကို မမြင်သေးသောကြောင့် မိုးပြာကို ဖမ်းချုပ်ထားသော သူ့လက်များအား လွှတ်မပေးသေးပါ။

"တန်ဖိုး မလုပ်နဲ့တော့၊ ငါ့ကိုလွှတ်၊ ညှော်ခန်းကို ကြည့်လိုက်"

မိုးပြာက ထိုသို့ပြောလိုက်တော့မှပင် တန်ဖိုးမှာ ညှော်ခန်းကို လှမ်းကြည့်လိုက်လေသည်။





ထိုခဏမှာပဲ မိုးပြာ မျှော်လင့်ထားသလို သူမကို ချုပ်နှောင်ထားသော တန်ဖိုးရဲ့လက်များက ပြေလျော့ကျသွားခြင်း ဖြစ်၏။

"ဘလက်ခ် မင်း မင်း ဘယ်လိုဖြစ်လို့ ဒီကို ရောက်နေတာလဲ"

မျက်လုံးကြီးများ ပြူးကာ အံ့သြတကြီးဖြစ်ပြီး နှင်းဆီနက်ကို ...က်ညှိုးထိုးလျက်က တန်ဖိုးက မေးလိုက်ပါသည်။ တကယ့်ကို ကယောင် ...ချောက်ချားနှင့် မေးလိုက်ပုံမျိုး ဖြစ်၏။

"ကို ကို့ကို ယုံကြည်ခဲ့တာတွေ ဒီလုပ်ရပ်နဲ့ ရိုက်ချိုးပြလိုက်တာ ...ားဟင်၊ ဒီလိုမျိုးတွေ ဖြစ်နေမယ်ဆိုတာ ထင်နေခဲ့လို့ ကိုယ့်ကို အသိ ...ပေးဘဲနဲ့ ဘလက်ခ် သဘောနဲ့ ဘလက်ခ် လိုက်လာခဲ့တာ၊ ခုတော့ ...င်ထားတဲ့အတိုင်း တည့်တည့်တိုးတော့တာပဲ၊ ကို့ရဲ့ သစ္စာဆိုတာ ...ဲလားဟင်"

"မဟုတ်ဘူး ဘလက်ခ်၊ မင်းထင်တာတွေ လျှောက်ပြောမနေ

"ဟင့်အင်း ဟင့်အင်း ကို့ကို ဘလက်ခ် မယုံတော့ဘူး"

နှင်းဆီနက်ရဲ့ မျက်ဝန်းမှာ မျက်ရည်ဥတို့က ချက်ချင်းလိုလိုပင် ...ိုလာပါသည်။

"ကို ရှင်းပြတာကို နားထောင်ပါ ဘလက်ခ်၊ မိုးပြာက ငယ်ငယ်ကို ...သိုပဲ မနက်တိုင်း နိုးနေကြပါ၊ ဒါဟာ ကိုယ်နဲ့မိုးပြာအတွက် ထူးဆန်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ မဟုတ်ဘူး။ နှစ်ပေါင်းနှစ်ဆယ်ကျော်နီးပါးလည်း ဒီလိုပဲ ရင်းရင်း
နီး နေလာခဲ့ကြတာ၊ ကိုယ်တို့နှစ်ယောက်အတွက် ဒီအပြုအမူမျိုး
တကယ့်ကို ရိုးသားတဲ့ မောင်နှမ စိတ်ဓာတ်ကို အရင်းခံတာပါ''

နှင်းဆီနက်ကတော့ ခေါင်းကိုသာ သွင်သွင်ခါနေပါသည်။ ...
ချက် တစ်ချက်လည်း ရှိုက်လိုက်သေး၏။

''တန်ဖိုး နင် အဝတ်သွားဝတ်လိုက်ဦးလေ''

သူမ သတိပေးလိုက်၍ တန်ဖိုးက အခန်းထဲသို့ ပြန်ဝင်သွား...
သည်။ ထိုအခါမှ မိုးပြာက နှင်းဆီနက်နားသို့ လျှောက်သွားလိုက်...

''ကိုယ်နဲ့တန်ဖိုးကို မင်း အထင်မလွဲပါနဲ့၊ ကိုယ်တို့နှစ်ယောက်...
လူကြီးတွေ ဘယ်လိုပဲ စီစဉ် စီစဉ်၊ တကယ့်ကို ဖြူစင်တဲ့ မောင်...
စိတ်နဲ့ နေခဲ့ကြတာပါ၊ အဲဒါကို မင်းလက်ခံမှ ရှေ့လျှောက်တွဲမယ့် ...
တန်ဖိုးရဲ့ အချိန်တွေအတွက် အဆင်ပြေလိမ့်မယ်၊ ကိုယ်ပြောတာ ...
နားလည်ပါတယ်နော်''

နှင်းဆီနက်က အင်းလည်းမလုပ်၊ အဲလည်းမလုပ် ခေါင်း...
ခေါင်းမညိတ်နှင့် သူမကိုသာ တည့်တည့်စိုက်ကြည့်နေပါသည်။

ထိုအကြည့်များက ရှုရဲလွန်းလှ၏။ မိုးပြာကလည်း ထိုအကြ...
များကို တန်ပြန်ကြည့်လိုက်ပြီး ပြုံးလိုက်ပါသည်။

''ကိုယ် တကယ်ပြောနေတာပါ၊ ပြီးတော့ ဒီအချိန်မှာ...





...န်ဖိုးကို တစ်ခုခု ထိခိုက်နစ်နာအောင် မင်း မလုပ်ပါနဲ့၊ ကိုယ်ပြောချင်
...တာက ဒီနေရာဟာ တန်ဖိုးရဲ့အိမ် ဖြစ်နေတယ်လေ၊ တန်ဖိုးရဲ့မေမေ
...ည်း ရှိနေတယ်၊ မင်းသာ တစ်ခုခု သောင်းကျန်းလိုက်မယ်ဆိုရင်
...ဒါဟာလည်း မင်းတို့နှစ်ယောက်အတွက် အခြေအနေဆိုးသွားနိုင်တယ်
...တာ မင်းမှတ်ထားပါ''

မိုးပြာ စကားကြောင့် နှင်းဆီနက်က ခေါင်းငုံ့သွားပါသည်။
...လောက်ဆိုရင် အန်တီငယ်ရှေ့မှာ ဘယ်လိုနေသင့်တယ်ဆိုတာကို သိ
...သွားလောက်ပါပြီလေ။

မိုးပြာက နှင်းဆီနက်ကို စကားပြောလို့ ပြီးသွားချိန်မှာ အန်တီ
...ငယ်က နောက်ဖေးမှ ထွက်လာ၏။

''ဪ ဒီသမီးလေးက မိုးပြာနဲ့လည်း သိတယ်လား၊ အန်တီ
...ငယ်က မသိပါဘူးကွယ်၊ သားနဲ့ပဲ သိတယ် မှတ်နေတာ၊ ဟော သား
...အောင် ထွက်လာပြီ''

ဒေါ်သဇင်ငယ်က နှင်းဆီနက်ကို ကြည့်ပြီး ပြောလိုက်ကာ
...ထိ်ရာနီးလာသော သားနားသို့ လျှောက်သွားပြီး

''ကဲ သား မျက်နှာသစ်လိုက်ဦး၊ သစ်ပြီးရင် စားပွဲပေါ်မှာ
...သားနဲ့မိုးပြာအကြိုက် ရွှေတောင်ခေါက်ဆွဲ လုပ်ထားတယ်၊ သွားစားလိုက်
...ဦး ဟိုသမီးလေးရော ရွှေတောင်ခေါက်ဆွဲ ကြိုက်လား''



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီနက်က ဒေါ်သဖင်ငယ်ကို ခပ်ရေးရေးလေး ပြုံးပြလို

ပြီး ခေါင်းညိတ်ပြလိုက်ပါသည်။ တန်ဖိုးမှာတော့ ထိုမြင်ကွင်းကိုကြည်

သက်ပြင်းချလျက်နှင့် အိမ်နောက်ဖေးထဲသို့ ဝင်သွား၏။

"လာလေ ထမင်းဝိုင်းကို သွားရအောင်"

မိုးပြာကပင် နှင်းဆီနက် လက်လေးကို ဆွဲပြီး ထမင်းဝိုင်းသ

ဝင်ထိုင်စေလိုက်ပါသည်။ အန်တီငယ်က နှင်းဆီနက်အတွက်ပါ ထ

ပြင်ပေးလိုက်၏။

"တန်ဖိုးကို စောင့်ဦးမလား၊ စားနှင့်မလား"

"ကို့ကို အဲ ကိုတန်ဖိုးထိုက်ကို စောင့်ရအောင်နော်"

မိုးပြာက မေးလိုက်သည်က နှင်းဆီနက်က ပြန်ပြောရာ

ရုတ်တရက်မို့ ခေါ်နေကြအတိုင်း ထွက်သွားခြင်း ဖြစ်၏။ အန်တီင

ကလည်း သတိထားမိပုံ ပေါ်ပါသည်။ ခေါက်ဆွဲဟင်းချည်တွေ ထည့်

ရင်းနှင့် နှင်းဆီနက်ထံသို့ မျက်လုံးလှန်ကြည့်လိုက်တာကို မိုးပြာ

မြင်ဖြစ်အောင် မြင်လိုက်ပါသေးသည်။

ရှေ့လျှောက် ကြုံတွေ့ရတော့မည့် ပြဿနာတွေသည် ပေါ့

သေး မဟုတ်မှန်းတော့ မိုးပြာ နားလည်နေပါသည်။

"ကို ပြီးရင် ဘလက်ခ်နဲ့ လိုက်ခဲ့နော်"

"ဘယ်သွားမလို့လဲ"





"ဂိမ်းစီးတီး သွားချင်လို့၊ လိုက်ပို့နော်"

"ဒီနေ့တော့ မဖြစ်ဘူး ဘလက်ခ်ရယ်၊ ဒီနေ့က မေမေ့ မွေးနေ့လေ၊ ကိုယ်နဲ့မိုးပြာနဲ့ လက်ဆောင် သွားဝယ်ပေးရဦးမယ်၊ ဘလက်ခ် သွားချင်တဲ့နေရာကို နောက်နေ့မှ သွားပါနော်"

နှင်းဆီနက်ရဲ့ မျက်နှာက ထိန်းမရအောင် ပျက်သွား၏။ အန်တီငယ် ရေသွားချိုးနေတုန်းမှာ မိုးပြာတို့က ညှော်ခန်းထဲတွင် ကျန်ခဲ့ပြီး လွတ်လွတ်လပ်လပ် စကားပြောခွင့်ရခြင်း ဖြစ်သည်။

"မင်းကလည်းကွာ ဒီလောက်လေးတောင် နားလည်မပေးနိုင်ဘူးလား"

"ဘလက်ခ် နားလည်ပေးနိုင်ပါတယ်"

တန်ဖိုး စိတ်ကျေနပ်အောင် ပြောလိုက်သော စကားဆိုတာ ပျက်ယွင်းနေသော ဘလက်ခ်ရဲ့မျက်နှာကို ကြည့်ရုံနဲ့တင် သိနိုင်ပါသည်။

"ဒီနေ့တော့ ဘလက်ခ် ဆန္ဒကို လိုက်လျောမပေးနိုင်တာ ဆောရီးကွာ"

"ဘလက်ခ် ပြန်တော့မယ်"

မတ်တပ်ထရပ်ပြီး နှုတ်ဆက်လိုက်သော နှင်းဆီနက် မျက်နှာက မကောင်းလှပါ။ တန်ဖိုးက ဒါကို သိသော်လည်း ဘယ်လိုမှ မတတ်နိုင် သောကြောင့် နှင်းဆီနက် ပြန်သွားသည်ကို ဒီအတိုင်းသာ ကြည့်နေရတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"နင် အဆင်ပြေရဲ့လား"

"ဘာကို မပြေရမှာလဲ၊ ဒီနေ့ မေမေ့မွေးနေ့ကို ငါက မေမေနဲ့ပဲ တူတူ ရှိနေမှာပါ"

"ဒါဆိုလည်း ပြီးရော ရေချိုး အဝတ်အစားလဲပြီး သွားကြရအောင်လေ"

မိုးပြာနဲ့ တန်ဖိုးတို့နှစ်ယောက်က ဗိုလ်ချုပ်ဈေးရဲ့ အက်ဖ်အမ်အိုင်ရယ်ထဲမှာ မဖောနိုင် မပမ်းနိုင် ပတ်လျှောက် ခေါ်သဖင်ငယ်အတွက် ဘာဝယ်ပေးရင် ကောင်းမလဲဆိုတာ ရှာဖွေနေတုန်းမှာပင် မထင်မှတ်ထားပါဘဲ ကောင်းမြတ်နှင့် တည့်တည့်တိုးခြင်း ဖြစ်သည်။

"ဟာ တန်ဖိုးနဲ့မိုးပြာ မင်းတို့ ဈေးပင် ထွက်လာတာလား"

"အင်း ဆိုပါတော့ကွာ"

ကောင်းမြတ်ကို တွေ့လိုက်ရသောကြောင့် တန်ဖိုးမျက်နှာထား ပျက်သွားပါသည်။ ထို့ကြောင့်ပင် ပြန်ဖြေလိုက်ပုံကလည်း အေးစက်စက် ဖြစ်သွားရ၏။

"ယောက်ဖကလည်းကွာ စကားပြောတာက ဘယ်လိုဖြစ်နေတာလဲ"

"ဟေ့ကောင် ကောင်းမြတ် မင်း ငါ့ကို ဘယ်လိုခေါ်လိုက်တာလဲ"





တွ"

"ယောက်ဖလို့ ခေါ်တာလေကွာ၊ မင်းကလည်း အလန့်တကြားနဲ့ ဘာထဖြစ်တာတုန်း"

"မင်း ဘာသဘောနဲ့ ငါ့ကို ယောက်ဖလို့ ခေါ်တာလဲ"

သူတို့က အက်ဖ်အမ်အိုင် ပေါ်သို့ တက်သော လှေကားထစ်များပေါ်တွင် တိုးတိုးကြိတ်ကြိတ်နှင့် ဖြစ်နေကြခြင်း ဖြစ်၏။ မိုးပြာပင် ကြားထဲကနေ မျက်နှာပူလာမိသည်။

"မင်းက ငါ့ညီမရဲ့ ရည်းစားဆိုတော့ ငါ့ယောက်ဖ မဟုတ်ဘူးလား။ မင်းကလည်း တကယ်ပဲ"

"မင်း မင်းကွာ"

တန်ဖိုးမှာ ကောင်းမြတ် ပြောတာကလည်း မှန်နေသည်မို့ ဘာမှ ခွန်းတုံ့မပြန်နိုင်တော့ဘဲ အံတကြိတ်ကြိတ်နှင့် ငြိမ်သက်သွားတော့သည်။

"သြော် နင့်အကျီတောင် ငါ့ဆီမှာ ပါလာတာ၊ ပြန်မပေးရသေးဘူးနော်၊ အပြန်ကျရင် လိုက်ယူလိုက်ပါလား၊ ငါလျှော်ပေးထားပါတယ်"

"ဟာ မိုးပြာရယ်၊ ဘာလို့ လျှော်ထားတာလဲ၊ အားနာစရာကြီးဒီအကျီက အထူကြီးဟ"

"ရပါတယ် ဘယ်လောက်မှလည်း အပန်းကြီးတာမှ မဟုတ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကို''

တန်ဖိုးကတော့ လေပေးဖြောင့်နေသော မိုးပြာနှင့်ကောင်းမြ

ကို ကြည့်ပြီး မျက်စောင်းထွေသာ လိမ့်ထိုးနေပါတော့သည်။

''ဒါဆို ငါတို့ တစ်ခုခု စားကြရအောင်လေ''

ကောင်းမြတ်က စကားခေါ်ပါသည်။

''ဗိုက်ပြည့်နေတယ် အိမ်မှာ ခေါက်ဆွဲတွေ စားလာလို့''

''ဒါဆိုလည်း တစ်ခုခု လိုက်သောက်ပေါ့ကွာ၊ ငါ ဒကာခံ

မယ်''

''မင်း ဒကာခံချင်တဲ့ထဲမှာ ငါရော ပါလို့လား နော်ရဲ့''

တန်ဖိုးက ကောင်းမြတ်ရဲ့ နားနားသို့ ကပ်ကာ ပြောလိုက်

ကောင်းမြတ်က ပြုံးဖြီးဖြီး လုပ်နေသေး၏။

''မင်းက ဒကာခံမှာဆိုတော့လည်း ငါက ဗိုက်ပြည့်နေတာ

မေ့ထားပြီး လိုက်တီးပေဦးမှာ''

တကယ်တမ်း အစားအသောက် မှာသည့်အချိန်မှာလည်

တန်ဖိုးက မညှာမတာပင် မှာပါသည်။

''မင်းကလည်းကွာ ငါ့ညီမ မျက်နှာလေးလည်း နည်းနည်

ထောက်ပါဦး''

ကောင်းမြတ် ထိုသို့ပြောတော့မှ စားပွဲထိုးလေးအား မပြီး





မစီးနိုင် မှာနေသော တန်ဖိုးရဲ့အရှိန်မှာ တန့်သွားတော့သည်။ သဘောက

တော့ ကောင်းမြတ်ဘက်က ကြည့်ရင်လည်း သူ့ညီမ ပေးထားရတာပဲ

ဆိုသည့် သဘောနှင့် အစားအသောက်တွေကို မပဟားတရား မှာနေသော

တန်ဖိုးအား သတိပေးလိုက်ခြင်း ဖြစ်၏။

စားသောက်နေသည့် တစ်ချိန်လုံးလည်း ကောင်းမြတ်က မိုးပြာ

ကိုသာ ကြည့်နေသောကြောင့် မိုးပြာမှာ တော်တော်လေး အနေရ အထိုင်

ရ ခက်နေမိသည်။

''ဟေ့ကောင် မင်းဟာကလွန်ပြီကွာ၊ ငါ့ရှေ့မှာ ငါ့ညီမကို ကြည့်

နေလိုက်တာ ခေါ်တောကုလားကျနေတာပဲ''

တန်ဖိုးက ပျစ်ပျစ်နှစ်နှစ် ဝေဖန်လိုက်သောကြောင့် ကောင်းမြတ်

မှာ မျက်နှာကြီး ရှုံ့တွသွားပြီး မိုးပြာကို ကြည့်နေသော သူ့အကြည့်များ

ကိုလည်း ချက်ချင်းပင် ရုပ်သိမ်းပါတော့သည်။

တန်ဖိုးကလည်း မှာထားသည့် အစားများကို တစ်စီမကျန်

စားပြီးမှပင် လက်စသတ်တော့သည်။ နှင်းဆီနက်ကို ကျွေးထားရသမျှ

ကောင်းမြတ်ဆီကနေ အတိုးနှင့် ပြန်စားနေသလောက်တောင် မှတ်ထင်ရ

၏ အားလုံးပြီးစီးသွားတော့ တန်ဖိုးနှင့်မိုးပြာက ကောင်းမြတ်ကို နှုတ်ဆက်

ဆိုက်ကြပါသည်။

''ဒါဆို ငါတို့ သွားတော့မယ်နော် ကောင်းမြတ်''



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူးလေ ငါလည်း လိုက်မှာပေါ့ မိုးပြာရဲ့ အပြ
ကျရင် နင့်အိမ်မှာ ငါ့အင်္ကျီ ဝင်ယူရဦးမယ်လေ"

"နင် မပင်ပန်းဘူးဆိုရင်တော့ လုပ်ပေါ့"

"ငါ့မှာ ကားပါပါတယ်၊ အပြန်ကျရင် နင်တို့ကိုလည်း တ
တည်း ဝင်ပို့ပေးလို့ ရတာပေါ့"

"အေး အဲဒီအစီအစဉ်ကောင်းတယ် လက်ခံလိုက်"

တန်ဖိုးက ကြားဖြတ်ကာ ထောက်ခံလိုက်ခြင်း ဖြစ်၏။ ရန်
မှာက ဆောင်းတွင်းဆိုပေမယ့် ညမှာသာ အေးပြီး နေ့လယ်နေ့ခင်
ဆို နေမင်းကြီးက အဆမတန် ပူပြင်းတတ်သည့် ထုံးစံအတိုင်း သူ
ချွေးပြိုက်ပြိုက်ကျအောင် ရှာဖွေပြီးတော့မှ အမေ့အကြိုက်ဖြစ်သ
ကျောက်စီ ပန်းချီကားတစ်ချပ်ကို ရတော့သည်။

"ဟူး ခုမှပဲ မေမေ လိုချင်နေတဲ့ပုံကို ရတော့တယ်"

တန်ဖိုးက ပန်းချီကားချပ်ကို ပိုက်လျက် ဝမ်းသာအားရ
သည်။ ကားနားသို့ ရောက်တော့ ကောင်းမြတ်က ကားနောက်ခန်း
ကို ဖွင့်ပေးပြီး တန်ဖိုးကို ဝင်ထိုင်စေလိုက်၏။ နောက်ခန်းတွင် မိုးပြာ
ဝင်ထိုင်မည် လုပ်တော့

"တန်ဖိုးတစ်ယောက်တည်း လွတ်လွတ်လပ်လပ် ထိုင်
ပန်းချီကားလည်း ထားရဦးမှာ မဟုတ်လား"





"ဟုတ်သားပဲ တန်ဖိုး၊ ပန်းချီကားကိုလည်း သေချာကိုင်ထား
နော်၊ အန်တီငယ့်ဆီ မရောက်ခင်တည်းက ကွဲနေဦးမယ်"

မိုးပြာက ကားမောင်းသူ ဘေးနားတွင် ဝင်ထိုင်ရင်း တန်ဖိုးကို
ကြည့်ပြီး သတိပေးလိုက်မိသေးသည်။ တန်ဖိုးကတော့ သူမကို မကျေနပ်
သော မျက်ထောင့်နီကြီးနှင့် ကြည့်နေပါသည်။

"နင် ငါ့ကို ဆရာကြီး မလုပ်ပါနဲ့ မိုးပြာ၊ နင်သာ ကိုယ့်ဘာသာ
သေချာထိန်းသိမ်းစမ်းပါ"

"ဟွန့် ဘာစကားကြီးတုန်း"

"ကဲ ကဲ စကားများမနေကြနဲ့တော့၊ ငါ သီချင်းဖွင့်တော့မယ်"

မိုးပြာနှင့် တန်ဖိုးက ရန်ဖြစ်ရန် တာဆူနေပြီ ဖြစ်သောကြောင့်
ကောင်းမြတ်က ဝင်တားလိုက်ခြင်း ဖြစ်၏။ နောက်တော့ ဆူညံပွက်လော
ရိုက်နေသော အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို ဖွင့်လိုက်ပါသည်။

"မိုးပြာ အဲဒီသီချင်းမျိုး နင်ကြိုက်လား"

"အင်း ကြိုက်တယ်၊ ငါက ဒါမျိုးတွေပဲ နားထောင်တာ"

"ဒါဆို နင်နဲ့ငါ အကြိုက်ချင်း တူတာပေါ့၊ ငါလည်း ဟဲဗီးမက်
တယ်ဆို သိပ်ကြိုက်တာ"

မိုးပြာမှာ ကားနောက်ဘက်သို့ မသိမသာနှင့် မျက်လုံးလေး
ကြည့်လိုက်မိတော့ ထင်သည့်အတိုင်းပါပဲ။ တန်ဖိုးမှာ စိတ်ညစ်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာအမူအရာမျိုးနှင့် ရှုံ့မဲ့နေပါတော့သည်။

တန့်ဖိုးက အဲဒီလိုမျိုး ဆူညံနေတတ်သည့် ဂီတမျိုးကို လုံး မခံစားပေးတတ်သူတစ်ယောက် ဖြစ်သည်ဆိုတာ မိုးပြာက သိနေသည် လေ။ ကောင်းတယ် အဲဒီမှာ တစ်လမ်းလုံး နားညည်းခံလိုက်ဦး တန့်ဖိုး

■ ■ ■

"သားနဲ့သမီး ဒီကို လာထိုင်ပါဦး"

တစ်ည ထမင်းစားပြီးချိန်တွင် ဖေဖေနှင့်အန်တီငယ်က မိုးပြာ တို့နှစ်ယောက်ကို ဧည့်ခန်းထဲသို့ ခေါ်လိုက်ပါသည်။ နှစ်ယောက်လုံး ကလည်း လူကြီးတွေ ဘာပြောတော့မယ်ဆိုတာကို ကြိုတင်ခန့်မှန်းမိ သောကြောင့် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ပခုံးတစ်ချက် တွန့်ပြလိုက်မိ၏။

"သားနဲ့ သမီးရဲ့ကိစ္စကို ဖေဖေတို့ကတော့ ဖေဖော်ဝါရီလ လောက်မှာ ဖြစ်စေချင်တယ်၊ ဒါကြောင့် ခုကတည်းက စီစဉ်စရာ ရှိ တာတွေ စီစဉ်ရတော့မယ်လေ"

"ဖေဖေရယ် မိုးပြာ ဘယ်လိုပြောပြရမလဲ၊ တန့်ဖိုးလိုလူ ဘယ်လိုမှ လက်ခံပေးလို့ မရဘူး"

မိုးပြာ ငြင်းလိုက်သည့် စကားကြောင့် တန့်ဖိုးမှာ မျက်လုံးများ ပြူးသွားကာ





"ငါက ဘာဖြစ်နေလို့ နင်က ငါလိုလူမျိုးကို လက်ခံပေးလို့ ရဘူးလို့ ပြောရတာလဲ မိုးပြာ"

တန့်ဖိုးရဲ့ ရန်စကားကြောင့် မိုးပြာပင် ကြောင်သွားမိပြီး တန့်ဖိုးကို လှည့်ကြည့်လိုက်မိသည်။

"ငါ ငြင်းနေတာလေ၊ နင် အဲဒီလို ဝင်ပြောမှတော့ နင်က ငါ့ကို လိုချင်နေတယ်လို့ လူကြီးတွေက ထင်ကုန်ကြတော့မှာပဲ တန့်ဖိုး ရဲ့"

မိုးပြာက ဘေးချင်းကပ်ထိုင်နေသော တန့်ဖိုးနားနားသို့ ကပ် ကာ လေသံလေးနှင့် ပြောလိုက်ပါသည်။

"ငါက နင့်ကို ဘာလို့လိုချင်ရမှာလဲ၊ မလိုချင်ပါဘူး"

"အေးလေ ဒါဆို ငြိမ်ငြိမ်လေးနေ၊ ဘာမှ ထမဖောက်နဲ့"

"မင်းတို့ တိုးတိုး တိုးတိုးနဲ့ ဘာဖြစ်နေကြပြန်ပြီလဲ"

ဖေဖေ့အသံကို ကြားတော့မှပဲ နှစ်ယောက်သား တွတ်ထိုးနေ ခြင်းကို ရပ်လိုက်ပါသည်။

"ဆက်ပြောစမ်း မိုးပြာ၊ ဘာဖြစ်လို့များ တန့်ဖိုးကို လက်မခံ နိုင်ရတယ်ဆိုတာ"

ဖေဖေက မိုးပြာ မေ့နေမည်စိုးလို့လား မသိ၊ စကားကို ပြန်ကောက်ပေးပါသည်။ မပူပါနဲ့ ဖေဖေ တန့်ဖိုးကို ငြင်းဖို့အတွက်ဆို

www.burmeseclassic.com

www.burmeseclassic.com



မိုးပြာက ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။

"သူနဲ့မိုးပြာက နှစ်ပေါင်းနှစ်ဆယ်ကျော်လုံးလုံး မောင်နှမလိုပဲ နေလာခဲ့တာလေ၊ အဲဒီတော့ သူ့ကို ယောကျ်ားတစ်ယောက်လို မြင် ပေးလို့ မရဘူးဖြစ်နေတယ်၊ သူနဲ့ ယူရမယ်လို့ နည်းနည်းလေး တွေးမိ တာနဲ့ မိုးပြာ ကြက်သီးတွေ ထ ထလာတယ်"

မိုးပြာက ပြုံးဖြီးဖြီးနှင့် ပြောလိုက်သောကြောင့် ဖေဖေလည်း ခဏတော့ ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်သွားရသည်။

တန်ဖိုးမှာလည်း မျက်နှာနည်းနည်း ပူသွားမိသည်။ အဲဒီ မိုးပြာကတော့လေ ပြောလိုက်ရင် ဒီလိုချည်းပဲ။

"ညည်းအကြောင်းပြချက်က ဒါပဲလား"

အန်တီငယ်ကပါ ဝင်မေးပါသည်။ ထို့ကြောင့်ပင် မိုးပြာက အန်တီငယ့်ဆီကို မျက်နှာငယ်လေးနှင့် လှမ်းကြည့်လိုက်ပြီး

"အန်တီငယ်ပဲ စဉ်းစားကြည့်ပါ၊ ဘယ်လိုမှ ဖီးလ်မလာတဲ့ ယောကျ်ားတစ်ယောက်ကို မိန်းကလေး တစ်ယောက်အနေနဲ့ လက်မခံ နိုင်တာ အဆန်းမဟုတ်ပါဘူး၊ အန်တီငယ်လည်း နားလည်မှာပါ"

"အဲ"

လူကြီးတွေက မိုးပြာ စကားကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကြောင်နေကြသည်။ တန်ဖိုးကိုပဲ မိုးပြာအား





ီးလ်လာအောင် ကြိုးစားပါဟု ခိုင်းရတော့မလိုလိုတွေ ဖြစ်ကုန်သည်။ တန်ဖိုးကတော့ စပ်ဖြဲဖြဲ လုပ်နေပါသည်။ မိုးပြာကလည်း အံမြင်ကပ်ကပ် နှင့် မျက်စောင်းပိတ်ထိုးပစ်လိုက်မိ၏။

"ကဲ ကဲ မိုးပြာ ဆက်မပြောနဲ့တော့၊ တန်ဖိုး မင်းမှာရော ဘာပြောစရာမှ မရှိဘူးလား"

"ရှိတာပေါ့ မေမေ၊ ပြောချင်လွန်းလို့ကို၊ မိုးပြာ ဘယ်တော့ ပြီးမလဲလို့ စောင့်နေတာ"

"ပြောစမ်းပါဦး မင်းကရော ဘာများပြောချင်တယ်ဆိုတာ"

တန်ဖိုးက မေမေနှင့်လေးလေးကို တည့်တည့် စိုက်ကြည့် လိုက်ပါသည်။ သူ့အကြည့်တွေက ခုနကလို စပ်ဖြဲဖြဲ မျက်နှာမျိုးနှင့် ကွာခြားလွန်းလှ၏။

"သားမှာ ချစ်သူရှိတယ် မေမေ"

"ဘာ"

"ဘယ်လို"

သတင်းအစအနလေးပင် မကြားဘူးခဲ့သော ဖေဖေနှင့်အန်တီ ငယ် မပြောနှင့် အားလုံးကို သိပြီးသားဖြစ်သော မိုးပြာပင် တန်ဖိုးရဲ့ ရဲတင်းမှုကို အံ့အားတသင့်ဖြစ်သွားရသည်။

"မင်းဘာပြောလိုက်တာလဲ တန်ဖိုးထိုက်"



www.burmeseclassic.com

www.burmeseclassic.com



"သားမှာ ချစ်သူရှိနေပါတယ် မေမေ"

ဒေါ်သဖင်ငယ် ဒေါသထွက်လေပြီ။ တန်ဖိုးကတော့ ခေါင်းညိတ်ပြလိုက်ပြီး ထပ်ဝန်ခံလိုက်ပြန်၏။ သူ့ပုံစံက အရာရာကိုရင်ဆိုင်တော့မို့ ဆုံးဖြတ်ထားသည့် ပုံပါပဲ။

"ပြောစမ်းပါဦး အဲဒီလိုတွေ ဖြစ်မှာစိုးလို့ ငယ်ငယ်တည်းက မင်းတို့နှစ်ယောက်ကို တစ်တွဲတွဲ ထားလာခဲ့တာ ဘယ်က ချစ်သူရသွားတယ်ဆိုတာ ပြောပြပါဦး"

တန်ဖိုးနားသို့ ချက်ချင်းရောက်သွားပြီး တန်ဖိုးရဲ့ပခုံးကို ပုတ်ခတ်လျက် ဒေါ်သဖင်ငယ်က အသံတုန်တုန်နှင့် မေးလိုက်ပါသည်။

"ဟိုတစ်နေ့ မနက်က အိမ်ကို လာသွားတဲ့ နှင်းဆီနက်က သားရဲ့ချစ်သူပါ မေမေ"

ဒေါ်သဖင်ငယ်ကို တန်ဖိုးဘေးသို့ အရုပ်ကြိုးပြတ်သူ တစ်ယောက်လို ထိုင်ချလိုက်ပါသည်။

"ငါ ထင်တယ် ငါထင်တယ် ဒါကြောင့်လည်း ဒီကောင်မလေး ဒီလောက် ရဲတင်းနိုင်တာ၊ တန်ဖိုးရယ် ဒီလောက် ပြောထားတဲ့ကြားက နှင်းမို့လို့ လုပ်ရပ်တယ်ဟယ်"

ဒေါ်သဖင်ငယ် မျက်ရည်ဝဲပါပြီ။ ဦးမိုးရင့်မှာလည်း ဘာဝင်ပြောရမှန်း မသိသေးပုံပါပဲ။ မိုးပြာမှာတော့ တစ်ခုခု ဆိုးဆိုးရွားရွား





ဖြစ်တော့မည်ဆိုတာ ကြိုသိနေသဖြင့် ဘာမှဝင်မပါတော့ဘဲ ပွဲကြည့်ပရိသတ်အဖြစ်သာ နေနေလိုက်သည်။

"ခု နင် ဘာဆက်လုပ်မှာလဲ တန်ဖိုး။ ငါကတော့ သဘောတူဘူးနော်"

အန်တီငယ်က တန်ဖိုးကို ဘာဆက်လုပ်မလဲဟု အခွင့်အရေးပေးသလို မေးလိုက်ပြီးမှ ချက်ချင်းလိုပင် သူ သဘောမတူနိုင်ကြောင်းကိုပါ ထည့်ပြောလိုက်လေသည်။ တန်ဖိုးကတော့ တကယ့်ကို ကျင်းထဲကျွပ်ထဲကို ရောက်နေပြီဆိုတာ မိုးပြာ ခန့်မှန်းမိပါ၏။ ဒါပေမဲ့လည်း မိုးပြာက ဘာမှဝင်ပြောပေးလို့ မရတဲ့ အခြေအနေပါ။

"သား သူ့ကို လက်ထပ်ချင်ပါတယ်"

"ဒီလမ်းကြောင်းကို မင်း ရွေးချယ်မှာ သေချာလား တန်ဖိုး"

ဦးမိုးရင့်ကိုတော့ တန်ဖိုးက ကြောက်ရသည့်နည်းတူ လေးလေးရဲ့မျက်နှာကို မကြည့်ရဲသောကြောင့် ခေါင်းကို ငုံ့ထားလျက်က "ဟုတ်ကဲ့" ဟု ပြန်ဖြေလိုက်ပါသည်။

ဦးမိုးရင့်မှာလည်း တန်ဖိုးကို ပြန်ပြောရန် စကားလုံးရှာရခက်နေ ပုံပါပဲ။ မိုးပြာနှင့် အတင်းအဓမ္မ လက်ထပ်ပေးရအောင်လည်း ကိုယ်က သမီးရှင်ဆိုသည့် အသိကြီးက ဝင်နေပုံရပါသည်။

"တန်ဖိုးရယ် အစ်ကိုတို့ရဲ့ကျေးဇူးတွေကို မင်းလောက်မို့ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ တကယ်ဆို မေမေတို့နဲ့ ဘာမှသွေးတော်သားမစပ်တဲ့ မိသားစု နော်၊ ဒါပေမဲ့ မေမေတို့ ဘဝတွေကို လုံခြုံအောင် စောင့်ရှောက်ပေးခဲ့တယ် ပြီးတော့ မိုးပြာလေးထက်စာရင် ဘယ်မိန်းကလေးကမှ ငါ့သားနဲ့ မလိုက် ဘက်ပါဘူးကွယ်၊ သားအကြောင်းကို အသိဆုံးကမိုးပြာပါပဲ၊ သားရဲ့အပြစ် တွေကိုလည်း မိုးပြာကလွဲရင် ဘယ်သူမှ ခွင့်လွှတ်သည်းခံမှာ မဟုတ်ဘူး”

အန်တီငယ်ပြောမှပင် မိုးပြာမှာ သူမကိုယ်သူမ အထင်ကြီးသလို လိုတောင် ခံစားလိုက်ရသည်။ သူမဟာ တန်ဖိုးအပေါ်မှာ ဒီလောက်တောင် ပဲ သဘောထားကြီးခဲ့သတဲ့လား။ ကိုယ့်ကိုယ်ကိုတောင် သတိမထားမိခဲ့ပါ။

“သားရဲ့ချစ်သူကိုပဲ သားလက်ခံချင်ပါတယ်၊ မေမေတို့ကို သား လေးစားလို့ လူကြီးတွေဆီက ခွင့်ပြုချက်တောင်းတာပါ”

“အေးလေ ငါတို့က သဘောမတူဘူးလို့ ပြောနေတယ် မဟုတ် လား တန်ဖိုးထိုက်”

“မေမေတို့ သဘောမတူနိုင်တာဟာ မိုးပြာရှိနေလို့ မဟုတ်လား မိုးပြာကိုယ်တိုင်ကိုက သားကို လက်မထပ်နိုင်ဘူးလို့ ပြောနေတယ်လေ ကာယကံရှင်နှစ်ယောက်လုံး သဘောမတူနိုင်တာကို မေမေတို့က ဘာလို့ အတင်းအကြပ် စီစဉ်ချင်နေရတာလဲဗျာ”

“အေး လူကြီးတွေက လက်နဲ့ရေးတာကို ခြေနဲ့ဖျက်ဖို့ မကြိုးစား ပါနဲ့ တန်ဖိုးထိုက်၊ မင်းဟာ မေမေ့အိမ်မှာ နေနေတဲ့ ရှုခမေ့ အုပ်ထိန်းမှု





အောက်မှာ ရှိနေဆဲ လူတစ်ယောက်ပါ၊ ဒါကြောင့် မေမေ့စကားကိုလည်း မင်းနားထောင်ရလိမ့်မယ်”

“သား ကတော့ နှင်းဆီနက်ကိုပဲ လက်ထပ်ချင်ပါတယ် မေမေ၊ သားကို ခွင့်ပြုပေးပါ၊ မေမေတို့ ခွင့်ပြုမပေးဘဲ မိုးပြာနဲ့ အတင်းပေးစား နေဦးမယ်ဆိုရင်တော့ သား ဒီအိမ်ကနေ ထွက်သွားရပါလိမ့်မယ်”

“တန်ဖိုးထိုက် မင်း ဘာပြောလိုက်တယ်၊ ငါ့ကို ပြန်ပြောစမ်း”

“သား ဒီအိမ်မှာ မနေနိုင်တော့ပါဘူး မေမေ”

“မင်း မင်း”

ဒေါ်သဇင်ငယ်မှာ သူ့ရှေ့မှ ထထွက်သွားသော တန်ဖိုးထိုက်ကို လက်ညှိုးကြီးထိုးပြီး ဘာစကားမှ မဆက်နိုင်အောင် ဖြစ်နေပါသည်။ မိုးပြာတို့က ကျောက်ရုပ်တွေလို မလှုပ်မယှက် ထိုင်နေမိကြသော်လည်း တန်ဖိုးကတော့ ခရီးဆောင်အိတ်တစ်လုံးကို လက်ကဆွဲလျက် အခန်းမှ ပြန်ထွက်လာ၏။

“သား သွားတော့မယ် မေမေနဲ့လေးလေးကို သား ကန်တော့ ခဲ့ပါတယ်”

တန်ဖိုးက ရုပ်ရှင်တွေထဲကလို အိမ်ကဆင်းခါနီး လက်အုပ်ချီ ကန်တော့သည့် ထုံးစံအတိုင်း ဟန်ပါပါနှင့် ကန်တော့လိုက်၏။ ဦးမိုးညို့က ထိုင်နေရာမှ ထသွားသလို ဒေါ်သဇင်ငယ်ကလည်း တန်ဖိုးကို မကြည့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သို့ လှဲထားပါသည်။

ကန်တော့ပြီးလို့ မတ်တပ်ထရပ်ချိန်တွင် မိုးပြာထံသို့ တစ်ချက် လှမ်းကြည့်ပြီး အပြင်သို့လိုက်ခဲ့ရန် မျက်ရိပ်ပြရန် ခေါ်နေသေး၏။ ထို့ ကြောင့်ပင် မိုးပြာမှာ သူ့နောက်သို့ လိုက်လာခဲ့ရပါသည်။

"တောင်ငူမှာနေတဲ့ ငါ့သူငယ်ချင်း ဖော်ဖော်ကို သိတယ် မဟုတ် လား"

"အင်း သိတယ်လေ"

"ငါ သူ့ဆီမှာ သွားနေမယ်၊ နင်က ဒီမှာ လူကြီးတွေကို ငါ့ ဘလက်ခ်အတွက် ပြေလည်အောင် ပြောထားပေါ့၊ ပြီးရင် ငါ့ဆီ အကြောင်းကြားလိုက်၊ အွန်လိုင်းကနေတစ်ဆင့် ဆက်သွယ်မယ်နော် အိမ်ကို ဖုန်းဆက်ရင် လူကြီးတွေ သိသွားဦးမယ်"

"ငါက ပြောပေးရမယ်၊ ဟုတ်လား"

မိုးပြာက သူ့ရင်ဘတ်သို့ လက်နှင့်ပုတ်ကာ မေးလိုက်တော့ တန်ဖိုးက ခေါင်းညိတ်ပြ၏။

"နင့်အစွမ်းအစကို ကြည့်မယ်လေ၊ ဒီကိစ္စရဲ့ ရလဒ်ကို ကြည့် ပြီး နင် ဘယ်လောက် တော်တယ် မတော်ဘူးဆိုတာ ငါ ဆုံးဖြတ်ပေးမယ်"

"အမလေး မတော်ရရင်လည်း နေပါစေတော့၊ နင်က ငါ့လက် ထဲ ပြဿနာကြီး ဦးခေါင်းကို ထည့်ပေးပြီး ထွက်သွားတော့မယ်ပေါ့လေ"



"ကူညီပါ ညီမလေးရယ်၊ ငါ့မှာ အားကိုးစရာဆိုလို့ နင် တစ်ယောက်ပဲ ရှိတာလေ"

တန်ဖိုးက မျက်နှာငယ်လေးနှင့် ပြောနေပြန်တော့လည်း မိုးပြာ မှာ ဟင်းခနဲ သက်ပြင်းလေးသာချရင်း သတိပေးလိုက်ရလေတော့သည်။

"ငါ ကြိုးစားကြည့်ပေးပါ့မယ်၊ ဒါပေမဲ့ အောင်မြင်တယ် မအောင်မြင်ဘူးဆိုတာကိုတော့ ငါ တာဝန်မယူဘူးနော်"

"ကျေးဇူးပဲ မိုးပြာ၊ မေမေ ပြောတာ မှန်တော့ မှန်တယ်ဟ၊ နင်တစ်ယောက်တည်း ငါ့ကို နားလည်ပေးတယ်ဆိုတာ၊ ငါ မရှိတဲ့ရက်တွေ မှာ နင် ကောင်းကောင်းမွန်မွန် နေဦးနော်"

"အောင်မာ နင်သာ လိမ်လိမ်မာမာနေ၊ ငါမရှိလို့ ပြောမယ့်သူ မရှိတော့ဘူးဆိုပြီး လွတ်မသွားနဲ့ဦး"

"ဟုတ်ကဲ့ပါ ဆရာမကြီး၊ ကျွန်တော်မျိုး လိမ်လိမ်မာမာ နေပါ့ မယ်နော်"

"သွားတော့ တော်ကြာ အန်တီငယ် ထွက်လာဦးမယ်"

"မေမေ့ကိုလည်း နင်ပဲ အားပေးလိုက်ပါဟာ"

"အင်းပါ သွားမှာသာ သွားပါတော့"

"ဘာပဲဖြစ်ဖြစ် နင်က ငါ့အပေါ်မှာ တကယ်ပဲ ကောင်းခဲ့ပါတယ် မိုးပြာ"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဆိုသလို မိုးပြာရဲ့ နဖူးလေးကို ငုံနမ်းပြီး ပြောလိုက်သော တန်ဖိုးရဲ့ အပြုအမူကြောင့် မိုးပြာရဲ့ရင်ထဲ နွေးထွေး ရှိန်းမြသွားပါသည်။ တန်ဖိုးနဲ့ ဘယ်လောက်ပဲ ရင်းရင်းနှီးနှီး နေခဲ့ပါသည်လို့ ပြောပြော တန်ဖိုးဆီက ဒီလိုမျိုး နွေးထွေးသွားစေသည့် အပြုအမူမျိုးတွေတော့ မိုးပြာ မရခဲ့ဘူးပါ။ အမြဲလိုလို ရန်ဖြစ်လိုက် ပြန်တည့်လိုက်နှင့်သာ ဘဝကို တူတူကြီးပြင်းလာခဲ့ခြင်း ဖြစ်သည်။

မိုးပြာနားမှ ထွက်ခွာသွားသော တန်ဖိုးရဲ့ နောက်ကျောပြင်ကို ကြည့်ပြီး မဆီမဆိုင်စွာပင် မျက်ရည်က ဝဲချင်လာသည်။ အို ဘာကြောင့် ဒီမျက်ရည်က ဝဲလာရတာပါလိမ့်။ တစ်သက်လုံး ခွဲခွာသွားတာလည်း မဟုတ်ဘဲနှင့်။

ကိုယ့်မျက်ရည်ကို မျက်တောင်များနှင့် ပြန်ပုတ်ခတ်သိမ်းဆည်း လိုက်ပြီး အိမ်ထဲ ပြန်ဝင်လာခဲ့ပါသည်။ ခုချိန်ထိ အန်တီငယ်က ကုလား ထိုင်ပေါ်တွင် ငုတ်တုတ်ထိုင်နေဆဲ ဖြစ်သည်။ မိုးပြာက သက်ပြင်းလေး အသာချရင်း အန်တီငယ့်ဘေးတွင် ကပ်ထိုင်ကာ ပခုံးလေးကို အသာ ထွေးဆုပ်ပေးလိုက်သည်။

"တကယ်တော့ တန်ဖိုး ပြောတာက ဖြစ်သင့်ပါတယ် အန်တီ ငယ်ရယ်၊ လူတစ်ယောက်က ကိုယ်ချစ်တဲ့သူနဲ့ တစ်သက်လုံး တူတူနေ ရသင့်တာပေါ့"





အန်တီငယ့်မျက်နှာက မိုးပြာဘက်သို့ ဖြည်းဖြည်းချင်း လှည့် လာပါသည်။ မျက်ဝန်းတွင်လည်း မျက်ရည်စတို့ ရစ်ဝဲနေ၏။

"သမီး ဖေဖေကို အန်တီငယ် မျက်နှာမပြရဲလောက်အောင်ပါပဲ သမီးရယ်၊ ဒီကောင်လေး သိပ်မိုက်တယ်"

"ဖေဖေလည်း နားလည်ပေးနိုင်မှာပါ အန်တီငယ်ရယ်၊ တန်ဖိုး ဖြစ်ချင်တာလေးကို အန်တီငယ်ကလည်း စဉ်းစားပေးလိုက်ပါနော်၊ လော လောဆယ်တော့ အန်တီငယ် အခန်းထဲ သွားပြီး နားလိုက်ပါတော့"

မိုးပြာကိုယ်တိုင်ပင် အန်တီငယ့်ကို တွဲခေါ်လျက် အခန်းထဲထိ လိုက်ပို့ပေးလိုက်ပါသည်။ ဘာတွေဆက်လုပ်ရမယ်ဆိုတာကိုတော့ ခုချိန် မှာ မိုးပြာ မစဉ်းစားနိုင်သေးပါ။ ရင်ထဲမှာ ကတုန်ကယင်ကြီးနှင့် လစ်ဟာ နေသလို ခံစားနေရသောကြောင့်ပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"တန့်ဖိုးနဲ့ အဆက်အသွယ်မရလို့တဲ့လေ၊ အိမ်မှာ ဘလေ
တစ်ယောက်ကတော့ ပွစိ ပွစိ ဖြစ်နေလေရဲ့"

ကောင်းမြတ်က မိုးပြာကို သူညီမအကြောင်း ဖောက်သည်
သည်။ တကယ်တော့ ခုတလော အန့်တီငယ်က တန့်ဖိုးကို သတိရ
နှင့် ဘာကိုမှ စိတ်ပါဝင်စားစွာ မလုပ်နိုင်သောကြောင့် မိုးပြာက
ဈေးသွားဈေးပြန် လုပ်ပေးနေရပါသည်။

ဒီနေ့ မနက်တော့ ဈေးသို့အသွား မနက်ဘက် လမ်းလျှေ
ရာမှ ပြန်လာသော ကောင်းမြတ်နှင့် တည့်တည့်တိုးခြင်းဖြစ်၏။

"အင်း ငါလည်း တန့်ဖိုးနဲ့ ပတ်သက်ပြီး ဘာမှမထူးခြား
ဘူးလေ၊ အန့်တီငယ်ကလည်း သူ့စိတ်နဲ့ပဲ တငေးငေး တငိုင်ငိုင် ဖြ





ရှာတယ်"

ကောင်းမြတ်နှင့် စကားပြောနေရာမှ မိုးပြာ ဈေးခြင်းကို ဒီဘက်လက်မှ ဟိုဘက်လက်သို့ ပြောင်းလိုက်၏။ ဈေးတစ်ခါဝယ်လျှင် သုံးရက်စာလောက် ဝယ်ရသည်ဆိုတော့ ဈေးခြင်းတောင်းထဲမှာ ဟင်းသီးဟင်းရွက်တွေ သားငါးတွေနှင့် ပြည့်သိပ်ကျပ်ညပ်နေပါသည်။

"အေး ငါကလည်း နင်လေးနေတာကို ဒီအတိုင်း ကြည့်နေမိတယ်၊ ပေး ငါသယ်ပေးမယ်"

"နေပါစေ ရပါတယ် ကောင်းမြတ်ရယ်၊ ဩော် ကဲ ရပါတယ်ဆို"

မိုးပြာ ငြင်းနေသည့် စကားပင် မဆုံးသေး ကောင်းမြတ်က သူမ လက်ထဲမှ ဆွဲခြင်းကို အတင်းလုယူလိုက်သောကြောင့် မိုးပြာက အားနာသွားမိပါသည်။

"ငါ့ကို နင်တကယ်ပဲ မစဉ်းစားပေးတော့ဘူးလား မိုးပြာရယ်"

သူမတို့ လမ်းထိပ်ထိ ကောင်းမြတ်က လိုက်ပို့ပေးကာ လေသံပျော့ပျော့လေးနှင့် မေးရှာ၏။ သူ့ပုံစံကိုကြည့်ပြီး မိုးပြာရင်ထဲ တစ်ခုခုခံစားလိုက်ရတာတော့ သေချာသည်။ ဒါပေမဲ့ ကောင်းမြတ်နဲ့ပတ်သက်ရင် ဘယ်လိုမှကို ရင်မခုန်နိုင်ခြင်းဖြစ်၏။

မိုးပြာ ခံစားလိုက်ရသည်ဆိုတာကလည်း သူ့အပေါ် သနားသလိုလို အားနာသလိုလို ဖြစ်လာသည့် ခံစားချက်လေးပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတုန်းက သူ့ကို မိုးပြာအပေါ်တွင် အပျော်နှင့် လျှောက်ပြောနေခြ

ပဲလား။ ဒါမှမဟုတ် သူညီမနဲ့ တန်ဖိုးတို့ ကြိုက်ကြတာကို မကျေနပ်

ပဲ မိုးပြာကို ကြိုက်ချင်ယောင် ဆောင်သည်ပဲလားဆိုပြီး ထင်ခဲ့မိသေးသည်

ဒါပေမဲ့ အချိန်တွေ ကြာလာတော့လည်း သူက ကိုယ့်အပေါ်

တကယ်ချစ်တာပါလားဆိုပြီး ယုံကြည်စိတ်နှင့်အတူ သူ့အပေါ်တွင် သ

စိတ်လေး ဝင်လာမိ၏။

"နင့်အတွက် ငါ ဘယ်လိုစဉ်းစားပေးရမှန်းတောင် မသိတေ

ဘူး ကောင်းမြတ်ရယ်"

"နင် ငါ့ကို မယုံလို့လား ဟင် မိုးပြာ"

"အို မဟုတ်ပါဘူး။ ငါ နင့်ကို ယုံပါတယ်"

မိုးပြာ ခေါင်းလေးကို ငုံ့ချလျက် ပြောလိုက်ပါသည်။

"ယုံတယ်ဆိုရင်လည်း ဘာလို့များ မစဉ်းစားပေးနိုင်တာ

မိုးပြာရယ်"

"ငါ ငါ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

"ဘာလဲ နင်က တန်ဖိုးကို လက်ခံနိုင်လို့များလား"

"ဟာ နင် ဘာတွေလျှောက်ပြောနေတာလဲ၊ နင် ထင်သ

မဟုတ်ပါဘူး။ ငါ့မှာ အကြောင်းပြချက်မှ မရှိဘဲနဲ့ကို နင့်ကို ဘယ်

စဉ်းစားပေးရမယ်မသိဘူး ဖြစ်နေတာ၊ ငါ့ဘဝမှာ တစ်ခါမှ အဲဒီကိ





ဆိုတာ ရှိခဲ့ဖူးတာမှ မဟုတ်ဘဲ၊ ငါ မစဉ်းစားပေးတတ်ဘူးပေါ့"

"မိုးပြာရာ ငါတော့ နင့်ကိုကိုင်ပြီး ဆွဲရမ်းပစ်လိုက်ချင်တော့တာ

ပဲ"

"ဟင် ဘာဖြစ်လို့လဲ"

သူမ အထိတ်တလန့်နှင့် မေးမိပါသည်။

"အသည်းယားလို့ပေါ့ဟာ၊ စဉ်းစားတယ်ဆိုတာ ဘာများခက်လို့

ဉ်းစားဖို့အတွက်ကိုတောင် ပြန်စဉ်းစားနေရတာလဲ"

သူပြောတာလည်း ဟုတ်သလိုလို ရှိပါသည်။ ဒါပေမဲ့ တကယ့်ကို

ဲ မိုးပြာမှာ အတွေ့အကြုံ မရှိသည့်မို့ စိတ်ထဲမှာ ရှက်သလိုလို ရွံ့သလိုလို

ာလည်း ဖြစ်နေမိသေးသည်။

"နင်က အဲဒီလောက်တောင် ဖြစ်နေရင်လည်း ငါ စဉ်းစားပေး

မယ်၊ ဒါပေမဲ့ နင်သိထားရမှာက ငါ့ဘဝမှာ ယောကျ်ားတစ်ယောက်ကို

ထမဆုံး စဉ်းစားပေးတယ်ဆိုတာပဲ"

"ဟာ ဝမ်းသာလိုက်တာ မိုးပြာရာ၊ ငါ တကယ်ပဲ ဝမ်းသာ

ယ် သိလား၊ နင်က စဉ်းစားပေးမယ်ဆိုတာနဲ့တင် ငါ တော်တော်

မ်းသာနေပြီ၊ အရမ်းပျော်တယ်ဟာ"

ကောင်းမြတ် ဖြစ်နေသည့်ပုံက တကယ့်ကို ခြေမကိုင် လက်

ကိုင်မိဖြစ်ကာ ကယောင်ကတမ်း ဟစ်အော်နေသည့် လူတစ်ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တော်တော် ကြာလှပါသည်။ ဒါတောင် မိုးပြာက စဉ်းစားပေးမည်ဟု ပြောလိုက်သည့် အခြေအနေတွင်သာ ရှိပါသေးသည်။ တကယ်တမ်း မိုးပြာဆီကသာ လက်ခံသည့် အဖြေပြန်ရလျှင် ကောင်းမြတ်တစ်ယောက် ဘာဖြစ်သွားမယ်ဆိုတာ မတွေးနိုင်တော့ပါ။

ထိုအတွေးကို ကိုယ့်ဘာသာတွေးမိပြီးမှ ပြန် အံ့သြသွားရသေးသည်။ သူမရဲ့ မသိစိတ်ထဲမှာ ကောင်းမြတ်ကို အဖြေပေးရန် အစီအစဉ်များ ဝင်ရောက်နေလေပြီလားလို့ ကိုယ့်ဘာသာ ထိတ်လန့်တကြား တွေးလိုက်မိသောကြောင့်ပင် ဖြစ်၏။

■ ■ ■

ညနေခင်းတွင် မိုးပြာအိပ်နေတုန်း ဖေဖေက အခန်းထဲသို့ အရေးတကြီး ဝင်လာပြီး သူမကို နှိုးလျက်

"မိုးပြာ ထစမ်း၊ မိုးပြာ သမီး ထပါဦး"

ဖေဖေ့အသံနှင့် လှုပ်နှိုးမှုကြောင့် မိုးပြာ မျက်လုံးများကို ပွတ်သပ်လျက်က ငုတ်တုတ်ထထိုင်လိုက်ပါသည်။

"ဘာဖြစ်လို့လဲ ဖေဖေ"

"မောင်ကောင်းမြတ်ရဲ့မိသားစု အိမ်ရှေ့မှာ ရောက်နေတယ်"

အိပ်ချင်မူးတူးဖြစ်နေသော မိုးပြာရဲ့မျက်လုံးများ လင်းကွင်းလောက်ကို ပြူးကျယ်ကုန်ပါသည်။





"ဖေဖေ ဘာပြောလိုက်တယ်"

"ဟုတ်တယ် သမီးကို ကျောင်းရှေ့ထိ ကားနဲ့လိုက်ပို့ပေးတတ်တဲ့ ကောင်လေးနဲ့ သူ့မိဘတွေ အိမ်ရှေ့မှာ ရောက်နေတယ်"

"သူတို့က ဘာလာလုပ်တာတဲ့လဲ ဖေဖေ"

ဖေဖေက မိုးပြာကို ကြည့်ရင်း သက်ပြင်းကြီးတစ်ခုကို ချလိုက်ပြီးမှ

"သားရေးသမီးရေးကိစ္စတဲ့ သမီး"

"ရှင်"

"အဲဒါကြောင့် သမီးကို ဖေဖေ မေးခဲ့ပါတယ်၊ အဲဒီကောင်လေးနဲ့ သမီးနဲ့က ရိုးသားကြရဲ့လားဆိုတာလေ၊ ခုတော့ လူကြီးစုံရာနဲ့တောင် ရောက်လာခဲ့ပြီ"

"မဟုတ်သေးဘူး ဖေဖေ၊ မိုးပြာတို့က အခုထိ ရိုးသားပါတယ်"

သူမ မျက်နှာကို အောက်သို့ငုံ့ပြီး ဖေဖေ့ကို မကြည့်ဘဲနှင့် ပြောလိုက်ပါသည်။ ဒါပေမဲ့ ဖေဖေ မယုံတော့ဘူးဆိုတာကိုလည်း မိုးပြာက ကြည့်ဘဲနှင့် သိနေ၏။

အဲဒီ ကောင်းမြတ်တစ်ယောက်ကတော့လေ ဘာတွေလုပ်ပြန်ပြီလဲ မသိတော့ပါ။

ဖေဖေက သူမအခန်းထဲမှ အရင်ထွက်သွားပါသည်။ မိုးပြာက



www.burmeseclassic.com

www.burmeseclassic.com



တော့ မျက်နှာသစ်ပြီး ရှုပ်ပွနေသော ဆံပင်များကို စုစည်းနှောင်လိုက်ကာ နောက်မှ ထွက်ခဲ့၏။ အခန်းပြင်သို့ မိုးပြာ ရောက်ချိန်မှာတော့ အန်တီငယ်က ဒြေ့သည်တွေကို ကော်ဖီနဲ့ ဧည့်ခံနေတာ တွေ့ရသည်။

"ဟော သမီးတောင် လာပြီ၊ သမီးလေးက ချစ်စရာလေးပဲ၊ အိပ်နေတာနဲ့ တူတယ်"

ကောင်းမြတ်ရဲ့မေမေက မိုးပြာကို မြင်သည်နှင့် ချီးကျူးလိုက်ပါသည်။ ထို့ကြောင့်ပဲ သူမမှာ မနေတတ် မထိုင်တတ် ဖြစ်သွားရ၏။ သူမရဲ့ မို့အစ်နေသော မျက်နှာကိုကြည့်ရုံနဲ့လည်း အိပ်ရာက ထလာမှန်း သိနေပါလိမ့်မည်။

"လူကြီးတွေကိုတော့ အန်တီတို့ ခုပဲ ပြောပြနေတာလေ၊ ဒီက သားကြီးပေါ့ သမီးကို ခုချက်ချင်းလိုက်တောင်းပေးပါဆိုပြီး အတင်း ဂျီကျနေတာနဲ့ အန်တီတို့လည်း မနေနိုင်တော့တဲ့ ခုလို ရောက်လာရတော့ တာပဲ"

ကောင်းမြတ် အမေက သူမကို တည့်တည့်ကြည့်ပြီး မျက်နှာကလည်း ပြုံးရွှင်လျက်က စကားတွေ ရွှန်းရွှန်းဝေအောင် ပြောနေပါသည်။

သူမကတော့ ကောင်းမြတ်ထံသို့ မျက်နှာရိပ် မျက်နှာကဲ ပြလိုက်ပြီး နောက်ဖေးသို့ လိုက်လာရန် အချက်ပြလိုက်၏။ မိုးပြာက ရှေ့မှအရင် ဦးဆောင်ဝင်သွားလိုက်ပါသည်။ ကောင်းမြတ်ကလည်း





နောက်စင်ခန်းဝင်ချင်ပါသည်ဆိုသော အကြောင်းပြချက်နှင့် သူမနောက်မှ ဝင်ပါလာ၏။

"နင် ဘယ်လိုလုပ်လိုက်တာလဲ ကောင်းမြတ်"

နောက်ဖေးသို့ ရောက်သည်နှင့် မိုးပြာက ကောင်းမြတ်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ပြီး မေးလိုက်သည်။ ကောင်းမြတ်ပုံကို ကြည့်ရသည်မှာ မိုးပြာကိုလည်း ထိတ်လန့်နေဟန် ရှိပါသည်။

"ငါ နင့်ကို ပိုင်ဆိုင်ခွင့်ရချင်တယ် မိုးပြာ၊ ဒါကြောင့် ငါ ဒီလိုလုပ်ရတာပါ"

"နင့်ကိုငါက အဖြေတောင် မပေးရသေးဘူးလေ၊ ပြီးတော့ ခိုင်းမဆင့် ပုံမဆင့်နဲ့ ငါ ဘယ်လောက်လန့်သွားတယ်ဆိုတာ နင်သိလား ကောင်းမြတ်"

"နင် လန့်သွားမယ်ဆိုတာ ငါ သိပါတယ်၊ မကျေနပ်ရင်လည်း ကြိုက်တဲ့အပြစ် ပေးနိုင်ပါတယ်၊ ဒါပေမဲ့ ငါ့ရဲ့ကမ်းလှမ်းမှုကိုတော့ မငြင်းပယ်လိုက်ပါနဲ့ မိုးပြာရယ်၊ ငါ တောင်းပန်ပါတယ်ဟာ"

မိုးပြာရဲ့ ပခုံးနှစ်ဖက်ကို သူ့လက်များနှင့် ဆုပ်ကိုင်ပြီး ကောင်းမြတ်က အသနားခံသူတစ်ယောက်လို တောင်းဆိုနေပြန်သည်။

တကယ်ဆို မိုးပြာကလည်း ကောင်းမြတ်အပေါ်မှာ ကောင်းမွန်သည့်အဖြေမျိုး သူလိုချင်သည့် အဖြေမျိုးကိုပဲ ပေးဖို့ ဆုံးဖြတ်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဒါပေမဲ့ ဒီလိုမျိုး မမျှော်လင့်ထားသည့် အခြေအနေကို ကြုံတွေ့လိုက်ရတော့ ဘာမှန်းနားမလည်နိုင်သေးဘဲ ကြောင်နေမိသည်။

"မိုးပြာ ငါ့ကို လက်ခံနိုင်မလားဟင်"

သူက သတိလက်လွှတ် အတွေးရေယာဉ်ထဲ ခဏတာ နစ်မျောသွားမိသော မိုးပြာရဲ့ ပခုံးများကို ဆုပ်ကိုင်ထားလျက် ကိုင်လှုပ်ရမ်းကာ မေးလိုက်ပါသည်။

သူ့ကို ချစ်ပါတယ်ဆိုသည့် အဖြေမျိုးတွေ မိုးပြာဆီမှာ မရှိသော်လည်း သူ့ကို သနားသည့်စိတ် တစ်ခါတစ်ခါ မျက်နှာငယ်လေးနှင့် ပြောလိုက်လျှင် မိုးပြာရင်ထဲ တစ်မျိုးလေးဖြစ်သွားသည့် စိတ်မျိုးတွေတော့ အမြဲလိုလို ဖြစ်နေတတ်သည်။

ပြီးတော့ ကောင်းမြတ်သည် သူမအတွက် ရွေးချယ်သင့်သည့် ယောကျ်ားတစ်ယောက်လို့ မိုးပြာက သတ်မှတ်ထားမိသဖြင့် လက်ခံရန် စဉ်းစားပေးခဲ့ခြင်းလည်း ဖြစ်သည်။ သို့သော် ဒီလို အခြေအနေမျိုးကိုတော့ လုံးဝ မျှော်လင့်မထားခဲ့ပါ။

"မိုးပြာ ငါ မေးတာ ဖြေပါဦးဟာ၊ နင် ငြင်းလိုက်မှာ ကြောက်စိတ်နဲ့ ငါ တစ်ကိုယ်လုံး တုန်လှုပ်နေမိပြီဟ"

ဟုတ်တော့လည်း ဟုတ်ပါသည်။ မျက်နှာတစ်ခုလုံး ချွေးသီးချွေးပေါက်တွေ စို့နေကာ အသံတွေလည်း တုန်ယင်နေသော ကောင်းမြတ်





သည် တကယ့်ကို တုန်လှုပ်နေသည့် လူတစ်ယောက်နှင့် တူပါသည်။ ချည်သားလက်ပြတ်လေး ဝတ်ထားသော သူမ ပခုံးလေးများကို ဆုပ်ကိုင်ထားသည့် သူ့လက်များကလည်း အေးစက်နေကြသေး၏။

"ငါ နင့်ကို လက်ခံသင့်တယ်လို့ စဉ်းစားမိပါတယ် ကောင်းမြတ်"

"ဒါ ဒါ နင် ငါ့ကို လက်ခံတယ်လို့ အဖြေပေးလိုက်တာပေါ့နော် ဟုတ်လား မိုးပြာ"

မိုးပြာ ပခုံးကို ဆုပ်ကိုင်ထားသော သူ့လက်များ ပိုလို့တောင် တင်းကြပ်သွားပါသည်။ မိုးပြာ တစ်ကိုယ်လုံးကို လှုပ်ကိုင်ပြီး ဝမ်းသာအားရ မေးနေသော ကောင်းမြတ်ရဲ့ လက်များအတွင်းကနေ မိုးပြာမှာ ရုန်းထွက်ရ ခက်နေမိသည်။

ဘယ်လိုပဲဖြစ်ဖြစ်ပါ မိုးပြာအတွက်တော့ ကောင်းမြတ်သည် အသင့်တော်ဆုံး လူတစ်ယောက်ပါပဲ။ သူမရဲ့ ရွေးချယ်မှုက ဘယ်တော့မှ အမှားဖြစ်မှာ မဟုတ်တာကိုတော့ ကိုယ့်ကိုယ်ကို ယုံကြည်နေမိပါသည်။

■ ■ ■

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခိုက် သူ ခြုံထားသော စောင်ကို ဆွဲဖယ်လိုက်သောကြောင့် သူ စိတ်တိုသွား၏။ အဲဒီ မိုးပြာကလေ ပြောလည်း မမှတ်ဘူး၊ သူ အိပ်နေရင် အဲဒီလို လာနှိုးတာ မကြိုက်ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောထားသည့် ကြားက အဲဒီလိုပဲ နှိုးဖြစ်အောင် နှိုးသည်။

သူက မျက်လုံးကို မဖွင့်သေးဘဲ စောင်ကို ပြန်ဆွဲယူလိုက်၏။

"နင့်ကို ဘယ်နှခါပြောရမလဲ မိုးပြာ၊ ငါ အိပ်နေရင် ဒီလို မလုပ်ပါနဲ့ဆိုတာ၊ နင်ဟာလေ အမှတ်ကို မရှိဘူး"

"ဟော့ကောင် မင်း ဘယ်သူ့ကို ပြောနေတာလဲ"

ဟင် ဒါ မိုးပြာအသံမှ မဟုတ်တာ။ ဖွင့်မရသော မျက်လုံးတွေ ချက်ချင်းလိုလို ပြူးသွား၏။

"ဘာတွေကြောင်ကြည့်နေတာလဲ၊ ထတော့လေကွာ ရေမိုးချိုး ပြီးရင် လစ်ကြရအောင်"

စက္ကန့်ပိုင်းလောက်လေး ကြောင်ငေးနေမိပြီးတော့မှ သူဟာ အခု ရန်ကုန်မှာ မဟုတ်ဘူး၊ မိုးပြာလည်း ရှိမနေဘူးဆိုတာ သွားသတိ ရ၏။ သူအခု တောင်ငူက ဇော်ဇော့်အိမ် ရောက်နေတာလေ။

"ဩော် ဇော်ဇော်"

"ဟော့ကောင် ဘာတွေဖြစ်နေတာလဲ၊ ဘာလဲ ညီမလေးကို လွမ်းနေပြီလား"

ဇော်ဇော့်ကို တန်ဖိုးက သူ့အကြောင်းတွေ ပြောပြထားဖြစ်သည် မို့ ဇော်ဇော်က နောက်လိုက်ခြင်း ဖြစ်၏။ သို့သော် သူ့ မျက်နှာပျက်သွား သည်ကို မြင်၏။ ဇော်ဇော်က ဘာမှ ထပ်မမေးတော့ပါ။





သူလည်း ရေချိုးပြီး အနည်းငယ် ချမ်းစိမ့်စိမ့် ဖြစ်နေသော ကြောင့် အင်္ကျီထူထူလေး ခပ်မြန်မြန်လဲလိုက်၏။

"ဇော်ဇော် မင်းတို့ဆီက ရေက ငါနဲ့မတည့်ဘူးနဲ့တူတယ်ကွာ၊ ချိုးပြီးတိုင်း ချမ်းစိမ့်စိမ့်နဲ့၊ ဘယ်လိုမှ နေလို့ အဆင်မပြေဘူး"

"ရေပြောင်းမြေပြောင်းကြောင့် ဖြစ်မှာပါ"

"ဟုတ်မှာပေါ့၊ ငါလည်း ခရီးမထွက်ဖြစ်တဲ့ ရန်ကုန်မှာပဲ နေနေ တာ နှစ်နှစ်လောက်တောင် ရှိပြီကိုး"

ဇော်ဇော့်အိမ်မှာက ဇော်ဇော်ရယ် ဇော်ဇော့်အမေရယ် နှစ် ယောက်တည်းသာ နေသည်မို့ တန်ဖိုးအတွက် သိပ်တော့ အားနာစရာ မရှိပါ။ ဇော်ဇော် ရန်ကုန်မှာ ကျောင်းတက်တုန်းကလည်း သူ့အမေက ခဏလိုက်လာဖူးသည်မို့ တန်ဖိုးကိုလည်း အစတည်းက သိနှင့်ပြီးသားပင် ဖြစ်သည်။

"သားလေး နေထိုင်မကောင်း ဖြစ်ဦးမယ်နော်၊ မတည့်တာတွေ လည်း လျှောက်မစားနဲ့၊ မစားဘူးတာတွေလည်း သိပ်မစားနဲ့၊ ကိုယ်နဲ့က ဓာတ်တည့်မှန်း မတည့်မှန်း သိတာ မဟုတ်ဘူး"

မနေ့က ထန်းတောထဲ သွားပြီး ထန်းရည်နှင့် လယ်ကြွက်ကင် စားဖို့ အဖော်စပ်နေသော သူ့သားအသံကို ကြားထား၍ ဇော်ဇော့်အမေက တန်ဖိုးကို လှမ်းသတိပေးနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေကလည်းဗျာ နေရာတကာ လိုက်ပူနေတာပဲ၊ ဒီကောင်က ကလေးမဟုတ်တော့ပါဘူး"

ဇော်ဇော်ကတော့ တန်ဖိုးကို အားနာနေသည့်မို့ သူ့အမေကို ဝင်တားလိုက်သေး၏။ သို့သော် လူကြီးစကားကို နားထောင်မိသည့် တန်ဖိုးမှာ ဇော်ဇော် အဆွယ်ကောင်းမှုကြောင့် လယ်ကြွက်ကင်တွေ စားပြီးသည့် ညမှာပဲ အပြင်းဖျားလေတော့သည်။

မတည့်ဘဲ မတည့်တာလား ဒါမှမဟုတ် တိုက်ဆိုင်သွားတာလားတော့ မသိပါ။ တန်ဖိုးမှာတော့ လူးလိမ့်နေအောင် ခံစားရပါသည်။ တစ်ညနေလုံးလည်း ဆေးခန်းမှ ပေးလိုက်သည့် ဆေးများ သောက်ပြီး တာတောင် အဖျားက မကျသေးဘဲ ကိုယ်တွေက ခြစ်ခြစ်တောက် ပူနေသည်။

ဇော်ဇော်က သူ့ဘေးတွင် ထိုင်ကာ ရေဝတ်ကပ်ပေးပါသော်လည်း သူကတော့ ကယောင်ကတမ်းတွေ မြင်ပြီး ညည်းတွားနေမိသည် ဖြစ်သည်။

"မိုးပြာ နင် ဘယ်ကိုသွားမလို့လဲ၊ ဘယ်သွားမလို့လဲ"

မျက်လုံးများ ဖွင့်လို့မရအောင် လေးလံနေသော သူ့ရဲ့အမြင်အာရုံတွေထဲမှာ မိုးပြာကိုသာ မြင်ယောင်နေမိသည်။ မြင်ယောင်စိတ်တိုင်းလည်း မိုးပြာက သတို့သမီး အင်္ကျီလိုမျိုး ဂါဝန်ဖြူလေးကို ဝတ်ထား





သူနှင့် ဆန့်ကျင်ဘက်သို့ ထွက်ခွာသွားသည့် ပုံမျိုးတွေချည်း ဖြစ်၏။

တန်ဖိုးကို လှည့်ကြည့် လှည့်ကြည့်နှင့် မျက်နှာက ပျော်ရွှင်သည့်ပုံ မပေါက်သော မိုးပြာသည် သူနှင့်ဝေးရာကို ထွက်သွားနေပါသည်။ သူ တားပါသော်လည်း မျက်ရည်လေး ဝိုင်းလျက်က နှုတ်ဆက်ထွက်ခွာသွားမြဲ ဖြစ်သည်။

ဒါဟာ နိမိတ်မကောင်းတဲ့ မြင်ယောင်မှုမျိုးလား။

မိုးပြာ ထွက်သွားပြီး သူတစ်ယောက်တည်း မိုးပြာနာမည်ကို တကျော်ကျော် အော်ရင်း ကျန်ရစ်ခဲ့ပါသည်။

"မိုးပြာ မိုးပြာ နေဦး၊ နင်တစ်ယောက်တည်း မသွားနဲ့လေ၊ မိုးပြာ မသွားနဲ့"

"တန်ဖိုး နည်းနည်းလည်း သတိထားပါဦးကွာ၊ မိုးပြာက ရန်ကုန်မှာလေ"

သူ့နားထဲသို့ ခပ်တိုးတိုးလေး ဝင်လာသော အသံကြောင့် မျက်လုံးများကို အားယူပြီး ဖွင့်ကြည့်လိုက်သည်။ သူ အိပ်နေရာဘေးတွင် ထိုင်ကာ သူ့ကို ရေခဲဝတ် ကပ်ပေးနေသော ဇော်ဇော်ကို တွေ့လိုက်ရ၏။ ခုတော့ မိုးပြာလည်း မရှိပါ။

"မင်းညီမက ဘယ်သွားလို့ မင်းက ဒီလောက်တောင် အော်နေတာလဲကွ ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



အပူနည်းနည်းကျသွားပြီမို့ သူ့မျက်လုံးများ ကောင်းကော

ဖွင့်နိုင်သွားပြီ ဖြစ်သည်။

"မိုးပြာက ငါ့ကို မခေါ်ဘူးကွ၊ သူတစ်ယောက်တည်း သွားတေ

ငါက နေလည်း မနေခဲ့ချင်ဘူး၊ မိုးပြာနောက်ကို လိုက်လို့မရဘူး၊ အဲဒ်

ကြီး ဖြစ်နေတာ၊ ဘာကြီးမှန်း မသိပါဘူးကွာ"

ပြောသာ ပြောလိုက်ရသည်။ တန်ဖိုးရဲ့ ရင်ထဲမှာတော့ မိုး

အတွက် တော်တော် ပူပန်နေမိပြီဖြစ်၏။ ဒီကိုရောက်ပြီးသည့် နောက်

မှာလည်း သူ့စိတ်တွေက မိုးပြာကို တော်တော်လေး သတိရနေမိသည

သူ့ဘေးမှာ မိုးပြာ မရှိခြင်းသည် တစ်ခုခု လစ်ဟာနေသလိုလ

ခံစားရသည်။ မိုးပြာကို တွေ့ချင်စိတ်တွေလည်း မကြာခဏ ဖြစ်နေသ

အမှန်အတိုင်း ဝန်ခံရလျှင် နှင်းဆီနက်ကိုတောင် မိုးပြာလော

သတိမရမိပါ။ တောင်ငူသို့ သူရောက်ပြီးကတည်းက ဘလက်

အဆက်အသွယ် မလုပ်ဖြစ်သေး။ ခုချိန်လောက်ဆိုရင်တော့ ဘလက်

သူ့ကို တော်တော် တင်းနေပါလိမ့်မည်။

သူ အင်တာနက်ဆိုင်သို့ မရောက်သေးသောကြောင့် မိုးပြာ

ဘာသတင်းမှ မရသေးပါ။ မိုးပြာတစ်ယောက် အခြေအနေမှ ကော

လားမသိ။ ရင်ထဲမှာ နည်းနည်းတော့ ပူလောင်နေမိသည်။

ရန်ကုန်မှာ ဘာတွေဖြစ်နေသည်လဲ မသိပါ။ မဖြစ်သေးပါ





အများကောင်းကောင်းကျသွားရင်တော့ မိုးပြာဆီကို မေးလ်သွားပို့ဦးမှပါပဲ။

■ ■ ■

"ငါတို့သတင်းကို တန်ဖိုးကြားရင် ငါ့ကို သေအောင် သတ်မှာ

သိလား ကောင်းမြတ်"

လူကြီးချင်းသဘောတူပြီးသည့် နောက်ပိုင်းမှာ ကောင်းမြတ်က

ပြာတို့အိမ်ကို ညတိုင်းလိုလို ရောက်ဖြစ်နေ၏။ ခုလည်း နှစ်ယောက်သား

ည့်ခန်းမှာထိုင်ရင်း တန်ဖိုးအကြောင်း ပြောဖြစ်နေကြပါသည်။

"အိမ်မှာလည်း ဘလက်ခ်တစ်ယောက် ထိုင်မှိုင်နေလေရဲ့၊

န်ဖိုးက သူ့ဆီ အဆက်အသွယ် မလုပ်လို့တဲ့လေ၊ ပြီးတော့ ငါ့ကိုလည်း

ည်းနည်း တင်းနေတယ်"

"ဘာလို့လဲဟ"

"ငါက နောက်ကနေလိုက်ပြီး သူ့ကို ကျော်တက်လို့တဲ့လေ"

"ပြောလိုက်ပေါ့ ညီမလေးက ကလေးပဲ ရှိသေးတာကိုးလို့"

မိုးပြာက ကိုယ့်စကားကို သဘောကျကာ ဟက်ဟက်ပက်ပက်

ယ်မောလိုက်မိပါသည်။ ခဏနေတော့ မိုးပြာတို့ စကားပြောနေသည့်

နားသို့ အန်တီငယ် ရောက်လာပြီး

"တန်ဖိုးလည်း ဘယ်ရောက်နေလို့ ဘာဖြစ်နေတယ် မသိတော့

ဘူး။ အမေကို တစ်ချက်လေးမှ အဆက်အသွယ် မလုပ်ဘူး သူမို့



www.burmeseclassic.com

နေနိုင်တယ်''

ဒေါ်သခင်ငယ် မျက်ဝန်းမှာ မျက်ရည်စတို့ စို့နေသောကြောင့် မိုးပြာပင် တော်တော် စိတ်မကောင်းဖြစ်မိ၏။ တန်ဖိုးကိုစွာကလည်း ခုချိန်ထိ ပြေလည်မှု မရနိုင်သေးပေ။ အန်တီငယ်က ဖေဖေ့အပေါ်မှာ စော်ကားမိသလို ခံစားနေရတုန်းမို့တဲ့လေ။

''အန်တီငယ်ရယ် တကယ်တော့ ဘဝတစ်သက်တာ လက်တွဲရမယ့်သူကို ကိုယ်ကိုယ်တိုင်ပဲ ရှာဖွေသင့်တာပါတယ်၊ ချစ်လို့ပဲဖြစ်ဖြစ် ရွေးချယ်သင့်လို့ပဲဖြစ်ဖြစ် ကိုယ်နဲ့သင့်တော်တာကို ကိုယ်ပဲ အသိဆုံးဖြစ်မှာပေါ့၊ ဒါကြောင့်လည်း တန်ဖိုးကိုလည်း သူ ရွေးချယ်ထားတဲ့နှင်းဆီနက်နဲ့ပဲ လက်ခံပေးလိုက်ပါ အန်တီငယ်ရယ်၊ မိုးပြာကိုယ်တိုင်တောင် ကိုယ့်ဘဝလက်တွဲဖော်ကို ရွေးချယ်ပြီးနေပြီပဲဟာ၊ တန်ဖိုးလည်း သူချစ်တဲ့သူနဲ့ပဲ တူတူနေပါစေတော့နော်၊ မိုးပြာလေ တန်ဖိုးကို သနားမိတယ်၊ သတိလည်း ရတယ်၊ တန်ဖိုးကို ပြန်လာစေချင်နေပြီ''

မိုးပြာက အန်တီငယ် လက်ခံလာစေရန် စကားလုံးတွေကို လှလှလေးတွေ ရွေးချယ်သုံးနှုန်းနေရသည်။ တစ်လျှောက်လုံး ကိုယ့်ကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် ပြောလာသမျှက နောက်ဆုံး တန်ဖိုးကို သတိရတယ်ဆိုသော စကားပြောလိုက်ချိန်မှာ မျက်ဝန်း၌ မျက်ရည်တွေ စိမ့်လျှံလာခြင်းကိုတော့ ဘယ်လိုမှ မထိန်းသိမ်းနိုင်ပေ။





ပါးပြင်ထက်သို့ မျက်ရည်တစ်စက် ပေါက်ခနဲ ကျဆင်းသွားချိန်မှာတော့ ကောင်းမြတ် ရှိနေတာတွေ ဘာတွေလည်း နားမလည်နိုင်တော့ထဲ အန်တီငယ့် ရင်ခွင်တွင်းသို့ တိုးဝင်ငိုလိုက်မိတော့၏။

တန်ဖိုးမရှိတော့မှ တန်ဖိုးကို သတိရနေမိပြီး မိုးပြာရဲ့ ရင်ထဲမှာ တစ်ခုခု လစ်ဟာနေသလို ခံစားနေရခြင်းသည် တန်ဖိုးနှင့် ခုလိုမျိုး တစ်ချို့မှ မခွဲခွာဘူးသောကြောင့် ဖြစ်ပါလိမ့်မည်။

■ ■ ■

## အခန်း (၉)

"တန်ဖိုး မသွားနဲ့လေ၊ နင်ကလည်း ငါ့ကို ထားခဲ့ပြီး ဘယ်သွား မလို့လဲ"

မိုးပြာက တန်ဖိုးရဲ့ လက်တစ်ဖက်ကို ဖမ်းဆွဲထားပြီး ငိုမဲ့မဲ့နှင့် မေးလိုက်ပေမယ့် တန်ဖိုးက ဘာမှ ပြန်မဖြေပါ။

"ဟင့်အင်း မသွားပါနဲ့ဆို၊ နင်က ဘယ်ကို သွားမလို့လဲ"

မိုးပြာ ဘယ်လောက်ပဲ တားနေပေမယ့် တန်ဖိုးကတော့ ဘာမှ မတုံ့ပြန်ဘဲ ရှေ့သို့သာ တဖြည်းဖြည်း ရွေ့လျားသွားနေသည်။ တန်ဖိုးလက် ကို ဖမ်းဆုပ်ကိုင်ထားသော မိုးပြာရဲ့ လက်များက သူ့အလိုလို ပြေကျကာ တန်ဖိုးသည်လည်း မိုးပြာနှင့် ဝေးရာသို့ လွင့်မျောနေ၏။

တဖြည်းဖြည်းနှင့် တန်ဖိုးသည် မိုးပြာရဲ့ မြင်ကွင်းထဲက လွင့်စဉ် ပျောက်ကွယ်သွား၏။ သူမမှာသာ တစ်ယောက်တည်းရပ်လျက်





မျက်ရည်လည်ရွဲနှင့် ကျန်ခဲ့ရသည်။

မိုးပြာရဲ့ မျက်လုံးများ ပွင့်လာကြချိန်တွင် နေမင်းရဲ့ အလင်း ရောင်က သူမရဲ့ မျက်နှာပေါ်သို့ တည့်မတ်စွာ ဖြာကျနေပြီ ဖြစ်၏။ ထိတ်လန့်တကြားနှင့် နိုးထလာခဲ့ရသောကြောင့် ရင်တို့ကလည်း အတိုင်း မသိအောင် ခုန်လှုပ်နေကြသည်။

မျက်ဝန်းတစ်ဖိုက်မှာ စိုစွတ်မှုကြောင့် သူမရဲ့ မျက်လုံးများကို ပြန်လည် စမ်းသပ်မိချိန်မှာ အိပ်မက်ထဲကအတိုင်းပင် အပြင်မှာလည်း မျက်ရည်တို့နှင့် ရွဲနစ်နေတာကို တွေ့လိုက်ရ၏။

မဖြစ်သေးပါဘူး တန်ဖိုးများ တစ်ခုခု ဖြစ်နေပြီလား မသိ။ ဒီနေ့တော့ တန်ဖိုးနှင့် အဆက်အသွယ် ရမှဖြစ်ပါလိမ့်မည်။

ထိုစဉ်မှာပင် မိုးပြာနားထဲသို့ တစ်ခုခု ကျကွဲသည့် ခွမ်းခနဲ အသံတစ်ခုကို ကြားလိုက်ရသောကြောင့် အိပ်ရာမှထကာ အခန်းပြင် ထွက်ခဲ့၏။ အပြင်မှာတော့ ဘာထူးခြားမှုမှ မရှိပါ။ ဒါဆို အန်တီငယ်တို့ အခန်းဘက်က အသံပဲ ဖြစ်ဖို့များသည်။ အန်တီငယ်တို့ အခန်းဘက်ကို ခပ်မြန်မြန်လေး ကူးသွားလိုက်သော သူမရဲ့ ခြေလှမ်းများက အပေါက်ဝ သည့်တည့်တွင် ရပ်နေသော တန်ဖိုးကို မြင်လိုက်ရသောကြောင့် အလွန် အမင်းကို အံ့ဩသွားမိ၏။

အန်တီငယ်သည်လည်း မထင်မှတ်ထားပါဘဲ ပြန်ရောက်လာ သော သားဖြစ်သူကို ကြောင်အမ်းစွာ ရပ်ကြည့်နေမိပြီး ကြမ်းပြင်ပေါ်မှာ သည်း ကော်ဖီအိုး အပိုင်းအစတွေနှင့် ကော်ဖီတွေက ပွစာကျဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ ပြန်ရောက်လာသော တန်ဖိုးကို ရုတ်တရက် မြင်လိုက်ရချိန်တွင် အန်တီငယ်မှာ ဖုံးညြလွှမ်းပြီး လက်ထဲမှ ကော်ဖီကရားပင် လွှတ်ကျခဲ့မိရှိပါသည်။ တကယ်တော့လည်း မိုးပြာပင်လျှင် မယုံကြည်နိုင်စွာနှင့် ကြောင်ပြီး ကြည့်နေမိသေးသည်ပဲ။

"သား သား ပြန်လာတယ်နော်"

ဒေါ်သဇင်ငယ်က ဝမ်းသာဆို့နင့်သံကြီးနှင့် ပြောလိုက်ပြီး တန်ဖိုး ကို ပွေ့ဖက်ပါသည်။

မိုးပြာကတော့ တန်ဖိုးသည် ဘာကြောင့် ပြန်ရောက်လာသည်ကို မစဉ်းစားတတ်အောင် ဖြစ်နေမိ၏။

တကယ်ဆို နှင်းဆီနက်နှင့်ပတ်သက်၍ အန်တီငယ့်ဘက်က သဘောထား ပြောင်းလဲပြီး ပျော့ပျောင်းလာပြီဆိုတာကို ဒီနေ့မှ တန်ဖိုးဆီ သတင်းပို့ရန် မိုးပြာက စီစဉ်ထားတာလေ။ ခုတော့ ဘယ်လိုအကြောင်းကြောင့် ချက်ချင်းကြီး သူ ပြန်ရောက်လာခဲ့သည် မသိပါ။

ဘယ်လိုပဲဖြစ်ဖြစ်ပါ။ သူမ အိပ်မက်နှင့် ဆန့်ကျင်စွာပင် တန်ဖိုး က အဝေးသို့ ထွက်သွားခြင်း မဟုတ်ဘဲ မိုးပြာတို့ဆီ ပြန်ရောက်လာတာမို့လို့ မိုးပြာကတော့ ဝမ်းသာမိပါသည်။

"မငိုနဲ့တော့လေ မေမေရဲ့၊ သား ပြန်ရောက်နေပြီပဲဟာကို"

တန်ဖိုးက အန်တီငယ့်မျက်ရည်များကို သုတ်ပေးပြီး ခပ်ပြုံးပြုံး လေးလုပ်ကာ ပြောလိုက်ပါသည်။

နောက်တော့ မိုးပြာဘက် လှည့်လာပြီး သူမ ဘယ်လိုမှ မထင်





မှတ်ထားသော အပြုအမူတစ်ခုကို တန်ဖိုးက လုပ်လိုက်ခြင်း ဖြစ်၏။ မိုးပြာကို သူ့ရင်ခွင်တွင်းသို့ ရုတ်တရက် ဆွဲထွေးလိုက်ခြင်းပင် ဖြစ်သည်။ သူမမှာ ထိတ်လန့်ကာ မျက်လုံးများပင် ပြူးကျယ်ကုန်ရသည်။

"ဟဲ့ တန်ဖိုး ဘာဖြစ်တာတုန်း"

"ငါ ဘာလို့ ပြန်လာတာလဲ သိလား"

"ဘယ်သိပါ့မလဲဟာ၊ ဒါပေမဲ့ လောလောဆယ်တော့ ငါ့ကို လွှတ်ဦး။ အသက်ရှူကျပ်လို့ သေတော့မယ်"

"ငါ ဘာလို့ ပြန်လာတာလဲဆိုတော့ နင့်ကို အရမ်းသတိရလို့လို့ ပြောရင် နင် ယုံမှာလား"

ဟင့်အင်း မိုးပြာ မယုံပါ။

သို့သော် ထိုစကားကို စိတ်ထဲကသာ ပြောလိုက်မိခြင်း ဖြစ်၏။ တကယ်တမ်းမှာတော့ တန်ဖိုးကို တုံ့ပြန်စကား ဘာဆိုဘာမှ မပြောဖြစ် ခဲ့ပါ။

"အပိုတွေ ပြောမနေပါနဲ့ တန်ဖိုးရယ်၊ နင့်ကို အန်တီငယ်က နှင်းဆီနက်နဲ့ သဘောတူလိုက်တာကို ဘယ်ကနေ သတင်းရပြီး ချက်ချင်း ပြေးလာတာလဲဆိုတာပဲ ပြော"

"ဟင် နင် ဘာပြောလိုက်တာလဲ"

ထင်သည့်အတိုင်းပင် တန်ဖိုးကို ထိုစကားပြောလိုက်တာနှင့် မိုးပြာအား ပွေ့ဖက်ထားသော လက်များက ချက်ချင်း ပြေလျော့သွားခဲ့၏။ ဒါပေမဲ့ သူ့မျက်နှာကတော့ မိုးပြာ မျှော်လင့်ထားသလိုမျိုး ပျော်ရွှင်သွား



www.burmeseclassic.com

www.burmeseclassic.com



ခြင်း မရှိပါ။ အုံ့သြခြင်း အရိပ်အယောင်တွေတော့ အတိုင်းသား မြင်နေရသည်။

"ဟုတ်တယ် သား။ သားနဲ့မိုးပြာကို မေမေတို့ အတင်းအကြပ် စီစဉ်ခဲ့တာကို မေ့လိုက်ပါတော့၊ သားချစ်တဲ့ ကောင်မလေးကို မေမေတို့ လူကြီးတွေ သဘောတူလိုက်ပါပြီ မိုးပြာ ကိုယ်တိုင်ကလည်း သူ ရွေးချယ်လိုက်တဲ့သူနဲ့ပဲ လက်ထပ်ချင်တယ်လို့ မေမေတို့ကို ပြောတယ်လေ၊ ကလေး နှစ်ယောက်လုံး စိတ်မချမ်းမသာ ဖြစ်ရမယ့် အလုပ်ကို မေမေရော သား လေးလေးရော မလုပ်ချင်တော့ပါဘူး"

"ဗျာ မိုးပြာ ရွေးချယ်တဲ့သူ ဟုတ်လား။ မိုးပြာ ရွေးချယ်တဲ့သူ ဆိုတာ ဘယ်သူ့ကို ပြောတာလဲ"

တန်ဖိုးမှာ အိမ်နှင့် တစ်လ ကင်းကွာနေသည့် အတောအတွင်း ဘာတွေဖြစ်ပျက်ကုန်သည်ကို နားမလည်နိုင်အောင် ဖြစ်နေမိသည်။

"ဟုတ်တယ်လေ မောင်ကောင်းမြတ်က သမီးလေး မိုးပြာကို လာတောင်းရမ်းတယ်၊ မိုးပြာလေးကလည်း လက်ခံနိုင်တဲ့သူမို့ လက်ခံခဲ့တယ်၊ လူကြီးတွေဘက်ကလည်း မောင်ကောင်းမြတ်ကို လက်ခံသင့်တယ်ထင်လို့ ပြီးတော့ ကလေးတွေဆန္ဒကိုလည်း အမှန်အတိုင်း သိလိုက်ရတဲ့အတွက် လက်ခံခဲ့တယ်"

"မေမေ ပြောတာတွေက တကယ်လား မိုးပြာ"

သူက ကယောင်ကတမ်း ဖြစ်နေပုံမျိုးနှင့် မိုးပြာကို ကြည့်ပြီး မေးပါသည်။





"အင်း ဟုတ်တယ်လေ၊ နင့်ကိုငါ မပြောပြမိတဲ့အတွက် နင်နဲ့ မတိုင်ပင်မိခဲ့တဲ့အတွက် တောင်းပန်ပါတယ်"

"ဟား"

တန်ဖိုးက စိတ်ပျက်သွားသည့် ပုံနှင့် သူ့ဆံပင်တွေကို သပ်တင်လိုက်ပြီး တစ်ချက် အော်လိုက်ပါသည်။

"ဘာလဲ နှစ်ယောက်ဖ တော်ရမယ့်လူက ကောင်းမြတ် ဖြစ်နေလို့ မကျေမနပ် ဖြစ်နေတာလား"

တန်ဖိုးမျက်နှာက ခုချိန်ထိ မရယ်မပြုံးသေးသောကြောင့် မိုးပြာက စလိုက်ခြင်း ဖြစ်သည်။ သို့သော် မိုးပြာရဲ့ စကားကြောင့်ပင် သူ့မျက်နှာက ပိုတည်သွားရပြီး

"နှင်းဆီနက်ရဲ့အစ်ကိုက ကောင်းမြတ်ဆိုတော့ ငါ့ယောက်ဖလို့ ပြောရင် ပြောလို့ ရတာပေါ့၊ ဒါပေမဲ့ နင့်အနေနဲ့ကြည့်ရင်တော့ ကောင်းမြတ်နဲ့ငါက ယောက်ဖ တော်မှမတော်တာ၊ နင်နဲ့ငါက ဘာမှ သွေးမတော်သားမစပ်ဘူးဆိုတာကို နင် မေ့သွားပြီလား မိုးပြာ"

သူ ဘာဖြစ်နေတာလဲ။ သူ တစ်ခုခု ဖြစ်နေတာ သေချာသွားပါပြီ။ ဒါပေမဲ့ သူ ဖြစ်နေတာ ဘာလဲလို့ မိုးပြာ စဉ်းစားမရပါ။

"နင် ဘာဖြစ်နေတာလဲ တန်ဖိုး"

သူက ဘာမှပြန်မဖြေပါ။

"သားကိုကြည့်ရတာ တစ်ခုခု ဖြစ်နေသလိုပဲ"

အန်တီငယ်ကလည်း တန်ဖိုးရဲ့ လေသံကို နားထောင်ပြီး တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



နု ဖြစ်နေမှန်း ခန့်မှန်းမိပုံ ရပါသည်။ ဒါပေမဲ့ အန်တီငယ်ရော မိုးပြာပါ တန်ဖိုး ဘာဖြစ်နေသည်ဆိုတာကို စဉ်းစားလို့ မရခဲ့ပါ။

"ဟော တန်ဖိုး ပြန်ရောက်လာပြီပဲ၊ လေးလေး ဝမ်းသာတယ်ကွာ၊ သားသာ ပြန်မလာရင် သားအမေကတော့ မျက်ရည်နဲ့မျက်ခွက် ဖြစ်ပြီး အိပ်ရာထဲ လဲတော့မှာပဲ"

ဦးမိုးရင့်က မနက်စာစားရန် ဒီဘက်ခန်းသို့ ကူးလာစဉ် တန်ဖိုးကို မြင်သွားပြီး ဝမ်းသာအားရ ပြောလိုက်ခြင်း ဖြစ်၏။

"လေးလေးတို့လည်း မှားသွားပါတယ်၊ ကလေးတွေ ဆန္ဒကို ဦးစားမပေးဘဲနဲ့ ကိုယ်ဖြစ်ချင်တာကိုပဲ ဖွတ်ပြောသလို ဖြစ်သွားတယ်"

"သား နားလည်ပါတယ် လေးလေး"

"အေး အေး ကောင်းတယ် ကောင်းတယ်၊ လာလေကွာ တစ်ခါတည်း မနက်စာ ဝင်စားလိုက်တော့"

ဖေဖေက မနက်စာဝိုင်းတွင် ဝင်ထိုင်လိုက်ပြီး တန်ဖိုးကို ခေါ် လိုက်သော်လည်း တန်ဖိုးက ခေါင်းခါလိုက်ပါသည်။

"သား ခရီးပန်းလာလို့ အနားယူချင်နေတယ် လေးလေး"

သူ့အခန်းထဲ သူ ပြန်ဝင်သွားသော တန်ဖိုးကို ကြည့်ပြီး ကျန်ခဲ့သည့် သုံးယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် လိုက်မိကြသည်။ တန်ဖိုးသည် တစ်ခုခုတော့ ဖြစ်သွားတာ သေချာ၏။ ဒါပေမဲ့ ဘာဆိုတာကိုတော့ တန်ဖိုးကိုယ်တိုင်သာ သိပါလိမ့်မည်။

■ ■ ■





ခုတော့ မိုးပြာနဲ့နှင်းဆီနက်မှာ တတွဲတွဲနှင့် မင်္ဂလာကိစ္စတွေကို လှုပ်ရှားနေရသည်။ မင်္ဂလာရက်က တစ်ပတ်ပဲ လိုတော့သည်မို့ ဒီနေ့ လည်း ဖိတ်စာရွေးရန် သွားရဦးမည် ဖြစ်၏။

သူတို့နှစ်တွဲ၏ မင်္ဂလာပွဲကို တစ်နေ့တည်း တစ်ချိန်တည်း ကျင်းပရန် ရွေးချယ်ခဲ့ကြသည်။ နှစ်ဖက်အသိုင်းအဝိုင်းချင်းကလည်း တူတူမို့ ဘာမှလည်း ပြောစရာ မရှိပါလေ။ မင်္ဂလာပွဲ စီစဉ်သည့် အချိန်တည်းက ခုထိ အရာအားလုံးမှာ အဆင်တပြေသာ ဖြစ်နေခဲ့သည်။

"မနက်ဖြန်ကျရင် ငါတို့က ခရီးထွက်ရဦးမှာဟ၊ အဲဒီတော့ ငါနဲ့ဘလက်ခ်က ဒီနေ့ပဲ မင်္ဂလာဝတ်စုံတွေ သွားကြည့်လိုက်ကြမယ်၊ မင်းနဲ့မိုးပြာက ဒီနေ့ ဖိတ်စာတွေ သွားရွေးလိုက်ကွာ"

မိုးပြာနဲ့အတူတူ နှင်းဆီနက်က ဖိတ်စာရွေးသည့်ဆီ လိုက်ရန် မြင်နေသောကြောင့် ကောင်းမြတ်က တားလိုက်ခြင်း ဖြစ်၏။ ကောင်းမြတ်တို့ရဲ့ ဘွားဘွားက သူ့ရဲ့ဇာတိ နယ်မြို့လေးတစ်မြို့တွင် ရှိနေသောကြောင့် မနက်ဖြန်ကျ ထိုသို့ လိုက်သွားရန် စီစဉ်ထားခြင်း ဖြစ်၏။ သူတို့ ဘွားဘွား က လေဖြတ်ထားသည်မို့ အိပ်ရာထဲ လဲနေသည်မှာ ကြာခဲ့ပြီ။

ထို့ကြောင့် မင်္ဂလာပွဲကိုလည်း တက်ရောက်နိုင်မည် မဟုတ်သ ဖြင့် မင်္ဂလာပွဲမလုပ်ခင် သူတို့မောင်နှမက သွားကန်တော့ကြခြင်း ဖြစ် သည်။ နှစ်ရက်လောက်နေပြီးမှ ပြန်လာကြမည်။ မင်္ဂလာဆောင်ပြီးရင် တော့ သူတို့လေးယောက်လုံး တူတူသွားရန် စီစဉ်ထားကြပါ၏။

"အိုကေလေ၊ ဒါဆိုလည်း ငါနဲ့မိုးပြာနဲ့ပဲ ဖိတ်စာသွားရွေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်''

''ဒါဆို ကောင်းပြီ၊ ငါတို့ မောင်နှမ နှစ်ယောက်က ဝတ်စုံ သွားရွေးလိုက်မယ်''

နှစ်ယောက်စီ လမ်းခွဲထွက်ခဲ့ကြပြီးနောက်မှာတော့ တန့်ဖိုးနှင့် မိုးပြာက ဖိတ်စာအပ်ထားခဲ့သည့် ဆိုင်သို့ ရောက်လာခဲ့ရသည်။ ဖေဖေ့ မိတ်ဆွေတစ်ယောက်၏ ဆိုင်တွင် ရိုက်ဖြစ်ကြခြင်းမို့ မိုးပြာတို့ကိုလည်း သိနှင့်ပြီးသားပင် ဖြစ်၏။

''လာကြ လာကြ မင်းတို့ မောင်နှမ နှစ်ယောက်ကတော့ မင်္ဂလာဆောင်တာတောင် တစ်ရက်တည်းဆိုတော့ တော်တော်ချစ်ကြပုံ ရတယ်''

ဆိုင်ရှင် အန်ကယ်ကြီးက တန့်ဖိုးတို့ကို တွေ့သည်နှင့် ဆီးကြို နှုတ်ဆက်လိုက်ပါသည်။

''မင်းတို့အတွက် ဖိတ်စာတွေကို အန်ကယ်က လက်ဖွဲ့လိုက် တယ်နော်၊ ဒါနဲ့ မင်းတို့ကို ပြောရဦးမယ်၊ အန်ကယ့်အမှားပါကွာ၊ ဖိတ်စာ ရိုက်ဖို့အတွက် ဖလင်ထုတ်တော့ မောင်တန့်ဖိုးထိုက်နဲ့ မမိုးပြာရင့်ရင့် ဆိုပြီး တစ်စောင် မှားရိုက်မိတယ်လေ၊ တော်သေးတာပေါ့၊ အန်ကယ် ကိုယ်တိုင် ဝင်စစ်တဲ့အချိန်မှာ သွားတွေ့လို့ ဒါနဲ့ပဲ အချိန်မီ ပြန်ပြင်ရိုက် လိုက်ရတယ်''

ထိုအန်ကယ်ကြီး စကားကြောင့် မိုးပြာနဲ့တန့်ဖိုးမှာ တစ်ယောက် မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်မိကြသေးသည်။ မိုးပြာကတော့





မှားမှ မှားတတ်ပလေတယ်လို့ တွေးနေမိသည်။ တန့်ဖိုးကတော့ ဘာတွေ တွေးနေသည်ဆိုတာ သူမ မသိပါ။ သူလည်း တစ်ခုခုတော့ တွေးတောနေ မှာ သေချာပါသည်။

ဝတ်စုံ သွားရွေးကြတော့လည်း ထိုအတိုင်းပါပဲ။ အဖြူရွှတ် ရွှတ် ဂါဝန်ကပ်ကပ်လေးကို မိုးပြာက ဝတ်ဆင်ပြီး တန့်ဖိုးရှေ့ ရပ်ပြ လိုက်တော့ သူမကို မျက်လုံးကြီး ပြူးပြီး ငေးကြည့်နေသေး၏။ နောက် တော့မှ ပြန်လည် ခေါင်းငုံ့သွားပြီး ငြိမ်သက်သွားပြန်သည်။ သူ ဘာတွေ များ တွေးမိနေပြန်ပြီလဲ မသိပါ။

''ဘယ်လိုလဲ ငါနဲ့ အိုကေရဲ့လား တန့်ဖိုး''

တန့်ဖိုးက ပါးစပ်က ဘာမှပြန်မဖြေဘဲ လက်မနှစ်ချောင်း ထောင်ပြပါသည်။

''နင်ထွင်ပေးတဲ့ ဒီဖိုင်းမို့လို့သာ ဝတ်တာနော်၊ တကယ်တော့ ငါနဲ့ သိပ်မလိုက်သလိုပဲ''

မိုးပြာရဲ့ ဝတ်စုံဖြူဖြူလေးကို တန့်ဖိုးက ဒီဇိုင်းထုတ်ပေးထား ခြင်း ဖြစ်၏။ တခြား မင်္ဂလာဝတ်စုံတွေလို ဖြူဖြူကားကားလေး မဟုတ် ဘဲ ဖြူရွှတ်ရွှတ်ပေါ်မှာ ပန်းပွင့်ပုံ ကျောက်လေးများဖြင့် မှစာကျဲအောင် ခြယ်ထားသည့် မိုးပြာ ခန္ဓာကိုယ်နဲ့ ကွက်တိ ချပ်ချပ်ရပ်ရပ်လေး ဖြစ်၏။

နှင်းဆီနက်ကတော့ အနီရောင် ဂါဝန်လုံးလုံးလေးပေါ်မှာ သူ ကြိုက်သည့် နှင်းဆီပန်းများဖြင့် တန်ဆာဆင်ထားသည့် သူ့ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဒီဖိုင်းထုတ်ထားသော ဂါဝန်လေးကို ဝတ်ဆင်မည် ဖြစ်သည်။

"ဒါနဲ့ နေပါဦး ဒီဝတ်စုံကို နင်က ဘယ်လိုစိတ်ကူးနဲ့ ဒီလို ဒီဖိုင်း ထွင်ပေးတာလဲ ပြောပါဦး"

တန်ဖိုးက ဘာမှန်ပြန်မပြောဘဲ ပြုံးနေပါသည်။ တကယ်တော့ သူ့ရဲ့ အိပ်မက်ထဲတွင် မိုးပြာက သူ့ကို ထားပြီး ထွက်သွားစဉ်က ဝတ်ဆင်ခဲ့သည့် ဂါဝန်ပုံလေးကို ပြန်မြင်ယောင်ပြီး ထိုပုံစံအတိုင်း ချုပ်စေခဲ့ခြင်းသာ ဖြစ်သည်။

ခုလည်း မိုးပြာက သူ့ဆီကနေ ထွက်သွားတော့မှာပဲ မဟုတ်လား။ သူ့ဆီကနေ မိုးပြာ ထွက်သွားတာကို ကြေညာမည့်ပွဲတွင် မိုးပြာ ဝတ်ဖို့အတွက် သူကိုယ်တိုင် ဒီဖိုင်းထွင်ပေးခဲ့တာပဲ မဟုတ်လား။

"ဒီလိုပဲပေါ့ဟာ၊ ငါလည်း အမြင်ရှိပါတယ်ဟ၊ နင့်အတွက် ငါ့ရဲ့ မင်္ဂလာ လက်ဖွဲ့လို့ မှတ်ပေါ့"

"ဩော် ဒီလိုလား၊ ဒါဆိုရင် ငါကရော နင့်ကို ဘာလက်ဖွဲ့ရင် ကောင်းမလဲ မသိဘူးနော်"

"တော်တော် ကောင်းတယ်နော်၊ ငါ့အတွက် မင်္ဂလာလက်ဖွဲ့ကို နင်က ကြိုတင် မစဉ်းစားထားဘူး ဟုတ်လား"

"ဟီး ငါလည်း မေ့နေတာပေါ့၊ အလုပ်တွေက ရှုပ်နေတာကိုး"

မိုးပြာက သွားလေးဖြီးပြကာ မျက်နှာချို သွေးလိုက်ရသေးသည်။ ဒါတောင် တန်ဖိုးရဲ့ ရုပ်က ကျေနပ်ပုံ မပေါ်ပါ။ မိုးပြာက မျက်စောင်းလေး ထိုးလိုက်မိ၏။ မကျေနပ်လည်း နေပေါ့။ တန်ဖိုးနဲ့ နှင်းဆီနက်ကို





မိုးပြာက သဘောတူပေးထားခြင်းသည်ပင် မိုးပြာရဲ့ လက်ဖွဲ့ပဲပေါ့။

■ ■ ■

တကယ့်ကို ကြီးကျယ်ခမ်းနားသော ဟိုတယ်ကြီးတစ်ခု၏ မြက်ခင်းပြင်တွင် မိုးပြာတို့ရဲ့ မင်္ဂလာပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပလျက် ရှိသည်။ ကိုယ့်သူငယ်ချင်းတွေကလည်း သူ့သူငယ်ချင်းတွေ သူ့သူငယ်ချင်းတွေကလည်း ကိုယ့်သူငယ်ချင်းတွေပဲမို့ ပွဲလေးက စည်စည်ကားကားနှင့် ရယ်မောသံတွေလည်း တသောသော ဖြစ်နေပါသည်။

"မင်းတို့ မောင်နှမ နှစ်ယောက်ကလေ မတည့်ရင်လည်း မင်းတို့အပြင် မရှိဘူး။ တည့်ပြန်တော့လည်း မင်္ဂလာဆောင် တူတူ ဆောင်လိုက်သေးတယ် ဟုတ်လား"

ထိုမင်္ဂလာပွဲသို့ နောင်နောင့်ကိုပါ ဖိတ်ခဲ့သည်မို့ တန်ဖိုးနဲ့ မိုးပြာအကြောင်းကို သိနေသော နောင်နောင်က စနေခြင်းဖြစ်၏။

သတို့သားနှစ်ယောက်တွင် ကောင်းမြတ်ရဲ့ မျက်နှာက အပျော်တွေနှင့် ပြုံးရွှင်နေပေမယ့် တန်ဖိုးမျက်နှာကတော့ စိတ်မွန်းကျပ်နေဟန် ရှိပါသည်။ တန်ဖိုးနည်းတူပင် မိုးပြာလည်း အသက်ရှူကျပ်လာပြီ ဖြစ်၏။ တစ်ခါမှ ဒီလောက် လူအများကြီးကို တစ်ဝိုင်းစီ လှည့်ပြီး လိုက်ဧည့်မခံဘူးပါ။

ပိုဆိုးတာက ကိုယ့်ပွဲဖြစ်နေသည့်အတွက် ကိုယ်ကချည်း ဒိုင်ခံ ဧည့်ခံပေးနေရခြင်း ဖြစ်သည်။ မြက်ခင်းပြင်တစ်လျှောက် လှည့်ပတ်သွားလာနေရသောကြောင့် ဒေါက်ဖိနပ်စီးကျင့်မရှိသော မိုးပြာမှာ ခြေ



www.burmeseclassic.com

www.burmeseclassic.com



ထောက်တွေလည်း နာလှပြီ ဖြစ်သည်။

မတတ်နိုင်တော့သည့်အဆုံး ကောင်းမြတ်နှင့်သူငယ်ချင်းတစ်ဖွဲ့ စကားကောင်းနေစဉ် မိုးပြာက မြက်ခင်းပြင်နှင့် ခပ်လှမ်းလှမ်းရှိ ရေကန်လေးဆီ လှမ်းထွက်ခဲ့မိသည်။ ရေကန်ပေါင်ပေါ်တွင် ထိုင်ပြီး အသက်ကို ဝဝ ရှူလိုက်ရင်း ဒုက္ခခံ စီးထားရသော ဒေါက်ဖိနပ် ဖြူဖြူလေးကို ချွတ်ပစ်လိုက်၏။

ဖိနပ်ပေါက်ချင်နေသော ခြေထောက်လေးကို လက်နှင့်ဆုပ်နယ်ပေးရင်း မိုးပြာမှာ တစ်ယောက်တည်း ညည်းနေမိ၏။

"ဘာတွေညည်းနေတာလဲ မိုးပြာ"

အနားသို့ ရောက်လာသော တန်ဖိုးကြောင့် မိုးပြာမှာ တော်တော်လေးပင် လန့်ဖျပ်သွားမိသေးသည်။

"နင်က ဘာလို့ ထွက်လာတာလဲ တန်ဖိုးရဲ့"

"နင်ကရော ဘာလို့ ဒီရောက်နေတာလဲ ပြောပါဦး"

တန်ဖိုးက ပြောပြောဆိုဆို မိုးပြာဘေးတွင် ဝင်ထိုင်လိုက်ပါသည်။ သူမတို့ရှိရာ နေရာလေးကို အုန်းပင်ပုပုလေးများက ကာထားသောကြောင့် ဘယ်သူမှ အလွယ်တကူ မမြင်နိုင်ပါ။

"မှန်းနေလို့ လူတွေနဲ့ လျှောက်နေတာ ဘယ်လိုမှ မခံစားနိုင်ဘူး"

"နင် ထွက်လာတော့ နင်းဆီနက်က ဘာလုပ်နေလဲ"

"သူ့အတန်းထဲက ဘော်ဒါတွေနဲ့ အဖွဲ့ကျနေတယ်"

"ကောင်းပါလေ့ တန်ဖိုးရယ်"

"ငါ့ကိုပဲ ပြောမနေနဲ့ နင်ကျတော့ရော ဘယ်လိုဖြစ်ပြီး ဒီကို ရောက်နေတာလဲ၊ ဘာလို့ ကောင်းမြတ်ကို ထားခဲ့တာလဲ"

တန်ဖိုးက ရန်တွေ့သလို ပြောလိုက်တော့ ဘာမှလည်း မဆိုင်ပါဘဲနှင့် နှစ်ယောက်သား ပြိုင်တူ ရယ်မောလိုက်မိကြသည်။

"နင် ပျော်လား မိုးပြာ"

တန်ဖိုးရဲ့ မျက်နှာက ထိုမေးခွန်းကို မေးလိုက်ချိန်မှာတော့ ပြန်လည် တည်တံ့သွားပါသည်။

"ဒီလိုပဲပေါ့၊ လူတစ်ယောက်အတွက် ဘဝမှာ အရေးကြီးဆုံးပဲဟာ"

"မဆိုင်တာတွေ မဖြေပါနဲ့ဟာ၊ ပျော်လားလို့ မေးနေတာကို ပျော်တယ် မပျော်ဘူး ရိုးရိုးလေးပဲ ဖြေစမ်းပါ"

"ငါ့ကိုပဲ မေးမနေနဲ့ နင်ရော ပျော်တယ် မဟုတ်လား။ နင့်ကိုတော့ မေးစရာတောင် မလိုပါဘူး။ အူထဲ အသည်းထဲကကို လိုက်ပြီး ပျော်နေမှာပေါ့"

"ဩော် နင်က ငါမေးတာကို မဖြေဘဲ ကောင်တာမေးခွန်းနဲ့ ပြန်တိုက်တယ်ပေါ့လေ၊ ရပါတယ် မဖြေချင်လည်းနေပါ၊ ဒါပေမဲ့ ငါကတော့ ဖြေမယ်၊ ထင်သလောက် မပျော်ဘူးဟ"

"ဟဲ့ ဘာတွေပြောနေတာလဲ၊ နှင်းဆီနက် ကြားသွားရင် စိတ်တိုသွားဦးမယ်"

တန်ဖိုးရဲ့ အဖြေကြောင့် မိုးပြာကပင် ဟန့်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးကတော့ ပြုံးနေ၏။

"နင့်ဆီက ဘာသတင်းမှ မရဘဲနဲ့ ငါ ရန်ကုန်ကို ပြန်လ
တာ နင့်ကို အရမ်းသတိရလို့ဆိုရင် နင် ယုံမလား မိုးပြာ"

"ပြောပြန်ပြီလား"

မိုးပြာက မျက်စောင်းလေးထိုးကာ ပြောလိုက်ပါသည်။ ဒီတ
ဟာလေ အခြေအနေနဲ့ အချိန်အခါကို နားမလည်ဘဲ ဘာတွေပြော
သည် မသိပါ။

"ငါ တကယ်ပြောတာပါ မိုးပြာ၊ ငါ နင့်ကို လွမ်းလွန်း
ရန်ကုန်ကို ချက်ချင်း ပြန်ပြေးလာခဲ့တာပါ"

ဟင် မိုးပြာကို တည့်တည့်စိုက်ကြည့်ကာ ပြောနေသော တ
မျက်ဝန်းတွင် လက်ခနဲ မြင်လိုက်ရခြင်းသည် မျက်ရည်စတွေများ
အို မဖြစ်နိုင်တာ သူမ ဘာတွေလျှောက်တွေးနေမိပါလိမ့်။

"နင် ဘာတွေပြောနေတာလဲ တန်ဖိုး"

"နင် နားမလည်ဘူး မဟုတ်လား၊ နင် မယုံဘူး မဟ
လား၊ ထားလိုက်ပါတော့ နင့်ကို ယုံပါလို့လည်း မပြောတော့ပါ
တကယ်တော့လေ ငါက မေမေ ပြောသလိုပဲ နင်နဲ့မှ အံကိုက်တာ
နင်ကလွဲရင် ငါနဲ့ အဆင်ပြေမယ့်သူဆိုတာ မရှိဘူး"

"နင် ဘာတွေပြောနေတာလဲ၊ ငါ လန့်လာပြီနော် တန်
မိုးပြာက ဆတ်ခနဲ မတ်တပ်ထရပ်လိုက်ကာ ထိတ်လန့်တ
ရေရွတ်လိုက်ပါသည်။ တန်ဖိုးက မတ်တပ်ထရပ်လိုက်သော မိုးပြ





က်လေးတစ်ဖက်ကို ဖမ်းယူလိုက်ပြီး ဆောင့်ဆွဲကာ ပြန်ထိုင်စေလိုက်၏။

"ငြိမ်ငြိမ်နေပါ မိုးပြာ၊ ငါတို့နှစ်ယောက်တည်း လွတ်လွတ်လပ်
ပ် စကားပြောခွင့် ရနေတာကို နင် မဖျက်ဆီးချင်ပါနဲ့"

"မဟုတ်သေးဘူး တန်ဖိုး၊ နင် ဘာတွေဖြစ်နေတာလဲ"

မိုးပြာက တန်ဖိုး ဆုပ်ကိုင်ထားသော လက်လေးကို ရုန်းထွက်
ရင်းက ပြောလိုက်သည်။ သူ ဆုပ်ကိုင်ထားသော လက်က တင်းကျပ်
နေလှသောကြောင့် မိုးပြာရဲ့ လက်လေးမှာ ဘယ်လိုမှကို မလွတ်မြောက်
ဘဲ ဖြစ်နေ၏။

"အေး ငါ ဘာတွေဖြစ်နေတယ်ဆိုတာကို ငါလည်း ကိုယ့်ဘာ
သာ တွေးနေတာပဲ"

"ပြောစမ်းပါဦး အဲဒီလို တွေးကြည့်တော့ ဘာအဖြေထွက်လာ
ယ်ဆိုတာ"

"ငါ့ဘဝမှာ တကယ်လိုအပ်တာ နင်မှန်း သိလိုက်ရတယ်လေ၊
မရှိရင် ငါ ဘယ်လိုမှ မဖြစ်နိုင်တာကိုလည်း သိလိုက်ရတယ်"

"မဟုတ်သေးဘူး တန်ဖိုး၊ နင် ငါ့ကို နောက်နေတာဆိုရင်လည်း
ရောမှာတင် ရပ်လိုက်တော့ဟာ နော်၊ ငါ့ရင်တွေ တကယ် တုန်လာပြီ"

တကယ်တော့ မိုးပြာရင်ထဲမှာ ဘာမှန်းမသိပါဘဲ ကတုန်ကယင်
 ဖြစ်နေမိခြင်းဖြစ်၏။

"နင့်ဘဝမှာရော ငါက နည်းနည်းမှ အရေးမပါခဲ့ဘူးလား
"



www.burmeseclassic.com

"တန်ဖိုး"

သိပ်ကို အရေးပါပါသည်လို့ မိုးပြာ ပြန်မဖြေသင့်ဘူးဆိုတ

သိပါသည်။ တန်ဖိုးမရှိတာနှင့် သူမ ဘေးမှာ ကွက်လပ်တစ်ခုလို ဖြ

ခဲ့ရတာတွေကို သူမက ဘယ်လိုမျက်နှာမျိုးနှင့် ပြောပြရမည်နည်း။ တန်

က မိုးပြာအား စိတ်ကောက်သွားပြီဆိုတာနှင့် သူမမှာ မနေနိုင် မထိုင်နိ

ဖြစ်ခဲ့ရတာတွေကို ဘယ်လိုစိတ်မျိုးနှင့် ပြောပြရမည်နည်း။

"ငါတို့ မှားသွားပြီလားဟင် တန်ဖိုး"

အို ဘာလို့များ ဒီလို စကားမျိုးကိုမှ မိုးပြာရဲ့နှုတ်ဖျားတွေ

ပြောထွက်သွားမိသည် မသိပါ။ သူမ နှုတ်မှ ထိုသို့သော စကား

ထွက်လာသောကြောင့် တန်ဖိုးမှာလည်း မျက်လုံးများ ပြူးကျယ်သွား

သည်။

"နင်က ရှုပ်ပြစ်နေတာတွေကို မှားတယ်လို့ ထင်လားဟင် မိုး

နင်လည်း ဒီပွဲကြီးကို လွဲနေတယ်လို့ ထင်တယ် မဟုတ်လား"

"ဟင့်အင်း ဟင့်အင်း မဟုတ်ဘူး။ ငါပြောချင်တာ အဲ

မဟုတ်ဘူး"

မိုးပြာမှာ ကပျာကယာပင် ငြင်းလိုက်မိသည်။ ဒီတစ်ခါတော

သူမရဲ့ လက်ကလေးကို တန်ဖိုးရဲ့ လက်များထဲကနေ ဆောင့်ရုန်းထု

လိုက်နိုင်ပါ၏။





"ဒီပွဲဟာ လွဲနေတာလည်း ဖြစ်ကောင်းဖြစ်မယ်၊ ဒါပေမဲ့ ဘယ်လိုမှ အမှားမခံတဲ့ ပွဲဆိုတာလည်း နင်နားလည်မှာပါ တန်ဖိုး"

မိုးပြာက ကိုယ့်စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ထားကာ ပြောလိုက်ပါသည်။

"မိုးပြာ ငါ ငါ"

"ဟင့်အင်း မပြောနဲ့ တန်ဖိုး။ နင် ရွေးချယ်ခဲ့တဲ့သူကိုလည်း နင် ချစ်လို့ဆိုပြီး ရွေးချယ်ခဲ့တာပဲ၊ ငါ ရွေးချယ်ခဲ့တဲ့သူကိုလည်း ငါ လက်ခံသင့်တယ်ထင်လို့ ငါ့ဘဝအတွက် အကောင်းဆုံး ဖြစ်မယ်ထင်လို့ ရွေးချယ်ခဲ့တာပဲ၊ ခုလည်း အဲဒီလူတွေကို ငါတို့ တရားဝင် ပိုင်ဆိုင်နိုင်တော့မယ်၊ ငါတို့ လုပ်ခဲ့တာတွေကို ငါတို့ တာဝန်ယူသင့်တာပေါ့ တန်ဖိုး"

သူမ စကားကြောင့် တန်ဖိုးမှာ ငြိမ်ကျသွားပါသည်။ သို့သော် မျက်ဝန်းကနေတော့ မျက်ရည်နှစ်စက် ပြုတ်ကျလာ၏။ ဟင့်အင်း တန်ဖိုးရဲ့ မျက်ရည်တွေကို မိုးပြာ မမြင်ချင်ပါ။ တန်ဖိုး ငိုရင် မိုးပြာလည်း ငိုချင်လာပါသည်။ မိုးပြာရဲ့ မျက်ဝန်းများတွင်လည်း မျက်ရည်တွေ ပြည့်လျှံလာခဲ့ပြီ ဖြစ်၏။

ထို့နောက်တော့ နှစ်ယောက်စလုံး ဘာစကားမှ မပြောဖြစ်တော့ဘဲ ငြိမ်သက်စွာ တိတ်ဆိတ်သွားပါသည်။ နှုတ်ဖျားတွေက စကား မဆိုကြတော့ပေမယ့် မျက်ဝန်းတွေကတော့ တသွင်သွင် စီးဆင်းနေ

www.burmeseclassic.com



သော မျက်ရည်စီးကြောင်းများကို ကိုယ်စားပြုသည့် စကားများ ဆိုနေကြ၏။

သူမတို့နှစ်ယောက်သား အတန်ကြာ တိတ်ဆိတ်နေကြပြီးမှ မိုးပြာက အရင်လှုပ်ရှားလိုက်ပြီး တန်ဖိုးရဲ့ မျက်ရည်စများကို သူမရဲ့ လက်မလေးနှင့် ပွတ်သုတ်ဖယ်ရှားပေးလိုက်ပါသည်။

"မငိုနဲ့တော့နော် တန်ဖိုး၊ ဒီလိုအချိန်မှာ မငိုသင့်ဘူးလေ၊ ဒီတစ်ခါတော့ ငါ့စကားကို နားထောင်ပေးပါနော်"

"မငိုနဲ့လို့ ပြောနေတဲ့ သူကျတော့ မျက်ရည်တွေက မြင်လို့တောင် မကောင်းဘူး"

တန်ဖိုးကလည်း သူမကို ပြန်ပြောလိုက်ရင်း မိုးပြာရဲ့ မျက်ရည်စများကို သုတ်ပေးလိုက်ပါသည်။

"ထပ်ငိုနေရင် မိတ်ကပ်တွေ ကျန်မှာ မဟုတ်တော့ဘူး၊ တော်ကြာ ဒီသတို့သမီးကလည်း ရုပ်ဆိုးလိုက်တာလို့ အထင်ခံနေရဦးမယ်၊ မငိုနဲ့တော့နော်"

သူ့စကားကြောင့် မိုးပြာက မျက်ရည်များကြားမှ တစ်ချက်ရယ်လိုက်မိပါသည်။

"ငါတို့ သွားကြရအောင် တန်ဖိုး"

မိုးပြာက တန်ဖိုးနားမှ လှည့်ထွက်လိုက်စဉ် သူက မိုးပြာ





လက်လေးကို ဖမ်းဆွဲထားပြန်၏။

နောက်တော့ မိုးပြာရဲ့ မျက်လုံးများကို တည့်တည့်စိုက်ကြည့်လိုက်ကာ

"ငါ့ဘဝမှာ အလိုအပ်ဆုံး မိနစ်ကလေးဟာ နင်ပါ မိုးပြာ၊ အဲဒီစကားဟာ ငါ့ဘဝအတွက် ပထမဆုံးနဲ့ နောက်ဆုံး ပြောတဲ့ စကားပါပဲ"

တန်ဖိုးရဲ့ စကားကြောင့် ရင်ထဲမှာ ဝမ်းနည်းမှုတွေ လှိုက်ခနဲတက်လာသေးသော်လည်း မျက်ရည်များအဖြစ် မပွင့်အန်ခင်မှာဘဲ ပြန်လည် မြိုချလိုက်ပါသည်။

ထို့နောက်တော့ မိုးပြာက ခြေဖျားလေးထောက်လျက် တန်ဖိုးရဲ့ နှုတ်ခမ်းလေးကို တစ်ချက် နမ်းရှိုက်လိုက်မိ၏။

"မိုးပြာ"

တန်ဖိုးအသံတို့က ဆို့နင့် တုန်ယင်နေ၏။ မိုးပြာကတော့ ကြိုးစားကာ ပြုံးပြလိုက်ပါသည်။

"အဲဒီ အနမ်းက ငါ့ဘဝအတွက် နင့်ကိုပေးတဲ့ ပထမဆုံးနဲ့ နောက်ဆုံးအနမ်းပဲ တန်ဖိုး"

တန်ဖိုးက မျက်လုံးပြူးကြီးများနှင့် မယုံကြည်နိုင်စွာ စိုက်ကြည့်နေပါသည်။ ထိုမျက်ဝန်းအကြည့်တွေကို မိုးပြာ ကြာကြာ ရင်



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်ချင်ပါ။

"ကဲ ငါတို့ကို လိုက်ရှာနေလောက်ပြီ အိပ်မက်ထဲကနေ ပြန်နှိုးပြီး လက်တွေ့ဘဝတွေကို ရင်ဆိုင်ကြရအောင်နော်၊ ဒီခဏမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်လေးကို ငါတို့တစ်ဘဝလုံးစာ သော့ခတ်ပြီး သိမ်းထားလိုက်ကြတာပေါ့"

ခပ်ပြုံးပြုံးလေး ဆိုလိုက်သော မိုးပြာရဲ့ စကားကြောင့် တန်ဖိုးကလည်း ခေါင်းညိတ်ပြကာ သဘောတူလိုက်ပါ၏။

ခုတော့ နှစ်ဦးစလုံးရဲ့ ရင်ထဲမှာ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို တာဝန်ယူရဲသည့် စိတ်ဓာတ်မျိုး မွေးလိုက်ပြီးပြီမို့ တစ်ယောက်ကို တစ်ယောက် ပေါ့ပါးစွာ ကြည့်လျက် ပြုံးပြုံးရယ်မောလိုက်မိကြပါတော့သည်။

ပရိသတ်အတွက်
အမြဲတမ်း
သျှီး



BURMESE CLASSIC

www.burmeseclassic.com